www.burmeseclassic.com

BURMESE CLASSIC .com

# ကာလျာ

(ဝိဇ္ဇာ–သိပ္ပံ)

# လွမ်းဆွတ်ဖွယ်ဆောင်း

နဝမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - ၅၀၁၄၂၆၀၁၁၁
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၀၅၅၀၁၁၂
ထုတ်ဝေခြင်း - ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ
ဒုတိယအကြိမ်
အုပ်ရေ - ၁၀၀၀အုပ်
တန်ဖိုး - ၁၅၀၀ကျပ်
ထုတ်ဝေသူ - ဒေါ်ခင်မာချို
ပန်းဝေဝေ စာပေ၊ အမှတ် ၃၆၀၊
ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။
အတွင်းနှင့် အဖုံးပုံနှိပ်သူ- ဒေါ်ခင်ခင်ဝင်း
ကလျာပုံနှိပ်တိုက်(မြဲ-၀၂၆၇၀)
၁၅၂/ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ

၈၉၅. ၈၃
ကလျာ(ဝိဇ္ဇာ/သိပ္ပံ)
လွမ်းဆွတ်ဖွယ်ဆောင်း / ကလျာ (ဝိဇ္ဇာ/သိပ္ပံ)၊ ရန်ကုန်၊
ပန်းဝေဝေ စာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂ခုနှစ်။
၃၃၈-စာ၊ ၁၅X၁၈ စင်တီ။
(၁) လွမ်းဆွတ်ဖွယ်ဆောင်း

# ကလျာ (ဝိဇ္ဇာ–သိပ္ပံ)

ဧ။်

# လွမ်းဆွတ်ဖွယ်ဆောင်း

ပထမအကြိမ် - ၁၉၉၃ခုနှစ်၊ ဇန်နဝါရီလ၊
ဒုတိယအကြိမ် - ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ။

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထု ရေးသားနိုင်ရန်

ဥပဒေပါမောက္ခ ဒေါက်တာဦးတင်အောင်အေး
ရှေ့နေချုပ်ရုံးမှ ဦးသန်းမောင်
အငြိမ်းစားထောင်ပိုင် (အဆင့်-၁) စာရေးဆရာ
ဦးရန်အောင်မောင်မောင် . . . တို့က
စေတနာသက်သက်ဖြင့် ကူညီပေးခဲ့ကြသည့်
အတွက် အထူးပင် လှိုက်လှဲစွာ ကျေးဇူးတင်ရှိ
ပါသည်။

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုတွင်

ကာလနှင့် ဒေသကို အတိအကျ မဖော်ပြပါ
သော်လည်း. .
တရားရုံး၊ အချုပ်ထောင်၊ ကြိုးတိုက်၊
စသည်တို့ကို သွားရောက်လေ့လာ
မေးမြန်းပြီးမှ ရေးသားခြင်းဖြစ်ပါသည်။
သို့ပါသော်လည်း ဝတ္ထုဇာတ်လမ်းအသွင် တင်ပြရ
ခြင်းဖြစ်ပါ၍. . .
ဥပဒေရှုထောင့်၊ အချုပ်ထောင်မြင်ကွင်း
စသည်တို့ကို ဖော်ပြရာမှာ. . .
အားနည်းချက်ရှိခဲ့ပါလျှင်. . .
ကျွန်မ၏ ချွတ်ယွင်းမှုသာ ဖြစ်ပါကြောင်း. . .

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း ॥ ၁ ॥

"နေပါစေ ဖေကြီးရယ်၊ ထားလိုက်စမ်းပါ"

"ဘယ့်နှယ် ထားရမှာလဲကွာ၊ ကိုယ့်အိမ်ကိစ္စ ကိုယ့်သားသမီးတွေကိစ္စ လုပ်ရတာပဲ"

ကျောင်းကပြန်သယ်လာကြသော သားနှစ်ယောက်နှင့် သမီးလေးတို့၏ ထမင်းဘူးများကို ကိုယ်တိုင် ဝင်ဆေးနေသော ဘဏ္ဍာသိုလ်မှ လက်ထောက်ကထိက 'ဦးငြိမ်းဝေ'။

အထက်တန်းအင်္ဂလိပ်စာပြ ဆရာမ 'ဒေါ်အေးမြင့်ရီ'က ထမင်းချက်နေရာမှ ခင်ပွန်းသည်ကို လေးစားချစ်ခင်စွာ ကြည့်မိ၏။

၁၉၇၀ ခုနှစ် ဝန်းကျင်ကာလမို့ လက်ထောက်ကထိက၏ လစာ၊ အထက်တန်းပြဆရာမတစ်ယောက်၏ လစာတို့ ပေါင်းလိုက်လျှင် မိသားစုခြောက်ယောက် ပေါ်ဆန်းမွှေးထမင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြက်သားဆီပြန်နှင့် ချဉ်ပေါင်ဟင်းချို သို့မဟုတ် ပုစွန်တုပ်ကြော်နှင့် သီးစုံကုလားဟင်း စသည့် ဟင်းလျာများကို နေ့စဉ်ချက်၍ နံနက်ပိုင်း ကော်ဖီနှင့် ပေါင်မုန့်ထောပတ်သုတ် စားနိုင်ကြသော အချိန်အခါလေ။

ဤတစ်ထပ်တိုက်နှင့် ခြံကျယ်ကျယ်ကလည်း နှစ်ဖက်မိဘ၏ အမွေဟုပင် ပြောရမလားမသိ။

ဦးငြိမ်းဝေ မိဘများက သားနှစ်ယောက်အတွက် အမွေပေးခဲ့သော ခြံဖြစ်သည်။

လက်ရှိပေါက်ဈေး တစ်သိန်းခြောက်သောင်းကိုထက်ဝက်အဖြစ် ရှစ်သောင်းအမ်းပြီး ဦးငြိမ်းဝေ၏ အစ်ကို 'ဦးသိန်းဆွေ' ထံမှ အပြီးအပိုင် ပေးအပ်ကြောင်း ကတိစာချုပ်ဖြင့် ဦးငြိမ်းဝေတို့မိသားစုက ရယူပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ထိုငွေရှစ်သောင်းကို ဒေါ်အေးမြင့်ရီ၏မိခင် 'ဒေါ်နှင်းခင်' ထုတ်ပေးခြင်းဖြစ်သည့်အတွက်. . .

ဦးငြိမ်းဝေနှင့် ဒေါ်အေးမြင့်ရီတို့နှစ်ဦး ထက်ဝက်စီပိုင်ဆိုင်သော တိုက်နှင့်ခြံ ဖြစ်ခဲ့ပြီ။

"အေးငြိမ်းအောင်"

"ချမ်းငြိမ်းအောင်"

ဆိုသော သားနှစ်ယောက်က တစ်ယောက်နှင့် တစ်ယောက် တစ်နှစ်ခွဲသာ ကွာသဖြင့် ကလေးဝေးအောင် ရှောင်ခဲ့ကြပြီး သားငယ် ချမ်းငြိမ်းအောင် ခြောက်နှစ်သားအရွယ် ရောက်ခါမှ. . .



"ဆောင်းနှင်းဝေဝေ"

ဆိုသော အလွန်လှပ ချစ်စရာကောင်းလှသော သမီးချောလေးတစ်ယောက် မွေးဖွားလာခဲ့သည်။

ဘွားဘွားဒေါ်နှင်းခင်က စိပ်ပုတီးတစ်ကုံးနှင့် အမြဲသေသပ် ကျက်သရေရှိစွာ ဘုရားနှင့် တရားနှင့်နေရှာသော အဘွားအို။

ဦးငြိမ်းဝေနှင့် ဒေါ်အေးမြင့်ရီတို့ကလည်း ဆရာပီသလှသော စိတ်ထားနှင့် တပည့်များအပေါ် တာဝန်ကျေသလို သားနှစ်ယောက်နှင့် သမီးလေးတစ်ယောက်အတွက် ဆောင်ရွက်ပေးဆက် လုပ်ကိုင်နေရသည်ကိုပင် တက်ကြွပျော်ရွှင်နေကြသော ဇနီးမောင်နှံဖြစ်ကြသည်။

အဝတ်လျှော်၊ မီးပူတိုက်၊ ကြမ်းတိုက် စသော အလုပ်ကြမ်းအတွက် အမျိုးသမီးတစ်ယောက်ကို တစ်ပတ်လျှင် နှစ်ကြိမ်သာလာစေပြီး အားလုံးသော အိမ်မှုကိစ္စများကို တက်ညီလက်ညီ ဆောင်ရွက်နေကြသော ဇနီးမောင်နှံနှစ်ဦးပါ။

"မင်းတို့ အိမ်သားတွေရဲ့ နာမည်ကြားရတာ ချမ်းတောင်လာတယ်"

ဟူ၍ ဦးငြိမ်းဝေ၏ သူငယ်ချင်းတစ်ယောက်က နောက်ပြောင်ဖူးသည်။

ဒေါ်နှင်းခင်

ဦးငြိမ်းဝေ

ဒေါ်အေးမြင့်ရီ

www.burmeseclassic.com

www.burmeseclassic.com



အေးငြိမ်းအောင်
ချမ်းငြိမ်းအောင်
ဆောင်းနှင်းဝေဝေ. . .

ဆိုသော အေးမြငြိမ်းချမ်းခြင်းများကို ကိုယ်စားပြုသော အမည်နှင့် လိုက်ဖက်စွာ သာယာချမ်းမြေ့သော မိသားစုလေး အဖြစ် ဖွဲ့စည်းထားနိုင်သလောက်. . .

ဟိုဘက်ခြံကျပြန်တော့. . .

◆ ◆ ◆

BURMESE CLASSIC .com

အခန်း။ ၂ ။

"ပွဲစားတွေဆီက ရတဲ့ အိမ်ဖော်တွေကို စိတ်ကုန်လွန်းလို့ အပိုင်ရမယ့် ကောင်မလေးတစ်ယောက် မမက လိုချင်တယ် ဆိုလို့ ခေါ်လာပေးတာပါ"

"နောက်ပိုင်းရှင်းရဲ့လား"

"ဟုတ်ကဲ့. . . မိဘမဲ့ပါ။ ဆွေမျိုးရင်းချာလည်း မရှိပါဘူး"

"နာမည်က ဘယ်သူတဲ့လဲ"

"ညိုမြာတဲ့"

"ဘယ်သူ. . ."

"မညိုမြာတဲ့၊ ညိုမြာလို့ပဲ ခေါ်ကြပါတယ်"

"အောင်မယ်. . . နာမည်က ကဗျာရေးလို့တောင် ရတယ်၊ အထက်တန်းစား သားသမီးကျနေတာပဲ၊ တို့လိုအိမ်မျိုး မှာ နေရမယ်ဆိုလို့ မှည့်လာတဲ့နာမည်လား"

"မ. . . မဟုတ်ပါဘူး မမ၊ သူ့ရဲ့ ငယ်နာမည်ပါ"

"ထားပါ နာမည်က အကြောင်းမဟုတ်ပါဘူး၊ ခုရှိပ်မှ နောင်ရှင်း၊ ဘာတွေလုပ်ပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ လုပ်ပေးဖို့ မလိုပါဘူး မမ၊ မမကြိုက်တာခိုင်းပါ၊ အဲ. . . သူ့ကိုတော့ မုန့်ဖိုးလေး တစ်လငါးဆယ်လောက်. . ."

"ဟင်. . . ဒါနဲ့ အပိုင်ခေါ်လာတာဆို"

"ဟုတ်တော့ ဟုတ်ပါတယ်"

"အပိုင်ဆိုတာ မမပိုင်ပြီပဲ၊ သူ့ကို ကျွေးမှာ မွေးမှာပေါ့"

"ဟုတ်ကဲ့ပါ၊ မမသဘောပါ"

"သူ့ကို ခေါ်လာခ အေးအေးထွန်းကို လမ်းစရိတ် ဘယ်လောက်ပေးရမလဲ"

"ဟာ. . . မလိုပါဘူး မမရယ်၊ မမ ပင်ပန်းနေလို့ ကိုကိုက ရှာပေးလိုက်ပါဆိုလို့ တောကမှာလိုက်တာပါ"

"သြော်. . . သြော်"

"နောက်လည်း ခိုင်းစရာရှိတာပြောပါ"

"အေး. . . အေး"

ကုပ်ကုပ်ကလေးထိုင်နေသော ညိုမာ့ကို အကဲခတ်သလို ကြည့်နေသော ဒေါ်တင်တင်စော၏အရိပ်အခြည်ကို ကြည့်ကာ အေးအေးထွန်းက အကောင်းဆုံး၊ အချိုသာဆုံး ပြုံးပြီး. . .

"ဒါနဲ့ မမရယ်၊ ဟို. . . ကိုကို့ ကိစ္စလေး"

"ဘာကိစ္စလဲ"

"ဒီ. . . ဒီကို ပြန်ပြောင်းဖို့ကိစ္စ. . ."

"အဲဒါ မင်းတို့အစ်ကိုကြီးကို ရုံးမှာသွားပြောလေ"

"အစ်ကိုကြီးကို မပြောရဲလို့ပါ၊ မမကျတော့ ကိုယ့်အစ်မကြီးလို အားကိုးလို့ပါ မမရယ်၊ အေးမှာ ကလေးသုံးယောက်နဲ့ ကိုကိုက မရှိတော့. . ."



"ဝန်ထမ်းသားမယားဆိုတာ ဒီလိုပေါ့အေ၊ ဒါကို ဒုက္ခကြီးတစ်ခုလို တဂျိဂျိဖြစ်နေရင်တော့ ယောက်ျားကို အလုပ်ထွက်ခိုင်းဖို့ပဲရှိတယ်"

အေးအေးထွန်းမှာ ရင်ထဲက ခံပြင်းစိတ်နှင့် ဒေါသတရားကို အပြုံးတုဖြင့် မနည်းကို ဖုံးကွယ်ထားရသည်။

မိမိ၏ယောက်ျား အလုပ်ပြောင်းရွှေ့ရေး၊ ရာထူးတိုးရေး၊ မျက်နှာသာရရေး၊ နောက်ဆုံး နိုင်ငံခြားသွားခွင့် ရရေးဆိုသော အရေးပေါင်းစုံက သူ့ရှေ့မှ မမဆိုသော ဒေါ်တင်တင်စော၏ ခင်ပွန်းအပေါ်မှာ တည်နေသည်လေ။

"အဘွားကြီးသာကပ်"

"သူ့ယောက်ျားကို သူက သိပ်မီးသေတာ"

ဆိုသော သတင်းစကားက သူတို့ဌာန မိသားစုဝန်းကျင်မှာ ပျံ့နှံ့နေသလို. . .

အဘွားကြီးကို ကြည်အောင်ပေါင်း. . .

သူ့အလိုကျ လုပ်ပေး. . .

လက်ဆောင်လည်း သိပ်ကြိုက်တာ. . .

ဆိုသော စကားများကလည်း ဝန်ထမ်းမိသားစုအကြားမှာ ကြားနေကျ။

ဒေါ်တင်တင်စောကို မပေါင်းတတ်၊ မဖားတတ်၊ သူ့အလိုကျ နေမပေးတတ်လို့ကတော့ အဲဒီမိန်းမရဲ့ယောက်ျား နာပြီသာမှတ်။

ဤအတွင်းရေးများကို အတွင်းသိဖြစ်သော အေးအေးထွန်းမှာ ညိုမာ၏အဘိုးကို ငွေတစ်ထောင်ကန်တော့၍ ခေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးမှတော့ အလကားမပြန်ချင်။ စွန့်၍ ဇွတ်တိုးကာ. . .

"အေးမှာ ကလေးသုံးယောက်နဲ့ ဒုက္ခရောက်လွန်းလို့ပါ မမရယ်၊ ကိုကိုသာ ဒီမြို့ကို ပြန်ရောက်လို့ကတော့ မမကျေးဇူးကို ဘယ်လိုပဲ ဆပ်ရဆပ်ရပါ၊ ကိုကိုနဲ့အေး လာကန်တော့ပါရစေနော်"

"ဒါတွေမလိုပါဘူး၊ မမစော ကိုစိုးကို ပြောထားပေးပါ့မယ်"

"ကျေးဇူးပါပဲ မမရယ်၊ တကယ်ပါ"

"ဒါနဲ့ အေးအေးထွန်း အစ်မယောကျ်ားက သင်္ဘောသားဆို"

"ဟုတ်ကဲ့. . . သူတောင် ပြန်လာခါနီးပါပြီ၊ နိုင်ငံခြားပစ္စည်းလေးတွေ သွင်းဈေးနဲ့ ယူမယ်လို့ ကြိုပြောထားရဦးမယ်၊ ခဲအိုကြီး ပြန်လာပြီးမှ အေး မမဆီ လာခဲ့ပါဦးမယ်နော်"

"ရပါတယ်"

ဒေါ်တင်တင်စောဆိုသည်က သည်လိုလမ်းထွင်ပြီးတော့လည်း ခုတ်တတ်သည့် အရာရှိကတော်မျိုး။

သူ့ယောကျ်ား ပြောင်းဖို့ ရွှေ့ဖို့အတွက် ညိုမာဆိုသော လူသားတစ်ယောက်လုံး လက်ဆောင်လာပေးသည်ကိုပင် အားရကျေနပ်ခြင်းမရှိနိုင်ဘဲ နိုင်ငံခြားပစ္စည်းများ လိုချင်သေးသည့် ဒေါ်တင်တင်စောလေ။

အေးအေးထွန်း ပြန်သွားတော့မှ ညိုမာဆိုသော ကောင်မလေးကို ဒေါ်တင်တင်စော အင်တာဗျူးထိုင်တော့သည်။



"တခြား ဘယ်အိမ်မှာ အလုပ်လုပ်ဖူးလဲ"

"မ. . . မလုပ်ဖူးပါဘူး၊ ဒီမြို့ကြီးကိုတောင် ခုမှ ရောက်ဖူးတာပါ"

"မိဘရှိလား"

"မရှိပါဘူး"

"ညီအစ်ကိုမောင်နှမကော"

"မရှိပါဘူး"

"ဘယ်သူနဲ့နေလဲ"

"အဘလွန်းနဲ့"

"အဲဒီ အဘလွန်းကကော"

"ဘုန်းကြီးဝတ်သွားပါတယ်"

"ဘယ်လောက်ကြာပြီလဲ"

"ညိုမာ ဒီမလိုက်လာခင် နှစ်ရက်ကပဲ"

"ညည်းတို့တောမှာ ဒီလိုပဲ ကိုယ့်နာမည် ကိုယ်ထည့်ပြောကြသလား"

"ရှင်"

"ညည်းကိုယ်ညည်း ဘယ်လိုပြောလိုက်တာလဲ"

"ညို. . . ညိုမာလို့"

"ညည်းက သိပ်အဆင့်မြင့်လွန်းနေပါလား၊ မပြောနဲ့၊ ကျွန်မလိုပဲပြော. . . ကြားလား"

"ဟုတ်ကဲ့"

လူသားတို့၏ ပိုင်ဆိုင်မှုအားလုံးထဲမှာ ကိုယ့်နာမည်ကိုယ် အပိုင်ဆိုင်ဆုံးဖြစ်သင့်သည်။ ဤကိုယ်ပိုင်နာမည်ကို ကိုယ့်ပါးစပ်

www.burmeseclassic.com

www.burmeseclassic.com



က ထည့်သွင်းပြောကြားမိသည်မှာ အပြစ်တဲ့လား။ ဘယ်လို
မိန်းမကြီးပါလိမ့်၊ ညိုမှာ ကြောက်လိုက်တာ။

"အဲဒီ အဘလွှန်းဆိုတာက ဘယ်လိုတော်တာလဲ"

"အမေ့ရဲ့ အဖေပါ"

"အဲဒီ အဘလွှန်းက လာရှုပ်ဦးမှာလား"

"ရှင်. . ."

"အေးလေ. . . ဘုံနန်းကြီးဖြစ်သွားပြီဆိုတော့ လာနိုင်မှာ
မဟုတ်ပါဘူး"

သူ့အမေးကို သူ့ဘာသာဖြေသည်။

"ကဲ. . . လာ၊ ဘယ်မှာအိပ်ရမယ်၊ ဘာတွေလုပ်ရမယ်
ဆိုတာ ပြမယ်"

ဒေါ်တင်တင်စော နောက်မှ လိုက်ခဲ့ရသည်။

မီးဖိုခန်းနှင့် ကပ်လျက်မှာ သပ်ရပ်သော အခန်းငယ်တစ်ခု
ကို ဖွင့်ပြပြီး. . .

"အရင်ကောင်မတွေ နေသွားတာလေ၊ ညစ်ပတ်စုတ်ပြတ်
လို့ အဲဒီအခန်းကို ရှင်းလင်းပြီး သန့်ရှင်းအောင်နေ ကြားလား"

"ဟုတ်ကဲ့"

ဤအခန်းထဲမှာ အိမ်ဖော် ဆယ့်ငါးယောက်လောက် နေ
သွားဖူးသည်။ အကြာဆုံးခံလှ ခြောက်လပဲ။

တစ်လနှင့်ထွက်၊ နှစ်လနှင့်ထွက်။

ဒေါ်တင်တင်စော စိတ်တိုင်းကျမည့် အိမ်ဖော်မျိုး ဒီကမ္ဘာ
ပေါ်မှာမှ ရှိပါ့မလား။



ဘာပဲဖြစ်ဖြစ် ဒီကောင်မလေးကတော့ ရုပ်ရည်လေးက
လည်း သနားကမား၊ နောက်ပိုင်းက ငွေလိုက်တောင်းမည့်
သူလည်း မရှိ၊ ခိုးမှာဝှက်မှာလည်း ပူစရာမလို။ ခိုးရင်ဝှက်ရင်
လည်း အေးအေးထွန်းမှာ တာဝန်ရှိသည်လေ။ လျော်ခိုင်းရုံပေါ့။

ပြီးတော့ တစ်ပြားမှလည်း ပေးစရာမလိုဘဲ ရသည့်
အိမ်ဖော်၊ လခလည်း ပေးဖို့မလိုသေး။

ဒါလေးမျိုးက ရခဲပါဘိ။

ဒါပေမယ့် ချက်ချင်း မျက်နှာသာပေးလို့ မဖြစ်သေးဘူး
လေ။ ရောင့်တက်သွားမှ အခက်။

ဖိထား နှိမ်ထားဦးမှ တော်ကာကျမှာ။

အခန်းကို လှည်းကျင်းနေပုံ၊ ပစ္စည်းများ နေသားတကျ
ရွှေ့နေပုံကိုကြည့်ပြီး ဒေါ်တင်တင်စော ကျေနပ်သွားသည်။

"ကောင်မလေးက သေသပ်ပုံရတယ်"

"ဒါပေမယ့် ဒီကောင်မလေးမျိုး လာပို့ပေးတဲ့ အေးအေး
ထွန်းကိုလည်း ကျေးဇူးတင်မနေနိုင်ပါဘူး၊ စေတနာရှိလွန်းလို့
လာပို့တာမဟုတ်ပါဘူး၊ သူ့ယောက်ျား ဒီပြန်ပြောင်းရအောင်
ငါ့ကို လာဘ်ထိုးတာ"

"ဒီလောက်နဲ့ ဘယ်ရဦးမလဲ အေးအေးထွန်းရယ်
ဘယ်လောက်ထပ်ထွက်လာဦးမလဲ ကြည့်ကြသေးတာပေါ့"

ညိုမှာကိုကြည့်ရင်း အေးအေးထွန်းဆီက ဘယ်လိုညှစ်ရ
လဲဟူသော အတွေးတွေ တွေးပြီးနောက်မှာ. . .

"ဒါက ဆန်ပုံး၊ ဒီမှာဆီ၊ လျှပ်စစ်နဲ့ပဲချက်မယ် မီးမလာမှ

www.burmeseclassic.com

www.burmeseclassic.com



မီးသွေးနဲ့ချက်မယ်၊ ဒီမှာကြောင်အိမ်၊ ရေခဲသေတ္တာကိုတော့ ငါဖွင့်ခိုင်းမှဖွင့်"

စည်းကမ်းချက်တွေ တသီကြီးပြောရင်း၊ ပြရင်း လုပ်နေသဖြင့် ညိုမာ ခေါင်းတွေ နောက်လာသည်။

ဘာတွေမှတ်ရမှန်းပင် မသိတော့၊ ထိုအချိန်မှာပင် ကားသံ ကြားသဖြင့် ဒေါ်တင်တင်စော အပြင်ထွက်သွားသည်။

ရင်တွေပူ ရင်တွေခုန်နေသဖြင့် သောက်ရေအိုး လိုက်ရှာတော့ ခပ်လှမ်းလှမ်းက ထမင်းစားခန်းထောင့်မှာ တွေ့ရသည်။

ရေအိုးက လုံးလုံးရှည်ရှည်၊ အောက်ခြေမှာ ဘုံဘိုင်နှင့်သို့သော် လှည့်ဖွင့်ရတာမျိုး မဟုတ်။ 'ဖိ'တာလား၊ 'မ'တာလားလည်းမသိ၊ ထိပ်မှာတော့ အဖုံးဖြစ်ပုံရသည်။ ခပ်ဖုဖုနေရာကို မ,ကြည့်တော့ ပွင့်သွား၏။

အနီးမှ ဗန်းထဲတွင် ကြည်လက်နေသော ဖန်ခွက်နှစ်ခွက်မှောက်ထားသည့်အနက်မှ တစ်ခွက်ကိုယူပြီး ရေအိုးထဲ နှိုက်ခပ်လိုက်ပြီး သောက်ရန် နှုတ်ခမ်းဝ အတေ့မှာ. . .

"အမယ်လေး. . . အမယ်လေး၊ သောက်ကျိုးနည်း ဘယ်လိုလုပ်လိုက်တာ"

အလန့်တကြား အော်သံကြောင့် အလန့်လန့် အဖျပ်ဖျပ် လှည့်ကြည့်လိုက်တော့ ဒေါ်တင်တင်စောက ရင်ဘတ်ကြီး တီးလျက်. . .

"လက်ပေကြီးနဲ့ ကိုင်ရသလားဟဲ့ ဟင်. . . ဒီအိုးက ဒီလို ခပ်ရတာမျိုး မဟုတ်ဘူး၊ ညည်း လက်လည်း မဆေးဘဲ



. . .ခဲ့ပါရဲ့တော်၊ ပြီးတော့ ဒီသောက်ရေအိုးက တို့မိသားစုရဲ့ သောက်ရေအိုး၊ ညည်းတို့သောက်ဖို့က နောက်ဖေးမှာ . . .သည်လား"

"မ. . . မသိလို့ပါရှင်"

"အကုန်သွန်ပစ်၊ ဖန်ခွက်ကို စင်အောင်ဆေး၊ သောက်ရေ . . .သစ်ထည့်၊ နားမလည်ဘဲ သောက်ရမ်းလုပ်မနေနဲ့၊ တန်ရာ . . .န်ရာလုပ်"

ညိုမာ မျက်ရည်ထိန်းမရတော့၊ ထိခိုက်ကြေကွဲစွာ ခံစား . . .နေရချိန်မှာ အောင်မြင်ခံ့ညားသောအသံကို ကြားလိုက်ရသည်။

"စော"

ဒေါ်တင်တင်စော၏ ကိုယ်ခန္ဓာတစ်ခုလုံးကို အသွေး . . .အသား၊ အသည်းနှလုံးများနှင့် တည်ဆောက်ထားသည်ဟုပင် . . .သုံးကြည့်ချင်စရာ။

"ရေသောက်တာလောက်တော့ ဒီမှာပဲ သောက်ပါစေ . . .ဘာ၊ မကြိုက်ရင် ဖန်ခွက်ဆေးခိုင်းပေါ့၊ ကဲ. . . ကလေးမ။ . . .ဒိုးနဲ့ သောက်. . . သောက်၊ လက်ထဲကရေကို သောက်လိုက်"

"ကိုစိုး"

အသံကို အသားကုန်မြှင့်လိုက်ပြီး. . .

"ဒီကျေးကျွန်ကိစ္စမှာ ကိုစိုး ဘာမှဝင်ပါစရာ မလိုဘူး"

"လူလူချင်းပဲ စောရယ်၊ ဒါ မောင်သက်ဆွေရဲ့မိန်းမ လာ . . .ယ်ဆိုတဲ့ ကောင်မလေးမဟုတ်လား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် နားဝင်အောင်ပြောရင် ရမှာပါ"

"ကိုစိုးနော်၊ ကိုစိုးနဲ့မဆိုင်တဲ့ မီးဖိုချောင်ကိစ္စ၊ ထဘီ လျှော်တဲ့ကိစ္စမျိုးမှာ ဘာမှဝင်ပါစရာ မလိုဘူး၊ ဒီဟာမလေး ဘက်ကလည်း ဘယ်တော့မှ လိုက်ပြီး မပြောပါနဲ့၊ စော အကြောင်း သိတယ်နော်၊ မိုးမီးလောင်သွားမယ်မှတ်"

"ခက်တယ်"

ညည်းညူသံကိုပင် လေပျော့ကလေးနှင့်ပြောပြီး ကိုစိုး ဆိုသော ဒေါ်တင်တင်စော၏ခင်ပွန်း 'ဦးအောင်ကျော်စိုး'တ ခပ်ကုပ်ကုပ်ကလေး ပြန်လှည့်သွားရရှာသည်။

ဌာနတစ်ခု၏ အရာရှိကြီးဖြစ်သော ခင်ပွန်းကိုပင် သူ့ လက်အောက်ငယ်သားလို ဟောက်နိုင်သော ဩဇာထက်မြက် သော မိန်းမပါတကား။

လောဘများ၊ ဒေါသတရားနှင့် မာနအစိုင်အခဲတို့ဖြင့်သာ ဖွဲ့စည်းထားဟန် တူပါသည်။

"ဟိုဦးလေးကြီးကတော့ မျှတချင်ပုံ ရပါရဲ့"

"ဒါပေမဲ့ ဩဇာရှိပုံ မရပါဘူး"

"ဒီမိန်းမကြီးနဲ့ ငါ ဘယ်လိုလုပ်ပြီး နေရပါ့မလဲ"

ညိုမြ ဒီအိမ်ကြီးပေါ်သို့ ရောက်သည့်နေ့ကစပြီး ငိုလိုက်ရတာ။

◆ ◆ ◆

အခန်း။ ၃ ။

"ဟဲ့. . . ထိပ်ထားစိုး၊ မညိုမြာကို ဒီလိုမလုပ်နဲ့လေ"

"လုပ်မယ်၊ အချဉ်ထုပ်ဝယ်ပေးပါဆိုတာ ဝယ်မှမပေးတာ"

ညိုမြာ့ကို ထုရိုက်လိမ်ဆွဲနေသော ညီမငယ်ကိုကြည့်ပြီး 'ဘွင့်ထိပ်စိုး' က ဟန့်တားသော်လည်း မရ။

"အချဉ်ထုပ်နဲ့ မတည့်ဘူး၊ ဝယ်မပေးရဘူးလို့ မမက ပြောထားလို့ပါကွယ်၊ ကာဖီသောက်မလားဟင် မညိုမြာ ဖျော်ပေး ယ်လေ"

"ငါမသောက်ဘူး၊ နင်သာ သေးသောက်၊ ချေးစား၊ သွား. . . သွား"

"ဟဲ့. . . ဟဲ့၊ မညိုမြာကို ဘာလို့ ဒီလောက် နှိပ်စက်နေ တာလဲ၊ ဖယ်စမ်း"

ဆွဲဖွဲ့ထုရိုက်နေသော ညီမငယ် ထိပ်ထားစိုးကို ဆွဲဖယ် ွန်းပစ်လိုက်တော့ ထိပ်ထားစိုးက ဗြခနဲ အော်ငိုချလိုက်သည်။

"ဟဲ့. . . ဟဲ့. . . သားကြီး ညီမလေးကို ဘာလို့ ဒီလို ုပ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ မညိုမာကို မတရားရိုက်နေလို့"

"ရိုက်ရိုက်ကွယ်၊ မင်းတို့ကလည်း ကလေးကို တွန်းပစ်စရာ မလိုပါဘူး။ ကလေးရိုက်လို့လည်း ကျေးဇူးရှင်မက သေမသွားနိုင်ပါဘူး။ တကတဲ"

ဒေါ်တင်တင်စောက ခြောက်နှစ်ရွယ်သမီးကို ကောက်ချီလိုက်ပြီး. . .

"အေး. . . မာမီရိုက်မယ်နော်၊ တိတ်ပါ သမီးရယ်"

"ခုရိုက်. . . ခုရိုက်"

"ကဲဟယ်. . . ကဲဟယ်"

ကလေးချော့ဟန်နှင့် သဏ္ဍာန်လုပ်၍ ရိုက်ခြင်းမဟုတ်၊ ညိုမာ၏ ကျောပြင်ကို ဖြန်း. . . ဖြန်းနှင့် နှစ်ချက်ဆင့်ရိုက်လိုက်သဖြင့်. . .

"အာ"

ညိုမာက စပ်ဖျဉ်းနာကျင်သွား၍ လက်ကို ပခုံးပေါ်မှ ကျော်ကာ ကျောပြင်ကိုပွတ်ရင်း မျက်ရည်တွေ လျှံကျလာသည်။

"ကလေး ကျေနပ်အောင် ချော့တာပါ၊ တကတဲ. . . ဒီလောက်လည်း သောက်ဖြစ်သည်းမနေစမ်းပါနဲ့၊ သူနဲ့နေရင် ကလေးက ငိုရပြီ"

"ထိပ်ထားခိုင်းသမျှ လုပ်ပေးပါတယ်၊ နွားလုပ်ပြီး ကျောပေါ်ကစီးတာတောင် ဘယ်လောက်နာနာ ဝပ်ပေးနေတာပါ၊ အချဉ်ထုပ်ကတော့. . ."



"တော်ပါ၊ ငါ့ကို နှုတ်လှန်ထိုးမနေပါနဲ့"

"ကျွန်မ. . . ကျွန်မ ရှင်းပြတာပါ"

"ညည်းနဲ့ငါနဲ့က စာရင်းရှင်းနေရမယ့်အဆင့် မဟုတ်ဘူး၊ နားလည်လား"

"မာမီကလည်းဗျာ"

"ဘာမာမီကလဲ၊ ဒီအိမ်မှာ ပြဿနာချည်းပဲ၊ ဟိုက မီးထတောက်လိုက်၊ ဒီက မီးထတောက်လိုက်နဲ့ သေချင်တယ်၊ ငါ သေချင်တယ်၊ ဟင်း. . . များလိုက်တဲ့ ပြဿနာတွေ"

ညိုမာ ငုံ့ထားသဖြင့် မျက်ရည်ပေါက်များ ကြမ်းပြင်ပေါ် အဆက်မပြတ် ကျကြွေလာသည်။

အဖြစ်ပျက်အားလုံးကို ကြားနေ မြင်နေရသော ဦးအောင်ကျော်စိုးက ထလာပြီး. . .

"ပြဿနာဆိုတာ ရှာရင်ရတာပဲ၊ လျစ်လျူရှု ဥပေက္ခာပြုလိုက်ရင်လည်း ပြီးသွားတာပဲ၊ ဒီအိမ်မှာက တစ်ခုမဟုတ်တစ်ခု အမြဲဒွေ့ပူနေတာပဲ"

"အောင်မယ်. . . အောင်မယ်"

အမျက်စောင် မာန်ကြီးလွန်းစွာ ကြည့်ပြီး ချီထားသော 'ထိပ်ထားစိုး'ကို ဆတ်ဆို အောက်ချလိုက်ပြီး. . .

"ဒီမှာ၊ ရှင့်ရုံးမှာ ရှင်ဆရာလုပ်။ ဒါ အိမ်၊ စောရဲ့ မိဘဆီက အမွေရထားတဲ့အိမ်၊ သူများလို လင့်ဆီက တစ်ပြားနဲ့ ပေါင်းပြီးမှ ဖြစ်တဲ့အိမ်မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ခြံမှ ဒေါ်အေးမြင့်ရီတို့ မိသားစုကို မဆီမဆိုင် စောင်း၏။ ပြဿနာက တရစ်ရစ်တက်လာပြီ. . .

"အိမ်ဆိုတာ အိမ်ရှင်မ အုပ်ချုပ်ရတယ်၊ စော အုပ်ချုပ်နေတဲ့ ကိစ္စထဲမှာ ကိုစိုး ဘာမှဝင်ပါစရာမလိုဘူး၊ ယောကျ်ား ယောကျ်ားဘာသာနေ၊ ငါးပိကိစ္စ၊ ဆားကိစ္စ ဝင်မပါနဲ့၊ ကျေးကျွန်ကိစ္စ၊ အိမ်ဖော်ကိစ္စကို ဝင်မရှုပ်နဲ့ ရှင်းမရဘဲ ဖြစ်တတ်တယ်"

"စော၊ စကားကို စည်းမဲ့ကမ်းမဲ့ မပြောစမ်းနဲ့ကွာ"

"အောင်မယ်. . . ကြီးကျယ်လို့ ပြောတော့ ဘာဖြစ်လဲ"

"ကဲ. . . တော်ပါတော့ကွာ"

"မတော်နိုင်ဘူး၊ မကြားချင်ရင် အစတည်းက ဝင်မပါနဲ့၊ ဟောဒီကောင်မနဲ့ ပတ်သက်လာရင် ဝင်ပါတာများပြီနော်"

ညိုမာသည် နောက်ဖေးခန်းသို့ ပြေးဝင်ခဲ့ရသော်လည်း စကားတွေက ကြားနေရ၏။

"စော"

"ဘာလဲ"

"အိမ်ဖော်ကိစ္စတွေမှာ ဘယ်တော့မှ ကိုစိုး ဝင်မပါခဲ့ဘူး၊ တစ်ယောက်ပြီးတစ်ယောက် ပွဲစားက ပြန်လာခေါ်သွားကြတာချည်းပဲ၊ ဘယ်သူမှ မနေနိုင်ဘူး"

"ဘာလဲ အိမ်ဖော်မမြဲတာ စောကြောင့်လို့ ပြောချင်တာလား. . . ဟင်"

"မဟုတ်ပါဘူးကွာ၊ နားထောင်စမ်းပါဦး၊ ဟိုကောင်မလေးတွေက မပျော်ဘူးဆို ပြန်သွားကြတာပဲ၊ ဒီကောင်မလေး



ကျတော့ အပိုင်ရတာမဟုတ်လား၊ နည်းနည်းပါးပါးတော့ ခွင့်လွှတ်လိုက်ပါ၊ ခွင့်မလွှတ်နိုင်ဘူးဆိုရင်လည်း မောင်သက်ဆွေနဲ့ အေးအေးထွန်းလက် ပြန်အပ်လိုက်လေ"

"ဘာလို့ ပြန်အပ်ရမှာလဲ ဒါက အပိုင်ရထားတာလေ၊ ရှင်တို့ဟာမကလည်း ကုတ်နဲ့ကော်ချတောင် မပြန်ဘူး သိလား။ သူ့အဘက ဘုန်းကြီးတဲ့၊ ပြန်စရာ လုံးဝမရှိဘူး"

"ပြန်စရာမရှိလို့ ဒီမှာ မြဲမယ့်လူဆိုလည်း အဆင်ပြေအောင် နေပေါ့ကွာ"

"အောင်မယ်လေးနော်၊ ဒီကျွန်မကို အဆင်ပြေအောင် ကျုပ်ကနေရမယ် ဟုတ်လားဟင် ရှိခိုးထားရမှာလား၊ စော ဘယ်လိုအဆင့်က လာတယ်ဆိုတာ သိတယ်နော်၊ အိမ်ကခိုင်းတဲ့ ကောင်မနဲ့ စောနဲ့ အဆင်ပြေအောင်လေး ဘာလေးနဲ့၊ ရှင်က ထဘီခန်းကို မျက်စောင်းထိုးနေပြီလားဟင်"

"ဟာကွာ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ တော်ပါပြီ စောရယ်၊ အရှုံးပေးတာပဲ ကောင်းပါတယ်"

"ပေး. . . ပေး၊ အရှုံးမပေးချင်ရအောင် ကျုပ်ကို ရှင် ဘယ်တုန်းက နိုင်ရဖူးလို့လဲဟင်"

ဒေါ်သမီး မာနမီးများ ဟုန်းဟုန်းတောက်လောင်နေသော ဇနီးသည်ကို ကြောက်ရွံ့စိတ်၊ စက်ဆုပ်စိတ်တို့ဖြင့် ကြည့်ပြီး ဦးအောင်ကျော်စိုး အနားမှ ထွက်ခွာသွားရသည်။

ဘာကိစ္စမဆို သူနှင့် လိုက်လျောအောင်နေပြီး ကောင်းပါတယ်ဟုဆိုလျှင် ရန်ပြေငြိမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ကွယ်" "ညှာလိုက်ပါ" "ဒါတော့ မကောင်းဘူးထင်တယ်"ဟု ပြောကြည့်၊ ယခုထက် ရှုန့်ရင်းကြမ်းတမ်းသော စကားလုံးများနှင့် ဇာတ်သိမ်းရသည်ချည်းသာ။

ကြာလာတော့ ဦးအောင်ကျော်စိုးမှာ စကားနည်းလေ ရန်စဲလေ ဟူသော မူနှင့်အညီ နေလာခဲ့သဖြင့် အိမ်ကိစ္စ၊ ဇနီးကိစ္စ၊ သားနှင့်သမီး ကိစ္စတို့ကိုပါ ဝင်၍ မပြောဖြစ်တော့ပေ။

ဒေါ်တင်တင်စောက မန္တလေးဆက်၊ ဝန်ထောက်သမီးမို့ သူ့ကိုယ်သူ မင်းမျိုးမင်းနွယ်များ ထင်နေသလားမသိ။

ဦးအောင်ကျော်စိုး ကန့်ကွက်ခဲ့ဖူးသည့် သားနှင့်သမီးတို့၏ အမည်များကိုပင် သူ့ဆန္ဒအရ ရာသက်ပန် အတည်ဖြစ်သွားခဲ့ပြီ။

ထွဋ်ထိပ်စိုး။

ထိပ်ထားစိုး. . . တဲ့။

ကိုထွဋ်ဟုခေါ်သော ထွဋ်ထိပ်စိုးက အလွန် နူးညံ့သိမ်မွေ့သည်။ သူ့ဗီဇ နှလုံးသားမှာကိုက ကြင်နာခြင်း သိလျှောင်ခန်းပါရှိပုံရသည်။ ဘယ်သူ့ကိုမဆို သနားတတ်ရှာသည်။

ထိပ်ထား ဆိုသော ထိပ်ထားစိုးကတော့ ဘုရင့်သမီးတော် ထိပ်ထားလို မြှောက်စားထားလွန်းသဖြင့် မိန်းကလေးတန်မဲ့ ရိုင်းစိုင်းနေ၏။

သူ့နှလုံးအိမ်သည် သူ့မိခင်ကဲ့သို့ ဖြစ်လာလိမ့်မည်ဟု ခန့်မှန်းကြည့်၍ ရနိုင်သည်။ ဗီဇက ဆိုးရသည့်အထဲ စည်းကမ်းနှင့်ထားချင်သော ဖခင်ကို တမင်အရွဲ့တိုက်ပြီး မိခင်ဒေါ်တင်တင်



စောက မြှောက်ပေးနေသဖြင့် ကလေးက ချစ်စရာကောင်းရမည့်အစား လူတိုင်း အော့နှလုံးနာချင်စရာ ဖြစ်၍နေပြီ. . .

"အင်း. . . စောကြောင့်တော့ ခက်ပါတယ်"

ဟူ၍သာ စိတ်ထဲက မှတ်ချက်ချပြီး ဦးအောင်ကျော်စိုးက အိစ္စအရေးကြီးလေဟန်ဖြင့် အိမ်မှ ကားမောင်း၍ ထွက်လာခဲ့သည်။ တကယ်တော့ ဘာကိစ္စမှ မည်မည်ရရမရှိပါ။ ဆူပူတတ်၊ ဒေါသကြီးတတ်၊ ပြဿနာရှာတတ်၊ သူ့ဘာသာသူ စိတ်တိုင်းမကျစရာ တွေ့လျှင် ခင်ပွန်းသည်ကို အပြစ်ဖို့တတ်သော ဇနီးသည်၏အနားမှာ မနေလို၍ ထွက်လာခဲ့ခြင်းသာ ဖြစ်တော့သည်။

◆ ◆ ◆

တစ်နေ့ကုန် အချိန်ဖြုန်းပြီး ညနေပိုင်းမှာမှ အိမ်သို့ပြန်လာခဲ့သည်။

လမ်းမကြီးအတိုင်း ကားကိုမောင်းလာပြီး မိမိတို့၏ အိမ်ရှိရာ လမ်းသွယ်ထဲသို့ ချိုးကွေ့လိုက်သည်နှင့်. . .

"ဟာ. . . ဟိုမှာ ဟိုကောင်မလေးပါလား"

လွယ်အိတ်ကလေးကို ရင်ခွင်မှာပိုက်ပြီး ထိတ်လန့်တုန်လှုပ်ဟန် မျက်နှာထားနှင့် မပြေးရုံတစ်မယ် ခပ်သုတ်သုတ် လျှောက်လာသော ညိုမာ။

"ဟော့. . . ဘယ်လဲ"

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



ကားရပ်၍ ကပ်ပေးလိုက်သဖြင့် ညိုမာ လန့်ဖျပ်စွာ ကြောင်စီစီ ကြည့်နေ၍...

"ဘယ်သွားမလို့လဲ"

"ညိုမာ... အဲ... ကျွန်မ ပြန်မလို့"

"ဘယ်ကို ပြန်မှာလဲ"

"မသိဘူး၊ ကျွန်မ...မသိဘူး"

ညိုမာ ငိုလေပြီ။

"ဟဲ့... လမ်းလယ်ကောင်ကြီး မကောင်းပါဘူး လာ... လာ...ကားပေါ်တက်"

"ကျွန်မ အိမ်ပြန်မလိုက်ပါရစေနဲ့တော့ ဦးလေးရယ်"

"ဦးလေး နားလည်တယ်၊ လာပါ ကားပေါ်တက်၊ တစ်နေရာရာ ပို့ပေးမယ်"

ထိုအချိန်က ခေတ်စားနေသော တံခါးနှစ်ပေါက်နှင့် ကော်ရိုလာကား၏ တံခါးကိုဖွင့်၍ ရှေ့ထိုင်ခုံကို ခေါက်ပေးကာ ညိုမာ့ကို နောက်ခန်းမှာ ဝင်ထိုင်စေသည်။

"ရှိခိုးပါရဲ့ ဦးလေးရယ်၊ အိမ်တော့ မပြန်ပါရစေနဲ့၊ ဦးလေး မိန်းမကို ကျွန်မ ကြောက်လွန်းလို့ပါရှင်"

"အင်း..."

အင်းနှင့် သက်ပြင်းကို ရောချပြီး ကားကို ပြန်တွေ့လိုက်သည်။

အိမ်ပြန်လို့ မဖြစ်တာတော့ ဟုတ်ပါပြီ၊ ဒီကောင်မလေးကို ဘယ်မှာ သွားထားရပါ့မလဲ။



"ညိုမာ"

"ဟုတ်ကဲ့... ဦးလေး"

"မင်း ဘယ်သွားမယ်ဆိုပြီး ထွက်လာတာလဲ"

ညိုမာ့ထံမှ ရှိုက်သံသာ ထွက်လာသည်။ အဖြေက မရ။

"တောကို ပြန်မလို့လား"

"ရွာပြန်လို့လည်း ညိုမာ နေရမယ့်အိမ် မရှိဘူး၊ ပြောနေရင်တော့ ရမှာပါ၊ ဒါပေမဲ့ ရှက်တယ်၊ မပြန်ချင်ဘူး"

"ဒါဖြင့် ဘယ်သွားမလို့ အိမ်က ထွက်ပြေးလာတာလဲ"

"ညိုမာ သတ်သေမလို့"

"ဟဲ့..."

"အိမ်မှာ သတ်သေရင် အားလုံး ဒုက္ခရောက်ကြမှာစိုးလို့ ရေတွေ့ရင် ဆင်းသေမလို့ပါ ဦးလေးရယ်"

"ဖြစ်မှဖြစ်ရလေကွယ်"

ညိုမာလည်း ဘာစကားမှ ထပ်ပြီးမပြောနိုင်ဘဲ ငိုရှိုက်နေရှာသည်။

ဦးအောင်ကျော်စိုးကလည်း ဘာမှ မမေးဖြစ်။

"ဒီကောင်မလေးကို ငါ ဘယ်ခေါ်သွားရမလဲ"ဟူသော အတွေးကိုတွေးရင်း ကားဦးတည်ရာ မောင်းလာခဲ့သည်မှာ အတော့်ကို ခရီးပေါက်ခဲ့ပြီ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဆရာပါလား၊ လာပါဆရာ၊ ရှုံးလိုက်ခဲ့ရမလား။ ဘာခိုင်းစရာရှိလို့လဲဟင်"

တပည့် 'မောင်ငွေသိန်း'က ပျာနေအောင် ကြိုဆိုသည်။

"မင်းမိန်းမကော"

"ဈေးထွက်တယ်လေ ဆရာ၊ ဘာခိုင်းစရာရှိလို့လဲ"

"ဈေးက ဝေးလား"

"လမ်းထိပ်တင်ပါ"

"သွားခေါ်စမ်းကွာ"

"ဘာ. . . ဘာများဖြစ်လို့လဲ ဆရာ"

"ဩော်. . . ဘာမှ မဟုတ်ပါဘူးကွာ၊ တောက ဆရာ့အမျိုး တူမလေးတစ်ယောက် ရောက်လာလို့ သိတဲ့အတိုင်း မင်းတို့အန်တီနဲ့ မဖြစ်လို့ မင်းတို့လင်မယားဆီမှာ ခဏထားမလို့"

"ဟာ. . . ရပါတယ် ဆရာ၊ ဖြစ်တယ် ဆရာ၊ ဆရာ ထိုင်ပါ၊ ကျွန်တော် လှမေကို ပြေးခေါ်လိုက်ဦးမယ်နော်"

"အေး. . . အေး"

"ဆရာ့တူမလေးရော အိမ်ထဲဝင်ထိုင်ခိုင်းလေ ဆရာ"

"နေပါစေကွာ ကားထဲမှာပဲ၊ မင်းမိန်းမသာ မြန်မြန် သွားခေါ်ချည်"

ကိုငွေသိန်းက သူ့မိန်းမ မလှမေကို ပြေးခေါ်ပြီး ပြန်လာကြသည့်အခါ ဦးအောင်ကျော်စိုးက. . .

"ဒီမိန်းကလေးကို ခဏ စောင့်ရှောက်ထားလိုက်ပါရော့. . . ငွေငါးဆယ် သူ့စားစရိတ်၊ ငါလည်း လာခဲ့ပါဦးမယ် စိတ်ချမယ်နော် ငွေသိန်း"



"ဟာ. . . စိတ်ချ. . . စိတ်ချပါ ဆရာ"

ကိုငွေသိန်းသည် ဦးအောင်ကျော်စိုးရှုံးမှ ရှုံးအကူဖြစ်သည်။

ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ သပ်ရပ်သော တဲငယ်လေးတစ်လုံးနှင့် နေထိုင်သည်။

ဦးအောင်ကျော်စိုးနှင့် ကိုငွေသိန်းကို အဆင့်အနေဖြင့် ခိုင်းလိုက်မည်ဆိုလျှင် လှေကားထစ်က မြေကြီးမှ တာဝတိံသာအထိ မြင့်မားလိမ့်မည်။

ဤမျှ အနိမ့်ဆုံးက ဝန်ထမ်းတစ်ဦးအိမ်သို့ ရုပ်ရည်သနားစရာမားနှင့် ကောင်မလေးတစ်ယောက်ကို လာပို့ထားပြီ ဆိုတာတည်းက အကြောင်းရှိပြီ။ 'ကီပင်'လား။ 'စမော'လား။ 'ခဏတစ်ဖြုတ်'လားဟု တွေးရင်း ကိုငွေသိန်းက မမေးရဲသော်လည်း မျက်နှာက စပ်ဖြဲဖြဲ။

ဦးအောင်ကျော်စိုးကတော့ တပည့်၏မျက်နှာကို အကဲခတ်မိ၊ သူ့အပူနှင့်သူ. . .

ဒေါ်တင်တင်စော၏ မာနအကြောင်းနှင့် သည်ကောင်မလေးကို ဘယ်ပို့ပြီး ဘာလုပ်ပေးရမလဲ ဟူ၍သာ ရိုးသားစွာပြင်နာစွာ စဉ်းစားနေမိသည်။

"စော မသိအောင် ညီမာရဲ့ဘဝလေးကို ဘယ်လိုနည်းနဲ့ ဘယ်တင်ပေးရရင် ကောင်းမလဲ"

"ဒီမိန်းမ သိသွားလို့ကတော့ မိုးမီးလောင်မယ့်ပြဿနာပဲ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

အခန်း။ ၄

"ဒေါ်အေးမြင့်ရီတို့တော့ ဘယ်လိုခိုင်းနေလဲ မသိဘူး အတော့်ကို အသုံးမကျတဲ့မိန်းမပဲ၊ သူက အဝတ်ကို လက်နဲ့ လျှော်တာမှ မဟုတ်ဘဲ၊ ဆပ်ပြာနဲ့လျှော်တာ။ မဲနယ်ဆိုလည်း သုံးလိုက်တာ၊ တကယ်ပဲ သုံးသလား၊ ထည့်ယူသွားလားတော့ မသိဘူး၊ မဲနယ်ကလည်း ဈေးကြီးတယ်မဟုတ်လား"

"စိတ်မချရရင်လည်း ခိုင်းမနေပါနဲ့တော့လား"

"အမယ်လေး... ပြောတာတောင် နောက်ကျတယ် သူကပဲ မလာတော့ဘူးဆိုပြီး ထွက်သွားတာ"

"ဪ"

"ဈေးက သေးကအစအခု စောကိုယ်တိုင် လုပ်နေရတယ်လေ၊ အဲဒါ ဒေါ်အေးမြင့်ရီတို့များ အဆက်အသွယ်ရှိရင် အိမ်ဖော်ကောင်းကောင်း တစ်ယောက်လောက် ရှာပေးပါ"



"အိမ်ဖော်"

"ဟုတ်တယ်"

"ကျွန်မတောင် အိမ်ဖော်မထားတာ ဘယ်မှာ အဆက်အသွယ်ရှိမှာလဲ စောရယ်"

"ကျောင်းက ဆရာမချင်း နည်းနည်းပါးပါး မေးမြန်းကြည့်ပါလား"

"အင်း... မေးတာတော့ မေးကြည့်ပေးပါမယ်"

"ဒေါ်အေးမြင့်ရီတို့ကတော့ တကယ် ကံကောင်းပါတယ်။ ယောက်ျားကလည်း မိန်းမအလုပ်ပေမယ့် ဝင်လုပ်တာပဲ။ ကလေးတွေကလည်း အပိုးကိုကျိုးလို့"

"ဟုတ်ကဲ့... မမေကလည်း သူ့မြေးတွေကို အသေးစိတ် သင်ပါတယ်၊ ဘုရားရှိခိုးကအစပေါ့လေ"

"အိမ်က ကိုစိုးတို့ကတော့ မိုးစုပ်စုပ်ချုပ်မှ ပြန်လာတာ။ ဝိုင်းကူဖို့ ဝေလာဝေး၊ ကလေးတွေကျတော့ မခိုင်းရက်ဘူးလေ၊ စိတ်ဓာတ်ပါ အောက်တန်းကျသွားမှာစိုးလို့"

ဒေါ်အေးမြင့်ရီ စိတ်ထဲမှ ထောင်းခနဲ ဒေါသက ရှန်းကြွ ထွက်လာသေးသည်။ သားနှစ်ယောက်နှင့် သမီးလေးတို့ အိမ်အလုပ် ဝိုင်းလုပ်ကြသည်ကို သက်သက်နှိမ်၍ ပြောသောစကားမှန်း သိ၏။

"ဒီမိန်းမမျိုးနဲ့ ရန်မဖြစ်ချင်ပါဘူးလေ"ဟူ၍ စိတ်ကို လျှော့ချလိုက်ရသည်။

"ဟော... အန်တီ နေကောင်းတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းခင်နှင့် ဦးငြိမ်းဝေတို့ သမီးယောက်ျမ လက်တွဲ၍ ဝင်လာကြသဖြင့် ဒေါ်တင်တင်စောက နှုတ်ဆက်လိုက်သည်။

"ဘယ်ကပြန်လာကြတာလဲ"

"ရွှေတိဂုံဘုရားက"

"သြော်. . . သာဓု. . . သာဓု"

"သာဓု ဆက်ခေါ်ဦး စောစောရဲ့၊ အန်တီ အခု ရွှေတိဂုံဘုရားမှာ ရွှေပြားသင်္ကန်းအတွက် ရွှေသုံးကျပ်သား သွားလှူခဲ့တာ"

"သြော်. . . ဟုတ်လား၊ သုံးကျပ်သားတောင်လား"

သည်လောက်ကြီးတောင် လှူနိုင်တယ်လား ဟူသော အံ့သြစိတ်ဖြင့် ဒေါ်နှင်းခင်ကို ဒေါ်တင်တင်စောက လေ့လာစူးစမ်း၏။

တစ်ဖက်ကို နှစ်ကျပ်ခွဲသားလောက်ရှိသည့် လက်ကောက်တစ်ရန်ကပဲ ငါးကျပ်သား၊ ရွှေကြယ်သီးကြီးကလည်း အနည်းဆုံး တစ်လုံး ငါးမူးသားလောက်တော့ ရှိမည်။ အဲဒါက နှစ်ကျပ်ခွဲသား။ ခေါင်းမှာလည်း ရွှေဘီးနှင့်၊ အဲသည်ဘီးက နှစ်ကျပ်ခွဲသားတော့ အနည်းလေးပဲ။ အဲဒါကပဲ တစ်ဆယ်သား ဖြစ်နေပြီ ကြည့်ပါဦး နားကပ်ကြီးက နားပြတ်ကျတော့မယ်၊ စိန်လက်စွပ်ကြီးကလည်း ဝင်းလို့၊ အတွင်းပစ္စည်း ဘယ်လောက်ရှိသေးလဲ မသိဘူး။

သူတစ်ပါး၏အကြောင်းကိုလည်း အလွန် စိတ်ဝင်စားသော ဒေါ်တင်တင်စော။



အထူးသဖြင့် သူတစ်ပါး၏ ချမ်းသာကြွယ်ဝမှုစာရင်းကိုလည်း အလွန်အမင်း သိချင်သူပါ။

ဒေါ်အေးမြင့်ရီတို့က ခပ်ကုပ်ကုပ် နေတတ်ကြသဖြင့် အစက အထင်မကြီးလှ၊ ယခုတော့ သူတို့လည်း ချမ်းသာပါလားဟူ၍ သိခွင့်ရလာခဲ့သည်။

ကြီးကျယ်စွာ မနာလိုမရှုစိမ့်တော့ မဖြစ်မိ။

အကယ်၍သာ သူနှင့်ပြိုင်ဘက် အထက်တန်း အရာရှိကတော်သာဆိုလျှင်တော့ ဝက်ဝက်ကွဲအောင် မနာလိုဖြစ်မိပေလိမ့်မည်။

"ဒေါ်အေးမြင့်ရီတို့ ကားမလဲကြသေးဘူးလား"

ဘောက်(စ)ဝက်ဂွန်း ကားလေးကို ရည်ရွယ်၍ပြော၏။ ထိုအချိန်က တော်ရိုလာတွေ ခေတ်သိပ်စားသည့်အချိန်။

"ဒါ ကိုငြိမ်းဝေ နိုင်ငံခြားသွားတုန်းက အဝတ်ခံစုပြီး သွင်းလာတဲ့ ကားလေးမို့ သံယောဇဉ်ဖြစ်နေတယ်လေ။ လဲစီးဖို့တော့ စိတ်ကူးတောင် မရှိပါဘူး စောရယ်၊ ကျောင်းဆရာတွေ ဆရာမတွေပဲလေ၊ ဒီလောက်ဆို တော်ပါပြီ"

တည်ငြိမ်သိမ်မွေ့စွာ ပြောလိုက်သော ဒေါ်အေးမြင့်ရီကို အားမရစွာ ကြည့်နေသည်။ ဘာမှဖြင့် မပြောပါ။

"မာမီ၊ သား ဒီအိမ်မှာ နေခဲ့ဦးမယ်နော်"

"ဒီမှာ အနှောင့်အယှက် ဖြစ်နေပါဦးမယ် သားရဲ့"

"ဟာ. . . မဖြစ်ပါဘူး၊ ကိုထွဋ်လေးက ကစားနေကျပဲ၊ နေခဲ့ပါစေ စောရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း နေခဲ့လေ၊ သားကြီးကတော့ ကစားရင်လည်း သူကပဲ အမြဲအနစ်နာခံပြီး ကစားတာ၊ အငယ်မကတော့ ကဲကဲဆတ်လေ"

"ဒီအိမ်လာရင်တော့ ထိပ်ထားကို အလျှော့ပေးပြီး ကစားကြပါတယ်"

"အခု သူအိပ်တုန်း ထွက်လာခဲ့တာ၊ သားကြီးနေခဲ့လေ မာမီပြန်မယ်"

"ဟုတ်ကဲ့. . . မာမီ"

"ဒါဖြင့် စောပြန်မယ်နော်၊ အိမ်ဖော်ရရင်သာ ရှာပေးပါလို့ လာပြောတာပါ"

"မေးတော့ ကြည့်ပါ့မယ်"

"မြန်ပါဦးမယ် အန်တီ၊ ဆက်ပြီးလည်း လှူနိုင်ပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ၊ သမီးတို့လည်း လှူနိုင်ပါစေ"

ဒေါ်တင်တင်စော တစ်ဖက်ခြံသို့ ရောက်ခါနီးမှ. . .

"အမေကလည်းလေ. . . ဟိုဘက်ခြံမှာ ဘယ်နှခါများ ဘုန်းကြီးဆွမ်းကျွေးတာ မြင်ဖူးလဲ၊ သူတို့ ဘာလှူဖူးလို့လဲ"

"သိပါဘူးအေ၊ သူပြောသလို ဆက်ပြောလိုက်မိတာပဲ"

သားအမိနှစ်ယောက်လုံး လွတ်လပ်ပေါ့ပါးစွာ ပြုံးရယ်ဖြစ်ကြသည်။

"သား ထွဋ်ထိပ်စိုးက ညီမလေးကို ချစ်တယ်လား"

"ဟုတ်ကဲ့"

ထိုင်ရာမှ ထ,ပြီး ဘောင်းဘီတိုလေး အိတ်ထဲမှ သကြားလုံးတစ်ဆုပ်ကို ထုတ်၍ ဆောင်းနှင်းဝေဝေသို့ လှမ်းပေးနေ၍ ဒေါ်အေးမြင့်ရီက မေးလိုက်ခြင်းဖြစ်သည်။



ဒေါ်တင်တင်စော အဆူခံရမှာစိုး၍ သူပြန်မှပေးရခြင်းဖြစ်ပေလိမ့်မည်။

"ကိုကိုတို့ကော"

"ကျူရှင်သွားကြတယ် သား၊ ကဲ. . . ညီမလေးနဲ့ ကစားကြ၊ ပြီးရင် ကြီးကြီး မုန့်ကျွေးမယ်နော် ကိုထွဋ်"

"ဟုတ်ကဲ့. . . ကြီးကြီး"

ထွဋ်ထိပ်စိုးက သကြားလုံးကိုခွာ၍ ဆောင်းနှင်းဝေဝေ၏ ပါးစပ်ထဲသို့ ခွံ့ပေးရှာသည်။

"ကိုကိုထွဋ်လည်း စားလေ"

သကြားလုံးကိုယ်စီ စားကြပြီး ပလတ်စတစ် စစ်သားရုပ်ကလေးတွေကိုစီ၍ ထောင်၏။ အားလုံးပေါင်း အရုပ်ငါးဆယ်ခန့်ရှိမည်။

"ကိုကိုက သားရေကွင်းနဲ့ပစ်မယ်"

"ညီမလေးမှ မပစ်တတ်တာ"

"ရော့. . . ဒီဂေါ်လီနဲ့ ပစ်နော်"

စစ်သားရုပ်ကလေးတွေကို ထိမှန်ပြီး လဲကျသွားလျှင် သူတို့နှစ်ယောက်လုံး ပျော်ကြသည်။

"ကိုကိုက စစ်ဗိုလ်ကြီး လုပ်မှာလားဟင်"

"မလုပ်ဘူး ညီမလေးရဲ့၊ အဲဒီလို လဲကျ ဒဏ်ရာရသွားတဲ့ စစ်သားလေးတွေကို ဆေးကုပေးမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးကုမယ်"

"အင်း. . . ဆေးကုမယ်ဆိုတာ ဆရာဝန်ကြီးလုပ်မှာကို ပြောတာ"

"ကိုကို ဆရာဝန်ကြီးဖြစ်ရင် နှင်းဝေဝေကို ဆေးမထိုးရဘူး နော်"

"ဟား. . . ဟား. . . အပ် အကြီးကြီးနဲ့ကို ထိုးမှာဗျ"

"ဟင့်အင်း. . . ဟင့်အင်း. . . မထိုးရဘူး"

"ဟား. . . ဟား. . . အလကား စ,တာပါ၊ ကဲ. . . ညီမလေးကကော ကြီးရင် ဘာလုပ်မလဲ"

"ချာမ. . ."

"ဟာဟ. . . ပီလည်း မပီဘူးဟေ့"

"မြန်မြန်ပြောလို့ပါ၊ ပီတယ်. . . ပီတယ်၊ ဒီမှာကြည့် ဆ. . . ရာ. . . မ"

"အေးကွ. . . ဒါမှ ကိုကို့ ညီမလေး"

ထွန်းထိပ်စိုးက မနိုင့်တနိုင်နှင့် မ,ချီ၏။

စကားမပီသည်ကိုလည်း ပီသအောင် သူက သင်ပြထားဖူးသည်လေ။

ထိုကျောင်းပိတ်နေ့က ထွန်းထိပ်စိုးတစ်ယောက် အိမ်သို့ တော်တော်နှင့် မပြန်ဖြစ်။

သူ့ထက် လေးနှစ်ငယ်သော သူချစ်သော ညီမလေး ဆောင်းနှင်းဝေဝေနှင့် အချိန်အကြာကြီး ပျော်ပျော်ရွှင်ရွှင် ကစား၍ နေဖြစ်သည်။

◆ ◆ ◆

အခန်း။ ၅ ။

"ဒီအခြေအနေရောက်မှတော့ လက်ထပ်ရုံပေါ့ ညီမှာ"

"မဖြစ်ပါဘူး. . . မဖြစ်ပါဘူး ဦးလေးရယ်၊ ရှိကြီးခိုးပါရဲ့"

"အို. . . ဘာလို့ မဖြစ်ရမှာလဲ"

"ဦးလေး မိန်းမကြီးအကြောင်းလည်း သိသားနဲ့"

"သိတယ်. . . မတတ်နိုင်ဘူး ညီမှာ၊ ဦးလေးယောကျ်ား ကောင်း ပီသပါရစေ၊ ပြီးတော့ ညီမှာ့ကို ဦးလေး သိပ်သနားတယ် ကွယ်"

"ညီမှာ သေသွားရင် အကောင်းဆုံးပါ၊ ညီမှာ့ကို လက်ထပ်မယ့်အစား အသေသာ သတ်ပစ်လိုက်ပါတော့ ဦးလေး ရယ်"

"မငိုပါနဲ့ ညီမှာ၊ ဦးလေးစီစဉ်တာကို နားထောင်ပါ၊ ညီမှာ နဲ့ ဦးလေးနဲ့ လမ်းမှာဆုံဖြစ်သွားကြတာကို သူခုထိ မသိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



သိသွားလည်း ကိစ္စမရှိဘူး၊ ဦးလေး ရင်ဆိုင်မယ်၊ မငိုနဲ့နော် စိတ်ချမ်းသာအောင် နေစမ်းပါကွယ်"

ဦးအောင်ကျော်စိုးက ညိုမာ့ကို ရင်ခွင်ထဲသွင်းပြီး ချော့သည်။

သူတို့နှစ်ဦး ဤအခြေအနေအထိ ဖြစ်သွားကြသည်မှာ စိတ်ဆန္ဒအရ မဟုတ်ကြပါ။ အခြေအနေပေး၍ ဖြစ်သွားရခြင်းသာ။

"ဟော. . . ဆရာလာပြီ"

ဆိုကာ ကားဆိုက်သည်နှင့် ကိုငွေသိန်းတို့ လင်မယားက ကြက်ပျောက်ငှက်ပျောက် နောက်ဖေးပေါက်ကအစ ဆင်း၍ ပြေးသွားကြသည်။

ဆိတ်ကွယ်ရာဖြစ်အောင်လည်း သူတို့၏ အိမ်ကျဉ်းလေးထဲမှာ အခန်းလေးဖွဲ့ပေး၏။

ညိုမာ့အတွက် စားစရာ၊ ဝတ်စရာ၊ ငွေကြေး စသည်တို့ လာပေးတိုင်း သည်သို့ချည်း ကြုံရသည်။

ညိုမာကလည်း ဦးအောင်ကျော်စိုးကို အားကိုး။

ဦးအောင်ကျော်စိုးကလည်း ညိုမာ့ကို လှိုက်လှဲလွန်ကဲစွာ သနားကြင်နာ။

လွတ်လပ်ဆိတ်ကွယ်ရာဖြစ်အောင်လည်း အခြေအနေ ဖန်တီးပေးခဲ့သဖြင့်. . .

ယခု ညိုမာ့မှာ ကိုယ်ဝန်ရရှိလာသည့်အဖြစ်သို့ ရောက်ရှိလာခဲ့ပြီ။



"ဒီမှာ ညိုမာ၊ ဦးလေးနောက်ဆုံးပြောမယ်၊ ဦးလေးနဲ့ ညိုမာ လက်ထပ်တာကို သူမကျေနပ်လို့ ကွာချင်တယ်ဆိုလည်း ကွာလိုက်ရုံပဲ ညိုမာ"

"ဒီအထိ မစဉ်းစားပါနဲ့ ဦးလေးရယ်၊ ကလေးတွေက ရှိသေးတယ်"

"ဒီမှာ ညိုမာ"

"ရှင်"

"ဒါတွေ ဘာမှမတွေးနဲ့၊ ဘာမှလည်း မပြောနဲ့၊ ငွေသိန်းတို့ ဆင်နေသလိုပဲ ထင်ကြပါစေတော့၊ နက်ဖြန်မနက် ကောင်းကောင်းမွန်မွန် ဝတ်စားထား ကြားလား"

"ဘယ်သွားမှာလဲ"

"တရားရုံးမှာ လက်ထပ်ဖို့ ဦးလေးစီစဉ်မယ်၊ ပြီးတော့ ညိုမာ့ကို တစ်နေရာရာမှာ အိမ်ငှားပြီး အဖော်တစ်ယောက်နဲ့ ထားပေးမယ် သိလား"

ညိုမာ မျက်ရည်တွေကြားမှ ခေါင်းညိတ်ပြ၏။

"ညိုမာဟာ ဦးလေးရဲ့ တရားဝင်ဇနီး ဖြစ်ရစေမယ် စိတ်ချ၊ ဒို့များနှစ်ယောက်ရဲ့ ရင်သွေးလေးကိုလည်း မကြာခင် မြင်ရတော့မယ်လေ၊ ပျော်ပျော်သာနေတော့နော် ညိုမာ၊ ဦးလေး အကောင်းဆုံးဖြစ်အောင် အားလုံးစီစဉ်ပေးမယ် သိလား"

သည်တစ်ချီ ခေါင်းညိတ်လိုက်ရခြင်းက အင်အားပြည့်ဝလှချေသည်။

တွယ်ရာမဲ့သော ခိုးကိုးရာမမြင်သော ညိုမာ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ကျော်စိုးသည် မြင်းမိုရ်ထက်မြင့်သော၊ ပင်လယ်ထက်ကျယ်သော မှိုခိုအားထားအားကိုးရာ ကမ္ဘာကြီးပါလား။

“ဟိုမိန်းမကြီး လာပြောတော့ရော ဘာအရေးလဲ၊ ငါဟာ အရာရှိကြီး ဦးအောင်ကျော်စိုးရဲ့ တရားဝင်ဇနီးပဲ၊ မယားပြိုင်ပဲ နောက်မှယူပြီး အသက်ငယ်လို့သာ အငယ်လို့ ခေါ်ရတာတဲ့ မယားကြီးဆိုတဲ့ သူနဲ့ ထက်ဝက်စီ အကျိုးတူခံစားရမှာလို့ ကိုငွေသိန်းက ပြောတာပဲ. . .

“အို. . . ဒီလောက်အထိလည်း ညိုမာ မမှန်းပါဘူး ထမင်းတစ်အိုး၊ အိပ်ရာတစ်နေရာနဲ့ ကလေးရဲ့အဖေဟာ သူပဲလို့ ညွှန်ပြနိုင်ခွင့်ရရင်ပဲ တော်ပါပြီလေ”

ညိုမာ့ လျှော့တွက်ထားသည့်ထက် ပိုကဲသာလွန်စွာ ဦးအောင်ကျော်စိုးက ထားပေးရှာပါသည်။

ထိုအချိန်က မြို့ပြင်မှာ လူနေမကျပ်တည်းသေး၍ ခြံဝင်းကျယ်ကျယ်ထဲမှ ဘိုဆန်ဆန် တစ်တပ်ပျဉ်ထောင်အိမ်လေး တစ်လုံးကို တစ်လငှားခ သုံးရာကျပ်နှင့် ငှားရမ်းပေးသည်။

အိမ်ရှင်များ နယ်မှရောက်လာလျှင် အပြီးအပိုင် ညိုမာ၏ နာမည်နှင့် ဝယ်ပေးရန်လည်း အိမ်အပ်ထားသူထံမှာ ပြောကြား နေသည့်စကားများကို ညိုမာကိုယ်တိုင် ကြားရသည်။

အိပ်ရာ၊ ခုတင်၊ စားပွဲကုလားထိုင်အပြင် ကြောင်အိမ် လေး အတွင်းမှာ စားစရာတွေက အပြည့်။

ဆန် ဆီ လိုလေသေးမရှိ။ အားဆေးနှင့် ကလေးအတွက် ပစ္စည်းကလည်း အစုံအလင်။



“စိတ်ချမ်းသာရဲ့လား ညိုမာ”

“ဘယ်လိုပြောရမှန်း မသိအောင်ကို စိတ်ချမ်းသာပါတယ် ဦးလေးရယ်”

“မွေးဖို့ဖွားဖို့လည်း အစိမ်းဝတ်ဆရာမကြီး ‘စန္ဒာဖော’နဲ့ အပ်ထားပြီးပြီ၊ ဗိုက်နာတာနဲ့ ဖုန်းဆက်ဖို့လည်း ပြောပြီးပြီ၊ ဦးလေးချက်ချင်း ပြေးလာခဲ့မယ်နော် သိလား”

ညိုမာ၏အပြုံးက အင်အားပြည့်စွာ တောက်ပလှချေသည်။

ဦးအောင်ကျော်စိုး၏ မျက်ဝန်းများမှာလည်း ရမ္မက်မြူ ကင်းစင်စွာဖြင့် အကြင်နာ၊ စေတနာတို့ဖြင့် ရွှန်းလက်တောက်ပ လျက်. . .

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း။ ၆ ။

"မင်းတို့ဆရာလည်း ခုတလော ရုံးကိစ္စ ရုံးကိစ္စနဲ့ အိမ်မြန် သိပ်နောက်ကျတာပဲ၊ ရုံးဖုန်းဆက်တော့လည်း မရှိပါလား"

"ဟုတ်ကဲ့၊ ညွှန်ချုပ်တို့ ဒုဝန်ကြီးတို့လာရင် အစည်းအဝေး လုပ်နေရပါတယ်၊ လူကြီးတွေလာနေတယ်လို့ ပြောလို့ မဖြစ်လို့ မရှိဘူးလို့ ပြောတာပါ မမ"

"အေး. . . ရိုးရိုးသားသား မအားလို့ကတော့ ရှိပစေလေ ကလိမ်ကကျစ်လုပ်တာ ပေါ်လို့ကတော့ မင်းတို့အားလုံး မလွယ်ဘူးမှတ်"

"ဟုတ်ကဲ့၊ ဆရာ ဘာမှမဖြစ်တာ အမှန်ပါ မမ"

"အေး. . . ဒါဖြင့်လည်း ပြီးရော၊ ယူသွား ထမင်းချိုင့် ဒီညလည်း ကိုးနာရီ ဆယ်နာရီလောက်မှ ပြန်လာမှာပဲ မဟုတ်လား"

"ဟုတ်ကဲ့"



"ဘာ"

"ဩော်. . . မသိဘူး မမ"

"အေး. . . သွား၊ မင်းနဲ့ပြောနေလည်း အပိုပဲ၊ ငါ့ဟာငါ စုံစမ်းမယ်"

ဦးအောင်ကျော်စိုး၏ တပည့်များသည် သူတို့ဆရာကတော်နှင့် ဆုံမလား၊ ကျားလှောင်အိမ်ကိုဖွင့်ပြီး အစာကျွေးမလားဟူသော အလုပ်နှစ်ခုအနက် တစ်ခုကို ရွေးဆိုလျှင် ဒုတိယအလုပ်ကိုပဲ ရွေးကြလိမ့်မည်။

ဒေါ်တင်တင်စောတို့ အလိုမကျပုံက 'မူ' မရှိ။

သူ လမ်းထွက်ခါနီး ယူစရာပစ္စည်းတစ်ခုခု ဥပမာ-လက်ဆွဲခြင်းတောင်း၊ နေကာမျက်မှန်၊ ထီး စသည်တို့ မယူသေး၍. . .

"ခြင်းတောင်း ယူမှာမဟုတ်လား"

"မိုးရွာမှာစိုးလို့ ထီးယူမယ်ဆို" ဆိုသော စကားများ ပြောမိလျှင်. . .

"ငါသိတယ်။ ဆရာမလုပ်နဲ့"

ဟု ပြောထားဖူး၍ နောက်တစ်ခါ ဒါမျိုး မေ့ကျန်ခဲ့လျှင် မပြောဘဲနေသည့်အခါကျတော့. . .

"ငါ့ရဲ့လိုကွက်ကို ဘယ်သူမှ ဖြည့်မပေးကြဘူး၊ ဒီလမ်းဒါယူမယ်ဆိုတာ သိရဲ့သားနဲ့ သတိပေးကြပါလား၊ ခုတော့ မေ့ကျန်ခဲ့ပြီ၊ ငါ့အတွက်ဆို သတိမရကြဘူး၊ စားဖို့သောက်ဖို့ကျရင်တော့ ဘယ်သူမှ မေ့မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တစ်စော၏ ဝန်းကျင်ရိပ်မှာ နေရသူတိုင်း ထမင်းက မျိုကျချင်စရာမရှိ။

"ဝေးလေ ကောင်းလေ"

ဆိုသောမူဖြင့် သူ့အနားကို ဘယ်သူမှ မကပ်ချင်ကြပေ။

သို့သော်. . .

ဒေါ်တင်တင်စောကိုယ်တိုင်က ပါးနပ်လာဘ်မြင်သော အမျိုးသမီးတစ်ယောက်ဖြစ်၍. . .

"ကိုစိုးတစ်ယောက် မူပျက်နေပါလား"

ဟူသော အတွေး သူ့ရင်ထဲ ရောက်လာပြီးနောက်မှာ သူ့ ခင်ပွန်း၏ တပည့်များကို မေး၍ရမည်မဟုတ်၊ စုံစမ်း၍ မပေါ်နိုင် ဟူသော အသိဖြင့်. . .

ပရိုက်ဗိတ် တက္ကစီဒရိုက်ဘာတစ်ယောက်ကို ဒေါ်တင် တင်စော ငှားရမ်းအသုံးချခဲ့သည်။

"အဲဒီ ရုံးကားနောက်က အမြဲလိုက်။ မင်းတို့ကား စတဲ့နှုန်းက ကားသုံးစီးလိုချင်တယ်၊ တစ်နေ့ကို တစ်စီးလိုက်ပါ အဲဒီရုံးကား ဒီခြံထဲကို ပြန်ဝင်လာပြီးမှ အလုပ်ပြီးပြီလို့ သဘော ထား ဟုတ်ပြီလား"

ဤသို့ ပရိုက်ဗိတ် တက္ကစီကားသမားများနှင့် အပေးအယူ လုပ်ပြီး သုံးရက် ငွေဖြုန်းလိုက်ပြီးသည့်အချိန်မှာ ရရှိလိုက်သည့် သတင်းကြောင့်. . .

"အမယ်လေး. . . အမယ်လေးနော်"

ဟူ၍ ရင်အစုံထုကာ မူးမေ့လဲကျသွားမတတ် ဒေါသလုံး တွေ ဆို့တက်လာသည်။



"ဒီကောင်မ လည်လှချည်လား"

ညိုမာ အိမ်က ထွက်ပြေးသွားသည်မှာ သိးခြားကိစ္စ။

ဦးအောင်ကျော်စိုး အခြေအနေ ပျက်နေသည်မှာ အခြား သော ဖောက်ပြန်မှုဟု ဒေါ်တင်တင်စော ထင်ထားခဲ့သည်။

ညိုမာ ထွက်ပြေးသွားစဉ်က အိမ်မှ ခွေးတစ်ကောင် ပျောက်သလောက်ပင် မထိခိုက်ခဲ့မိတာ အမှန်။

"အေးအေးထွန်း၊ ညည်းဟာမတော့ လစ်သွားပြီ၊ အဲဒါ ဒီအောင် ပြောပြတာ"

ဟူ၍ တယ်လီဖုန်းဖြင့် အထက်စီးက သတင်းပေးရုံဖြင့် သူတစ်ယောက်၊ မိန်းမပျိုလေးတစ်ယောက် ပျောက်ဆုံးမှုကိစ္စ ပြီးပြီဟု ယူဆရက်သော ဒေါ်တင်တင်စော။

အေးအေးထွန်းတို့ လင်မယား မျက်လုံးပြူး မျက်ဆန်ပြူး ဖြင့် ရှာကြဖွေကြပြီး နောက်ဆုံးမှာ သူတို့ဆရာက. . .

"ငါကယ်ထားပါတယ်"ဟူသော စကားကြားလိုက်ရမှ ထင်းချနိုင်ခဲ့ကြသည်။

အေးအေးထွန်းတို့ ကျိတ်၍ ဝမ်းသာခဲ့ကြရသည့် အဖြစ် ကိုလည်း ဒေါ်တင်တင်စော မရိပ်မိခဲ့။

စုံစမ်းစဉ်က. . .

"ဖဲဝိုင်းလား"

"မကောင်းတဲ့ မိန်းကလေးတွေနဲ့ ပျော်ပါးသလား"

ဟူသော အတွေးလောက်ဖြင့် ခြေရာခံခဲ့ရာမှ. . .

"ညိုမာ့ကို လက်ထပ်ယူထားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ကလေးပင် မွေးတော့မည်"

ဟူသော သတင်းစကားတို့သည် မီးဟုန်းဟုန်းတောက်နေ သော ယင်းစကြီးများဖြင့် သူ့တစ်ကိုယ်လုံးကို ရှို့မြှိုက်နေသည်နှ တူလှ၏။

ပင်ကိုက မစ္စရိယစိတ်များစွာနှင့် ဖွဲ့စည်းထားသော သူ ၏ အသည်းနှလုံးမှာ ချစ်ခင်ပွန်းသည်က သူ့အိမ်မှ အိမ်စေမ တရားဝင် ယူထားပြီး ယခု ကလေးတစ်ယောက်တောင် မွေးဖွာ တော့မည်ဟု. . .

မမျှော်လင့်ချိန်မှာ ရုတ်တရက်ကြီး ကြားသိလိုက်ရသော အခါ. . .

ဒေါ်တင်တင်စောမှာ ဆောက်တည်ရာမဲ့စွာဖြင့် ချော်ရည် ပူထဲ ကျသွားရသလို ပူပြင်းလောင်မြိုက်စွာ ဖျတ်ဖျတ်လူး ခံစာ လိုက်ရတော့သည်။

"ငါ သတ်မယ်"

"သင်းတို့နှစ်ယောက်လုံးကို ငါသတ်မယ်"

"ပြီးရင် ငါ့ကိုယ်ငါ သတ်မယ်"

ဒေါ်တင်တင်စော အပေါ်ထပ်သို့ ပြေးတက်ပြီး အိပ်ခ ထဲမှ ခေါင်းအုံးတွေ လွှင့်ပစ်၊ စောင်တွေ ကန်ချ၊ မွေ့ရာကြီး ဆွဲချပြီး. . .

"ကျွန်စော်နံတယ်၊ ဒီကောင်အိပ်တဲ့ အိပ်ရာတွေ အ လွှင့်ပစ်မယ်"

"ကျွန် မ,နဲ့ အိပ်ထားတဲ့. . ."



"အို. . . အို. . . မမ. . . သတိထားပါဦး မမရယ်၊ ဒီမွေ့ရာကြီး မမ ဘယ်နိုင်ပါ့မလဲ၊ စိတ်ထိန်းပါဦး၊ မမတစ်ကိုယ်လုံး ဆတ်ဆတ်တုန်လို့"

သူ လက်သပ်မွေးထားသော 'မခင်မိ' ဆိုသည့် မိန်းမတစ်ယောက်က အတင်းဆွဲ အတင်းဖက်၍ အတင်းနှစ်သိမ့်သော်လည်း. . .

နတ်ကြမ်း ဝင်နေသူလို. . .

စိတ်ရိုင်းဝင်နေသော စိတ္တဇဝေဒနာရှင်လို. . .

ဆတ်ဆတ်လူး ဝုန်းဒိုင်းကြဲနေတော့သည်။

အကယ်၍သာ ယခုအချိန်မှာ ဦးအောင်ကျော်စိုးနှင့် ညိုမာတို့ကို တွေ့လိုက်ရလျှင် ထုခြေကုတ်ဖဲ့ကာ အစိမ်းလိုက် ဝါးစားပစ်တော့မလောက်။

ဒေါ်တင်တင်စော၏ ဒေါသနှင့် မာန၊ အာဃာတတို့က ကြောက်မက်ဖွယ် ကောင်းလှချေသည်တကား။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာဖြစ်ချင်လဲ၊ ဘာဖြစ်စေချင်လဲ၊ ခင်မိ အားလုံး ဖြစ်အောင် လုပ်ပေးပါ့မယ် မမရယ်"

"ခင်မိ"

"ရှင်. . . မမ"

"အိပ်ခန်းထဲမှာ ငါလွှင့်ပစ် ပေါက်ခွဲထားတာတွေအားလုံး နေရာတကျ ပြန်သိမ်းလိုက်စမ်း"

"ဟုတ်ကဲ့ မမ"

"ဟဲ့. . . နေဦး"

စပ်စပ်စုစု လုပ်တတ်သော၊ သတင်းစုံကို သယ်ဆော တတ်သော သာမန် ရုံးဝန်ထမ်းတစ်ဦး၏ဇနီး 'မခင်မိ' ဒေါ်တင်တင်စော အသုံးချထားသည်မှာ ကြာပြီ။

"သူတို့အကြောင်း ငါသိပြီဆိုတာကို ဟို သေခြင်းဆိုး ပြန်လာရင် မသိမှုဖြစ်မယ်"

"ဟုတ်ကဲ့"

"ကိုယ့်လင် မယားငယ်နေလို့ ဗေဒင်မေး နတ်မေး လင်ကို ပျော်အောင်ထား၊ ဆံပင်တွေကောက်၊ အလှတွေပြင် မိန်းမစားမျိုး မဖြစ်စေရဘူး နားလည်လား"

"ဟုတ်. . . ဟုတ်ကဲ့. . . မမ"

"တင်တင်စောတဲ့ဟော့. . . သူများတွေ မသုံးတဲ့နည်း သုံးပြီး သင်းတို့ကို စိစိညက်ညက် ခြေပြမယ်၊ ဟင်း. . ."

◆ ◆ ◆

အခန်း။ ၄ ။

"သားသားတို့အိမ်မှာ ဘာဖြစ်ကြလို့လဲဟင်"

"ရန်ဖြစ်နေကြတယ်၊ ကျွန်တော်လည်း စိတ်ညစ်လို့ မီလေးနဲ့ လာကစားတာ"

"ဘာဖြစ်ကြတာပါလိမ့်၊ ကိုအောင်ကျော်စိုးရဲ့ အသံကျယ် ကို ဒီကတောင် ကြားရတယ်"

"ဟုတ်တယ်၊ ဒက်ဒီလည်း ဘာဖြစ်လဲ မသိဘူး၊ မာမီ့ကို ရမ်းအော်တာပဲ၊ ကလေးကို ခေါ်လာမယ်လို့လည်း ပြော ယ်၊ မာမီကလည်း အရမ်းငိုတာပဲ"

"ကလေးကို ခေါ်လာမယ်ဆိုတာ ဘယ်က ကလေးတဲ့ တင်"

"ဒက်ဒီက မွေးတာတဲ့"

"ဟား. . . ဟား။ ကိုကိုထွဋ်က သိလည်း မသိဘဲနဲ့ ယောက်ျားက ကလေးမွေးလို့မရဘူး၊ မိန်းမကမှ ကလေးမွေး တာ"

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနှင်းဝေဝေက ဝင်ပြောလိုက်သဖြင့် ဦးငြိမ်းဝေ
ရော ဒေါ်အေးမြင့်ရီပါ ပြုံးမိကြသည်။

ဦးအောင်ကျော်စိုးတော့ အိမ်ထောင်ရေးဖောက်ပြန်မှု
ဖြစ်ပြီဟုသာ နားလည်ယူလိုက်ကြသည်။ ကလေးကိုတော့ ဘာမှ
ထပ်၍မမေး။

ထွဋ်ထိပ်စိုး မျက်နှာပျက်နေရာမှ ဆောင်းနှင်းဝေဝေက
လက်ဆွဲပြီး ကစားဖို့ခေါ်တော့လည်း ပြုံးရွှင်စွာ ပါသွားပြန်သည်။

ဦးငြိမ်းဝေကိုယ်တိုင် ခြံထဲမှာ လျှောချရသည်ကို အလွန်
ပျော်သော်လည်း. . .

"ကိုကို နှင်းဝေကို လာလွှဲပေး"

ဟု ဆိုလျှင် ဒန်းကို အရှိန်နှင့် လွင့်နေအောင် လွှဲပေး
ရှာသည်။

ထွဋ်ထိပ်စိုးမှာက ကျောင်းပိတ်လျှင် ကစားဖော်မရှိ။

သူ့မိခင်ကြောင့် ဘယ်သူငယ်ချင်းကမှ သူတို့ခြံသို့ လာ
မကစားကြ။

ထိပ်ထားစိုးကလည်း အမြဲအနိုင်ယူပြီး အမြဲငို ဗိုလ်ကျ
နေသဖြင့် သူ့ညီမလေးနှင့် သူ ဘယ်တော့မှ မကစားချင်။

အေးငြိမ်းအောင်နှင့် ချမ်းငြိမ်းအောင်တို့ကလည်း သူနှင့်
ရွယ်တူမဟုတ်။ သူ့ထက် အများကြီး ကြီးကြသဖြင့် ကစားခွင့်မရ

ထွဋ်ထိပ်စိုးအတွက် ကစားဖော်က ဆောင်းနှင်းဝေဝေ

ဆောင်းနှင်းဝေဝေကလည်း 'ကိုကို' 'ကိုကိုထွဋ်' ဟု
တစာစာ ခေါ်ရင်း သံယောဇဉ်ကြီးစွာ ရှိခဲ့လေသည်။



ဤသို့. . .

ခြံထဲတွင် ကလေးနှစ်ယောက် အပူပင်ကင်းစွာဖြင့်
ပျော်ပျော်ရွှင်ရွှင် ကစားနေကြချိန်တွင်. . .

ဒေါ်တင်တင်စောမှာ မီးဟုန်းဟုန်းတောက်နေလေပြီ။

"ဘယ့်နှယ်. . . ဒီလောက်ရင်ထုငိုနေတာလဲ စော၊ ကိုစိုး
ဖြစ်မှန် ပြောပြပြီးပြီလေ၊ ဒီအိမ်မှာနေတုန်းက ဘာမှ မဖြစ်
ဘူးဆိုတာ၊ ကဲ. . . ထားတော့ ဒီကိစ္စ၊ အခု ဒီကလေးကို
ခေါ်လာခဲ့ပါဆို၊ စောပဲ သဘောတူပြီးသားလေ"

"မကြည့်ချင်ဘူး၊ မကြည့်ရဲဘူး"

"ဒါဆိုလည်း ကိုစိုးပြောတဲ့အတိုင်း ကိုစိုး တစ်နေရာရာမှာ
သွားနေရလိမ့်မယ်၊ ဒီကလေးကို မွေးဖို့က ကိုစိုးမှာ တာဝန်
ရှိတယ်လေ၊ ဟိုခမျာလည်း သနားစရာပါ"

"မသနားနိုင်ဘူး၊ သူ့ဟာသူ သေတာ၊ သူ့ဟာသူ သေတာ၊
သူများလင်ခိုးလို့ သေတာ၊ စောနဲ့မဆိုင်ဘူး၊ စောနဲ့မဆိုင်ဘူး"

ဦးအောင်ကျော်စိုး စိတ်ကုန်ခန်းစွာ ကြည့်လိုက်မိသည်။

ဒေါ်တင်တင်စောမှာ သာမန်လင်ပူမိသူနှင့်မတူ။ အရူး
ကြီးတစ်ယောက်လို ဆောက်တည်ရာမဲ့စွာ အရူးမီးဝိုင်းဖြစ်နေ
လေပြီ။

"ဒီမှာ စော"

ကြောက်ရွံ့တုန်လှုပ် ထိတ်လန့်လွန်းစွာ ငိုရှိုက်နေပုံက
အခုပဲ လဲကျသေဆုံးသွားတော့မလို။

"ကိုစိုးကတော့ ဒီကလေးကို သွားခေါ်လာခဲ့ရမယ်၊ စော
နေကြည့်လေ၊ နေလို့မဖြစ်ဘူး၊ 'သားငယ်လေး' ကို မကြည့်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူးဆိုရင်တော့ ပြော ဟုတ်လား။ ကိုစိုး ဒီအိမ်က ဆင်းသွား ပေးပါ့မယ်"

"ကလေးကို ခေါ်လာမယ်တဲ့"

"ဒီ 'ကျွန်မ'ရဲ့သွေး မကောင်းဆိုးဝါးကောင်လေးကို ငါ ဘယ်လိုလုပ် ကြည့်ရမလဲ"

ဒေါ်တင်တင်စော သည်သို့ ဖျတ်ဖျတ်လူး ဖြစ်နေချိန် မှာ. . .

ဦးအောင်ကျော်စိုးသည် ကားကို မှန်မှန်မောင်းရင် မျက်ရည်တွေ ဝဲတက်လာသည်။

"သြော်. . . ကံဆိုးလိုက်တဲ့ မိန်းကလေး"

"သားလေးမွေးလို့ ပျော်နေ၊ ကျန်းမာနေရာက. . ."

သွေးသစ်လောင်းတယ် ဆိုတဲ့ သုံးရက်မြောက်တဲ့ နေ့မှာ. . .

ညိုမာ အားကိုးတဲ့ ဦးလေးရယ်၊ ညိုမာ သိပ်ချစ်ရှာတဲ့ သားလေးရယ်ကို ထားရစ်ခဲ့ပြီး အပြီးတိုင် ခွဲခွာသွားရရှာတဲ့ ညိုမာလေးရယ်။

◆ ◆ ◆

အခန်း။ ၈ ။

"ဒီနေ့ လုပ်အားပေးကြတဲ့ လုပ်သားကောင်းများကို ကျွန်မ ဒေါ်အေးမြင့်ရီက မုန့်ဟင်းခါးနဲ့ တည်ခင်းဧည့်ခံပါ့ မယ်ရှင်"

"ဟေး"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ဆိုသော အသံများ တစ်ပြိုင်တည်း ထွက်လာသည်။

'ဟေး'ဆိုသည်က သားသမီးများ၏ အော်သံ။ ဖြောင်း ဖြောင်း ဆိုသော လက်ခုပ်သံက ခင်ပွန်းသည် ဦးငြိမ်းဝေက တီးလိုက်ခြင်းဖြစ်သည်။

"ဟဲ့. . . သိပ်မအော်ကြနဲ့၊ မေမေ ဆွမ်းတော်ကပ်ပြီး ဘုရားရှိခိုးနေတယ်"

အားလုံး အသံခပ်အုပ်အုပ် ဖြစ်သွားကြသည်။

နံနက်စောစောက ပေါင်မုန့်တစ်ချပ်၊ ကော်ဖီတစ်ခွက်စီ ကျွေးပြီး မိသားတစ်စု ခြံရှင်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေကြီးက ခုတ်သင့်တဲ့ သစ်ပင်တွေခုတ်၊ သား နှစ်ယောက်က အမှိုက်တွေ မီးရှို့ဖို့ ခြံထောင့်သို့ သယ်ကြ၊ သမီးလေး ဆောင်းနှင်းဝေဝေက ဆန်ခါလေးနှင့် သစ်ရွက် ခြောက်ကလေးတွေ လိုက်ကောက်နေကြချိန်မှာ. . .

ဒေါ်အေးမြင့်ရီက ညကတည်းက ပြုတ်ထားသော ငါးခူကို အရိုးထွင်၊ ခြံထွက်စပါးလင်၊ ငှက်ပျောအူ၊ ချင်းတို့ဖြင့် မုန့်ဟင်းခါးဟင်းချက်ပြီး နံနက်စာ ထမင်းလွတ် စားကြမည်။

မိခင်ကြီး ဒေါ်နှင်းခင်က သီးသန့် ဘုရားခန်းအတွင်းမှာ ဘုရားဝေယျာဝစ္စနှင့် သန့်ရှင်းရေးလုပ်ပြီး ဟင်းကျက်သည်နှင့် မုန့်ဟင်းခါးဖြင့်ပင် ဘုရားဆွမ်းတော်ပွဲပြင်ပြီးမှ သူစား။

ပြီးတော့ ဘုရားအကြာကြီး ရှိခိုးနေပေလိမ့်မည်။

"ဆွမ်းတော်တင်ခြင်း"

ဆိုသော အဓိပ္ပာယ်မှာ သက်တော်ထင်ရှား ဂေါတမ မြတ်စွာဘုရားကို ရည်ရွယ်ရည်စူး၍ ဆက်ကပ်ပူဇော်လှူဒါန်းခြင်း ဖြစ်သည်။

ဤအတွက် အဆင်သင့် စားလို့ရသော စားနိုင်သော စားကောင်းစေမည်ဖြစ်သော ဆွမ်းတော်ပွဲ ဖြစ်သင့်သည်ဟု ဒေါ်နှင်းခင်က အမြဲဆုံးမသည်။

ဆွမ်းနှင့် သရက်သီးလို၊ ငှက်ပျောသီးလို အသီးမျိုးဆိုလျှင် တင်ပါ။

မုန့်ပဲလှော်၊ ဘီစကွတ်မုန့်၊ သပျစ်သီး စသည်တို့ဆိုလျှင် ထမင်းနှင့် မည်သို့တွဲဖက် စားသုံး၍ ရပါမည်နည်း။



အကောင်းဆုံးက ဦးဦးဖျားဖျား ထမင်းနှင့်ဟင်း တင်ပါ။ ထပ်နိုင်ပါလျှင် အချိုပွဲအဖြစ် ငှက်ပျောသီး၊ ကော်ဖီ၊ ကိတ်၊ ဘီစကွတ် စသော မုန့်ပါ ပါနိုင်လျှင် ကောင်းသည်ဟု ပြောပါ သည်။

ငှက်ပျောသီး အဖီးလိုက်၊ ကျွဲကောသီး အလုံးလိုက် ဆင်ထားကြခြင်းမှာ မသင့်ပါ။ နေ့ရောညပါ တင်ခြင်းထက် မွှန်း လွဲမိ တင်သင့်သည်။

ဤသို့ အခွံမနွှာဘဲ အလုံးလိုက် တင်ထားခြင်းကြောင့် အပြစ်မဖြစ်ပါ။ ကုသိုလ်လည်း ရပါသည်။

သို့သော်. . .

"သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်စူး၍ လှူဒါန်းဆက်ကပ်ပူဇော်ပါသည်"ဆိုသော ရည်ရွယ်ချက် တည့်တည့် မရောက်သဖြင့် ထိုက်တန်သလောက် အကျိုးမဖြစ် ထွန်းနိုင်။

တကယ့်သက်ရှိတစ်ဦး စားသောက်ရန် ပြင်ဆင်ပေး သကဲ့သို့ သဒ္ဓါထက်ထက်သန်သန်နှင့် ပြင်ဆင်၍ ဆက်ကပ် လှူဒါန်းလျှင် ပို၍ အကျိုးပေးထက်သန်နိုင်သည်ဟု ဒေါ်နှင်းခင် က အမြဲဆုံးမသည့်အတွက်. . .

ဟင်းကျက်သည်နှင့် အကြော်ဆီချက်တို့ပါမကျန် မုန့် ဟင်းခါးနှင့် ဆွမ်းတော်ကပ်နေလေပြီ။

တရားသိသော၊ တရားရှိသော၊ နူးညံ့သိမ်မွေ့၍ သဒ္ဓါ ထက်သန်သော၊ စေတနာကောင်းသော၊ ဆုံးမတတ်သော ပုဂ္ဂိုလ်ကြီး မိဘတို့နှင့် နေခွင့်ရခြင်းမှာ အဖိုးတန်လွန်းလှလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မေမေရေ. . . နောက်တစ်ပွဲ"

သားကြီးက အရင်ကုန်သည်။

ပြီးတော့ သားငယ်၊ ပြီးတော့ ဖေကြီး။

"သမီးလေး စားစား၊ ကိုကိုတို့ ထပ်ယူကုန်ကြပြီ"

"မုန့်ဟင်းခါးသည်ကြီး၊ ပဲကြော်တစ်ခု အပိုမရဘူးလား"

ဦးငြိမ်းဝေက ဇနီးသည်ကို နောက်သည်။

"ရမယ်. . . ရမယ် အစ်ကိုကြီးရေ. . . ဒီနေ့ ရောင်းကောင်းလွန်းလို့ လက်မလည်လို့ပါ"

မိသားစုငါးယောက်၏ တနင်္ဂနွေမုန့်ဟင်းခါးဝိုင်းမှာ ပျော်ရွှင်ကြည်နူးစရာကောင်းလှချေသည်။

တစ်ခြံလုံး တစ်အိမ်လုံးလည်း သန့်ရှင်းလို့၊ ဘုရားခန်းဆီမှ ဒေါ်နှင်းခင်၏ မွှေးစကြာရွက်သံ၊ မေတ္တာသုတ် ရွတ်ဖတ်သံနှင့် မေတ္တာပို့ အမျှဝေ ကြေးစည်သံ လွင်လွင်လေးက ကျက်သရေရှိလှပါပေသည်။

ဘုရားနှင့်တရားနှင့်၊ စည်းနှင့်ကမ်းနှင့်၊ သဒ္ဓါနှင့် စေတနာနှင့် လောဘကင်းစွာ ဒေါသနည်းစွာ တစ်ဦးကိုတစ်ဦး ငဲ့ညှာကူညီကာ နေထိုင်ကြသော ဤဘက်ခြံမှ. . .

ဆောင်းနှင်းဝေဝေတို့ မိသားစုနှင့် ဆန့်ကျင်စွာ. . .

◆ ◆ ◆

အခန်း။ ၉ ။

"အမယ်လေး. . . ဒီကလေး ငိုသံက ငှက်ဆိုးထိုးသံလိုပဲ။ ငါမကြားချင်ဘူး၊ မကြားနိုင်ဘူး၊ ဟို 'ကျွန်မ'ရဲ့ ယောကျ်ားကလည်း အဲဒီကလေးနားမှာပဲ မဟုတ်လားဟင်"

"စိတ်ဖြေပါ မမရယ်. . . မမပဲ ခေါ်လာခဲ့ဆိုလို့ ဆရာက ခေါ်လာတာပါ၊ ပြီးတော့ ကားဂိုဟောင်ကိုရှင်းပြီး နာနီနဲ့ နေခိုင်းတာပဲလေ"

"ခင်ခင်မြတ်"

"ဟုတ်ကဲ့. . . မမ၊ ဘာခိုင်းချင်လို့လဲဟင်"

ဦးအောင်ကျော်စိုး လက်အောက် နှစ်ဆင့်နိမ့်သော အရာရှိငယ်၏ဇနီးက အနီးကပ်၍ ဖားနေခြင်းဖြစ်သည်။

"အဲဒီကလေးလေးကို သတ်ပစ်ချင်တယ်"

"မဟုတ်တာဘဲ မမရယ်"

"သူက သူ့အမေနဲ့ တစ်ခါတည်း ဘာလို့ လိုက်သေသွားရတာတဲ့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမိန်းမက မွေးပြီး သုံးရက်ရမှ သွေးတက်ပြီး ဆုံးသွားတာတဲ့လေ၊ ကလေးကိုတော့ အကောင်းမွေးခဲ့လို့ နေမှာပေါ့အင်း. . . ညီမှာဆိုတဲ့ မိန်းမက ရာဇပလ္လင် တက်ချင်တာလေ သူ့ထိုက်နဲ့သူ့ကံ သွားတာပေါ့"

"သင်းသေသွားတာကို ငါ ဝမ်းမနည်းသလို ဝမ်းလည်း မသာလှပါဘူး၊ ဒါပေမယ့် သူ့သွေးလေးက ကျန်ခဲ့ပြီး ငါ့အိမ်ပေါ်အထိ ရောက်လာတဲ့အဖြစ်ကိုတော့ ခင်ခင်မြတ်ရယ် စဉ်းစဉ်းစားစားကြည့်စမ်းပါဦး၊ ငါဘယ်လိုဖြေရမှာလဲ"

"ဟုတ်တာပေါ့ မမရယ်၊ ဒီကလေးကလည်း မျိုးကမသန့်တော့ ဘယ်ကောင်းနိုင်ပါ့မလဲ"

"သင်းအမေကိုယ်စား ငါ့ကို ဒုက္ခပေးဖို့များ ရောက်လာတာလားဟင်၊ သေပါစေတော်၊ အဲဒီ မကောင်းဆိုးရွားလေး သေခြင်းဆိုးနဲ့ သေပါစေ"

ယုတ်မာ ပက်စက်လိုက်တဲ့ မိန်းမ။ ဒေါသ၊ ဗျာပါဒ မစ္ဆရိယ စသော အကုသိုလ်စိတ်အားလုံး သူ့ကိုယ်ပေါ်မှာ ရစ်ဝိုင်းတောက်လောင်နေပေသည်။

"တင်တင်စော"

အခန်းဝမှ ဘွားခနဲပေါ်လာပြီး ခေါ်လေ့မရှိသော အမည်ရင်းကို ခေါ်၍ ဝင်လာသူက ဦးအောင်ကျော်စိုး။

"ခင်ခင်မြတ်"

"ရှင်. . ."

"ငါ အားလုံးကြားတယ်"



"ရှင်. . ."

"မင်းတို့ အရာရှိကတော်တွေဟာ အဆင့်လိုက် တစ်ယောက်ကိုတစ်ယောက် မြှောက်ကြ၊ ပင့်ကြ၊ ဖားကြ၊ ကွယ်ရာကျတော့ အတင်းပြောကြ ပြိုင်ကြ၊ ခုလည်းကြည့်စမ်း. . ."

"ဆရာ"

"ဟိုက မီးလောင်ရာကို မင်းက ဝင်ပြီး လေပင့်ပေးနေတယ်၊ ကိုယ့်အရာရှိကတော် ကြိုက်ရင်ပြီးရောဆိုပြီး ဘာမဆိုဟုတ်ပါ့မှန်ပါ့ လုပ်နေကြလို့ တို့ယောကျ်ားတွေပါ ဒုက္ခရောက်တုန်ကြတာ နားလည်လား"

"ကျွန်မ. . . ကျွန်မ"

"တော်. . . ဘာမှပြန်မပြောနဲ့ ပြန်၊ နောက်လည်း ဘယ်တော့မှ မလာနဲ့"

ကြိုးချည်ထားရာမှ ဖြေလွှတ်လိုက်သော တိရစ္ဆာန်တစ်ကောင်လို ခင်ခင်မြတ်က လှစ်ခနဲ ထွက်ပြေး၏။

"ဒီမှာ တင်တင်စော"

"ဘာလဲ"

"ငါ အမျိုးမျိုး တောင်းပန်ပြီး ရှင်းပြပြီးပြီ၊ အခု မင်းဖြစ်နေတာတွေ၊ မင်းပြောဆိုနေတာတွေကို ငါ အားလုံးကြားတယ်"

"ဟင်. . . ကြည့်စမ်း၊ ကျုပ်ကို ဘယ်တုန်းက မင်းတွေငါတွေနဲ့ ပြောဖူးလို့လဲ၊ ကျွန် မနဲ့ရမှ ကျွန်စကားတွေ. . ."

"တော်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ယောကျ်ားက ဒေါမာန်နှင့် အသံကျယ်စွာ ဟောက်လိုက်တော့လည်း ဒေါ်တင်တင်စော အသံထွက်မလာ၊

"ဒီကလေးရယ်၊ မင်းရယ်၊ ငါရယ် တွဲနေလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်တော့ဘူးဆိုတာ သေချာသွားပြီ"

"ဘာ"

"ငါ့စကား ဆုံးအောင် နားထောင်ပါ၊ မင်းဘယ်လောက် မုန်းမုန်း သားကြီးကိုထွင်နဲ့ သမီး ထိပ်ထားတို့ အတိုင်းပဲ ပြုစောင့်ရှောက်ရမယ်၊ ငါ့မှာ တာဝန်ရှိတယ်"

"အမယ်လေး. . . ကြည့်စမ်း"

ဒေါ်တင်တင်စော ခုတင်ပေါ်မှ ဝုန်းဆို ခုန်ဆင်းလိုက်ပြီး. . .

"ငါ့သမီးတွေ သားတွေနဲ့ နင့်ကျွန် မသားနဲ့ မနှိုင်းနဲ့. . . မနှိုင်းနဲ့"

အသံနက်ကြီးဖြင့် ဒေါ်တင်တင်စော အသားကုန် ကြဲအော်ထည့်လိုက်သဖြင့် ဦးအောင်ကျော်စိုး တစ်ချက်တန့်သွားပြီးမှ. . .

"ငါ့စကား ဆုံးအောင် နားထောင်၊ မင်း မကွာချင်ရင်မကွာဘူး၊ သားကြီးနဲ့ သမီးအပေါ်လည်း ဝတ္တရားမပျက်စေရဘူး စိတ်ချ၊ ငါလည်း ဒီအိမ်မှာမနေဘူး"

"ဘာ"

"ဒီအိမ်မှာတင် မဟုတ်ဘူး။ ဒီမြို့မှာပါ မနေဘူး၊ ဒီမှာတွေ့လား၊ အလုပ်ပြောင်းမိန့်စာ ကျလာပြီ၊ ငါလျှောက်ထားတာ ဒါပဲ"



ဦးအောင်ကျော်စိုးသည် တကယ့်ကို ပြတ်ပြတ်သားသား ဆောင်ရွက်ပြောဆိုကာ အခန်းထဲသို့ ဝင်လာသော ခြေလှမ်းများ အတိုင်းပင် မာကျောပြင်းရှစွာနင်းလျက် ကျောခိုင်း၍ ထွက်သွားခဲ့သည်။

"ကိုစိုး. . . ကိုစိုး"

အမှန်တော့ အသံကုန် အော်ဟစ်တာပါပဲ။ သို့သော်လည်း အသံကတိမ်၍ ပြာသွားပြီး ဆက်၍မထွက်တော့. . .

နှလုံးခုန်နှုန်းက အဆမတန် မြန်လာသည်။ ရင်ခုန်သံသည် ခေါင်းတည့်တည့်သို့ ဆောင့်ပြီး လျှင်မြန်စွာ တိုး၏။

ခေါင်းတွေ အုံခဲနောက်ကျိလာ၏။ မျက်စိထဲမှာ ပြာမိုက်ချက် လှမ်းလိုက်သည့်ခြေက ဟန်ချက်လွတ်သွားပြီး ဝုန်းခနဲ လဲကျကာ. . .

ဒေါ်တင်တင်စော ခေတ္တမျှ သတိလစ်သွားတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၀

"ညီမလေး လာကြည့်စမ်း၊ ညီလေးက ချစ်စရာေ
ဆရာ"

"မကြည့်ဘူး၊ အဲဒါ မကောင်းဆိုးဝါး ကောင်လေး"

"ဟာ. . . မပြောကောင်းဘူး ထားထားရဲ့၊ ဒါလည်း
ညီလေးပဲ"

"မဟုတ်ဘူး၊ အဲဒီ ကလေးလေးကို ထားထား မုန်းတ

"ဒါဖြင့်လည်း လာမကြည့်နဲ့၊ သွားဟာ"

ထိပ်ထားစိုးက ကားဂိုထောင်နားသို့ပင် ကပ်မလ
တကယ်ကို လုံးဝ လာမကြည့်။

ထွင့်ထိပ်စိုးကတော့ နာနီ့လက်ထဲမှာ နို့ဘူးစို့နေသေ
ကလေးလေးကို ဘေးကထိုင်ကြည့်ရင်း လက်သီးဆုပ်ကလေး
ကိုင်ကြည့်လိုက်၊ နီရဲနေသော ခြေဖဝါးလေးကို လက်
ပွတ်လိုက် လုပ်နေ၍. . .



"ကိုထွင့်၊ ညီလေးကို ချစ်လား"

"ချစ်စရာလေးနော်"

"ချစ်ပါသားရယ်. . . သနားပါတယ်၊ သားတို့ ညီအစ်ကို
တော်တယ် သိလား"

"ဟုတ်ကဲ့"

နာနီကြီး၏ ပြောစကားကို နားထောင်ရင်း ထွင့်ထိပ်စိုး
တစ်ခု သတိရလာသဖြင့် ကားဂိုထောင် နောက်ဘက်သို့ ထွက်
တာ. . .

"အစ်ကိုချမ်းငြိမ်း"

"ဘာလဲ ကိုထွင့်၊ အိမ်ရှေ့ကလာလေ၊ ဆူးစူးမိမယ်"

"ညီမလေး ခေါ်ပေးပါ"

"ထိပ်ထားစိုးလား၊ ဒီလာလို့လား"

"မဟုတ်ဘူး၊ ဆောင်းနှင်းဝေဝေကို ပြောတာ"

"အေး. . . အေး၊ ခေါ်ပေးမယ်"

ခဏကြာတော့ ပလတ်စတစ်ကားတစ်စီးကို ကြိုး
တန်းလန်းနှင့်ဆွဲ၍ ပြေးလာသော ဆောင်းနှင်းဝေဝေက. . .

"ကိုကိုထွင့် အိမ်ရှေ့ကလာလေ"

"မာမီဆူလိမ့်မယ်၊ ဒီမှာလာကြည့်စမ်း၊ ညီလေးက
ချစ်စရာလေး ဆရာ"

"ဘယ်မှာလဲ"

"ကားဂိုထောင်ထဲမှာ"

"ကိုကိုထွင့်ပြောတဲ့ ကိုကိုထွင့်တို့ဖေဖေရဲ့ သားလေးလား"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . ."

"ဘယ်မှာလဲ၊ ကြည့်မယ်လေ"

"လာ. . . ဝင်ခဲ့၊ ဒီအောက်က လျှိုဝင်ခဲ့"

ထွဋ်ထိပ်စိုးက သံဆူးကြိုးကို မ,ပေးသည်။ ဆောင်းနှင်း ဝေဝေက မြေကြီးပေါ်မှာ လေးဘက်ထောက်ပြီး တရွေ့ရွေ့ လှမ်းရင်း ဟိုဘက်ခြံ နယ်မြေသို့ ဝင်ရောက်နိုင်ခဲ့ပြီ။

"လာ. . . သွားကြည့်ရအောင်"

လက်ဆွဲ၍ပြေးတော့ ဆောင်းနှင်းဝေဝေ၏ လက်ထဲမှ မြဲမြဲစွာ ဆုပ်ထားသော ဂုန်နီကြိုးစက ပါလာသဖြင့် ပလတ်စတ ကားကလည်း သူတို့ပြေးရာနောက်သို့ အသံမြည်စွာဖြင့် ပြေ လိုက်လာခဲ့သည်။

"ဒီမှာ ကြည့်စမ်း၊ အဲဒါ တို့ညီလေးဆရာ"

"နှင်းဝေ ချီမယ်"

လက်ကလေး ဆန့်တန်း၍ ပြောလိုက်သဖြင့် နာ အဒေါ်ကြီးက. . .

"ချီလို့မရဘူး သမီးရဲ့၊ မောင်လေးက အိပ်သွားပြီ"

"ဟင်. . . အင်း. . . ချီချင်လို့"

"နိုးသွားလို့ ကလေးငိုသံကြားရင် ခက်မှာမို့ပါ သမီးရယ် ရော့. . . ရော့၊ မွှေးမွှေးပေးနော်"

နာနီကြီးက ကလေးကို ထိုးပေးလိုက်ချိန်မှာ ဆောင်းနှင်း ဝေဝေက လှမ်း၍ နမ်းလိုက်သည်။

ထိုအချိန်မှာပင် ကလေးက တွန့်လိမ်၍ ခေါင်းလှည့် လိုက်သဖြင့်. . .



"လည်ပင်းလေးကို နမ်းမိလျက်သား"

"ချစ်စရာလေး ကိုကိုထွဋ်ရဲ့၊ မွှေးလည်းမွှေးတယ်"

"သူ့အသားလေး ကိုင်ကြည့်ရင် နူးနူးနွေးနွေးလေး ညီမလေးရဲ့"

"အိပ်နေတာလေးက သနားပါတယ်နော်"

"အေး. . . ပြောတတ်လိုက်တာ နှင်းဝေရယ်၊ ကိုကိုထွဋ် ည်း ဟောဒီညီလေးကို သိပ်သနားတာပဲ၊ သူ့ကို အဝေးကြီး ခေါ်သွားကြတော့မှာ"

"ဟင်. . . ဒီမှာ ဘာဖြစ်လို့လဲ"

"မာမီက သိပ်စိတ်ကြီးတာ၊ ဒက်ဒီကပြောတယ်၊ ညီလေး မာမီနဲ့ နေမဖြစ်ကြလို့ ခေါ်သွားရမှာတဲ့၊ ဒက်ဒီက အလုပ် ပြောင်းရတာတဲ့၊ မကြာမကြာ သားဆီကို ပြန်လာမယ်တဲ့"

"ဦးဦးအလုပ်မပြောင်းရရင် ကောင်းမှာပဲနော်၊ မောင်လေး ကြီးလာရင် နှင်းဝေတို့နဲ့ တူတူကစားရမှာ"

"အေးဟာ. . . စိတ်ညစ်ပါတယ်၊ အန်တီကြီး ကျွန်တော့် ညီလေးကို ဂရုစိုက်ပါနော်၊ နို့တွေအများကြီး ဖျော်တိုက်ပါနော်"

လူကြီးလေးလို မှာနေသဖြင့် ကလေးထိန်းနာနီက ပြုံး၍ ခေါင်းညိတ်သည်။

အိပ်ပျော်သွားသော ကလေးကို သူ့ပုခက်လေးအတွင်းသို့ သိပ်၍ ပြီး နာနီက နို့ဘူးသွားဆေးနေခိုက်မှာ. . .

ဆောင်းနှင်းဝေဝေသည် တစ်ဖက်က ကားချည်ထား သော ဂုန်နီကြိုးစကိုဆွဲလျက် တစ်ဖက်က ထွဋ်ထိပ်စိုး၏ လက်ကို

www.burmeseclassic.com

www.burmeseclassic.com



တွဲလျက် ပုခက်တွင်းမှ ကလေးလေးကို ချစ်မြတ်နိုးစွာ ငုံ့ကြည့် နေမိသည်။

ဤကလေး ရက်သားလေးကို ဆောင်းနှင်းဝေဝေ ကြီးစွာသော စိတ်ဝင်စားခြင်းဖြင့် ကြည့်၍မဝနိုင်။

ဆောင်းနှင်းဝေဝေသည် ရက်ပိုင်းမျှသာ ရှိသေးသော လူသားငယ်လေးတစ်ဦးကို သူ့အရွယ်အလိုက် ချစ်တတ် သနားတတ်သောစိတ်များ အပြည့်ဖြင့် ငုံ့ငေးကြည့်နေမိရှာသည်။

ထိုအချိန် ထိုကာလမှစ၍ ဆောင်းနှင်းဝေဝေ၏ မေတ္တာနှင့် ကရုဏာကို ဤကလေး ခံယူရရှိခဲ့လေသည်။

"ကိုကိုထွဋ်၊ သူ့နာမည်က ဘယ်သူတဲ့လဲဟင်"

"ရှင်းသန့်စင်တဲ့"

◆ ◆ ◆

"အရေးကြီးတာက ကိုယ်ကျန်းမာဖို့ပဲလေ"

"ဒီလောက် စိတ်ဆင်းရဲနေရတာ ဘယ်မှာလာပြီး ကျန်းမာနိုင်ပါတော့မလဲ"

"စိတ်ထောင်းလို့ ကိုယ်ကြေဆိုတဲ့စကား ရှိသားပဲ၊ ကိုယ်မကြေရအောင် စိတ်ကို ဖြေပေါ့ကွယ်"

"မမအေး"

ယခင်က မာနမျက်နှာနှင့် 'ဒေါ်' တပ်ခေါ်ခဲ့သော်လည်း အခုတော့ ဒေါ်တင်တင်စောက တစ်ဖက်ခြံမှ ဒေါ်အေးမြင့်ရီကို



အေး'ဟု ခေါ်ကာ လက်ကိုဆွဲ အားကိုတကြီးဟန်နှင့် သူ့ဘာတ်ပေါ် ဖိရှေ့ပြီး ငိုပါလေတော့သည်။

"မမအေးတို့က ကံကောင်းတယ်နော်၊ ဦးငြိမ်းဝေဆိုရင် မိသိပ်မြတာပဲ၊ မိသားစုကိုလည်း ခင်တယ်၊ ဒီ. . . ဒီမှာဖြင့် . . . စောကို ကံသိပ်ဆိုးပါတယ်"

ဦးငြိမ်းဝေက တက္ကသိုလ်မှ ကထိက။ ဒေါ်အေးမြင့်ရီက မည်ကြီးမဟုတ်သော အ-ထ-က ကျောင်းမှ ဆရာမမို့ ပြင်ပငွေဆို၍ တစ်ပြားတစ်ချပ်မှမရှိ။

ဒေါ်တင်တင်စော၏ခင်ပွန်းက အရပ်ဘက်မှ အထက်န်းအရာရှိကြီးမို့ အရာရှိငယ်များ ဝိုင်းဝိုင်းလည်နေသည်။

ဒေါ်တင်တင်စော၏ လမ်းခင်းပေးတတ်မှုကြောင့်လည်း မ့်ဝင်လာလိုက်တဲ့ လာဘ်လာဘတွေ။

ကလေးတွေကလည်း ယခင်က ဖောက်ဖောက်ပြန်ပြန် ူးခဲ့ပါ။

ဒေါ်တင်တင်စော၏ ဒေါသစကား၊ လောဘစကားများ အခိုင်းအစေနှင့် နောက်လက်ငယ်သားများအပေါ် ယ်သောအခါမှ အလိုမကျနိုင်ဘဲ အမြဲဆူပူနေသည့် အိမ်မျိုး ဘယ်ခင်ပွန်းသည်က ပျော်ရွှင်နိုင်ပါ့မလဲ။

အကယ်၍သာ. . .

အပိုင်ရရှိထားပြီးသော ညိုမာ့ကို သက်သက်ညှာညှာ တ်ဆံမည်ဆိုလျှင် ညိုမာ ထွက်ပြေးစရာ အကြောင်းမရှိ။

ညိုမာ ထွက်မပြေးလျှင်လည်း ဦးအောင်ကျော်စိုးနှင့် ဖြစ်ကြမည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့. . .

'အရင်းစစ် အမြစ်မြေက'၊ 'ဘယ်သူမပြု မိမိမှု'၊ 'ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးတာ' ဆိုသော ရှေးရိုးစကား အစဉ်အလာ အတိုင်း. . .

ဒေါ်တင်တင်စောသည် သူ့ရာဇဝင်ကို သူ့နှလုံးသား ပေါ်မှာ သူ့ဘာသာ ရေးနေသူသာ ဖြစ်တော့သည်။

"မမအေး"

"မမအေး ဘာကူညီပေးရမလဲ ပြောပါ"

"စော ဘာလုပ်ရမလဲဟင်"

"အဲဒါတော့ မမအေးလည်း အကြံမပေးတတ်ဘူးကွယ်"

"အဲဒီ 'ကျွန် မ'ရဲ့ သားလေးကိုလည်း မကြည့်ချင်ဘူး ကိုစိုးကိုလည်း လွမ်းလှပြီ"

ညီမော့ကို 'ကျွန် မ' ဟု ညွှန်းသည့်အတွက် သမီးချင်း စာနာကာ ခံပြင်းသလိုဖြစ်မိသော်လည်း 'ကိုစိုးကိုလည်း လွမ်းလှပြီ' ဆိုသဖြင့် စိတ်ကောင်းရှိသော ဒေါ်အေးမြင့်ရီမှာ ဇနီးသည်ချင်း စာနာစွာ သနားရပြန်ပါ၏။

"ကလေးက သိပ်ငယ်နေသေးတာ ခက်တယ်ကွယ်"

"ကြီးရင်ကော၊ ကြီးသွားခဲ့ရင်ကော"

"ဩော်. . . ကြီးရင်တော့လည်း ယောက်ျားလေးဆိုတော့ ဘယ်ထားထား အဆင်ပြေတယ်လေ၊ ဘော်ဒါထားလို့လည်း ရနိုင်တာပေါ့"

"အခုရော အဲဒီလိုထားရင် မဖြစ်နိုင်ဘူးလားဟင်"



"ကလေးက ရင်ခွင်ပိုက်အရွယ်ပဲ ရှိသေးတယ်လေ"

"ရင်ခွင်ပိုက်၊ အမယ်လေး၊ ကိုစိုး အဲဒီဟာလေးကို ရင်ခွင်ပိုက်ထားမှာပေါ့နော်. . . မမအေး"

"ဒီအထိ မတွေးနဲ့ကွယ်"

"မမအေး"

"ဟင်"

"စော ဘာလုပ်ရမလဲ"

"ကိုယ့်မိသားစုကိစ္စမို့ ကိုယ်ပိုင်ပဲ ဆုံးဖြတ်ပါ"

"မမအေး"

"အင်း"

"တကယ်လို့. . . အဲ. . . စိတ်မဆိုးနဲ့နော်"

"ပြောပါ"

"တကယ်လို့ မမအေးသာ စောနေရာမျိုးမှာဆိုရင် ဘယ်လိုလုပ်မလဲဟင်"

"ကိုငြိမ်းဝေကလည်း ဒါမျိုးမဖြစ်ပါဘူး၊ တကယ်လို့ ဖြစ်ခဲ့ရင်တော့ မမအေး လမ်းနှစ်လမ်းအနက် တစ်ခုခုကိုရွေးမယ်"

"ရှင်. . . လမ်းနှစ်လမ်း. . . ဟုတ်လား"

"ဟုတ်တယ်"

"ဘာလမ်းတွေလဲဟင်"

"ကိုယ့်စိတ်ကို ကိုယ်နိုင်ရင် ကိုယ့်ယောက်ျားကို အပြီးခွင့်လွှတ်လိုက်မယ်၊ ဒုတိယလမ်းက စိတ်မနိုင်ဘဲ ယောက်ျားကိုလည်း မခွဲနိုင်ဘူး၊ မစွန့်လွှတ်နိုင်ဘူး ဆိုရင်တော့ ခွင့်လွှတ်ရုံပဲ"

www.burmeseclassic.com

www.burmeseclassic.com



"စွန့်လွှတ်နိုင်ရင် စွန့်လွှတ်"

"မစွန့်လွှတ်နိုင်ရင် ခွင့်လွှတ်"

"ဟုတ်လား မမအေး"

"ဟုတ်ပါတယ်"

"ဟင့်အင်း. . . ဟင့်အင်း. . . ဒီလောက် ကြီးကျယ်တဲ့ အပြစ်ကြီးကို ခွင့်မလွှတ်နိုင်ဘူး၊ ပြီးတော့ ရွှေဥ ဥနေတဲ့ ငန်းကြီးကိုလည်း သတ်မပစ်နိုင်ဘူး၊ ခုဆို ကြည့်ပါဦး သူရှိသလို အထုပ်တွေ အပိုးတွေ မလာတော့ဘူးလေ"

ဒေါ်တင်တင်စော၏ ကြောက်စရာ ရမ္မက်လောဘကြောင့် ဒေါ်အေးမြင့်ရီ ထလို့သာ ပြန်ချင်ပါပြီ။

"နေပါဦး၊ ဆက်ပြောပါဦး၊ ခွင့်လွှတ်တယ်ဆိုရင် ဘာလုပ်ရမှာလဲဟင်"

"ခွင့်လွှတ်ရင်တော့ ကိုယ့်ယောကျ်ား အိမ်ပြန်လာပစေတော့၊ ဒါမှမဟုတ်လည်း သူတာဝန်ကျတဲ့မြို့ကို စော လိုက်သွားပေါ့"

"ဟို ကျွန် မသားလေးကျတော့ကော"

"ဒါကတော့ ဦးအောင်ကျော်စိုးရှိတဲ့နေရာမှာ အဲဒီကလေးရှိနေမှာပဲ၊ အဲဒါက သူ့သားကိုး"

ဒေါ်တင်တင်စောက နားမခံနိုင်သလို ဖြစ်သွားပြီးမှ. . .

"အင်းလေ၊ မမအေး ပေးတဲ့အကြံ ကောင်းပါတယ် စောလည်း စဉ်းစားပါဦးမယ်"



"ခေါင်းအေးအေး ရင်အေးအေးထားပြီး စဉ်းစားပေါ့ဦးမရယ်"

"ဟုတ်ကဲ့. . . ကျေးဇူးပဲနော်"

"မမအေး ပြန်မယ်စော"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၁၁ ။

"ကိုစိုး ပြန်လာခဲ့တော့"

ဟူသော စကားဖြင့် ပြန်လည်ဖိတ်ခေါ်ခဲ့သော်လည်း. . .

"အလုပ်က ချက်ချင်းပြောင်းလို့မရပါ"

ဆိုသော အဖြေဖြင့် အချိန်တွေ တရွေ့ရွေ့ ကုန်လွန်လာခဲ့သည်မှာ. . .

"သုံးနှစ်"

ကြာခဲ့လေပြီ၊ ထိုအချိန်ကျခါမှ အလုပ်လည်း ပြန်ပြောင်းခွင့်ရခဲ့သည်။

"ဘွားဘွား၊ ဟိုဘက်ခြံမှာ ဦးဦးစိုး ပြန်လာပြီ"

အသက် ၇၈ နှစ်ရှိပြီဖြစ်သော ဒေါ်နှင်းခင်တို့ ဆောင်းနှင်းဝေဝေက လက်တွဲလျက် ခြံထဲသို့ နေပူစာလှုံရန် ဆင်းလာပြီး ဖြည်းညင်းစွာ လျှောက်နေရကြခိုက်မှာ မြင်ရခြင်းဖြစ်သည်။



"သူ ဒီလိုပဲ နှစ်လတစ်ခါ သုံးလတစ်ခါတော့ ပြန်လာနေတာပဲ"

"မဟုတ်ဘူး ဘွားရဲ့၊ သူ့ရဲ့ ရုံးကားအပြင် နောက်က ကားရှည်ကြီးအပေါ်မှာလည်း ပစ္စည်းတွေအပြည့်နဲ့ သယ်ချနေကြတယ်"

"ဒါဆိုရင် ပြန်ပြောင်းလာပြီထင်တယ်"

အဘွားက မျက်စိမှုန်လွန်းသဖြင့် ဟိုဘက်ခြံသို့ လှမ်းမျှော်ကြည့်သော်လည်း ဘာမှ သဲကွဲဟန်မတူ။

"မောင်အောင်ကျော်စိုး တစ်ယောက်တည်းလား ကလေးရော ပါလားဟင် သမီး"

"ကလေး"

"အင်း. . . သူ့သားလေးလေ သုံးနှစ်လောက်တောင် ရှိရောမယ်"

ဆောင်းနှင်းဝေဝေက ကလေးဆိုသော အသံကြားသဖြင့် စိတ်ဝင်စားစွာဖြင့် ခြံစည်းရိုးကြားမှ ငုံ့၍ကြည့်သည်။

"ဟာ. . . ဟုတ်တယ် ဘွားဘွား၊ ဦးဦးစိုး လက်တွဲထားတယ် ဘောင်းဘီတိုအဖြူ၊ စပို့ရှပ်အဖြူလေးနဲ့"

"ဟုတ်ပြီ၊ ကလေးပါ ပါလာပြီပဲ"

"အဲဒီမောင်လေးက ချစ်စရာလေး ဘွားဘွားရယ်"

"သနားလည်း သနားစရာလေးပါကွယ်"

"သမီးသွားနှုတ်ဆက်ရမလားဟင်"

"သမီးရဲ့ ကိုကိုထွန်းကော ရှိနေလား"

www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ဘူး ဘွား"

"ဒါဖြင့် မသွားနဲ့ဦးသမီး၊ တင်တင်စောက ဘယ်လိုဖြစ်ဦး မလဲ မသိဘူး"

"ဘာကိုလဲ ဘွား"

"ဩော်. . . သူက ဒီကလေးကို သိပ်မုန်းတယ်လေ သမီးရယ်"

"ဘာလို့ မုန်းရတာလဲ၊ မောင်လေးက ချစ်စရာလေး ဟာကို"

"သူမွေးတာ မဟုတ်လို့ပေါ့ကွယ်၊ ငါ့မြေး နားမလည် ပါဘူး၊ အဲဒီကလေးကို သွားမနှုတ်ဆက်နဲ့ဦးနော်"

"ကိုကိုထွန်း ပြန်လာရင်ကော"

"အေး. . . အဲဒီတော့မှ နှုတ်ဆက် သမီး"

"ဟုတ်ကဲ့. . . ဘွား"

မြေးအဘွားနှစ်ယောက် သည်ဘက်ခြံမှာ နေခြည်နှင့် ခိုလှုံရင်း အေးချမ်းစွာ လမ်းလျှောက်နေမိကြသည်။

"ဘွား. . . အဲဒီ မောင်လေးက ဦးဦးစိုးရဲ့ သားလေးလား ဟင်"

"ဟုတ်တယ်. . . သမီး"

"ဒါဖြင့် ကိုကိုထွန်းနဲ့ မမထားတို့ရဲ့ မောင်လေးပေါ့နော်"

"ဟုတ်တာပေါ့"

"ကိုကိုတို့က ချစ်မှာပဲနော်၊ ကလေးလေးက ချစ်စရာလေး ဘွားရဲ့"



"အင်း. . . ဘယ်သူတွေ ဘယ်လောက်ချစ်ချစ် တင်တင် စော ကတော့ ဒီကလေးလေးအပေါ်မှာ အဆုံးစွန်သော အမုန်း တွေနဲ့ အမုန်းကြီး မုန်းနေမှာပဲ"

ဟုိဘက်ခြံ၌ ဦးအောင်ကျော်စိုးသည် လက်ညှိုး တညွှန်ညွှန်နှင့် သူ့ပစ္စည်းများ သယ်ချခြင်းကိစ္စကို ညွှန်ကြားနေ သော်လည်း. . .

တစ်ဖက်သောလက်က သူ့သားလေး၏လက်ကို ဆုပ်ကိုင် ထားသည်။

အရုပ်က ပုပုလေးမို့ လက်ကလေးမြှောက်၍ သူ့ဖခင် လက်ကို အမိလှမ်းတွဲထားရင်း ဟိုကြည့်သည်ကြည့် လုပ်နေသော မျက်လုံးဝိုင်းဝိုင်း၊ ပါးဖောင်းဖောင်းလေးနှင့် 'မောင်လေး'၏ ပုံသွင်ကို. . .

ထိုနေ့၊ ထိုအချိန်၊ ထိုနေရာမှစပြီး ဆောင်းနှင်းဝေဝေ၏ နှလုံးသား နုနုလေးအတွင်းမှာ နက်ရှိုင်းစွာ ချစ်ခင်တွယ်တာမိခဲ့ ရလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်စော ဖျတ်ဖျတ်လူး ခံပြင်းခဲ့ရပြီ. . .။

"ဒီမကောင်းဆိုးဝါးလေးကို ငါမကြည့်နိုင်၊ မမြင်နိုင်၊ လက်မခံနိုင်ဘူးဆိုရင် ငါ့လင်ပါ ဆုံးရတော့မယ်"

အရာရှိကြီး တစ်ဦးဖြစ်သော ခင်ပွန်းသည်၏ အရှိန်အောက်မှ ရရှိပိုင်ဆိုင်ရမည့် အခွင့်အရေးများကိုလည်း လက်လွှတ်မခံနိုင်။

ဤသို့သော. . .

ခင်ပွန်းလင်ကို မက်မော တွယ်တာသည့်စိတ်၊ စီးပွား လာဘ်လာဘကို လိုချင်တပ်မက်သည့် စိတ်များကြောင့်သာ ပြန်ခေါ်လိုက်ရခြင်းဖြစ်သည်။

သို့သော်လည်း. . .

သူ ရဲရဲပင် မကြည့်ဝံ့အောင် အရွဲ့ဆုံး၊ အမုန်းဆုံး အော့နှလုံးအနာဆုံးဖြစ်သော ဤ'ကျွန်မ'သားလေးကို လက်ဆွဲ ပြီး တက်လာတာ မြင်ရပြန်တော့ နှလုံးသည်းပွတ်သည် ပူလောင် ခြင်းများအလယ်မှာ ဆတ်ဆတ်ခုန်နေ၏။

သည်ကောင်လေးကို နင်းဖိကြိတ်ခြေ သတ်ပစ်လိုက် ချင်သည်။

ပြီးတော့ အကောင်အထည် ထုထည်အဖြစ်ပင် မမြင်ချင် အမှုန့်ခြေ၍ ကမ္ဘာ၏ အပြင်ဘက်သို့ရောက်အောင် ပစ်ပေါက် လွှင့်ပစ်လိုက်ချင်သည်။

ဤသတ္တဝါလေး၏ ကိုယ်မှုန့်ဟစ်မှုန့်ပင် ဤကမ္ဘာမြေ ရှိမနေစေချင်။



သည်လောက် မုန်းသည်။

"အဆုံးစွန်သော အမုန်း၊ ခပ်သိမ်းသော အမုန်းနှင့် လူသားအားလုံးတို့ မုန်းကြသည်ထက် သာလွန်၍ အမြင့်ဆုံး၊ အကြီးဆုံး၊ အများပြားဆုံးသော မုန်းတီးခြင်းများဖြင့် မုန်းသည်။

ဤကမ္ဘာပေါ်ရှိ လူသားအားလုံးတို့ တစ်ဦးနှင့်တစ်ဦး မုန်းကြသည့် အမုန်းများအားလုံးတွင် ဒေါ်တင်တင်စော၏ အမုန်းက ထိပ်ဆုံးမှာ ထာဝရ စံချိန်တင်ထားနိုင်ခဲ့သည်။

သူ့သားလေး၏ လက်ကလေးကို မလွှတ်တမ်းဆွဲ၍ ...တ်ပေါ်သို့ တစ်လှမ်းချင်းတက်လာသော ဦးအောင်ကျော်စိုး၏ ခြေလှမ်းများသည် လှေကားထစ်များကို နင်းလာခြင်းမဟုတ်။

သူ့နှလုံးသား၊ သူ့ကိုယ်ခန္ဓာနှင့် သူ့ဘဝတစ်ခုလုံးကို နင်း၍ နင်း၍ တက်လာနေသည်ဟု ဒေါ်တင်တင်စော ခံယူသည်။

"သားလေး။ ဒီမှာ ခဏထိုင်နေဦးနော်၊ ဖေကြီး ပြန်လာခဲ့မယ်"

ဤစကားသံကို ခါးသီးစွာ ကြားရပြီးနောက်မှာ အခန်းထဲမှာ ဦးအောင်ကျော်စိုး ရပ်လျက်. . .

"စော. . . နေကောင်းရဲ့လား"

ခါတိုင်းဆို ခုလိုမေးနေကျ၊ အရိပ်ကြည့်နေကျ၊ ဦးစားပေး နေကျ။

ခုတော့ သူ့သားကို အရင်နှစ်သိမ့်ခဲ့ပြီးမှ ဒုတိယနေရာက ရရသော တင်တင်စော ဖြစ်နေပြီ။

"ကိုစိုးမေးတာ ကြားပါတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ကြားပါတယ်၊ နေလို့လည်း ကောင်းပါတယ်"

ဒေါ်တင်တင်စောမှာ ပေါက်ကွဲလု၊ ခံစားမှုကို မျိုသိပ် ကျိတ်မြိုထားပါလျက် မျက်ရည်က စို့တက်လာသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ စောရယ်၊ ပြီးဆုံးသွားတာတွေ မေ့နိုင်အောင် ကြိုးစားပြီး ကိုစိုးတို့သားအဖကို ကျေကျေနပ်နပ် လက်ခံပါ"

"ကောင်းပါပြီ. . . ကောင်းပါပြီ"

ခံပြင်းနာကြည်းသံနှင့် မုန်းတီးစက်ဆုပ်သော အကြည့် ထဲမှာ ဝမ်းနည်းကြေကွဲမှုပါ ပေါင်းဖွဲ့နေသဖြင့် ဦးအောင်ကျော်စိုး ဘာမှမပြောတော့ဘဲ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

ဒေါ်တင်တင်စော အိပ်ရာမှ လူးလဲထပြီး အခန်းကွ ကန့်လန့်ကာကြားမှ ချောင်းကြည့်၏။

ဦးအောင်ကျော်စိုးက ရေခဲသေတ္တာထဲမှ ချောကလက် တစ်ပြားကိုယူပြီး ကလေးကို ခွံ့ကျွေး၏။

ပြီးတော့ အားရပါးရ နမ်းရှိုက်သည်။ ပြီးတော့ ယုယစွာ ချီလျက် အိမ်ထဲမှထွက်ပြီး ခြံထဲသို့ ဆင်းသွားကြသည်။

ဤမြင်ကွင်းသည်. . .

ဒေါ်တင်တင်စော၏ ပိုင်ဆိုင်မှုအားလုံး ဆုံးရှုံးစွန့်လွှ ကာ လည်စင်းပေးလိုက်ရသည်သို့ ရင်မှာ နာကျင်လှသည်။

ဤမြင်ကွင်းမျိုး ဆက်တိုက်မြင်နေရပါလျှင် သူ့နှလုံးအိ ဟက်တက်ကွဲဖို့သာ ရှိတော့သည်။



ကိုစိုးထံမှ ရရှိနေသော သူတို့မိသားစုအားလုံးအတွက် ခြင်းမေတ္တာနှင့် ယုယကြင်နာမှုအပေါင်းကို ကိုစိုးကိုယ်တိုင်က လည်သိမ်းနုတ်ကာ. . .

ဒီမကောင်းဆိုးဝါးလေး 'ကျွန် မ'ရဲ့သားလေးကို အားလုံး ပ်နှင်းလိုက်ပြီလား။

ဒေါ်တင်တင်စောသည် ခုတင်ပေါ်သို့ ကြမ်းတမ်းစွာ တ်ထိုင်ပြီး မွေ့ရာကို လက်သီးဆုပ်နှစ်ခုနှင့် ကြိတ်မနိုင်ခဲမရ တာ. . .

"မိညို. . . မိညိုရဲ့"

"ငါ့ကို ကလဲ့စားချေဖို့ နင့်သားလေးကို ငါ့ဆီပို့လိုက် လား"

"နင့်ရဲ့ ဝိညာဉ်တွေ ပူးကပ်ပြီး မကောင်းဆိုးဝါးအဖြစ်နဲ့ သားလေး ငါ့ဆီ ရောက်လာခဲ့တာလား"

"ပြောစမ်း. . . ပြောစမ်း မိညို"

"အမယ်လေးနော်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁

"ညီမလေး မမှတ်မိဘူးလား၊ ဟိုးလွန်ခဲ့တဲ့ သုံးနှစ်
နောက်ဖေးပေါက်ကခေါ်ပြီး ကားဂိုထောင်ထဲက ညီလေး
ကိုကို ခေါ်ပြဖူးတယ်လေ"

"အင်း... သိပ်မမှတ်မိဘူး၊ ဒါပေမယ့် ကလေး
သေးသေးလေးတစ်ယောက်ရဲ့ လည်ပင်းလေးကို နမ်းဖူးတ
အနံ့က တစ်မျိုးလေးပဲဆိုတာတော့ စိတ်ထဲမှာ စွဲနေမိတယ်

"အဲဒီကလေးဟာ ဟောဒီက ညီလေးပဲ ဆောင်းနှင်း

"မောင်လေးက အရမ်းချစ်စရာ ကောင်းတာပဲ
ကိုကို"

"လိမ်လည်း လိမ္မာတယ် ညီမလေးရဲ့"

"ဟုတ်လား"

"ကဲ... ညီလေးနာမည် ဘယ်သူလဲတဲ့၊ မမက မေး
တယ်၊ ပြောလိုက်ပါဦး"



"ချင်းတန့်ဂျင်"

"ဘာ... ဘယ်သူ"

"ချင်းတန့်ဂျင်"

"ကိုကိုထွဋ်... သူ ဘာပြောတာလဲဟင်"

"မမ မတီးရင် ချင်းရှိုပဲထော်ပါ"

"ဟယ်... ပြောတတ်တယ်တော့၊ ကဲ... ခေါ်ပါ့မယ်
င်လေးရယ်၊ ချင်း... ချင်းလေး"

"ဟား... ဟား... ဟား"

"ဟင်... ကိုကိုထွဋ်က ဘာလို့ရယ်ရတာလဲ"

"ကလေးက မိမ့မပီသေးတာ၊ ဘယ့်နှင် ချင်းရမှာလဲ"

"ဒါဖြင့်ဘာလဲ"

"ရှင်း ခင်ဗျ"

"နာမည်က ရှင်း ဟုတ်လား"

"ဟုတ်တယ်၊ ဒက်ဒီက 'ရှင်း' 'ရှင်းလေး'လို့ပဲ ခေါ်တယ်၊
ည်အစုံက ရှင်းသန့်စင်တဲ့"

"ရှင်းသန့်စင်"

"ဟုတ်တယ် ညီမလေး၊ ဒက်ဒီက ကိုကိုတို့နာမည်တွေကို
က်လို့တဲ့၊ မာမီ မှည့်ထားတာတွေက ထွဋ်ထိပ်စိုး၊ ထိပ်ထား
တော့ သိပ်ပြီး တင်စီးရာကျတယ်တဲ့"

"တင်စီးရာကျတယ်ဆိုတာ ဘာလဲဟင်"

"အဲ... ကိုကိုတောင် ဘာပြောရမှန်း မသိဘူး၊ ဟိုလေ
က်စီးက နာမည်တွေလို့ ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့နော်၊ ထွင့်ထိပ်ဆိုတာ ထိပ်က၊ ထိပ်ထားဆို မိဖုရားနာမည်လို့ ဘွားဘွားကပြောတယ်"

"ဟုတ်တယ်၊ အဲဒါမျိုးတွေ ဖြစ်နေလို့ ဒက်ဒီက သူ လေးကို ရှင်းရှင်းလင်းလင်း သန့်သန့်စင်စင်လေး ဖြစ်စေရမ ဆိုတဲ့ အဓိပ္ပာယ်နဲ့ မှည့်ထားတာတဲ့"

"ရှင်းသန့်စင်"

"ခေါ်လို့ကောင်းတယ်နော် ကိုကို"

"အေး"

"သူပြောတဲ့ ချင်းတန့်ဂျင် ဆိုတာလည်း မဆိုးဘူးနော် ခု နှင်းဝေတို့ အတန်းထဲမှာဆိုရင် နာမည်ဆန်းဆန်းနဲ့ လေး ငါးလုံးတွေချည်းပဲ"

"ဟုတ်တယ်"

"မောင်လေး. . . လာ၊ မမတို့နဲ့ ကစားမယ်နော်"

"ဟင့်အင်း"

ဆောင်းနှင်းဝေဝေ ခေါ်ခါမှ ထွင့်ထိပ်စိုးနား ပို၍ကပ်သွား တော့သည်။

"ညီလေး. . . ရှင်း၊ သွားလေ၊ ဒါ ညီလေးရဲ့ မမ၊ အဲ မမဆီမှာ အရုပ်တွေအများကြီးရှိတယ်"

ကိုကိုထွင့်ရာ ဆောင်းနှင်းဝေဝေပါ အတင်းချော့ခေါ် အိမ်ထဲအထိ လိုက်လာသည်။

"အိမ်က ထားထားပေါ့၊ ဟိုနေ့က ညီလေးကို တွန်း လိုက်တာ လဲကျသွားလို့ ငိုလိုက်တာ၊ အဲဒီတည်းက နှင်းဝေဝေ



ခွယ်ဆိုရင် သူလန့်နေတာဖြစ်မှာ"

"သနားပါတယ်နော် ကိုကို"

"အင်း. . . ကိုကိုလည်း ညီလေးကို သနားတယ်၊ ချစ်တယ်၊ ဒက်ဒီကလည်း ပြောထားတယ်၊ ညီလေးကို ဂရုစိုက်ပါ ားကြီးရယ်တဲ့၊ ကိုကိုလည်း ဂရုစိုက်ပါတယ်။ ဒါပေမယ့် ားထားကတော့ အဲဒီကလေးကို မုန်းတယ်တဲ့"

"ဟင်"

"မာမီက နားမလည်သေးတဲ့ ကလေးကို မုန်းတတ်သွား အောင် ထားထားကို သင်ထားပြောထားတာ"

"ကိုကိုတို့ အိမ်မှာလည်း မလောင်သင့်တဲ့မီးတွေ လောင် နေတယ်လို့ ဘွားဘွားက ခဏခဏပြောတယ် ကိုကို"

"ဟုတ်တယ်၊ စိတ်ညစ်ပါတယ် ညီမလေးရယ်၊ ကဲပါ. . . တွေမပြောဘဲနေပြီး ရှင်းလေးနဲ့ ကစားကြရအောင်နော်"

ကစားကြရအောင်သာ ဆိုသော်လည်း ထွင့်ထိပ်စိုးကဲ ခြံထဲမှာထိုင်၍ ဒိုင်လူကြီးလုပ်သည်။

ရှင်းသန့်စင်နှင့် ဆောင်းနှင်းဝေဝေတို့က ခြံထဲမှာ ပြေးကြ သွားကြ ဆော့ကစားကြနှင့်။

ထွင့်ထိပ်စိုးသည် ခါတိုင်းလို သူ့ညီမလေး ဆောင်းနှင်း ဝေဝေနှင့် သိပ်ပြီး မကစားချင်တော့။

ဆယ့်နှစ်နှစ်ရွယ်မို့ ပြေးလွှားသစ်ပင်တက်၊ စစ်တိုက်တမ်း စား၊ စက်ဘီးစီး၊ စကိတ်စီး စသည့် လှုပ်ရှားမှု ကစားနည်းများ ကို သူ့ရွယ်တူ သူငယ်ချင်းများနှင့်ပင် ကစားချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ခြောက်တန်းကျောင်းသား။

ဆောင်းနှင်းဝေဝေက နှစ်တန်းကျောင်းသူ။

ရှင်းသန့်စင်လေးက သုံးနှစ်သား။

အသက်အားဖြင့်ဆိုပါလျှင်. . .

ရှင်းသန့်စင်ထက် ငါးနှစ်ကြီးသော ဆောင်းနှင်းဝေဝေက ရှစ်နှစ်သမီး။

ဆောင်းနှင်းဝေဝေထက် လေးနှစ်ကြီးသော ထွဋ်ထိပ်စိုးက ဆယ့်နှစ်နှစ်သား။

"ကိုကိုက မောင်လေးထက် အသက်ဘယ်လောက်ကြီးလဲဟင်"

"ကိုးနှစ်"

"ဟယ်. . . ကိုးနှစ်ဆိုတာ အဝေးကြီးနော်၊ ညီမလေးတောင် ခုမှ ရှစ်နှစ်ပဲရှိသေးတာ"

"ညီမလေးထက်ဆိုရင် ကိုကိုက လေးနှစ်ကြီးတယ်၊ မှတ်မိရဲ့လား"

"သိပါတယ် ကိုကိုရဲ့"

"ရှင်းတရဲ ရေးနှစ်ကြီးတယ်"

လက်ကလေးနှစ်ချောင်းထောင်ပြီး 'ရှင်းကလဲ လေးနှစ်ကြီးတယ်' ဟူ၍ သူတို့ပြောသလို လိုက်ပြောနေပုံလေးကို ကြည့်ပြီး ထွဋ်ထိပ်စိုးက တစ်လှည့်၊ ဆောင်းနှင်းဝေဝေက တစ်လှည့် ရှင်းသန့်စင်၏ပါးလေးကို နမ်းမိကြသည်။

"သားတို့က ဒီဘက်ခြံရောက်နေကြတာကိုး"



"ဟော. . . ဦးဦးစိုး လိုက်လာတယ်၊ အိမ်ထဲဝင်ပါဦး ဦးဦးစိုး"

"နေပါစေ သမီးလေး၊ ဦးငြိမ်းဝေကော"

"ဖေဖေ မမှာရုံအစည်းအဝေးသွားတယ်၊ မေမေရေ. . . ဦးဦးစိုးလာတယ်"

ခြံထဲမှာ ပွင့်သောပန်းကို ဘုရားတင်ရန် ခူးနေသော ဒေါ်အေးမြင့်ရီက ပြေးထွက်လာပြီး. . .

"ကိုငြိမ်းဝေက သံဃာ့ဒါနဆွမ်းလောင်းအသင်း နှစ်လည်အစည်းအဝေးသွားတယ်၊ ပြန်လာခါတောင်နီးပါပြီ၊ လာပါ၊ အိမ်ထဲဝင်ပါဦး"

"မဝင်တော့ပါဘူး၊ ဦးငြိမ်းဝေကတော့ လူမှုရေးသမားက သိုလ်ရေးပါ လုပ်နိုင်တယ်၊ ကျွန်တော့်မှာကတော့ ဒီကလေး တွက်က တာဝန်ကြီးလှတယ်။ သိတဲ့အတိုင်းပါပဲ"

"ဒီလိုပဲပေါ့လေ။ ဘာပဲပြောပြော ဒီသားလေး ဒီအိမ်ပေါ် နေခွင့်ရတာပဲ အဆင်ပြေလှပါပြီ"

"ကျွန်တော် ရှိနေသမျှတော့ အဆင်ပြေပါတယ်။ နော်မရှိရင်တော့ လွယ်မယ်မထင်ဘူးဗျာ၊ ဒါကြောင့် ယ်သွားသွား ခေါ်သွားရတာ၊ အခုလည်း ရုံးမှာ အင်တာဗျူး ပ်ပေးရမယ့်ကိစ္စရှိတာကို စိတ်မချလို့ ခေါ်သွားမလို့"

"ကလေးကတော့ လိမ္မာပါတယ်"

"သိပ်လိမ္မာပြီး စကားနားထောင်လို့ ရုံးကတပည့်တွေ ချစ်ကြပါတယ်၊ သူလည်းပျော်တယ်၊ ကဲ. . . သွားဦးမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"နှင်းဝေဝေ ကိုကိုသွားမယ်နော်၊ ကျူရှင်သွားမလို့၊ ဖေဖေ ရုံးသွားရင်း လိုက်သွားမလို့"

"ဟုတ်ကဲ့. . . ကိုကို"

"ကိုထွဋ်ကတော့ သူညီလေးကို အတော်ချစ်ပုံရပါတယ်"

"အဲဒါကြောင့် တော်သေးတာပေါ့၊ သားကြီးနဲ့ပဲ အိပ်တယ် လေ၊ ဒီဘက်အိမ်ကလည်း ကျွန်တော့်သားလေးကို ဝိုင်းကြည့် ပေးကြပါဗျာ"

"စိတ်ချပါ၊ ကလေးက တကယ်ချစ်စရာကောင်းပါတယ်"

သူတို့သားအဖသုံးယောက် ပြန်သွားကြချိန်မှာ ဆောင်း နှင်းဝေဝေ ကျန်ရစ်ခဲ့ရတာ ဝမ်းနည်းမိသလိုလိုပါ။

◆ ◆ ◆

အခန်း။ ၁၃ ။

ဆောင်းနှင်းပွင့်တို့ ပြန်လည်ရောက်ရှိလာကြပြန်ပြီ. . .

လူသားတို့သည်သာ ဖောက်ပြန်ခြင်းများစွာဖြင့် ထာဝရ တည်ငြိမ်ခြင်း ကင်းမဲ့ကြသော်လည်း. . .

သဘာဝ၏ လည်ပတ်မှုက အလွန်တိကျစွာ တာဝန် ကျေစွာ၊ သစ္စာရှိစွာ ရောက်ရှိလာတတ်မြဲပါ။

နှင်းဝေ နံနက်ဦးကို တွေ့မြင်ထိတွေ့ချင်၍ ဆောင်းနှင်း ဝေဝေ အစောကြီးထ၍ ခြံထဲသို့ ဆင်းခဲ့သည်။

နှင်းတို့သည် တစ်ပွင့်စီ ကျဆင်းခြင်း မရှိသော်လည်း ဝန်းကျင်တစ်ခုလုံး မှိုင်းမှုန်ဝေသီနေအောင် မြူနှင့် နှင်းတို့ ပေါင်းဖွဲ့စုစည်း၍ ကျဆင်းနေကြသည်။

သစ်ရွက် သစ်ကိုင်းလေးများ ပေါ်မှာဖြင့် နှင်းစက်ပွင့် လေးတွေ ခိုတွယ်နေဆဲ။

ဤသို့ ဆောင်းလ၏ နှင်းဝေ နံနက်ဦးကို ဆောင်းနှင်း ဝေဝေ ထိတွေ့ခွင့်၊ ခံစားခွင့်၊ ရှုမြင်ခွင့် ရရှိခဲ့သည်မှာ ဆယ့်ငါး ကြိမ်၊ ဆယ့်ငါးခါ ရှိခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်လို နှင်းပွင့်တွေကြွေနေသော ဆောင်းလယ်နံနက် ဦးမှာ မွေးဖွားခဲ့သော သမီးထွေးမို့. . .

"ဆောင်းနှင်းဝေဝေ"

ဟူသော အေးမြခြင်းအပေါင်းကို ကိုယ်စားပြုသည့် အမည်လေးကို မှည့်ပေးခဲ့ကြောင်း ဖေနှင့်မေတို့ မကြာခဏ ပြောပြခဲ့ကြသည်။

ရင်ဘတ်ပေါ်မှ အနွေးထည်ကို ဆွဲစေ့လိုက်ပြီး လက်ပိုက်၍ ကောင်းကင်ကို မော့ကြည့်မိ၏။

နေ၏ အရိပ်အယောင်ကို လုံးဝ မမြင်ရသော်လည်း မှောင်မိုက်နေခြင်းမဟုတ်။ မှုန်ရီနေရုံသာမို့ ဤရှုမြင်ကွင်းလေးကို ဆောင်းနှင်းဝေဝေ သိပ်ပြီး ချစ်မြတ်နိုးသည်။

ဆောင်းနှင့်နှင်းသည် သူနှင့်အတူ မွေးဖွားလာကြသူများ ဖြစ်သည့်အတွက် တွယ်တာစိတ်ဖြင့်လည်း သံယောဇဉ် ကြီးမိသည်။

သည်နေ့သည်. . .

ဆောင်းနှင်းဝေဝေအတွက် မှတ်မှတ်ရရ နေ့တစ်နေ့မို့ အစောကြီးထကာ သူချစ်သော နှင်းပွင့်ကို အလယ်မှာ ကြည်နူးစိတ်နှင့် ရပ်နေမိခိုက်မှာ. . .

"မမဝေ"

"ဟယ်. . . ရှင်း"

ချမ်းချမ်းစီးစီးထဲမှာ ဂျာင်အင်္ကျီပါသော်လည်း ဘောင်းဘီတိုလေး ဝတ်ထားသော ရှင်းသန့်စင်လေး။



ဆောင်းနှင်းဝေဝေက ခြံတံခါးနား ပြေးသွားသော်လည်း တံခါးဖွင့်ရန်သော့က ပါရှိမလာ။

"ရော. . . မမဝေဖို့"

"ဟယ်. . ."

ခြံတံခါး၏ သံတိုင်ကြားမှ လက်သွင်း၍ ပေးနေသည်။ ငှက်ပျောဖတ်နှင့် ထုပ်ထားသော သဇင်ခက်များ။

"အို. . . သဇင်ပန်းတွေပါလား။ စောစောစီးစီး ဒါတွေ ဘယ်ကရခဲ့တာလဲဟင် မောင်လေး"

"ဟိုး အောက်ချိုင့်ထဲက ဦးထွန်းဝေကြီးခြံမှာ သွားဝယ်လာတာ"

"အခု ဝယ်လာတာ"

"ဟုတ်"

"ဖြစ်မှဖြစ်ရလေ မောင်လေးရယ်"

"ရှင်း သွားတုန်းက မိုးတောင် မလင်းသေးဘူး"

ဆောင်းနှင်းဝေဝေက ဝမ်းသာအားရ လှမ်းယူလိုက်ပြီး. . .

"ဘာလို့ အစောကြီး သွားရတာလဲ၊ ဘာလို့ရော ဝယ်ပေးရတာလဲ မောင်လေးရယ်"

"ညကတည်းက ဝယ်ထားရင် ဟိုမိန်းမကြီး ရစ်မှာစိုးလို့ မမဝေရဲ့၊ ပြီးတော့ ဘာလို့ ဝယ်ပေးလဲဆိုတော့ ဒီနေ့ မမဝေရဲ့ မွေးနေ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်. . . ကြည့်ပါဦး၊ မမရဲ့မွေးနေ့ကို ဘယ်တုန်းက သိတာလဲ"

"အစ်ကိုထွဋ်ပြောတာ၊ သူ မမဝေကို လက်ဆောင်ပေးဖို့ ညတည်းက အထုပ်ထုပ်နေတယ်"

"အို. . . မွေးနေ့ရှင်ကတောင် ဘာမှမလုပ်ဖြစ်ဘဲနဲ့ နေဦး၊ ရှင်း မမဝေ သော့သွားယူလိုက်ဦးမယ်"

"မဝင်တော့ဘူး မမဝေ၊ ရှင်း ထလာတာ အစ်ကိုထွဋ် မသိဘူး၊ အသာလေး ပြန်သွားအိပ်မယ်"

"ကြည့်ပါဦး၊ လက်ကလေးတွေလည်း အေးစက်လို့ ရှင်းရယ်၊ မမဝေကို မွေးနေ့လက်ဆောင် ပေးတတ်တဲ့ အရွယ်တောင် ရောက်နေပြီလား၊ မမဝေလည်း ဝမ်းသာရမှာလား စိတ်ဆိုးရမှာလားတောင် မသိတော့ပါဘူး"

"ကျေးဇူးတင်လေ မမဝေရဲ့၊ ရှင်းက ကိုကိုထွဋ်ထက် အရင်ဦးအောင် လာပေးတာ"

"ဟင်"

"ရှင်း သွားပြီ မမဝေ"

ရှင်းသန့်စင်က လှစ်ခနဲ ထွက်ပြေးသွားတော့သည်။

ဟိုဘက်ခြံထဲ ဝင်သည်အထိ ဆောင်းနှင်းဝေဝေ လိုက်ကြည့်မိသော်လည်း ပုပုလေးမို့ ခြံစည်းရိုးများကြားမှသာ ရိပ်ခနဲ ရိပ်ခနဲ မြင်လိုက်ရပြီးနောက် ရှင်းသန့်စင်၏ အရိပ်ကလေး ပျောက်ကွယ်သွားတော့သည်။

"အို. . . လှလိုက်တဲ့သဇင်တွေ၊ ဆယ်ခက်ပါလား"



ထိုအချိန်က ဘယ်ပစ္စည်းမှ မရှားလှသေးသော်လည်း သဇင်ခက်၏တန်ဖိုးကတော့ တခြားပန်းများထက် ဆယ်ဆမက များကြီးသည်သာ။

ကိစ္စမရှိပါ။

ရှင်းသန့်စင်အတွက် မုန့်ဖိုးတွေအများကြီး ဦးဦးစိုးက ပေးသွားတတ်ကြောင်း ဆောင်းနှင်းဝေဝေ သိသည်ပဲ။

သဇင်ပန်း ငါးခက်ကို ဘုရားတင်ပြီး ကျန်ငါးခက်ကို ဆံပင်တိုတိုလေးမှာ ဝေနေအောင် ပန်ဖြစ်သည်။

ဆယ့်ခြောက်နှစ်ပြည့်မှပဲ မွေးနေ့အမှတ်တရ ဘုန်းကြီးဆွမ်းကပ်ပေးမည်ဟု ပြောသော်လည်း ယနေ့ ဘုရားဆွမ်းတော်နှင့် သစ်သီးမျိုးစုံ၊ ပန်းမျိုးစုံ သက်စေ့ မေမေက တင်ပေးသည်။

နေ့လယ်ကျတော့ ပန်းပွင့်ရောင်စုံပါသော စက္ကူလှလှကြီးနှင့် ထုပ်ထားသော အထုပ်တစ်ခုကို ထွဋ်ထိပ်စိုးက လာပေးသည်။

ညီမလေး ဆောင်းနှင်းဝေဝေအတွက်. . .
မွေးနေ့လက်ဆောင်
မှ. . .
ချစ်သော ကိုကိုထွဋ်

အထုပ်ပေါ်မှ ထိုစာတန်းကလေးကို ဖတ်ပြီး. . .

"နှင်းဝေကလည်း ကိုကိုထွဋ်ကို ချစ်တာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



စိတ်အတွေးများဖြင့် အထုပ်ကို ဖွင့်ဖြေလိုက်သည်။

"ဟယ်. . . ဆွယ်တာလေးတော့၊ လှလိုက်တာ ကိုကိုထွ ရယ်"

"ဝတ်ကြည့်အုန်း ကြီးတာက မမှားဘူး၊ နောင်နှစ် အထိ ဝတ်လို့ရတယ်ဆိုပြီး ဝယ်လာတာ"

ချက်ချင်း ကောက်စွပ်လိုက်တော့. . .

"ကြည့်စမ်း၊ အတော်ပဲ၊ ညီမလေး ဒီနှစ် အရမ်းထွားလာ တာပဲကွာ"

"ဆယ့်ငါးနှစ်ပြည့်တာလေ၊ နောင်နှစ်ဆို လူကြီးဖြစ်တော မှာ၊ အရပ်က ငါးပေကျော်သွားပြီ သိလား"

ဆောင်းနှင်းဝေဝေ ဧည့်ခန်းထောင့်မှ ကိုယ်လုံးပေါ်မှ ပါသော ဘီရိုရှေ့သွားပြီး ကြည့်လိုက်မိသည်။

ယနေ့ ကိုယ့်မွေးနေ့မို့ သနပ်ခါးလှလှလေး လူးထား ဆောင်းနှင်းဝေဝေ ကြိုက်သော အဖြူစစ်စစ်ခံပေါ်မှာ အပြ ရောင်ဖျော့ဖျော့ ပန်းပွင့်ကျဲကျဲဝတ်စုံလေးဝတ်ထားပြီး ဆွယ်တာ ဖြူဖြူလေးနှင့်မို့ မှန်ထဲမှာ လှနေသည်။

ဆောင်းနှင်းဝေဝေ လှနေရသည့် အကြောင်းထဲမှာ ခေါ ပေါ်မှ သဇင်ခက်များကြောင့်လည်း ဖြစ်ပါမည်။

"ကိုကိုထွဋ်ရှ နှင်းဝေ လှလားဟင်"

"သိပ်လှတယ်ကွာ"

ထိုနေ့က ကိုကိုထွဋ်ရှနှင့် အကြာကြီး စကားပြောဖြစ်သည တိုင်. . .



နံနက်အစောကြီးက ရှင်း သဇင်ပန်းတွေ လာပေးသွား သည်ဆိုသော အကြောင်းကိုဖြင့် ကိုကိုထွဋ်ရှကို တမင်မပြောဘဲ နေလိုက်သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၄

"မမဝေ၊ ရှင်းကိုဆုချ"

"ဘာအတွက်လဲ"

"ဒီနေ့ ကျောင်းက ပြေးပွဲမှာ ရှင်း ပထမရလာတယ် ဒီမှာတွေ့လား၊ သကြားလုံးတစ်ထုပ် ဆုရလာခဲ့တယ်"

"တယ်ဟုတ်ပါလား တို့မောင်လေးက၊ ကဲ. . . ဘာဆုချရမလဲ ပြော"

"မမဝေ ကြိုက်တာပေးပေါ့"

"ကျောင်းက သကြားလုံးတစ်ထုပ်ရရင် မမဝေကလည်း သကြားလုံးတစ်လုံးပေးမယ်။ ဘယ့်နှယ်လဲ"

"ဒါတော့ မမဝေ စေတနာရှိသလောက်ပဲ ပေးပေါ့"

"ဟား. . . ဟား၊ အလကားစ,တာပါကွာ၊ ဒီမှာ မမဝေ မုန့်ဖိုးစုထားတာ တစ်ဆယ်ရှိတယ်။ မောင်လေး ငါးကျပ်ယူ"

"အင်း"



ဆောင်းနှင်းဝေဝေ သွားယူပေးတော့ ဝမ်းသာကျေနပ်စွာ လက်ခံယူသည်။

"မောင်လေးက အရာရာတော်တာပဲ"

"အတန်းပိုင်ဆရာမကလည်း ပြောလိုက်တယ်၊ ရှင်းသန့်ခင်က အရာရာတော်တယ်၊ ကြိုးစားတဲ့"

"ဟုတ်တယ်၊ စာကို ပိုကြိုးစားနော်၊ ဒါမှ ကိုကိုထွန်းလို ဆရာဝန်ကြီးဖြစ်မှာ"

"ရှင်း ဆရာဝန်မလုပ်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ရှင်း ဆေးထိုးခံရမှာ သိပ်ကြောက်တယ်။ သူများတွေလည်း ကြောက်မှာပဲ၊ အပ်နဲ့မထိုးချင်လို့ ဆရာဝန် မလုပ်တာ"

ဆောင်းနှင်းဝေဝေမှာ ရှင်း၏အဖြေကြောင့် လိုက်လှဲစွာ ရယ်ဖြစ်သည်။

"ဖေဖေက ပြောတယ်"

"အင်း"

"သားလေး ဆရာဝန်မလုပ်ချင်ရင် အင်ဂျင်နီယာလုပ်တဲ့"

"အင်းပေါ့"

"အင်ဂျင်နီယာဆိုတာ ဘာလဲမသိဘူး၊ ဒါပေမယ့် ဆရာဝန် မလုပ်ရရင် ဘာဖြစ်ဖြစ် လုပ်မယ်လို့ ဖေဖေ့ကိုပြောလိုက်တယ်"

"ဦးဦးစိုးက မောင်လေးကို သိပ်ချစ်တာပဲနော်"

"ရှင်းကလည်း ဖေဖေရယ်၊ အစ်ကိုထွန်းရယ်ကို ချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကလည်း ရှင်းကို သိပ်ချစ်ကြတာပဲ"

"မမထားနဲ့ ဟိုမိန်းမကြီးကို မုန်းတယ်"

"ထားထားက မောင်လေးရဲ့ အစ်မပဲလေ"

"သူက အစ်မပေမယ့် သူကမှ မကောင်းတာ၊ အစ်ကို
လို ရှင်းကိုချစ်ရင် ရှင်းကလည်း ပြန်ချစ်မှာပေါ့"

"ကဲ. . . မမဝေ ကျတော့ကော"

"ချစ်လိုက်တာမှ တအားပဲ"

"ဟေး. . . ဒါမှ တို့မောင်လေးကွ"

ဆောင်းနှင်းဝေဝေက ရှင်းသန့်စင်ကို ပေါင်ပေါ်ဆွဲတင်
ပိုက်ဖက်ထားလိုက်မိသည်။

လူကြီးတွေ ဖြစ်လာချိန်မှာ 'ငါးနှစ်' ဆိုသော အသ
သည် သိပ်ပြီး အကွာခြားကြီး မဟုတ်လှသော်လည်း ယ
ရှင်းက ဘောင်းဘီတိုနှင့် ဆောင်းနှင်းဝေဝေက အပျိုစင်ဘ
အရွယ်များမို့ ဘဝနှစ်ခုစာ ကွဲပြားခြားနားနေသည်။

"အိမ်က မမထားကို မချစ်ဘူး၊ ဒီက မမဝေ
ချစ်တယ်"

"မမဝေကလည်း မောင်လေးရှင်းကို သိပ်ချစ်တ
သိလား"

ပေါင်ပေါ်မှာ ထိုင်နေသော ရှင်း၏ခေါင်းနှင့် ဆောင်
ဝေဝေ၏ မျက်နှာက သိပ်မကွာလှ။

ခေါင်းငုံ့၍ နမ်းချလိုက်တော့ ရှင်းသန့်စင်၏ လည်
သားလေးကို နမ်းရှိုက်မိသည်။



"ရှင်းက ဖေဖေ့ကို ပြောတယ်။ သား မမဝေတို့အိမ်မှာ
နေမယ်လို့"

"ဒီတော့ ဦးဦးစိုးက ဘာပြောလဲ"

"ဘယ်ဖြစ်မလဲ သားရယ်တဲ့"

"ဘာဖြစ်လို့တဲ့လဲ"

"မသိဘူး"

"ဟုတ်တာပေါ့လေ၊ မမဝေတို့နဲ့က ဆွေမျိုးမှ မတော်
ပဲ"

"ဆွေမျိုးတော်တိုင်းလည်း ချစ်စရာမကောင်းပါဘူးဗျာ"

"ဟင်. . ."

"အိမ်က မမထား ကြည့်ပါလား။ မျက်နှာက စူပုပ်လို့"

ရှင်းသန့်စင်၏ ပြောပုံလေးကို သဘောကျ၍ ရယ်မိ
ည်။

ဟိုဘက်ခြံ မိသားစုမှာ နှစ်ဂိုဏ်းကွဲနေကြသည်။

ဦးအောင်ကျော်စိုး၊ ထွန်းထိပ်စိုးနှင့် ရှင်းသန့်စင်တို့က
ဂိုဏ်း။

ဒေါ်တင်တင်စောနှင့် ထိပ်ထားစိုးတို့က တစ်ဂိုဏ်း။

"ကဲ. . . ဘေးမှာထိုင်တော့၊ မောင်လေးက ထွားလာ
တော့ မမဝေ ပေါင်ပေါ်တင်ထားရတာ နာလာပြီ"

ရှင်းသန့်စင်က ဖျတ်ဆို ဘေးဆင်းထိုင်ပြီး. . .

"မမဝေရော ကြီးလာရင် အစ်ကိုထွန်းလို ဆရာဝန်
ပ်မှာလား"

www.burmeseclassic.com

www.burmeseclassic.com



"မမဝေက အစ်ကိုထွဋ်လိုမှ ဉာဏ်မကောင်းတာ၊ ဆေး ကျောင်းတက်ဖို့ အမှတ်မီမှာ မဟုတ်ပါဘူး"

"ရှင်းလည်း ဆရာဝန်မလုပ်ဘူး"

"သိပါတယ်၊ သူများတွေကို အပ်နဲ့ထိုးရမှာ သနားလို့ဆို"

"ဟုတ်တယ် မမဝေရဲ့"

"ရှင်းကိုမေးမလို့ မေ့မေ့သွားလို့"

"ဘာလဲဟင်"

"လူတွေအားလုံးက မမဝေကို နှင်းဝေလို့ ခေါ်ကြတယ်၊ မမဝေကလည်း နှင်းဝေဆိုတာကိုပဲ သဘောကျပြီး နာမည် ထည့်ပြောလေ့ရှိတယ်။ မောင်လေးကကျတော့ ဘာဖြစ်လို့ မမဝေလို့ ခေါ်တာလဲ"

"မသိဘူး၊ ငယ်ငယ်တုန်းကတော့ မမနှင်းဝေလို့ ခေါ်ရ တာ ခက်လို့ နေမှာပေါ့၊ ခုတော့လည်း ဘယ်သူမှ မခေါ်တဲ့ နာမည်ခေါ်ရတာ ပိုကောင်းတယ်နော် မမဝေ"

ဆောင်းနှင်းဝေဝေတို့ နှစ်ယောက်အနီးသို့ အဘွား ခေါ်နှင်းခင် ရောက်လာပြီး. . .

"လာ. . . မြေးတို့၊ အိမ်ထဲဝင် စကားပြောကြ"

"ဘာဖြစ်လို့လဲဘွား"

ဘွားထံမှ အဖြေမရခင်. . .

"ရှင်းက ဒီနေရာမှာပျော်လို့ပါ ဘွားရဲ့"

"အဲဒီမှာဆိုတော့ ဟိုဘက်ခြံက လှမ်းမြင်ရတယ်လေ အဘွားတို့အိမ်က ရှင်းသန့်စင်ကို အရေးတယူရှိနေကြတာကို



ဆောင်းတင်စောက မကြိုက်ဘူး၊ ဟိုနေ့ကလည်း စောင်းမြောင်း ပြောနေတာ ဘွားနားနဲ့ ဆတ်ဆတ်ကြားရတယ်။ လာကြ ကလေးတို့"

ဆောင်းနှင်းဝေဝေတို့နှစ်ယောက် နောက်ကလိုက်လာ ခြင်း. . .

"ဘယ်လိုပြောလို့လဲ ဘွား"

"အောက်တန်းစားအချင်းချင်း ပေါင်းလို့ရမှာပေါ့၊ ဘာညာ ပေါ့တွယ်၊ သမီးနဲ့သမက်တို့ မကြားတာ တော်သေးတယ်"

ဆောင်းနှင်းဝေဝေလည်း ခံပြင်းမိပါသည်။ သို့သော်လည်း ကိုကိုထွဋ်နှင့် မောင်လေးရှင်းတို့အတွက် ဟိုဘက်အိမ် သည် ဘက်အိမ်ကူးသော လမ်းလေး ထာဝရပွင့်နေစေရန် သည်းခံ မည်ဟု နားလည်ထားပါသည်။

ထိုနေ့က ရှင်းသန့်စင်နှင့်အတူ ထမင်းစားဖြစ်ကြသည်။ သည်ကလေးက သည်အိမ်မှာ ပျော်သည်၊ ဆောင်းနှင်း ဝေကလည်း ရှင်းကလေးလာလျှင် ပျော်ပါသည်။

"ရှဉ့်ကလေး စားနော်"

ဟု နောက်လိုက်လျှင် သစ်ပင်ပေါ်မှ ရှဉ့်ပါးစပ်ကလေးလို ပုံအောင် နှုတ်ခမ်းကိုစု သွားကိုခေါ်ထုတ်ပြီး ဆောင်းနှင်းဝေဝေ ဘက်မောင်းကို ရှဉ့်ကိုက်ဟန်ကလေး လုပ်ပြတတ်သော မောင်လေး ရှင်းသန့်စင်ရယ်လေ။

သည်သို့ဖြင့်. . .

ကိုကိုထွဋ်၊ ဆောင်းနှင်းဝေဝေနှင့် ရှင်းသန့်စင်တို့ သည်းလုံး

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်စွာ နေလာခဲ့ကြပြီး ဆောင်းနှင်းဝေဝေ ဆယ်တန်း စာမေးပွဲကြီး ဖြေခါနီးမှာ. . .

"ဦးအောင်ကျော်စိုး လေဖြတ်သွားလို့တဲ့"

"ဆေးရုံတင်လိုက်ပြီ"

"လုံးဝ သတိမရတော့ဘူး"

"ဦးနှောက်ကြော ပြတ်သွားပြီ"

ဆိုသော သတင်းစကားများ ဆက်ကာဆင့်ကာ ကြားရပြီး သည့်နောက်မှာ. . .

သာမန် ဖခင်တစ်ယောက်ထက်ပို၍ ကြီးမားသော မေတ္တာ၊ ကရုဏာများဖြင့် ခပ်သိမ်းသော အခက်အခဲများကို ရှင်းသန့်စင်အတွက် အကာအကွယ်ပေးခဲ့သော ဦးအောင် ကျော်စိုးသည်. . .

သူ့သားလေးအား စိတ်မချနိုင်သေးပါဘဲနှင့် ဤလူ့ရွာ လျှင်လျှင်မြန်မြန်ကြီး ထွက်သွားခဲ့ရရှာလေပြီ။

◆ ◆ ◆



"ဟင်း. . . လူသနားမလားလို့ ငိုပြနေသေးတယ်"

"အဲဒီဖြူဟ်ဆိုး မိစ္ဆာဆိုးလေးကြောင့် ကိုစိုး အစောကြီး သွားရတာ"

ညှော်ပရိသတ်များ ရှိနေစဉ်မှာပင် ကလေးကိုကြည့်ပြီး ပြောနေသော ဒေါ်တင်တင်စော။

"ကျိန်စာ ဝလေ. . . မောင်လှလေ ဆိုတာမျိုးပဲ၊ အားလုံး နဲ့ အမုန်းတွေ ခံယူလေ. . . အသက်ရှည်လေပဲ၊ သေစေချင်တဲ့ ကောင်က မသေဘဲ ငါ့အဖေကျမှ လာသေတယ်"

"တော်တော့. . . ထားထား"

ဒေါ်တင်တင်စောကပင် ထိပ်ထားစိုးကို ပြန်ဟန့်လိုက်ရ သည်။

"လာ. . . မောင်လေး"

လေသံတိုးလေးနှင့် ခေါ်လာခဲ့တော့လည်း အကင်းပါးစွာ ဆောင်းနှင်းဝေဝေ၏နောက်မှ လိုက်ပါလာသည်။

"မမဝေ"

"ဘာလဲ မောင်လေး"

"ဖေဖေ မရှိတော့ဘဲ ဒီမိန်းမကြီးနဲ့ ရှင်း ဘယ်လိုလုပ် နေရမှာလဲဗျာ"

အသက် ဆယ့်တစ်နှစ်ရှယ် ငါးတန်းရောက်နေပြီမို့ သိနား သည်စွာဖြင့် အားငယ်စကားကို ဆိုရှာသည်။

ကိုကိုထွဋ်ကို ခြံထောင့်မှ ပုန်းညက်ပင်အောက်မှာ တွေ့ရ ခဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ကျော်စိုး၏ ဈာပန ပြေကျပြီးရုံမက ရက်လည်ပြီးသည့်တိုင် ဧည့်သည်က ကြိုးကြားလာနေဆဲ။

စာမေးပွဲရှိနေသော ထွဋ်ထိပ်စိုးက ခြံထဲမှာ စာထွက်ကျက်နေသည်။

ဆေးကျောင်းဆိုသည်က စာမေးပွဲကလည်း မပြတ်လပ်၊ စာကိုလည်း ဦးနှောက်ပျက်မတတ် 'အသားကုန်' ကျက်နိုင်မှလေ။

"ကိုကိုထွဋ်"

"ဟင်. . . ညီလေးနဲ့ နှင်းဝေဝေ"

စာအုပ်ပိတ်၍ လှမ်းကြည့်လိုက်ပြီး. . .

"ညီလေးက ငိုလို့ပါလား"

"ဟင်. . . ညီမလေးကလည်း မျက်ရည်တွေနဲ့၊ ဘာဖြစ်လာကြလို့လဲ"

"ဘာမှမဖြစ်ပါဘူး ကိုကို၊ ဦးဦးစိုးအတွက် ဝမ်းနည်းလို့ပါ"

"ကိုကို ဆရာဝန်မဖြစ်ခင် ဒက်ဒီ သေသွားရတဲ့အတွက် ကိုကိုလည်း ကြေကွဲလို့မဆုံးပါဘူးလေ၊ ဒါပေမယ့် တို့ ဘာတတ်နိုင်ကြမှာလဲကွယ်"

ကြေကွဲမှုကို တည်ငြိမ်စွာ ထိန်းထားနိုင်စွမ်းရှိပြီဖြစ်သော ထွဋ်ထိပ်စိုးက တစ်နေရာတည်းသို့ စိုက်ကြည့်နေ၏။

"ညီမလေး တစ်ခုပြောပါရစေ ကိုကို"

"ပြောလေ နှင်းဝေဝေ"



"ဦးဦးစိုးမရှိတဲ့နောက်မှာ ရှင်းကို ကိုကိုက ပိုပြီး ကြည့်ပေး…နော်"

"ဟင်"

"အန်တီစောနဲ့ မမထားက ရှင်းကို သိပ်မုန်းကြတာ ကိုကို"

"သူ့ရှေ့မှာ မပြောနဲ့လေ နှင်းဝေဝေ"

"ဖုံးကွယ်နေစရာမလိုပါဘူး ကိုကိုရယ်၊ ခုပဲ လူတွေရှေ့မှာ…လေးကို ပြောလိုက်တာ"

"ဘာပြောလို့လဲ"

"လူသနားမလားလို့ ငိုပြနေတာတဲ့ အန်တီစောက…ပြောတာ။ မမထားကလည်း သေစေချင်တဲ့ကောင်က မသေဘဲ…အဖေကျမှ လာသေတယ်တဲ့"

"ခက်တယ်၊ မာမီကြောင့် ခက်တယ်၊ အင်း. . . မိထားက…မိုက်သေးတယ်"

"နှင်းဝေတို့က တခြားမိသားစုဆိုတော့ ရှင်းကိစ္စကို ဘာမှ…ပြောလို့မရဘူးလေ၊ ကိုကိုကတော့ တာဝန်ရှိတဲ့အစ်ကိုမို့…လေးကို ဂရုစိုက်ပါ ကိုကိုရယ်"

"သြော်. . . ညီမလေးရယ် ဂရုစိုက်မှာပေါ့၊ ဒါက ကိုကို့…လေးပဲဟာ၊ ပြီးတော့ ဒက်ဒီကလည်း ညီလေးကိုကြည့်ဖို့၊ …ဖို့၊ ဂရုစိုက်ဖို့ အမြဲလိုပြောခဲ့ရှာတာပါ"

"ကိုကို့နားမှာပဲ ရှင်းကို ထားပါနော် ကိုကို"

"အေးပါ"

www.burmeseclassic.com

www.burmeseclassic.com



စကားဝိုင်းတွင်းမှာ တစ်ခွန်းမှ ဝင်မပြောပါဘဲနှင့် ငုတ်တုတ်ကလေးထိုင်ကာ အသံမထွက်အောင် ကျိတ်၍ ရှိုက်ငို နေရှာသော မောင်လေးရှင်းသန့်စင်ရယ်လေ။

ဒေါ်တင်တင်စောတို့ထံမှ အမုန်းအပူစီးကြောင်းများ စီးမျှောမလာနိုင်အောင် ရှင်းသန့်စင်၏ရှေ့မှ မေတ္တာရင်ဖြင့် ပိတ်ဆို့ ဆီးကာထားလေ့ရှိသော ဦးအောင်ကျော်စိုး မရှိတော့ သည့်နောက်မှာ. . .

ရှင်းသန့်စင်၏ ဘဝလေးသည် အေးငြိမ်းချမ်းသာသော ပျော်ရွှင်စရာများ အားလုံးပျောက်ဆုံး လွင့်ပြယ်ကုန်ပြီဟု သိခွင့် လေလေ. . .

ဆောင်းနှင်းဝေဝေ၏ ရင်မှာ မောင်လေးရှင်းကို အတိုင်း မသိ သနားရလေလေပင်။

◆ ◆ ◆

အခန်း ။ ၁၅ ။

သည်အတွင်းမှာ ဘွားဘွားဒေါ်နှင်းခင် ဆုံးသည်။

စိတ်ပုတီးစိပ်နေရင်း 'မူးတယ်၊ မူးတယ်' ဟု ဆိုကာ အိပ်ယာထဲ အသာလေး လှဲချပြီးသည်နှင့် ညင်သာစွာ ဝိညာဉ် ချုပ်သွားရှာသော တရားရှင် ဒေါ်နှင်းခင်။

လူ့သက်တမ်းတစ်လျှောက်အတွင်းမှာ စိတ်ကြမ်း ကိုယ်ကြမ်းနှင့် လူတစ်ဖက်သားကို အကောင်းမြင်ဝါဒ မရှိသော သူများ၊ ဒေါသနှင့် လောဘတို့ ထာဝရ ကပ်ငြိသူများ၊ ဘုရား တရားကို ကောင်းစွာ ဆည်းကပ်လေ့ မရှိသူများသည်. . .

များသောအားဖြင့် သေခါနီး အချိန်ကာလအတွင်းမှာ ရောဂါဒဏ်ကို ပင်ပန်းဆင်းရဲစွာ ခံစားရလေ့ရှိပြီး အသက် ထွက်လျှင်လည်း မညင်သာတတ်။

လူ့ဘဝတစ်လျှောက်လုံးမှာ သူတစ်ပါးအပေါ် ကောက် ကျစ်ခြင်း ကင်းစွာဖြင့် စိတ်ကောင်းစေတနာရှိသူ သရဏဂုံ

www.burmeseclassic.com

www.burmeseclassic.com



တည်သူ၊ စိတ်ထားနူးညံ့သိမ်မွေ့သူတို့သည် များသောအ
ဖြင့်. . .

ယခု ဒေါ်နှင်းခင်လို ညင်သာသိမ်မွေ့စွာ လူ့ဘဝ
ထွက်ခွာသွားတတ်ကြပါသည်။

ဒေါ်အေးမြင့်ရီသည် သူ့မိခင်ကြီး ကွယ်လွန်ပြီးချိန်မှ စ
နေ့စဉ် ဘုရားရှိခိုးပြီးတိုင်း အမျှပေးဝေလေ့ရှိသည်။

သားသမီးဝတ္တရားငါးပါးမှာ မိဘမကွယ်လွန်မီ သုံးပါးသ
ဆောင်ရွက်ရသည်။ ကွယ်လွန်ပြီးချိန်မှာ 'လှူမျှဝေ၍၊ စောင့်ေ
မျိုးနွယ်'ဆိုသော ဝတ္တရားနှစ်ပါးကို ဆောင်ရွက်ရသည်လေ၊

"ညီမလေး အမှတ်စာရင်း သိရပြီဆို"

"ဟော. . . ကိုကို"

"တယ်လောက်ရလဲ၊ ကြိုတင်သိထားတဲ့အတိုင်းပဲလာ

"ဒီအတိုင်းပါပဲ၊ အမှတ်ကလည်း နည်းလိုက်တာ ကိုကို
စာတော်ချင်လိုက်တာ"

"မိန်းကလေးပဲကွာ ဘာဖြစ်လဲ၊ ပြောစမ်းပါဦး အမှ
ဘယ်လောက်ရလဲ၊ ဘယ်မေဂျာဝင်မှာလဲ"

"လော(Law)တော့ ရမယ်၊ လျှောက်ရကောင်းမလား

"ဥပဒေပညာကို ဝါသနာပါလို့လား၊ ရှေ့နေလုပ်စားမ
လား"

"အခု 'လော'တက်နေသူ ထက်ဝက်လောက်ဟာ ဝါသ
ပါလို့ မဟုတ်ဘဲ မီရာအမှတ်ကြောင့် အဲဒီဘာသာကို ယူ
သွားကြတာပါ ကိုကို"



"နှင်းဝေဝေကကော"

"နှင်းဝေလည်း အမှတ်တစ်ဦးစားပေး လျှောက်လိုက်မယ်
လေ၊ ရရင်လည်း လောပဲ တက်တော့မယ်"

"ဥပဒေပညာဆိုတာကတော့ အဖိုးတန်ပါတယ်၊ ဒါပေ
မယ့် အဲဒီပညာသင်ထားပြီး ဒီပညာနဲ့ လုပ်စားခွင့်မရတဲ့လူတွေ
အများကြီးပဲ"

"ကိုကိုထွင်ရှ"

"ဟင်"

"ညီမလေးလည်း ရှေ့နေလုပ်စားမယ်ဆိုတဲ့ ရည်ရွယ်ချက်
ကြီးကြီးမားမား မရှိပါဘူး၊ မီရာအမှတ်အတိုင်း ယူမယ့်သဘော
ပါပဲ၊ အောင်ပြီးသွားလို့ လုပ်စားဖို့ဖြစ်လာရင်လည်း လုပ်ရမှာပဲ
ပေါ့ ကိုကိုရယ်"

"အေးပေါ့. . . မိန်ကလေးကတော့ သိပ်မလိုလှပါဘူး၊
ည်းစားထားရင်သာ ကြည့်ထားပေါ့"

"ဘာ"

"အကောင်းပြောတာ၊ ငွေထောမယ့်သူမျိုး ကြည့်ထားပေါ့
ဘာ၊ သူဌေးကတော်ဖြစ်ရင် ဘွဲ့တစ်လုံးပိုက်ပြီး အခန့်သား
ိုင်စားနိုင်တာပေါ့"

"ကိုကိုနော်၊ နှင်းဝေကို ငွေမက်တဲ့မိန်းလေးမှတ်လို့လား"

"ဟ. . . ငွေမက်တာ မမက်တာတွေ ထည့်ပြောရာ
လို့ဘူးလေ၊ မိန်းကလေးဆိုတာ ရည်းစားထားကတည်းက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မှီခိုအားကိုးလို့ ရနိုင်မလားဆိုတာ အရင်ကြည့်၊ ဘဝအာ
ချက် မရှိရင် ဘာလုပ်မလဲ"

"မောင့်မှာ အချစ်ကလွဲလို့ ကျန်တာ သုညပါကွ
ဒီအချစ်တွေနဲ့ မောင်တို့နှစ်ယောက်ရဲ့ဘဝကို တည်ဆောက်
မယ်နော်. . . လို့ ပြောလာတဲ့ကောင်မျိုးဆိုရင် သွားပြီ"

"ဟာ. . . ကိုကိုကလည်း"

"တကယ်ပြောတာ၊ ချစ်တာတစ်ခုတည်းနဲ့ ဘာမှလုပ်
ဘူးလေ။ အိမ်ထောင်ထူပြီးတဲ့အခါမှာ အဲဒီ ဘာမှလုပ်မရ
ရန်ဖြစ်ကြရော၊ အချစ်တွေလည်း ဘယ်ရောက်ကုန်မှန်း
အောင် ဖြစ်တတ်တယ်"

"ကိုကို"

"ဟေ"

"ကိုကို့ကို ဘယ်သူက အိမ်ထောင်ရေးတရား ဟော
နေလို့လည်း အခုမှ တက္ကသိုလ် စ,တက်မယ့် ညီမတစ်ယောက်
ဒီလောက်အထိ ဆုံးမဖို့ အချိန်မရောက်သေးဘူးသိလား"

"ဘယ့်နှယ် မရောက်ရမှာလဲ နှင်းဝေဝေ၊ နင်က သိ
တော့ ဝိုင်းကြိုက်ကြမှာ၊ ရွေးကြိုက်ဖို့ ကြိုပြောထား
နားလည်လား"

"နားမလည်ဘူး၊ လာကြိုက်တဲ့သူရှိရင် အကုန်
ပြန်ကြိုက်ပစ်လိုက်မှာပဲ"

"ဟာ"



"အားလုံးနဲ့ ကြိုက်ကြည့်မှ ရွေးလို့ရမှာပေါ့ ကိုကိုရဲ့၊
ည်းစားတွေ တန်းစီပြီး ထားပစ်မယ်"

"ထား. . . ထား၊ တစ်ကျောင်းလုံးကကောင်တွေ နှင့်
ည်းစား ဖြစ်အောင်ထား"

"ထားမယ်"

"တောက်. . . အစ်ကိုလုပ်သူက စိတ်ပူလို့ ပြောလို့ပြော
မှန်းမသိ၊ ကြိုသတိပေးလို့ ပေးမှန်းမသိတဲ့ ညီမ"

စကားမဆုံးခင် ဝုန်းဆိုထပြီး ဆက်ပြောရင်းက တကယ်
တ်သွားသဖြင့်. . .

"ဟောတော့. . . ကိုကိုထွဋ်ကြီးက တကယ်စိတ်ဆိုးသွား
ာကို၊ ပြဿနာပဲ"

ထွဋ်ထိပ်စိုး စိတ်ဆိုးမာန်ဆိုးနှင့် ဟိုဘက်ခြံသို့ ပြန်ထွက်
ားတော့လည်း နှင်းဝေဝေမှာ ကြောက်ရွံ့အားနာစိတ်နှင့်အတူ
ယ်ချင်ဟားချင်စိတ်တို့ပါ ရောထွေးခံစားနေရသည်။

"မမနဲ့ အစ်ကိုထွဋ် ဘာဖြစ်ကြတာလဲဟင်"

"ဩော်. . . ရှင်း"

"ဘာဖြစ်ကြတာလဲ"

"ဘာမှဖြစ်တာမဟုတ်ပါဘူး မောင်လေးရဲ့၊ မမဝေ
တက္ကသိုလ် တက်ရတော့မယ်လေ၊ အဲဒါကို သူက စိတ်ပူလို့တဲ့"

"ဘာကို စိတ်ပူတာလဲ"

"မမဝေ ရည်းစားမထားနဲ့တဲ့"

"ဟုတ်တယ်ဗျ၊ မထားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . လာပြန်ပြီတစ်ယောက်"

"တကယ်ပြောတာ၊ အိမ်က မမထား ရည်းစားထားလို့ ဟိုမိန်းမကြီးက ကျိတ်ပြီးဆူလိုက်၊ ငိုလိုက်၊ ရိုက်လိုက်လုပ်နေတာ

"တကယ် ထိပ်ထားစိုး ရည်းစားထားတယ် ဟုတ်လား

"ဟုတ်တယ်"

"ဘယ်သူနဲ့တဲ့လဲ"

"မသိပါဘူးဗျာ၊ ကိုယ်နဲ့ အဆင့်အတန်းမတူတဲ့ လူ မှန်းချင်ဦးတဲ့၊ ခွေးဖြစ်မယ့်မိန်းမတဲ့"

"အန်တီစောကတော့ မမထား ဘယ်လိုလူမျိုးနဲ့ ကြို ကြိုက် သဘောတူမှာမဟုတ်ပါဘူး"

"မမထားကလည်း မကောင်းဘူး"

"ဟင်"

"သူ့အမေကို အမြဲ မောက်မောက်မာမာ ပြန်ပြောတယ်

"သူ့အမေက သိပ်'မြှောက်'ထားတာကို၊ သိပ်မြှောက် ထား အလိုလိုက်ခံရတဲ့ သူတွေဟာ လူကြီးမိဘကို ကြောက်ရကော မှန်း၊ ရိုသေရကောင်းမှန်း မသိတော့ဘူး"

"မမဝေဆိုရင် အန်တီအေးကို သိပ်ရိုသေတာပဲနော်"

"မေမေကလည်း ရိုသေအောင် နေတယ်လေ၊ ပြီးတော လူကြီးမိဘကို ပြန်မပြောရဘူး၊ ဆူရင်လည်း ခံရမယ်၊ ကို အမှားကို ကိုယ်မြင်ရင် ထပ်ပြီး အဆူမခံရတော့ဘူးလို့လည်း သင်ကြားထားတယ်လေ၊ ဘွားဘွားဒေါ်နှင်းခင် ရှိတုန်းကဆို



လောကမှာ နေနည်းထိုင်နည်းရော ဘုရားစာ တရားစာပါ င်ပေးတာ"

"ဒါကြောင့် မမဝေက သိပ်သိမ်မွေ့ယဉ်ကျေးတာပဲ၊ ပြီးတော့ မမဝေတို့အိမ်ဟာ အမြဲငြိမ်းချမ်းနေတာပဲနော်"

"အေးကွယ်၊ မောင်လေးလည်း မမဝေတို့ရဲ့ မောင်လေး အရင်း ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲနော်"

"မမဝေ"

"ဟင်"

"ရှင်းနေရာကနေပြီး မမဝေတို့ဘက်ကို လှမ်းကြည့်လိုက် င်လေ ငရဲကနေ နတ်ဘုံနတ်နန်းကို လှမ်းကြည့်ရသလိုမျိုး မှာပဲနော်"

"အဲဒီလောက်ကြီးတော့လည်း မကွာပါဘူး ရှင်းရယ်"

"ဒီထက်မက ကွာပါတယ်၊ လှမ်းမြင်နေရတဲ့ နတ်ဘုံကို လာချင်ဘဲ ရှိပါ့မလား၊ ရှင်းလေ မမဝေရဲ့မောင်လေးလည်း ချင်တယ်၊ မမဝေနဲ့လည်း အတူနေချင်တယ်ဗျာ"

"မောင်လေးရယ်"

ရှင်းသန့်စင်ကို လှမ်းဖက်ရင်း ပခုံးစွန်းလေးကို ဆုပ်ညှစ် ထားလိုက်မိသည်။

ထိုအချိန်က. . .

ဆောင်းနှင်းဝေဝေသည် အပျိုစင်ဘဝဖြင့် တက္ကသိုလ် တ်ရတော့မည့်အရွယ် ဖြစ်သော်လည်း. . .

ရှင်းသန့်စင်သည် ခြောက်တန်း ကျောင်းသားအရွယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစိမ်းဘောင်းဘီတိုလေးနှင့် တကယ့်ကလေးလေး။

သူတို့နှစ်ဦးသည် တစ်ဦးအပေါ် တစ်ဦး မြဲမြံခိုင်မာသော သံယောဇဉ်များဖြင့် တင်းကျပ်စွာ ရစ်ပတ်ထားပြီး နှလုံးသား၏ အနက်ရှိုင်းဆုံးနေရာမှ ချစ်ခင်တွယ်တာလျက်. .

အားကိုးခြင်း၊ သနားခြင်း စသော အပြန်အလှန် ပေးဆက်ရယူခြင်းများဖြင့် ပြည့်စုံစွာ ချစ်ခင်တွယ်တာနေမိ သည်။

သူတို့နှစ်ဦး၏ မေတ္တာတရားသည် ကြီးမားမွန်မြတ်ခြင်း နှင့်အတူ သွေးသားရင်းချာစိတ်မျိုးဖြင့် တကယ့်ကို အဖြူရော လွင်လွင် စစ်စစ်ဖြင့်သာ။

◆ ◆ ◆

"ကိုကို"

"ဟေ"

"နှင်းဝေတို့ရဲ့ ဥပဒေပညာကလည်း အတော့်ကို စိတ်ဝင် စားစရာကောင်းတာပဲ"

"အထင်မကြီးဘူး"

"ကိုကိုနော်"

"သူများအမှုဖြစ်မှ ထမင်းစားရမယ့် ရှေ့နေပညာကြီး ပါကွာ"



"သူများ သွေးထွက်သံယိုဖြစ်မှ၊ နာမကျန်းဖြစ်မှ၊ သေခါနီး ...တုသရ ရတဲ့ပညာက ပိုမဆိုးဘူးလား၊ အဲဒီလို ရောဂါသည်တွေဆီက ရတဲ့ ပိုက်ဆံမျိုး မလိုချင်ပေါင်"

"အပူသည်အမှုသည်တွေဆီက ရတဲ့ ပိုက်ဆံမျိုး မလိုချင် ပေါင်"

"လိုချင်လို့လည်း မရပါဘူး၊ နှင်းဝေ ရှေ့နေမလေးဖြစ်ပြီး ...င်ငွေကောင်းမှ လာမဖွားနဲ့"

"အေး. . . နင်ယောကျ်ားရပြီး ကလေးနေမကောင်းရင် ...လည်း ငါ့ဆီလာမပြနဲ့"

"ဝေးသေး"

"ရှေ့နေမဆိုတာ မဟုတ်တာတွေ ပြောရတာ"

"ကိုကိုနော်"

"လျှာတစ်ချောင်းရင်းပြီး ထမင်းစားရတဲ့ အလုပ်ကြီး ...ကွာ"

"ဒီမှာ ကိုကို"

"ဆို"

"ဥပဒေဆိုတာ လူသားတွေနဲ့ အတူတွဲပြီး ရှိကိုရှိနေသင့် ...တယ်၊ အဲဒီလို ဥပဒေသာမရှိရင် လူတွေအားလုံး မတရားမှုနဲ့ ...နိုင်ယူကြ၊ အနိုင်ယူ ခံကြရနဲ့ ဖြစ်ကုန်ကြမှာပေါ့၊ ဒီလိုလုပ်ရင် ...ခံရမယ်ဆိုတဲ့ 'စံ'ရှိရမယ်။ သတ်မှတ်ချက် ရှိရမယ်၊ ဒါမှ ...သားအားလုံး မတရားမှုကို ရှောင်ကြမှာ၊ မရှောင်လို့ ဥပဒေမဲ့ ...ရင်လည်း သတ်မှတ်ပြဋ္ဌာန်းအတိုင်း ကျခံရမှာပဲ။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လူသားတွေအတွက် အလိုအပ်ဆုံးအရာမှာ 'ဥပဒေ'ပဲ၊ ဒီဥပ
ကို ကိုင်တွယ်ကိုးကား လူသားတွေအတွက် ကူညီဆော
ရွက်ပေးနိုင်တဲ့ နှင်းဝေတို့လို ဥပဒေပညာရှင်တွေဟာ ကိုကိုတို့
ဆရာဝန်တွေထက် ပိုပြီး အရေးကြီးတယ်၊ ပိုပြီး လိုအပ်တ

"ဆရာဝန်ဆိုတာလည်း လူသားတွေအတွက် အလိုအ
ဆုံး လူသားပဲ၊ ဘယ်သူမှ အသက်နဲ့အမျှ မကျန်းမာကြ
ဒါကြောင့် ဆရာဝန်ဆိုတာ မရှိမဖြစ် လိုအပ်တဲ့ လူသား
အတွက် လူသား. . ."

"ဒါဖြင့် ပုဂံခေတ်က ဘယ်မှာလဲ ဆရာဝန်၊ ကျန်းမာလို
ကြတာမှ ဒေါင်ဒေါင်မြည်လို့၊ ထုထည်ကြီးမားတဲ့ ဘုရား
တည်ထားလိုက်ကြတာ လက်ညှိုးထိုးမလွဲဘူး၊ ရှေးမြန်မာ
ဆိုလည်း မြန်မာသမားတော်တွေနဲ့ ကုတာ အသက်တစ်ရ
ကိုးဆယ်အထိ နေသွားကြရသူတွေမှ အများကြီး"

"ဖြစ်ပြီ. . . ဒီလောက်ဆို ဖြစ်ပြီ"

"ဘာဖြစ်တာလဲ"

"ရှေ့နေမလေးလေး"

"ဘာဆိုင်လဲ"

"အခုလို ကတ်ကတ်လန်အောင် ပြန်ပြောတတ်တာ
ပြောတာ"

"ကိုကိုနော်. . . သူများကို ဘယ်အကွက် ဖမ်းထောက်
မလဲဘဲ ကြည့်ပြီး ရှုတ်ချနေ"

"ညီမလေး"



"မခေါ်နဲ့"

"ဟ. . . အကောင်းပြောမလို့၊ ဒီမှာကြည့်စမ်း"

မျက်နှာထားကို မရွှေ့ဘဲ မျက်လုံးကိုသာ စွေပြီး ကြည့်
သည်။

"ကိုကိုက အလကားစတာပါကွာ၊ ဥပဒေဆိုတာ လူသား
အတွက် အရေးပါ အရာရောက်ဆုံး စည်းကမ်းသတ်မှတ်
ပဲ၊ ဥပဒေဆိုတာသာ ဒီလောကမှာ မရှိခဲ့ရင် လူသားတွေရဲ့
ဉ်ကျေးမှုလည်း ပျောက်ဆုံးတော့မယ်၊ လူလူချင်းလည်း
ယ်ခန္ဓာခွန်အားကြီးသူ၊ ငွေကြေးရှိသူ၊ အရှိန်အဝါကြီးသူတို့က
အရာရာကို အနိုင်ယူ ကြီးစိုးနေကြတော့မှာပေါ့၊ လူ့အခွင့်
ရေး ဆိုတာလည်း တန်းတူမရနိုင်ကြတော့ဘူး၊ ဒါကြောင့်
ဒေကို ချိန်ခွင်နဲ့နှိုင်းပြီး လူသားအားလုံး အညီအမျှ အခွင့်
ရေး ရစေရမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ"

"ဒီလောက် သုံးသပ်တတ်ရင် နှင်းဝေတို့လောက်နီးနီး
က်မီလာပြီလို့ ဆိုရမှာပေါ့"

"ခွေးမလေး"

ထွင့်ထိပ်စိုးက ခေါင်းကို အသာပုတ်လိုက်ပြီးမှ. . .

"သက်သက် စကားနိုင်လုနေကြတာပါကွာ၊ ဥပဒေပညာ
ဖိုးတန်သလို တိုးတက်လာတဲ့ ဆေးပညာတွေကြောင့်လည်း
သားတွေရဲ့ အသက်ပေါင်းများစွာကို ကယ်တင်လာနိုင်ကြပါပြီ
လေ"

"ဟုတ်တယ်နော် ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . ဝန်ခံပြီ မဟုတ်လား"

"ကိုကိုနော်၊ ပြေလည်နေပြီဟာကို၊ ဖောက်မလာနဲ့"

"အဟား. . . အလကား စ,တာပါကွာ၊ တော်ကြာ ထမင်း သုပ် မစားရဘဲ နေပါဦးမယ်၊ ကျွေးမယ်ဆို"

"သူများမခံချင်အောင် မပြောဘူးဆိုမှ"

"မပြောပါဘူးဗျာ. . . မပြောတော့ပါဘူး"

"ဒါဖြင့် လာ အိမ်ထဲကို"

ထမင်းစား စားပွဲပေါ်မှာ ထမင်းနီ၊ ပဲကြာဆံ၊ အာလူး ပြုတ်ပြီးသားများနှင့် ပုစွန်ခြောက်မှုန့်၊ ပဲမှုန့်၊ ဆီချက်၊ ငံပြာရည် မန်ကျည်းမှည့်ရည်၊ ငရုတ်သီးမှုန့် စသော ပစ္စည်းများ အ အလင်။

"အဒေါ်ကြီး၊ အစပ်တည့်တည့် သုပ်နော်"

"ဘယ်လောက်ဖိုးလဲ ရှင်"

"ဆယ်ပွဲစားရင် ဘယ်လောက်ကျမှာလဲ"

"ကိုကိုနော်. . . တကယ် လုပ်ချလိုက်မှာ၊ မစားနိုင်ရင် အားလုံး ပြန်လျှော်ရမယ်"

ထွန်းထိပ်စိုး ကြည်နူးချမ်းမြေ့စွာ ရယ်မောလိုက်မိသည်။

"ကိုကိုနော်"ဆိုသော အပြောလေးနှင့်အတူ ပြုံး ကြည့်လေးများကို မြင်ချင်၍ တမင် စ,ဖြစ်သည်။

ကျောင်းစာတွေ မနိုင်မနင်းနှင့် စိတ်တွေ ဘယ်လောက် ယောက်ယက်ခတ်နေ၊ ခတ်နေ ဆောင်းနှင်းဝေဝေဆိုသော



ညည်းညီမလေးနှင့် တွေ့ဆုံငြင်းခုံနေရချိန်များမှာ အလိုလို မ်းမြေ့ပျော်ရွှင်စွာ ကြည်နူးရတတ်မြဲပါ။

"မောင်ထွန်းရေ. . . စားနော် သား၊ မင်းညီမ သုပ်တာ စပ်မှ တည့်ရဲ့လားကွယ်"

"တကယ်ကောင်းတယ် အန်တီအေး၊ ဒါပေမယ့် ကောင်း ယ်လို့ပြောရင် 'မြောက်'သွားမှာစိုးလို့ မဆိုးပါဘူးလို့ပဲ ပြော ားရတယ်"

"ကိုကိုနော်"

သည်တစ်ချီတော့ မျက်စောင်းလှလှလေး မဝဲဘဲလက်သီး ုပ်နှင့် ကျောပြင်ကို ထုလည့်လိုက်တာကို 'အင့်'ခနဲ ခံလိုက်ရ ည်။

"ကိုယ့်ထက်ကြီးတဲ့ အစ်ကိုကို ဒီလိုမလုပ်ရဘူးလေ သမီး ယ်"

"တစ်ချိန်လုံး လိုက်စ,နေတာ မေမေရဲ့"

"မစတော့ပါဘူး၊ နောက်တစ်ပွဲ သုပ်မပေးမှာစိုးလို့"

"ကဲ. . . ကဲ၊ စားကြ. . . စားကြ၊ သမီး ဟင်းခါးမပူရင် ိုးထဲက ထပ်ခပ်ထည့်နော်"

ဒေါ်အေးမြင့်ရီ ထွက်သွားပြီးတော့လည်း အခွင့်သင့်တိုင်း န်းထိပ်စိုးက စ,မြဲ နောက်မြဲပါပင်။

သူတို့နှစ်ယောက်၏ ထမင်းသုပ်ဝိုင်းလေးက စည်စည် ဝေဝေ။

"ကိုကိုပြန်ရင် ရှင်းကို လွှတ်လိုက်ဦးနော်"

www.burmeseclassic.com

www.burmeseclassic.com



"လွှတ်လိုက်မယ်၊ သူကလည်း ညီမလေးတို့ အိမ်ဆိုင် သိပ်ပျော်တာ"

"ရှင်းလေးဟာ တကယ်သနားစရာပါ ကိုကိုရယ်"

◆ ◆ ◆

"မိထား. . . ခွေးဖြစ်မယ့်ကောင်မ၊ မအေက ဘုံခုနစ်ဆ မှာ တင်ထားတာကို မြင့်တယ်ဆိုပြီး ချေးတွင်းထဲ ခုန်ချချင် မိန်းမ"

ဘာမှပြန်မပြောသော်လည်း အခဲမကျေနိုင်သော အပြ ကြီး မျက်ဝန်းနှင့် ထိပ်ထားစိုးက ဒေါ်တင်တင်စောကို 'စောင် ကြည့်နေသည်။

"နင့်အကောင် သောက်သုံးကျတဲ့ နေရာများ ငါ့ လက်ညှိုးထိုးပြစမ်း၊ ဟင်. . . ရှစ်တန်းနဲ့ ကျောင်းထွက် ဂစ်တာတစ်လက်နဲ့ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ ဘာ အလုပ်မရှိတဲ့ကောင်"

"မာမီကလည်း"

"ဘာမာမီတလည်းလဲ၊ မအေက စျေးသည်မ၊ အဖေ မရှိဘူး၊ ရှိတုန်းကလည်း အရက်သမားတဲ့၊ ငါစုံစမ်းပြီးပြီ"

"မာမီနော်၊ သူ့မျိုးမိဘတွေကို ချိုးချိုးဖွဲဖွဲ မပြောပါနဲ့"



"ငါ့ကို ခံမပက်ပါနဲ့၊ ဟုတ်တာပြောတာဟဲ့"

"သူ့မျိုးမိဘ အရက်သောက်တာကျတော့ သွားပြော ယ် ကိုယ့်မိဘ အသုံးမကျတာလည်း ဟိုဘက်က ပြောချင်ကြ ဲ"

"ကြည့်စမ်း ပြောပုံက၊ ကျုပ်တို့က ဘာဖြစ်နေလို့လဲ"

"ဒက်ဒီလေ၊ အခိုင်းအစေမယူပြီး အရှက်ခွဲဖို့ သား စ်ကောင် ထားခဲ့တာကော"

"ဟဲ့"

ဒေါ်တင်တင်စော၏ ဒေါသမြားဦးက ထိပ်ထားစိုးကို ခါနီးခါမှ ရှင်းသန့်စင်ဘက်သို့ လည်ထွက်သွားပြန်သည်။

"တောက်. . . ဒီအမျိုးယုတ်တစ်ကောင်ရှိနေလို့ ငါ့မှာ သားသမီးကတောင် မလေးစားတော့ဘူး၊ ဟင်း. . . စိုး. . . ကိုစိုး၊ ရှင့်ဇာတ် ရှင် ရှင်းမသွားဘဲ ချေးထုပ်ကြီးကို မ်ပေါ်မှာထားခဲ့တယ်တော့"

သမီးဖြစ်သူ မတော်သူနှင့် ရည်းစားထားသည်ကို ဆူနေ ဘာပါလားဟူသော ကိစ္စကို မေ့လျော့စွာဖြင့် သူ့ရင်ထဲမှ အမုန်း စိုင့်အခဲကြီး လှုပ်ခါချလိုက်တော့ ကျလာသော အမုန်းတုံး းက ရှင်းသန့်စင်ကို ထိမှန်ပြီ။

ဆူဆူညံညံအသံများက ကြားနေကျမို့ သူတို့နှင့်ဝေးရာကို င်းသန့်စင်က ရှောင်အထွက်. . .

မိခင်အနီးမှ အဝေးဆုံးသို့ ထွက်ပြေးလာသော ထိပ်ထား းနှင့် ရင်ဆိုင်အတိုးမှာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ကျွန်စော်နံလိုက်တာ၊ တစ်အိမ်လုံးကို ကျွန် နံနေတာပဲ"

ပုပ်သိုးနံ့တစ်ခုကို ရသလို နှာခေါင်းပိတ်၊ မျက်စောင်းခဲ ပြောရင်း ခြေသံပြင်းပြင်းနှင့် နင်း၍ ထွက်သွားသော ထိပ်ထား ကို နားမလည်နိုင်စွာ ကြည့်နေပြီးမှ. . .

'ကျွန်နံ့ နံနေတာပဲ' ဆိုသော စကား၏ အဓိပ္ပာယ် ရှင်းသန့်စင် နားလည်လိုက်ပြီ. . .

အကြောစိုင်များအားလုံး တင်းတောင့်သွားချိန်မှာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ အံကို ကြိတ်လိုက်သည်

မမြင်ဖူးလိုက်ရပေမယ့် ချစ်မိခင်ကို ထိပါးလာသဖြ ခံပြင်းစိတ်က ရင်တွင်းမှာ ရှုန်းကြွလာသည်။

ထွင့်ထိပ်စိုးကလည်း အိမ်မှာမရှိ။ ဤမိန်းမနှစ်ယောက် ယှဉ်ဖြစ်လျှင်လည်း ကိုယ်ပဲ စိစိညက်ညက်ကြေရမည်မို့ ရှင်းသ စင် နည်းနည်းမှမလှုပ်ရဲ။

သူ့လို အခိုင်းအစေမ သားလေးကို ဟိုသားအ နှစ်ယောက်က ခွေးလောက်မှ တကယ့်ကို တန်ဖိုးမထား။

ထွင့်ထိပ်စိုး ရှိမနေလျှင် မွေးထားသောခွေးကို အသာ ဖတ်နှင့် နယ်ကျွေးပြီး သူ့ကို အရိုးတုံး၊ မကောင်းဆုံးဟင်းတုံးနှင့် ကျွေးလေ့ရှိကြသော သားအမိ။

ကိုယ့်ဖခင်သွေး ကိုယ့်မောင်လေးပါလားဟု သက်ညှာ ကြင်နာစွာ တွေးမပေးဘဲ 'ကျွန်'၏ မျိုးဆက်သွေးအဖြစ်နှင့် ရှုံမှ နှိမ့်ချစွာ ဆက်ဆံလေ့ရှိသော ထိပ်ထားစိုး. . .



သမီးကို ပြောမနိုင် ဆိုမနိုင်ဖြစ်နေ၍ ဒေါသတကြီး တ်နေသော ဒေါ်တင်တင်စောကို လုံးဝဂရုမစိုက်ဘဲ သူ့အခန်း မှာ အလှတွေပြင်နေသော ထိပ်ထားစိုး. . .

ချစ်သူနှင့် ချိန်းထားသည်လေ။ တကယ်တော့ ဒေါ်တင် င်စော သိသည်က မုဆိုးမ စျေးသည်မသား၊ ရှစ်တန်း အောင်၊ ဂစ်တာခေါက်သူ သည့်လောက်သာ။

တကယ်တော့ ထိပ်ထားစိုး၏ချစ်သူ 'ကျော်ဇင်'သည် းစွဲစပြုနေသော လူငယ်တစ်ယောက် ဖြစ်ကြောင်းကိုမူ ါ်တင်တင်စောရော ထိပ်ထားစိုးပါ မသိရှိကြ။

အခွဲအနွံ့ကောင်းပြီး တယုတယနေတတ်သော ကျော်ဇင့် ထိပ်ထားစိုး အစွဲကြီး စွဲနေပြီ။

ကျော်ဇင်ကလည်း သူဌေးသမီး ပစ္စည်းအပြည့်နှင့်မို့ သူ့ ဘ်ဒါတွေကပါ မြှောက်ပေးသဖြင့် အပီထည့်၍ အပိုင်ကြံရန် ဖြုတ်ထားသည့်သူ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၆

"မမဒေါ်အေးမြင့်ရီ၊ ကျွန်မကို မှတ်မိလားဟင်"

"ဘယ်သူများပါလိမ့်၊ မြင်ဖူးသလိုလိုတော့ရှိသား"

"ကျွန်မ မခင်မိလေ"

"မခင်မိ"

နာမည်ပြောတော့လည်း ရုပ်နှင့်နာမည်နှင့် မတွဲမိ။ ရင်း[..] သူများထဲတွင်လည်း ဤနာမည်မရှိပါ။

"စိတ်မရှိနဲ့နော်၊ မမှတ်မိဘူးကွယ်"

"ကျွန်မ ဟိုဘက်အိမ်မှာ နေသွားဖူးတယ်လေ"

"ဩော်. . . ဟုတ်လား၊ ဟိုဘက်အိမ်မှာ နေသွားကြ[..] တဲ့ လူတွေကလည်း အများသားမဟုတ်လား"

ဆင်းရဲနွမ်းပါးသော ရုပ်သွင်ကိုကြည့်ပြီး ဒေါ်တင်[..] စော၏ မြောက်မြားလှစွာသော အိမ်ဖော်များထဲမှ တစ်ဦးဖြစ်[..] လိမ့်မည်ဟု သိလိုက်၏။

"ကျွန်မ အိမ်ထဲဝင်ထိုင်ပါရစေ၊ ဟိုဘက်အိမ်[..] အကြောင်းတွေ ကျွန်မပြောစရာရှိလို့ပါ"



"ဒီမှာကွယ်"

ဒေါ်အေးမြင့်ရီက တံခါးဝမှ ကိုယ်ကို တမင်ပိတ်ကာ [..]. . .

"ဟိုဘက်အိမ်ကကိစ္စတွေ မမတို့နဲ့ ဘာမှမကြားပါရစေနဲ့"

"မဟုတ်ပါဘူး၊ ကျွန်မ မခံချင်လွန်းလို့ပါ"

"ဒေါ်တင်တင်စောကို မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မ အမှန်ကို ဖွင့်ပြောချင်လို့ပါ"

"နာမည်က မခင်မိနော်"

"ဟုတ်ပါတယ်"

"ကျေးဇူးပြုပြီး ဟိုဘက်အိမ်ကကိစ္စတွေ ဘာတစ်ခုမှ [..]ပြောပါနဲ့ မခင်မိ"

"ဒုက္ခပါပဲ၊ ဟိုမိန်းမကြီးကလည်း မခင်မိဆိုတဲ့ ကျွန်မ [..]မည်လည်းကြားရော လုံးဝ ထွက်မလာတဲ့အပြင် နောက် [..]ယ်တော့မှ မလာခဲ့ပါနဲ့တဲ့. . . ဟင်း"

ဒေါ်အေးမြင့်ရီက ခြံတံခါးကို ညင်ညင်သာသာဆွဲစေ့ပြီး [..]န့်လန့်ထိုးလိုက်သည်။ ပြီးတော့ ကျောခိုင်း၍ လှည့်အထွက် [..]. . .

"ဒီမှာ. . . ဒီမှာ အစ်မ"

"ခက်တော့တာပဲ"

"တစ်ခုလောက်တော့ မေးပါရစေ၊ ညိုမာနဲ့ မွေးတဲ့[..]လေး သေသွားပြီလား"

"အို. . . မသေပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အရွယ်ရောက်နေပြီလဲ"

"လူပျိုလေးဖြစ်ပြီး ဆယ်တန်းတောင် ရောက်နေပြီ"

"ဩော်. . . ဟုတ်လား၊ အဲဒီကလေးနာမည်က ဘယ်သူ တဲ့လဲဟင်"

"ရှင်းသန့်စင်တဲ့၊ ကဲ. . . ဒီထက်တော့ ဘာမှထပ်မမေး ပါနဲ့တော့၊ မမလည်း ဘာမှထပ်မဖြေနိုင်တော့ဘူး"

"ကောင်းပါပြီ. . . ကျွန်မပြန်ပါမယ်၊ ဒါပေမယ့် ကျွန် အစ်မကြီးကို တိုင်တည်ခဲ့မယ်"

"ဟင်. . ."

"ညီမှာသားလေးနဲ့ တွေ့ရအောင် ကြိုးစားမယ်၊ ဟိုမိန်း ကြီးကို စာရင်းရှင်းစရာရှိလို့၊ ဒါပါပဲ. . . ကျွန်မသွားမယ်"

မခင်မိဆိုသော အောက်တန်းကျလှသည့် မိန်းမတစ်ဦး ပြောဆို ကြုံးဝါးသွားသည်များကို. . .

ယုံကြည်ရမည်လား။

မုသားစကားအဖြစ်နှင့် မေ့ပျောက် ဥပေက္ခာပြုလို ရမည်လား။

ဒေါ်အေးမြင့်ရီပင် မဝေခွဲတတ်။

ဘာပဲဖြစ်ဖြစ် လွန်ခဲ့သော ဆယ့်ရှစ်နှစ်ကာလဆီက မိန်း တစ်ဦး အကြံအစည်တစ်မျိုးနှင့် ပြန်လည်ပေါ်ပေါက်လာခြင်း ကောင်းသောလက္ခဏာ မဟုတ်နိုင်ပါဟူ၍ဖြင့် တွေးချဲ့ရနိုင် သည်။

◆ ◆ ◆



"ကျွန်တော် စာမေးပွဲမဖြေချင်တော့ဘူး မမဝေ"

"ဟာ. . . မဟုတ်တာ ရှင်းရယ်၊ ဆယ်တန်းဆိုတာ ပညာ တောင်တက်ခရီးရဲ့ မတ်စောက်ဆုံး လှေကားထစ်များပဲ၊ ကျော်လွှားသွားပြီးရင် လမ်းဆုံကိုရောက်ပြီ၊ ကြိုက်ရာလမ်း၊ တဲ့ မိရာလမ်းကို သွားနိုင်ဖို့အတွက် လမ်းခွဲကို ရောက်တာပဲ"

"ဒါတွေ ရှင်း သိပါတယ်၊ ဒါပေမယ့် ဖြေလည်း အောင်မှာ တော့ဘူး မမဝေ"

"ဟာ. . . ရှင်းကလည်း ဘာလို့ အခုကတည်းက အား နေရတာလဲ"

"မဟုတ်ဘူး မမဝေ၊ ဆယ်တန်းဆိုတာ စာမကျက်ဘဲ ောင်ပါ့မလား"

"ဘာဖြစ်လို့ အပိုစကားတွေ ပြောနေတာလဲရှင်း၊ စာ က်ဘဲ မအောင်ဘူးဆိုတာ လူတိုင်းသိတာပဲ၊ စာကျက် တွ"

"ကျွန်တော် စာကျက်ချင်ပါတယ် မမဝေရယ်"

"ဘယ်လို"

"ကျွန်တော် စာကျက်လို့မရအောင် တစ်မျိုးမဟုတ် မျိုး နှောင့်ယှက်နေတာပဲ"

"ဟင်. . ."

"ကျွန်တော် စာကျက်ပြီဆိုရင် မမထားက တက်ဆက်ကို ကုန်ဖွင့်တယ်၊ ခြံထဲထွက်ကျက်ရင်လည်း ဟိုမိန်းမကြီးက

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုရှာကြံခိုင်းတယ်။ ခိုင်းစရာကုန်ရင် ခြံထဲက သစ်ရွက်ခြောက် လိုက်ကောက်ခိုင်းတယ်"

"အို. . ."

"သစ်ရွက်ခြောက်ဆိုတာ လေတိုက်ရင် ကြွေတာပဲ ကောက်လို့ ဘယ်နိုင်ပါ့မလဲ"

"ဟုတ်တာပေါ့ကွယ်"

"ကျွန်တော် စာကျက်တာကို သူတို့မကြည့်နိုင်ဘူး ညကျရင်လည်း မီးတာကုန်တယ်တဲ့၊ တို့ကတော့ မတတ်နိုင်ဘူး မီးသုံးချင်ရင် သချိုင်းကုန်းက မင်းအဖေဆီမှာ မီးတာ သွားတောင်းတဲ့"

"ဟင်. . . ဒီအထိ ပြောတယ်လား"

"အစ်ကိုထွဋ် မရှိကတည်းကပါပဲ၊ ခုဆို မဆူတဲ့နေ့ မရှိပါဘူး၊ ရှင်း သိပ်စိတ်ညစ်တယ်ဗျာ"

"မောင်လေးရယ်"

ရှင်းသန့်စင်၏ မျက်နှာနုနုလေးကို ငေးကြည့်နေမိသည်။

မောင်လေး ရှင်းသန့်စင်၏ အသက်ဆယ့်ခုနစ်နှစ်ပြည့် ပြီးပြီ။

အစိုးရစစ် ရှစ်တန်းအောင်ပါလျက်နှင့် ကိုးတန်း စာမေးပွဲကျခဲ့သော ရှင်း. . .။

ထိုနှစ်က ကိုထွဋ်ထိပ်စိုးက အလုပ်သင်ဆရာဝန်အဖြစ် နေ့ရောညပါ ဆေးရုံမှာသာ အချိန်ကုန်ရ၍ ရှင်းသန့်စင်တို့ကို မစိုက်အား။



ကိုထွဋ်ထိပ်စိုး မရှိချိန်မှာ ရှင်းသန့်စင်လေးကို အပြတ်ပုံစံ ဆေးလေ့ရှိကြသည့် သားအမိ။

သူတို့က လူမသတ်ရဲသဖြင့်သာ ရှင်းသန့်စင် အသက် ရှည်ခွင့်ရနေခြင်းဖြစ်သည်။

လူကို မသတ်ပစ်သော်လည်း ရှင်းသန့်စင်၏ဘဝကို သတ်နေကြသူများပါလား။

ဦးဦးစိုး စောစောစီးစီး ကွယ်လွန်သွားခြင်းသည် ရှင်း သန့်စင်ကို ကြမ္မာဆိုး တွင်းနက်ကြီးအတွင်း ပစ်ချခဲ့လိုက်ရခြင်း ပင် ဖြစ်သည်။

အစ်ကိုဖြစ်သူက ဂရုစိုက်သော်လည်း ဆရာဝန်တစ် ယောက် ဖြစ်နေ၍ အိမ်မှာနေချိန် သိပ်မရှိ။

ယခု ပို၍ဆိုးသည်က. . .

ကိုထွဋ်ထိပ်စိုးသည် "ဒေါက်တာထွဋ်ထိပ်စိုး"အဖြစ် ဘွဲ့ ထောက်ဆရာဝန်ရာထူးကို လက်ခံကာ ဆောင်းနှင်းဝေဝေ တို့၏ မြို့နှင့် မိုင်ခြောက်ဆယ်ကျော် ကွာဝေးသော မြို့နယ်တစ်ခု သို့ သွားရောက် တာဝန်ထမ်းဆောင်နေသည်။

"ရှင်း. . . မောင်လေး"

"မမဝေ"

"ဒီတစ်ခါ ကိုကိုထွဋ် ပြန်လာရင် မမဝေ ပြောပေးမယ်"

"ဘာပြောပေးမှာလဲ မမဝေ"

"သူတို့နဲ့ မနေနဲ့၊ ကိုကိုထွဋ်နဲ့ လိုက်သွားနေ၊ အဲဒီမြို့ကလေး ဆယ်တန်းဖြေ သိလား၊ အဲဒီနည်းဟာ ရှင်းဘဝအတွက် အကောင်းဆုံးနည်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမဝေပြောတဲ့ အကောင်းဆုံးနည်းကို ရှင်းအစောကြီး ကတည်းက စဉ်းစားပြီးသား၊ အစ်ကိုထွဋ်ကိုလည်း ပြောပြီး သားပါ"

"ဟုတ်လား. . . ဘာတဲ့လဲ ကိုကိုထွဋ်က"

"မလိုက်နဲ့တဲ့၊ အိမ်မှာ ယောကျ်ားလေးတစ်ယောက်တော့ ရှိဦးမှတဲ့၊ ပြီးတော့ ကိုကိုထွဋ်တောင် အိမ်ငှားလို့ မရသေးဘူး၊ သူ့သူငယ်ချင်းရဲ့ အစ်ကို မိသားစုအိမ်မှာ နေရတာတဲ့ဗျ"

"ဟုတ်လား"

"တစ်ခါတစ်ခါတော့လည်း ဒီအိမ်ကနေ ထွက်ပြေးချင် တယ်၊ တစ်ခါတစ်ခါတော့လည်း ထွက်မပြေးချင်ဘူး"

"ဟင်. . . ဘယ်လိုကြီးလဲ"

"ထွက်ပြေးချင်တာက အဲဒီမိန်းမကြီးနဲ့ ဝေးအောင်ပေါ့ ထွက်မပြေးချင်တာက မမဝေနဲ့ ဝေးသွားမှာစိုးလို့"

"ရှင်းရယ်"

"တကယ်ပြောတာ၊ ရှင်း မမဝေကို အရမ်းခင်တွယ်တယ် ဗျာ၊ မမဝေဆိုတဲ့ ရောင်ခြည်လေး မြင်နေရလို့ ရှင်းအသက် ဆက်ရှင်နေတာပဲ ဖြစ်မှာပါ"

ဥပဒေဘွဲ့ရပြီးစ အသက်နှစ်ဆယ်ကျော်အရွယ် ဆောင်း နှင်းဝေဝေသည် ရှင်းသန့်စင်၏ နှလုံးသားကို ဖတ်ရှုနိုင်ရန် သူ့မျက်နှာကို အသေအချာ ကြည့်မိသည်။

မျက်အိမ်ဖြူဖြူလေးအလယ်မှ ရွှန်းလက်နေသော မျက်နက်ဝန်းလေးမှာ ပကတိ သန့်စင်စွာ. . .



ဘာအရောင်မှမရှိ။ ဘာမျှော်လင့်ချက်မျိုးမှ မတွေ့ရ။ ဘာရမ္မက်ဆန္ဒမှမပါရှိ။ တကယ့်ကို အဖြူရောင်အကြည်။ သန့်စင်ဆုံးမေတ္တာနှင့်။

မိမိကို ချစ်ခင်တွယ်တာနေရှာသော မောင်လေးအဖြစ် သိခွင့်ရလိုက်ချိန်မှာ ဆောင်းနှင်းဝေဝေ၏ နှလုံးအိမ်မှ သိမ့်ခနဲ တစ်ခါအေးစိမ့်သွားရသည်။

မိမိကလည်း မေမေမွေးဖွားထားသော သွေးရင်း မောင်လေးတစ်ယောက်လို နှလုံးသားနှင့် တနင့် လှိုက်လှိုက် ဖြင့်လဲ့ နက်နက်ရှိုင်းရှိုင်း ချစ်မြတ်နိုးစွာဖြင့် သူ့ပခုံးလေးကို ဖွဖွ ပုတ်လိုက်ကာ. . .

"လာ၊ မောင်လေးကြိုက်တဲ့ ငါးသလောက် ပေါင်းထား တယ်၊ ထမင်းသွားစားကြရအောင်"

"မမဝေရော စားပြီးပြီလား"

"ဘယ်စားရဦးမှာလဲ"

"ဟာ. . . ပွတာပဲ"

"ဘာ ပွတာလဲ"

"ငါးသလောက်ပေါင်းလည်း စားရမယ်၊ မမဝေနဲ့လည်း အတူတူစားရမယ်"

ဦးဦးစိုးရှိစဉ် ကလေးဘဝတုန်းကလို ရှင်းသန့်စင်က လက်ခုပ်လက်ဝါးတီးလျက် ပျော်မြူးသွားပုံလေးက တကယ့်ကို ချစ်စရာ ကောင်းလှပြီး ဖြစ်ကင်းစင်စွာ။

ဆောင်းနှင်းဝေဝေနှင့် ဆုံချိန်မှာ ကလေးလို ပြော၊

www.burmeseclassic.com

www.burmeseclassic.com



ကလေးလို နေနေဆဲဖြစ်သော်လည်း လူပျိုလေးဖြစ်လာပြီး အရပ်က ဆောင်းနှင်းဝေဝေကို ကျော်သွားပြီ။

မျက်နှာကျပုံလှသော ဒေါ်ညိုမြာနှင့်တူပြီး ဦးအောင်ကျော်စိုးကဲ့သို့ အသားဖြူသော ရှင်းသန့်စင်မှာ 'လူချောလေး' တစ်ယောက် ဖြစ်လာပြီ။

ငါးသလောက်ပေါင်းမှ နူးနေသော အလယ်ရိုးလေးများကို ကြိုက်တတ်သော မောင်လေးအတွက် နူးနေသော အလယ်ရိုးလေးများကို ခွာယူ၍ ထည့်ပေးမိသည်။

"မမဝေ ယောကျ်ားမယူနဲ့ဦးနော်"

"အလိုတော်၊ မနေနိုင်ပါဘူး၊ ယူမှာပဲ"

"တကယ်လား၊ ဘယ်တော့ယူမှာလဲ"

"ယူချင်တာ ပြောတာလေ၊ မတွေ့သေးပါဘူး"

"တွေ့ရင်လည်း အောင့်ထားဦးဗျာ၊ ဘာဖြစ်လို့လဲ သိလား"

"ဟင့်အင်း"

"ဆောင်းနှင်းဝေ ဆိုတဲ့ မိန်းမဟာ သူ့မောင်လေးရဲ့ အရိုးကအစ နွှာပေးတာဆိုရင် ဘယ်ကြည်တော့မှာလဲ"

"မကြည်ရုံဆို တော်သေးတယ်၊ သူ့မောင်လေးရဲ့ ဒီလောက်အဖြစ်သည်းရမလားဆိုပြီး ထရိုက်ရင်တော့ မလွယ် ကြောပဲ"

"ရိုက်ရဲရိုက်ကြည့်ပေါ့ဗျ၊ ရှင်းရှေ့မှာ ရိုက်လို့ကတော့ မားနဲ့ကို ထထိုးမှာ"



ကြည်ကြည်လင်လင်ပြောနေရာက တကယ် ဒေါသဖြစ်သွားသလို အသံက မာကျောသွား၏။

"ကဲပါ. . . သူ့အစ်မကိုယူမယ့်သူက ဘယ်ဆီနေမှန်းမသိသေးဘဲနဲ့ အလကား ဒေါသတွေထွက်နေတယ်"

မှုန်တေသွားသော မျက်နှာလေးပေါ်မှာ အပြုံးများ ပြန်ပေါ်လာ၍ သူ့မျက်နှာလေး လင်းစင့်ကြည်လင်သွားတော့သည်။ ချစ်စရာ။

"ရော့. . . ထည့်ဦး ရှင်း"

ထမင်းတွေ ထပ်ထည့်ပေးတော့လည်း မငြင်းဘဲ အားပါးတရ စားရှာသည်။ ထမင်း သုံးပန်းကန်ကုန်ပြီ။

အစားအသောက်ကို အရေးတယူ ဂရုတစိုက်နှင့် သူ့သားလေးကို အမျိုးမျိုး ဝယ်ကျွေးလေ့ရှိသော ဦးအောင်ကျော်စိုး မြင်စေချင်စမ်းလှသည်။

သူ့သားချောလေးကို ယခုလိုပုံစံနှင့် မြင်တွေ့စေချင်စမ်းပါဘိလေ။

ထမင်းစားပြီးတော့လည်း ခါတိုင်းလိုပင် ထမင်းပွဲသိမ်း၊ ပန်းကန်ကူဆေးနှင့် အိမ်သားတစ်ယောက်လို နေလေ့ရှိသော ရှင်းသန့်စင်။

"ဒါနဲ့ မမဝေ ချိန်ခွင်ဆင်းရမယ်ဆို"

"ချိန်နှုံဘာပါဟဲ့"

"ဒီလောက်တော့ သိပါတယ်ဗျ၊ နောက်တာကို နောက်မှန်း မသိတော့ မရယ်ရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မရယ်ရတော့ဘူးဆိုမှ ဆောင်းနှင်းဝေဝေ ရယ်ချင်လာ ရယ်ပစ်လိုက်တော့. . .

"မမဝေက ရယ်လိုက်ရင်လည်း တအားလှတယ်ဗျာ"

ဇဆောင်းနှင်းဝေဝေကို စူးစူးစိုက်စိုက် ကြည့်နေသော မျက်ဝန်းလေးမှာ စောစောကလိုပင် ပကတိ သန့်စင်နေ လျက်. . .

ဆောင်းနှင်းဝေဝေ၏ နှလုံးသားဗဟိုမှာ သိမ့်ရှဲ့ လှုပ်ခတ်သွားမိသည်။

◆ ◆ ◆

အခန်း။ ၁၇ ။

ဒေါ်တင်တင်စောသည် အရူးမကြီးတစ်ယောက်လို ယောက်ယက်ခတ်လျက်. . .

"အမိုက်မ၊ ခွေးထက်မိုက်တဲ့ မိန်းမ"

"ဟင်. . . ငါ့မှာတော့ ထိပ်ထားဆိုတဲ့အတိုင်း ဘုရင့် သမီးတော်တစ်ယောက်လို ရွှေပေါ်မြတင်ထားခဲ့တာ"

"ဒီအကောင်နဲ့ အဆက်ဖြတ်ပါလို့ ငါအတန်တန် တားတဲ့ ကြားက လိုက်ဖြစ်အောင် လိုက်သွားတဲ့ ခွေးမ"

ထိပ်ထားစိုး လင့်နောက်လိုက်ပြေးသွားသဖြင့် ဒေါ်တင် တင်စော အရူးမကြီး မီးဝိုင်းခံနေရသလို ဖြစ်ချင်တိုင်းဖြစ်နေပြီး ပါးစပ်ကလည်း တတွတ်တွတ် ရွတ်နေ၏။

"ဖြစ်ပြီးမှတော့ ဘာတတ်နိုင်တော့မှာလဲ မမစောရယ်"

"ဘယ့်နှယ် မတတ်နိုင်ရမှာလဲအေ့၊ တတ်နိုင်တယ်၊ ငါတတ်နိုင်တယ်၊ ငါ့ပစ္စည်းတွေရော၊ ငါ့သမီးကိုရော တရား

www.burmeseclassic.com

www.burmeseclassic.com



ခိုးသွားပါတယ်ဆိုပြီး ရဲစခန်းမှာ အမှုဖွင့်မယ် ဖမ်းခိုင်းမယ်၊ ပြီးတော့ လာဘ်ထိုးပြီး ဒီခွေးသားကို ထောင်ချခိုင်းမယ်"

"ခက်တော့တာပဲ မမစောကလည်း"

ဒေါ်အေးနုက စိတ်ပျက်လက်ပျက် ကြည့်လိုက်ရင်း. . .

"လာဘ်ထိုးပြီး ထောင်ချခိုင်းလို့လည်း မရနိုင်ပါဘူး မမစောရယ်၊ ပြီးတော့ ရဲစခန်းမှာ အမှုဖွင့်လို့လည်း ဘယ်ဖြစ်မှာလဲ"

"ဘာလို့ မဖြစ်ရမှာလဲ"

"မဖြစ်တဲ့အကြောင်းက အဲဒီကျော်ဇင် ဆိုတဲ့ကောင်လေးက အတင်းလာခိုးသွားတာမှ မဟုတ်ဘဲ၊ မမစောသမီးက ချိန်းပြီး လိုက်သွားတာလေ"

ဒေါ်တင်တင်စော ငြိမ်တွေသွား၏။

"ပြီးတော့ ခုလောက်ရှိ တရားရုံးမှာ တရားဝင် လက်ထပ်ပြီးကြရောပေါ့"

ဒေါ်တင်တင်စော စကားမပြောနိုင်တော့ဘဲ မျက်ရည်တွေ စီးကျလာသည်။

"အမှုဖွင့်ပြီးမှ ကျွန်မကြိုက်လို့ လိုက်တာပါလို့ ဆိုလိုက်ရင် မမစောပဲ တစ်ရှက်ကနှစ်ရှက်ရပြီး ခေါင်းငုံ့ပြန်လာရမှာ၊ ဘာ အမှုမှ ဖွင့်လို့ရမှာ မဟုတ်ဘူး"

"ဒါဖြင့် ငါဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲဟင် အေးနု"



"ခုတော့ ဒီအတိုင်းပဲ နေရမှာပဲ၊ မမစော စိတ်ပြေတော့မှ ပြန်အပ်ခိုင်းပေါ့၊ ပြီးတော့ ပြန်ခေါ်ထားရုံရှိတာပေါ့"

"တော်. . . အေးနု၊ ဒီစကားမျိုး နောက်ထပ်မပြောနဲ့၊ ဒီလို ချေးတွင်းထဲဆင်းချင်တဲ့ ကောင်မမျိုး ငါက ဒီတစ်သက် တော့ဘူး၊ ဆယ်သက်ပြတ်တယ် သိလား"

"ဒါတော့ မမစောသမီးကို ဒုက္ခအရောက်ခံနိုင်မယ်ဆိုရင် တော့ ပစ်ထားလိုက်ပေါ့"

"ပစ်ထားမယ်၊ ပစ်ကိုထားမယ်၊ ဒီကောင်မမျိုး ဒုက္ခ သုကြီး တွေ့ပါစေတော်"

ဒေါ်အေးနုသည် ဒေါ်တင်တင်စောကို ရွံရှာစက်ဆုပ်စွာ ကြည့်နေသည်။

ကိုယ့်သားသမီးကို ကိုယ်ပြန်ကျိန်ဆဲနေသော သူ့ကို မိခင်မြတ်ဟု ခေါ်ထိုက်ပါသလား။

ဒေါ်တင်တင်စောသည် ဘယ်သူ့အပေါ်မှ အကောင်းမြင် စိတ် မရှိ။ လောဘလည်း ကြီးလွန်းလှသဖြင့် နှမြောတွန့်တိုစိတ်က များလှသည်။ ယခုလိုကိစ္စမျိုးကျပြန်တော့ လည်း ကြီးလိုက်သည့် ဒေါသ။

သူတစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်နေသလို ပူပြင်း လောင်မြိုက်နေလိုက်တာ။

ဒေါ်အေးနုသည် ကလေး လေးယောက်မိခင်။ ခင်ပွန်း သည်က ဘတ်စ်ကားကြီးမောင်းသော ဒရိုင်ဘာ။ မြို့သစ်ရပ်ကွက်ခွဲ မှာ ကိုယ်ပိုင်အိမ်ငယ်လေးနှင့် ချို့တဲ့စွာ နေထိုင်ရသော မိသားစု။

www.burmeseclassic.com

www.burmeseclassic.com



အစ်မနှစ်ဝမ်းကွဲတော်သော ဒေါ်တင်တင်စော ထံ
တစ်ခါက ငွေတစ်ရာ လာချေးဖူးသည်။ နို့ညှာကောင် ဆေး
တင်လိုက်ရသဖြင့် ကလေးအသက်ချမ်းသာသွားသော်လည်း
ငွေတအားကျပ်သွားသဖြင့် လာ၍ချေးငှားမိရာ. . .

"တိုက်ကြီးကြည့်ပြီး ကျုပ်တို့အိမ်မှာ ရွှေတောင်ကြီးပေါ်
နေတယ်မထင်ကြနဲ့၊ ရော့. . . တစ်ဆယ်တော့ယူသွား၊ ကိုယ့်
ဆွေကိုယ့်မျိုးက အခုလို သာလာပြီး အပူကပ်နေကြတော့ ကိုယ့်
ယောကျ်ားပေါ်တောင် ကိုယ်က မျက်နှာငယ်နေရတာ"

နောက်မလာဝံ့အောင် ပြောလွှတ်လိုက်ဖူးသော စကားကို
ဒေါ်အေးနု တစ်သက်လုံး မမေ့။

သူ့မှာ ဆွေမျိုးအရင်းအချာမရှိ။ သွေးဝေးသော တူ
တူမများ သိတင်းကျွတ်လာကန်တော့တာကအစ. . .

"ဟည်းနေတဲ့တိုက်ကြီးမှာ တို့အဒေါ်၊ တို့ကြီးတော်
နေတာဆိုပြီး သူတို့လင်တွေ၊ သူတို့မယားတွေကို ကြွားချင်လို့
လာကန်တော့ကြတာလေ၊ ပြီးတော့ ကိတ်မုန့်လေးတစ်လုံးရင်းပြီး
မုန့်ဖိုးကလည်းရ၊ ကော်ဖီကလည်း သောက်ရတယ် မဟုတ်လား"

သည်လိုအထိ ပြောခဲ့ ဆိုခဲ့ စိတ်ထားယုတ်ခဲ့သော
ဒေါ်တင်တင်စောဆီကို ဘယ်ဆွေဘယ်မျိုးကမှ မလာတော့။

ဦးအောင်ကျော်စိုး ဆုံးစဉ်က အသုဘလာပို့ကြရုံကလွဲ၍
ဘယ်ဆွေမျိုးကမှ တစ်ညမအိပ်ကြ။

ရုံးသူရုံးသားများကတော့ ရက်လည်သည်အထိ နေပေး
ကြ၊ ကူညီပေးကြပြီးနောက်မှာ ဘယ်သူမှ ပေါ်မလာကြတော့
ပေ။



ဒါကိုလည်း တရားမရ၊ မာနကမကျ။

ယခု သမီး လင်နောက်လိုက်သွားတော့မှ ဖျတ်ဖျတ်လူး
ခဲ့ပြီး ဒေါ်အေးနုကို ခေါ်ခိုင်းလိုက်သဖြင့် လိုက်လာခဲ့ရခြင်း
ဖြစ်သည်။

မြင်စက သနားစိတ်ဝင်မိသေးသော်လည်း ယခုလို
ပြောဆို ကျိန်ဆဲနေသည်ကို မြင်ရပြန်တော့ အနားမှာ ဆက်လက်
နေချင်စိတ်ပင်မရှိ။

"ကျွန်မ ပြန်ဦးမှ မမစော"

"နေပါဦးလားအေ. . . ညည်းကလည်း"

"အိမ်မှာ ကလေးတွေချည်း ထားခဲ့ရလို့ နေလို့မဖြစ်လို့ပါ"

အမှန်က ညပင်အိပ်လို့ ရပါသည်။ ဒေါ်အေးနုတို့၏
ခြံဝင်းရဲသားရပ်ကွက်မှာ တစ်ဦးနှင့်တစ်ဦး ကူညီနေကျ။

ရန်ဖြစ်စရာရှိလျှင်သာ ထဖြစ်ကြမည်။ တစ်ဦးမှာ
အကြောင်းရှိလို့ကဖြင့် ဝိုင်းအုံကူညီတတ်ကြစမြဲ။

ကလေးထားခဲ့လို့ကလည်း တစ်အိမ်တစ်လှည့် အပြန်
အလှန် ကြည့်ပေးနေကျ။

အဘိုးအဘွားရှယ်ထားခဲ့လျှင်လည်း ကန်စွန်းရွက်ကြော်
ဖြစ်ပစေ ဟင်းလေးတစ်ခွက်တော့ လာပို့ကြမည်။ ကြည့်ပေးကြ
မည်။

ယခု ဒေါ်တင်တင်စောလို အထီးကျန်အဖြစ်မျိုး မဖြစ်ခဲ့
ပေ။

"ကဲ. . . ပြန်ပြီနော် မမစော"

www.burmeseclassic.com

www.burmeseclassic.com



"လမ်းစရိတ်ကော ပါရဲ့လား"

"အင်း. . . ပါ ပါတယ်"

ကားနှစ်ဆင့်စီး၍ ပြန်ရမည့်သူကို လမ်းစရိတ်ကလေး[…] မပေးလိုက်။ သူခေါ်၍လာရသည်ဟုလည်း ထည့်စဉ်းစားမ[…]

ဤလိုအစ်မမျိုး ဤလိုအိမ်မျိုးကို နောင်အကြောင်း[…] လျှင်လည်း ဘယ်သူက လာချင်ကြပါ့မလဲလေ။

ယခု ဒေါ်တင်တင်စောမှာ. . .

အရွယ်မတိုင်မီ ခင်ပွန်းကဆုံး၊ သားက အဝေးမှာ တာ[…] ကျ။ သမီးက လင်နောက်လိုက်ပြေး။

သည်လောကမှာ သူအမုန်းဆုံးသေ လူသားဖြစ်သ[…] ရှင်းသန့်စင်နှင့်သူသာ ဤခြံကြီးအတွင်းမှာ ကျန်ရစ်ခဲ့ကြလေ[…]

◆ ◆ ◆

အခန်း။ ၁၈ ။

"ဟယ်. . . ကိုကိုထွဋ်ပါလား၊ အထုပ်တွေ အပိုးတွေနဲ့ [...]မှ ရောက်လာတာလားဟင်"

"အိမ်ဝင်ခဲ့ပြီးပြီ၊ ဒါက ဒီအိမ်အတွက် စားစရာတွေ"

"ဟယ်. . . အများကြီးပါလား"

"လူကြီးတွေစားဖို့ ယူလာတာနော်၊ နင့်ဖို့ မပါဘူး"

"ကိုယ့်အိမ်ရောက်ရင် ကိုယ့်ပစ္စည်းပါနော်"

ထွဋ်ထိပ်စိုး ပြန်ရောက်လာခြင်းအတွက် တကယ့်ကိုပင် ဆောင်းနှင်းဝေဝေ ဝမ်းသာသွားသည်။

ဘယ်နာမည်ရှင်ဟာ ဘယ်သူဟူ၍ စတင်မှတ်မိချိန်မှစ၍ 'ကိုကိုထွဋ်' ဆိုသော သူကို ချစ်ခင်ရင်းနှီးစွာ ခင်မင်ခဲ့ရသည်။

အသက်ကြီးလာကြပြန်တော့လည်း မောင်နှမ အရင်း[...]တွေလို ဆောင်းနှင်းဝေဝေကို မခံချင်အောင် စတတ် နောက်[...]တတ်၍ စိတ်ကောက်ရ၊ ကျောကိုထုရ၊ လက်ကို ကိုက်ခဲ့ရခြင်း[...]ခြင့် တုံ့ပြန်ရသည့် အကြိမ်များကလည်း မရေမတွက်နိုင်စွာ. . .

www.burmeseclassic.com

www.burmeseclassic.com



ထွဋ်ထိပ်စိုး နယ်ပြောင်းသည့်နေ့က လွမ်းဆွတ်စိတ်ဖြ ငိုခဲ့မိသေးသည်။

ယခုလို ပြန်လည်ရောက်ရှိလာပြန်တော့လည်း ရင် လှိုက်လှဲစွာ ဝမ်းသာရပြန်ပါသည်။

လိုက်ချီစ်သီးများ၊ သီးမွှေးငှက်ပျောဖီး၊ မင်းကွတ်သီး ယိုစုံထုပ်များ၊ မှိုစ်ချဉ်နှင့် ကညွတ်စည်းများပါ စုံအော စေ့အောင် သယ်ယူလာရှာသော ကိုကိုထွဋ်. . .

"ဟဲ့. . . သမီး၊ ခွာမစားနဲ့ဦးနော်"

"ကိုကိုထွဋ်က သမီးဖို့မပါဘူးဆိုလို့ တမင်စားပြမလို့"

"ဆွမ်းတော်တင်ဖို့ ဖယ်ပြီးမှစားလေ"

"အင်း. . . ဟုတ်သားပဲ၊ မေ့သွားလို့၊ ဘွားဘွားသာရှိ အဆူခံရဦးမှာ"

ဒေါ်အေးမြင့်ရီက သမီးကိုပြုံး၍ကြည့်ပြီး ထွဋ်ထိပ်စိုး၏ လက်မောင်းကို ဆုပ်ညှစ်ကိုင်ကာ. . .

"သားရယ် အသားတွေ မည်းသွားလိုက်တာ၊ အလု ကတော ပင်ပန်းသလား"

ဒေါ်အေးမြင့်ရီသည် သူ့သား အေးငြိမ်းအောင်နှ ချမ်းငြိမ်းအောင်တို့ ပြန်လာသလိုကို လှိုက်လှဲစွာ ကြိုရှာသည်

"ကြည့်ပါဦး ဝယ်လာလိုက်တာတွေကလည်း မနည်း ပါလား"

"အားလုံး ဝယ်လာတာ မဟုတ်ပါဘူး၊ လူနာတွေ ကန်တော့လိုက်တာတွေလည်း ပါပါတယ်"



"ကိုကိုထွဋ်စကားက ခမ်းနားလှချည်လား၊ ကန်တော့ တာတဲ့"

"အေးလေ"

"လူနာရှင်တွေဆီက 'ရိတ်'လာတယ်လို့ အမှန်အတိုင်း မ်းပါ ကိုကိုရာ"

"ခွေးမလေး ငါ့ဆို ခုထိ အကောင်းမမြင်သေးဘူး"

"မမြင်သေးဆို ကောင်းမှ မကောင်းသေးတာ"

"ဟဲ့. . . သမီး၊ ကိုယ့်အစ်ကိုကို ဒီလိုမပြောရဘူးလေ"

"ကန်တော့. . . ကန်တော့"

လက်နက်ချ အညံ့ခံလိုက်သဖြင့် ရန်စပွဲ ရန်တွေ့ပွဲများ ဆုံး၏။

"ချမ်းငြိမ်းအောင် သင်္ဘောတက်သွားပြီလို့ ညီလေးရှင်းက ရေးလိုက်ပါတယ်၊ ကိုအေးငြိမ်းအောင်ကော လာရဲ့လား"

"လာပါတယ်၊ သမီးလေးတစ်ယောက်တောင် ရနေပြီ"

အပြောင်းအလဲများကို ကြားသိရ၏။

မကြာလှသေးခင် အချိန်က ဟိုဘက်ခြံမှာ ရှင်းသန့်စင်ပါ ယောက်။

သည်ဘက်ခြံမှာ ဘွားဘွားဒေါ်နှင်းခင်ပါ ခြောက် ယောက် နေထိုင်ခဲ့ကြသည်။

ဘွားဘွားဒေါ်နှင်းခင်ဆုံးပြီး နှင်းဝေဝေတို့၏အစ်ကိုကြီး အိမ်ထောင်ကျကာ ချမ်းသာသော ယောက္ခမအိမ် လိုက်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



အငယ်ချမ်းငြိမ်းအောင်က သဘောလိုက်ရန် နိုင်ငံခြား[illegible] ထွက်သွားခဲ့ပြီ။

ယခု သည်ဘက်အိမ်မှာ နှင်းဝေဝေတို့ မိသား[illegible] သုံးယောက်တည်းသာ။

ဟိုဘက်အိမ်မှာလည်း ဦးအောင်ကျော်စိုးက [illegible] ထိပ်ထားစိုးကိုလည်း စွန့်လွှတ်လိုက်ရ၊ ထွဋ်ထိပ်စိုးကလည်း တာဝန်နှင့် နယ်မှာမို့ . . .

ရှင်းသန့်စင်နှင့် ဒေါ်တင်တင်စောတို့သာ ကျန်ရစ်ခဲ့သည်။

အချိန်တွေ တရွေ့ရွေ့ ပြောင်းခြင်းနှင့်အတူ မိသား[illegible] နှစ်စုမှာလည်း အပြောင်းအလဲများ ရှိနေ၏။

ဆောင်းနှင်းဝေဝေတို့ဘက်က အောင်မြင်ခြင်းများ[illegible] ရွှေ့မျောနေသော်လည်း ထွဋ်ထိပ်စိုးတို့ဘက်ကမူ ကျ[illegible] ဆုံးရှုံးခြင်းများနှင့် ရင်ဆိုင်နေကြရသည်။

"ကိုကို ဒီကိုဘယ်တုန်းက ရောက်တာလဲ"

"ခုပဲ"

"ဪ . . . ဒါကြောင့် စောစောက လေးဘီးကား[illegible] ကြားလိုက်တာကိုး"

"ဟုတ်တယ်၊ တက္ကစီငှားလာတာ၊ အိမ်မှာလည်း အ[illegible] ကြီး တစ်ယောက်ပဲရှိတယ်၊ ညီလေးလည်း ကျောင်းသွား[illegible] မာမီလည်း အပြင်ထွက်သွားတယ်ပြောတယ်၊ ဒါနဲ့ ပစ္စည်း[illegible] ချပြီး ဒီဘက်ထွက်လာခဲ့တာ"



"ဒါဖြင့် ကိုကို ထမင်းမစားရသေးဘူးပေါ့"

"ဘယ်စားရဦးမှာလဲ"

"အတော်ပဲ နှင်းဝေတို့လည်း မစားရသေးဘူး၊ ပြင်လိုက်[illegible]မယ်နော်"

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲပေါ့ကွာ"

"ကဲ . . . ထိုင်ကြဦး၊ အန်တီအေး ဟင်းထပ်နွှေးလိုက်ဦး[illegible]မယ်"

"သမီးလုပ်မှာပေါ့၊ ကိုကို ဧည့်ခန်းကပဲ ထိုင်စောင့်"

"ဒီလိုလုပ်မယ်"

"ဘာလဲ ကိုကိုရ"

"ညီမလေးတို့က ထမင်းပွဲပြင်ထား၊ ကိုကို ရေပြေးချိုး[illegible]လိုက်ဦးမယ်၊ အဝတ်လဲ လဲချင်လို့"

"လုပ်မနေနဲ့၊ ဘယ်ကောင်မလေးမှ ကိုကို့ကို ကြည့်မယ့်[illegible] မရှိဘူး"

"မဟုတ်ဘူးကွ၊ ညစ်ပတ်နေလို့၊ ခဏလေး ကိုကို ပြန်လာ[illegible]မယ်"

"ရှင်း ပြန်လာရင်လည်း ခေါ်ခဲ့နော် ကိုကို"

"အေး . . . အေး"

ထွဋ်ထိပ်စိုး ထွက်သွားတော့ သားအမိနှစ်ယောက် [illegible]မင်းပွဲကို အမြန်ပြင်ဖြစ်ကြသည်။

အိမ်မှာ အိမ်ဖော်မထား။ သားအမိနှစ်ယောက် အိမ်[illegible] [illegible]ကို ဆောင်ရွက်နေရခြင်း၌ ပျော်ပိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သားကြီး အေးငြိမ်းအောင်၏ အထောက်အပံ့ကို မေ... တို့က လုံးဝ လက်မခံ။ အိမ်ထောင်သည် ဖြစ်ပြီမို့ သူ့ရှာရသ... သည် သူ့ဇနီးသာ ပိုင်ဆိုင်သင့်သည်ဟု ဒေါ်အေးမြင့်ရီတို့... ခံယူထားသည်။

သားငယ် ချမ်းငြိမ်းအောင်က အိမ်ထောင်မရှိသေး... ဝင်ငွေကောင်းနေ၍ မိဘများ ကျေနပ်ဝမ်းမြောက်စွာ သုံး... ရသည်။ ကားတစ်စီး ပို့ပြီးနောက် ကားမပို့တော့ဘဲ ငွေလွှဲ... ဖြင့် ပို့သည်။ ဒေါ်လာများ ဈေးတက်၍ ပျမ်းမျှတစ်... လေးသောင်းလောက် ရ၏။

မိသားစုအားလုံး၏ ဆန္ဒအရ အထက်တန်းပြ ဆရာ... ဘဝမှ ဒေါ်အေးမြင့်ရီ အငြိမ်းစားယူလိုက်ပြီး. . .

ဦးငြိမ်းဝေက တွဲဖက်ပါမောက္ခအဖြစ်နှင့် လုပ်ငန်းခွင်... ရှိနေဆဲ။

ဆောင်းနှင်းဝေဝေက ဝင်ငွေ မရှိသေးသော်လည်... အလုပ်သင် ရှေ့နေမလေးအဖြစ်နှင့် လိမ္မာရေးခြားရှိစွာ မိခ... အနားမှာ. . .

သားကြီးက အရာရှိငယ်၊ ယောက္ခမက ချမ်းသာ... တိုက်နှင့်ကားနှင့်၊ တယ်လီဖုန်းနှင့် တင့်တယ်စွာ နေထိုင်... မိခင်ကြီးဆီ တစ်ရက်ခြားလောက် ရောက်တတ်၏။ တနင်္ဂနွေ... နေ့မျိုးမှာဆိုလျှင် မြေးလေး၏ ငိုသံ၊ ရယ်သံ၊ စကားသံတို့... အိမ်၏ကျက်သရေကို ဆောင်စေသည်။



တစ်လငါးထောင်လောက်နှင့် လောက်သော မိသားစု ...ယောက်အတွက် ဝင်ငွေက ငါးသောင်းလောက်ရှိနေ၍ ...အေးမြင့်ရီ၏ တတိယအရွယ်မှာ ငြိမ်းအေးချမ်းသာ ...ည်နှုးစရာ ကောင်းလှသလောက်. . .

ဒေါ်တင်တင်စောမှာ မီးတွေ ဝိုင်းနေသလို ပူပြင်း ...ောင်မြိုက်လှချေသည်။

"ဟာ. . . အန်တီအေးတို့ စားနှင့်ရောပေါ့"

"ခုပဲ ပြင်ပြီးတာပါ၊ ဟင်းခါးတောင် မခပ်သေးဘူး၊ ...လေးသောက်ရအောင် အန်တီအေး သွားခပ်လိုက်ဦးမယ်"

သူတို့နှစ်ယောက်၏ စကားထဲ ဝင်မပါမိဘဲ ခြံပြင်သို့ ...ကြည့်ရင်း. . .

"ကိုကိုထွန်း၊ ရှင်းကော"

"ပြန်မလာသေးဘူး"

"ရှင်းကို ကိုကိုနဲ့ ခေါ်ထားလို့ မဖြစ်ဘူးလားဟင်"

"ကိုကိုလည်း ခေါ်ထားဖို့ စီစဉ်ပြီးပါပြီ၊ ဒါပေမယ့် မိထား... ခုလိုလုပ်သွားလို့ မေမေ့မှာ အဖော်မရှိတော့လို့"

"သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ...ဖော်အဖြစ်နဲ့နေလို့မှ မရကြတာပဲ ကိုကိုရယ်"

"ကိုကို နားလည်ပါတယ်၊ သူ ဆယ်တန်းဖြေပြီးရင် ခေါ် ...ားလိုက်ပါ့မယ်"

"ခေါ်ထားပါ ကိုကိုရယ်. . . ဒီကလေးက သိပ်သနား ...ရာ ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုသိပါတယ် နှင်းဝေဝေ၊ ကဲ. . . လာ၊ ဟိုမှာ အနိ
တောင် ထမင်းစားပွဲ ဝင်ထိုင်နေပြီ"

ထိုနေ့က ကြာဆံနှင့် ဘူးသီးဟင်းခါး၊ ငါးစင်ရိုင်းချဉ်
ငရုတ်သီးစိမ်းနှင့် နံနံပင်လေးအုပ်ပြီး ဆီပြန်၊ အမဲ
ပဲလေးမြှောင့်ပြုတ်၊ သီဟိုရွက်နု တို့စရာတို့ဖြင့်. . .

"စားလို့ကောင်းလိုက်တာ ညီမလေးရာ၊ ဒီလိုဟင်းစပ်
ဒီလိုလက်ရာမျိုး မစားရတာ ကြာလှပြီ"

"ဝမ်းသာပါတယ် ကိုကိုရယ်၊ ဟိုမှာ စားရသောက်ရ
ဆင်းရဲလားဟင်"

"ဆင်းရဲတာတော့ မဟုတ်ဘူး၊ လက်ရာ မကောင်း
ဟင်းစပ်မတည့်တာ၊ အချက်မကောင်းတော့လည်း သား
ဘယ်လောက်ကောင်းကောင်း ခံတွင်းမတွေ့ဘူးပေါ့"

"ဟုတ်တယ်၊ ငွေကုန်ခံတိုင်း စားလို့ကောင်းတာ မဟု
ဘူး"

"ဒါ အန်တီအေး ချက်တာလား"

"အားလုံး နှင်းဝေချက်တာပါနော်၊ ကျွေးလည်း ကျွေ
သေးတယ်၊ အထင်လည်း သေးပေးသေးတယ်"

"ဟား. . . ဟား. . . ဟား"

ထွဋ်ထိပ်စိုးက အားပါးတရ ရယ်လိုက်သည်။

ဆောင်းနှင်းဝေဝေ စိတ်ကောက်ဟန် ပြုနေသည်ကို
စိုက်သော သဘောဖြင့် ပန်းကန်များကို ဝိုင်းသယ်ပြီး
လက်ဆေးခွက်ဘေးမှာ ပုံပေး၏။



ထမင်းစားခန်းနှင့် မီးဖိုခန်းဘေးမှာ နှစ်ယောက်သား
ပြုံးရွှင်ရွှင် ယှဉ်တွဲလုပ်ကိုင်နေကြသည်ကို ထမင်းစားခန်း
မှ ရပ်လျက် စူးစူးစိုက်စိုက် ကြည့်နေသူ ဒေါ်တင်တင်
ကို. . .

သူတို့နှစ်ဦး လုံးဝ မမြင်ကြ။

"လာ. . . အစောရေ၊ လက်ဖက်ပွဲပြင်ပြီးပြီ၊ ရေနွေးကြမ်း
နဲ့ သောက်ကြရအောင်"

ဒေါ်အေးမြင့်ရီ၏ ဖိတ်ခေါ်သံကြားမှ. . .

"ဟော. . . မာမီ ပြန်ရောက်နေပြီ"

"အေး. . . သားရောက်နေတယ်၊ ဒီဘက်အိမ်မှာ ဆိုတာ
မာမီ လိုက်လာခဲ့တာ"

"ကိုကို သွားလေ"

"ဝိုင်းသိမ်းပေးမယ်လေ"

"သွားစမ်းပါ"

ဆပ်ပြာမြှုပ်များ ပေနေသောလက်ဖြင့် ထွဋ်ထိပ်စိုး၏
ကျောကို ကပ်ဟန်ပြု၍ နှင်ထုတ်ပစ်လိုက်ရသည်။

အားလုံး ဆေးကြောသိမ်းဆည်းပြီး ဆောင်းနှင်းဝေဝေ
ထွက်လာချိန်မှာ လက်ဖက်ပန်းကန်မှာ ပုံပျက်ပန်းပျက်နှင့် နည်း
နည်းသာ ကျန်တော့၍. . .

"ခဏနော်. . . အကြော်တွေ၊ ပုစွန်ခြောက်တွေ ထပ်
ထည့်လိုက်ဦးမယ်"

"တော်ပြီ. . . တော်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အဆင်သင့်ပါ အန်တီစောရဲ့"

"မဟုတ်ဘူး၊ မတည့်လို့ပါ၊ စားကောင်းကောင်းနဲ့ သိမ်း
ရင် အောင့်လာရော"

"ကိုကိုထွန်း စားမှာပေါ့"

"တော်ပြီ နှင်းဝေဝေ၊ သေလိမ့်မယ်၊ ဗိုက်အရမ်းကား
ပြီ သိမ်းလိုက်တော့"

"ဒါဖြင့် တကယ် သိမ်းလိုက်တော့မယ်နော် ကိုကိုထွန်း"

"အေး. . . အေး"

ဆောင်းနှင်းဝေဝေက လက်ဖက်ခွက်မှ ဟိုတစ်စ သည်
တစ်စရှိနေသော လက်ဖက်နှင့် အကြော်စုံများကို ရောနယ်
စားနေ၍. . .

"ဩော်. . . နင့်သိမ်းနည်းက ကောင်းလှချည်လား"

"ဟီး. . . ဟီး"

ထွန်းထိပ်စိုးက ရိုးရိုးပြောခြင်းမဟုတ်၊ ခေါင်းကို တစ်ချက်
ပုတ်လိုက်ပြီးမှ ပြောခြင်းဖြစ်၏။

သူသားနှင့် ဆောင်းနှင်းဝေဝေတို့ ထိုနေ့က ဒေါ်တင်
စော ကြည့်နေပုံမှာ ထူးခြားလှသည်။

ဆောင်းနှင်းဝေဝေတို့ကဖြင့် လုံးဝ သတိမထားမိ
ကြပါ။

◆ ◆ ◆

အခန်း ॥ ၁၉ ॥

"အောင်မယ်. . . တို့မောင်လေးက တယ်လှနေပါလား"

"ဒီဇင်ဘာလကျရင် ရှင်း ဆယ့်ရှစ်နှစ်ပြည့်တော့မယ်လေ၊
အစ်ကိုထွန်းက ကြိုပြီးပေးသွားတာ"

"ဟုတ်သားပဲ၊ လာမယ့် ဒီဇင်ဘာ ဆယ့်ငါးရက်နေ့ကျရင်
ရှင်းမွေးနေ့ပဲ"

"အစ်ကိုထွန်းက ငွေတစ်ရာလည်း ပေးခဲ့တယ်၊ မင်း
မွေးနေ့ကျရင် လုပ်ချင်တာလုပ်ဖို့တဲ့"

"ဟုတ်ပါရဲ့၊ မမဝေကလည်း လက်ဆောင်ပေးရဦးမယ်"

"မမဝေက ပေးပြီးပြီလေ"

"ဘယ်မှာလဲ"

"မေတ္တာ. . . ဘယ်သူကမှ မပေးကြတဲ့ မေတ္တာတွေ
မမဝေက အမြဲပေးနေပါတယ်ဗျာ"

"မဟုတ်တာ. . . အဲဒါက. . ."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်း ပြောပါရစေမမဝေ၊ ရှင်းရဲ့ဘဝမှာ အလိုအပ်ဆုံး အရာကို မမဝေပေးနေတာပဲ ပြီးပြည့်စုံပြီ၊ ဒီမှာ အဲဒီငွေတစ်ရာနဲ့ မမဝေကို ရှင်း ပြန်ကန်တော့မယ်နော်၊ အမှတ်တရပေါ့၊ မမဝေ ဘာလိုချင်လဲဟင်၊ ရှင်း ဝယ်လာခဲ့ပါရစေ"

"မဟုတ်တာ မောင်လေးရယ်၊ ရှင်း လူကြီးဖြစ်တဲ့ အထိမ်းအမှတ်အဖြစ် မမဝေက တစ်ခုခုပေးမယ်"

"ရှင်းကလည်း တစ်ခုခုပေးမယ်၊ အဲဒီနေ့ကျရင်လေ"

"ဩော်. . . နေဦး ရှင်း၊ ခုမှ သတိရတယ်၊ လာမယ့် ဒီဇင်ဘာ ဆယ်ငါးရက်နေ့နော်၊ ဟယ်. . . တိုက်တိုက်ဆိုင်ဆိုင် မမဝေ အဲဒီနေ့ မရှိဘူး"

"ဘာ. . . ဘာဖြစ်လို့ မရှိတာလဲ"

"ကျိုက်ထီးရိုးဘုရားဖူးသွားမလို့"

"ဘယ်သူနဲ့လဲ"

"မမေလည်းပါတယ်၊ မမေ့မိတ်ဆွေ ဆရာမတစ်အုပ်စု သူတို့တပည့်လေးတွေလည်း ထမ်းဖို့၊ ပိုးဖို့၊ သယ်ဖို့၊ တွဲဖို့ ပါ မှာ"

ရှင်းသန့်စင်က တွေဝေသွားပြီးမှ မျှော်လင့်တ မော့ကြည့်ကာ. . .

"ရှင်းလည်း လိုက်ခဲ့ချင်တယ်"

"ဟင်"

"မမဝေတို့နဲ့ လိုက်ခဲ့ပါရစေ၊ ရှင်း တစ်ခါမှ မရောက်ဖူး လို့ပါ"



"စာမေးပွဲ နီးပြီလေ"

"မအောင်မယ့် စာမေးပွဲကြီးကိုဗျာ၊ မခေါ်ချင်လည်း ခေါ်ဘူး ပြောလိုက်ပေါ့"

"မမဝေက ဘာမှမခေါ်ချင်စရာ မရှိဘူး၊ ရှင်းပါရင် အဖော်တောင်ရသေးတယ်၊ တောင်တက်လမ်းမှာ ဆွဲဖော် တွဲဖော်တောင် ရသေးတယ်"

"ဒါဖြင့် ဘာလို့ မခေါ်ချင်တာလဲ"

"မခေါ်ချင်တာ မဟုတ်ပါဘူးဆိုမှ၊ ဒေါ်တင်တင်စော ကြီးနဲ့ ဖြစ်ပါ့မလား"

"လူတစ်ယောက်ဟာ ဆယ့်ရှစ်နှစ်ပြည့်ရင် လုပ်ချင်တာ လုပ်လို့ရပြီ၊ သူမလိုက်ရဘူးဆိုလို့ကတော့ ရှင်းမနေခဲ့ဘူး၊ မမဝေ က မခေါ်ဘူးဆိုမှပဲ နေခဲ့ရမှာ"

"နေဦး ရှင်း၊ ဒါ တို့နှစ်ယောက်တည်း ဆုံးဖြတ်လို့ မဖြစ် ဘူး မေမေ့ကို ပြောပြမယ်၊ မေမေက ခေါ်ချင်ရင် သူတို့ လူကြီး ချင်း ပြောကြလိမ့်မယ် ဟုတ်လား"

"ရှင်း မေးမယ်"

"မေး"

"မမဝေ ကိုယ်နှိုက်က ခေါ်ချင်လား၊ မခေါ်ချင်ဘူးလား ဆိုတာပြော"

"အောင်မယ်. . . ပြောပုံက ကြီးကြီးကျယ်ကျယ်၊ ကျုပ်ကို များ. . ."

"ဖြေဗျာ. . . ခေါ်ချင်လား၊ မခေါ်ချင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ချင်တယ်"

"ဟာ"

တင်းနေသော မျက်နှာလေး ချက်ချင်းဝင်းလက်သွား ကလေးငယ်လေးတစ်ယောက်လို အပြစ်ကင်းစင်စွာ ချစ် ကောင်းလိုက်တာ. . .

ဆောင်းနှင်းဝေဝေ ကိုယ်တိုင်က အဖော်ရတာပေါ့ ရယ်၊ ဒီကောင်လေးဆိုတော့ အားမနာတမ်း ခိုင်းလို့ရတာ ကျိုက်ထီးရိုးဆိုတာကလည်း အသက်မထွက်ရုံတစ်မယ် ကို ပိုက်ဆံအိတ်တောင် လွှတ်ချချင်တာ' ဟူ၍ ဆောင်းနှင်းဝေ ကိုယ်တိုင်က ရှင်းကို အဖော်ခေါ်ခဲ့စေဖို့ သိုင်းသိုင်းဝိုင်းဝိုင်း ပြောလိုက်သည့်အခါ. . .

"အေး. . . ကောင်းသားပဲ၊ ပြောကြည့်မယ်လေ တလောတော့ တင်တင်စောက အတော်လေး ဆက်ဆံ ကောင်နေပါတယ်၊ မေမေ သူ့ဆီက ခွင့်တောင်းရမှာပေါ့"

ဒေါ်အေးမြင့်ရီကိုယ်တိုင် ဟိုဘက်ခြံသို့ကူး၍ ကျိုက်ထီး ခရီးမို့ သယ်ဖို့ ဆွဲဖို့ အဖော်လိုကြောင်း၊ ရှင်းကို ခေါ်လိုပါကြော ပြောရုံဖြင့်. . .

"ခေါ်သွားပါ"

ဟူသော အဖြေကို ချက်ချင်းရခဲ့သည်။

သည်သို့ဖြင့်. . .

ရှင်းသန့်စင်၏ ဆယ့်ရှစ်နှစ်ပြည့်သော မွေးနေ့ကို မိုးထိ တို့နှင့် ထိတိုက်အောင် မြင့်သော ကျိုက်ထီးရိုးတောင်ထွဋ်ထိပ်



၏ချစ်မြတ်နိုးလှစွာသော မမဆောင်းနှင်းဝေဝေနှင့်အတူ တ်သန်းခွင့်ရခဲ့သည်။

◆ ◆ ◆

"သိပ်ချမ်းနေလားဟင်၊ မမဝေ လက်ဖျားလေးတွေကို အေးလို့"

"အင်း. . . အရမ်းအေးတယ်နော်၊ ရှင်းကော မချမ်းဘူး ား"

"ဘယ်တော့မှ မချမ်းဘူး၊ မြောက်ဝင်ရိုးစွန်း သွားတောင် ချမ်းဘူး၊ ဒီမှာ ဒါရှိတယ်လေ"

ရှင်းသန့်စင်က သူဝတ်ထားသော ခေါင်းစွပ်ဆွယ်တာကို ိုင်ပြသည်။

အဖြူနှင့် ပြာလွင်သော သိုးမွေးချည်များ ရောစပ်၍ တ်ကအပြာ၊ လည်ပင်းနေရာက အဖြူ၊ လက်ဖျားနှစ်ဖက်က အဖြူ၊ ကိုယ်ထည်မှာက အပြာနှင့်အဖြူ တစ်ကန့်စီပါရှိသော သိုးမွေးဆွယ်တာမှာ. . .

ဆယ်ရက်ပတ်လုံး ဆောင်းနှင်းဝေဝေကိုယ်တိုင်ထိုးပြီး ရှင်းအတွက် မွေးနေ့လက်ဆောင် ပေးထားခြင်းဖြစ်သည်။

"ဒီလောက်လည်း မထူဘဲနဲ့ ချမ်းမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာပေါ်က ရှိသမျှ အနွေးထည်တွေအားလုံးထ
နွေးတယ် သိလား"

"မမဝေကိုယ်တိုင် ထိုးပေးထားလို့လား"

"ဒါပေါ့ဗျာ၊ ဒီမလာခင် မမဝေ အဲဒါပဲ တစ်ချိန်လုံး ထိုး
တာ ရှင်းအမြင်ပဲ"

"ဒီခရီးအမီ ရှင်းရဲ့ မွေးနေ့အမီ ဖြစ်အောင် နေ့
ညရော ထိုးရတာ ရှင်းရဲ့၊ အိမ်အလုပ်ကလည်း လုပ်ရ
တယ်လေ"

"အဲဒီဆွယ်တာလေးကို မမဝေရဲ့လက်နဲ့ တစ်မျှင်
ပေါင်းယှက် ပေးထားတာရယ်၊ မမဝေရဲ့ မေတ္တာစေတနာ
ရယ်ကြောင့် ဒီအကျီလေးကို ရှင်းလေ သိပ်ချစ်တယ်၊ သ
မြတ်နိုးတယ်ဗျာ၊ သေတဲ့နေ့အထိ ဝတ်ထားမယ်"

"တော်ပါ. . . ရန်ကုန်ရောက်ရင် အိုက်မှာကြီးကို"

"အိုက်ရင်တော့ ချွတ်မှာပေါ့၊ တစ်သက်လုံး အမြတ်တ
ဝတ်မယ်လို့ပြောတာ၊ သေရင်လည်း အဲဒီအကျီဝတ်ပေးလို
နော်"

"ရှင်းသေတော့ ဒီအကျီက ဆွေးပါပြီကွာ၊ ပြီးတော့
ရှင်းထက်စောပြီး မမဝေက သေရမှာ"

"ဘယ်က သေရမှာလဲ၊ မမဝေသာ အရင်သေကြည့် ရှ
လည်း လိုက်သေမှာ စိတ်ချ"

"ဟာ. . . ဘာတွေပြောနေတာလဲ၊ မပြောကောင်းတာ
တွေကွာ၊ တောင်ပေါ်ကြီးမှာ. . . ဖွ. . . ဖွ"



"အယူမသည်းပါနဲ့ မမဝေရာ၊ ဒါပေမယ့် ဒီအကြောင်း
တွေ မပြောတော့ဘူး၊ ပြောစရာလည်း မလိုဘူး၊ ရှင်းလေ မမဝေ
နဲ့ လိုက်လာခွင့်ရတာ တအားပျော်တယ်ဗျာ"

အေးစိမ့်နေသော ဆောင်းနှင်းဝေဝေ၏ လက်ဖျားများကို
ဆုပ်နယ်ရာမှ သူ့ရင်ခွင်နှင့် ဖိအပ်ထားလိုက်သည်။

"မမဝေ"

"ဟင်"

"မြေပြန့်လွင်ပြင်ကို တောင်ပေါ်ကကြည့်ရတာ သိပ်လှ
တာပဲနော်၊ ဟိုး. . . မိုးကုတ်စက်ဝိုင်းအထိကို လှမ်းမြင်ရတာ"

"မြူတွေဆိုင်းရင်တော့ မမြင်ရဘူး၊ ခုလို ရာသီဥတု
ကြည်လင်ရင်တော့ မြက်ခင်းစိမ်းစိမ်း၊ ကောင်းကင်ပြာပြာ၊
တောင်တန်းညိုညို့တွေကို မြင်ရတာပေါ့"

"ဟိုး. . . အဆုံးမရှိတဲ့ ခရီးအထိ မမဝေနဲ့ ရှင်းတို့
သွားကြရအောင်လေ"

"အရူးလေး"

"တကယ်ပြောတာ၊ စိတ်ညစ်ညူးစရာဟာ ဟိုမိန်းမကြီးရဲ့
ခြံမှာပဲရှိတာ၊ ခုလို ပြင်ပလောကကြီးရဲ့ သဘာဝတရားဟာ
သိပ်ကို လှတာပဲ၊ အရမ်းကို စိတ်ကြည်နူးစရာ ကောင်းတာပဲနော်
မမဝေ"

"ဟုတ်တယ်"

"ပြီးတော့ ဒီကမ္ဘာပေါ်မှာ ရှင်းရဲ့ တစ်ခုတည်းသော
မြတ်နိုးတွယ်တာမှုဖြစ်တဲ့ မမဝေနဲ့ အတူရှိနေခွင့်ရလို့ ရှင်း အရမ်း
ကို ပျော်နေတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနှင်းဝေဝေ၏ လက်ခုံလေးနှစ်စုံကို သူ့လက် နှစ်ဖက်ဖြင့် အုပ်ကိုင်ပြီး ရင်ခွင်မှာကပ်ရင်း မျက်နှာချင်း အနီး ကပ် ကြည့်နေသည်။

ရှင်းသန့်စင်၏ တစ်သက်တာအတွင်းမှာ သည်မျှလော နှလုံးသားတွင်းမှ ကြည်လင်ချမ်းမြေ့စွာ ပြုံးပုံမျိုးကို မမြင်ဖူး မိသေး။

နုထွတ်နေသော မျက်နှာလေးမှာ အလွန်တရာကြည်သာ လွန်းသော အပြုံးများ တပ်ဆင်ထားသဖြင့် ရှင်းလေး သိပ် လှနေသည်။

ချစ်လှစွာသော မောင်လေး၏ ဤအပြုံးမျက်နှာလေး ခုလိုပင် ထိုင်၍ ကြည့်ချင်မိပါသော်လည်း. . .

“ဟိုဘက်တိုးထိုင်လေ ရှင်း၊ ဘုရားရင်ပြင်နားမှာ တော့. . .”

“ဟုတ်ကဲ့. . . ဟုတ်ကဲ့ မမဝေ”

ရှင်းက ဟိုဘက်ကျောက်တုံးပေါ် ရွှေ့ထိုင်လိုက်၏ ဆောင်းနှင်းဝေဝေထက် နိမ့်သွား၍ ရှင်းက ရိုကျိုးစွာ မော့ကြည့် နေပြန်သည်။

“ရှင်းရဲ့ မမဝေများ ပျောက်သွားရင် ဒါမှမဟုတ် တစ်ယောက်ယောက်က မတရား ခိုးသွားရင် ရှင်းတော့ ရူး ပဲ. . .”

“မတရား အခိုးခံရတာ မဟုတ်ဘဲ မမဝေရဲ့ချစ်သူနော လိုက်သွားတာ ဆိုရင်ကော”



“အဲဒါဆို မမဝေ ပျော်မှာလား”

“ပျော်မှာပေါ့”

“မမဝေပျော်ရင် ရှင်းလည်း ပျော်မှာပဲ၊ အင်း. . . ဒါပေ အတူနေခွင့်ရမှ ပျော်မှာနော်၊ ဝေးသွားလို့ကတော့ မရဘူး တယ်”

သူ တွေတွေဝေဝေလေး စဉ်းစားလိုက်ပြီးမှ. . .

“အင်း. . . ရှင်းဆန္ဒကတော့ တစ်ခုတည်းပဲ မမဝေရဲ့ ဝေဘာသာ မုန်းသူနဲ့ပဲနေနေ၊ ချစ်သူနဲ့ပဲနေနေ နေလေ၊ က မမဝေနားမှာ နေခွင့်ရရင် ပြီးတာပဲ”

“မမဝေရဲ့ချစ်သူက မမဝေနဲ့အတူ မောင်လေး တစ် ယောက် အဆစ်ပါလာတာကို ဘယ်ကြိုက်ပါ့မလဲ”

“မသိဘူးဗျာ. . . ရှုပ်တယ်၊ ရှင်းကတော့ မမဝေနဲ့ အောင်လုပ်တဲ့သူကို ရန်သူလို့ပဲ သတ်မှတ်မှာပဲ”

ထူထဲနက်မှောင်သော မျက်ခုံးလေးကိုရှုံ့ပြီး တကယ် ချုပ်ထွေးဟန်ဖြင့် ပြောနေသော ရှင်း။

သူ့ရင်တွင်းမှာ ရှိနေပြီးသားအဖြေကို သူ့ဦးနှောက်က ထိတတ်ရှာသေး။

ဆုံနေသော မျက်ဝန်းချင်း လွှဲဖယ်ပြီး ဆောင်းနှင်း ဝေဝေက တောင်တန်းပေါ်မှ တိမ်တိုက်များ ရွှေ့လျားနေ သည်ကို ငေးကြည့်နေဟန် လုပ်ထားသည်။

တကယ်တော့ တိမ်တိုက်တို့၏ သဏ္ဌာန်စုံ ဖြစ်တည်လိုက်၊ ပျောင်းမျောလိုက် ဖြစ်နေသည်ကို ဆောင်းနှင်းဝေဝေ မမြင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပြာထဲမှာ၊ တောင်တန်းညိုထဲမှာ၊ တော တန်းစိမ်းထဲမှာ၊ ကျောက်ဆောင်မည်းမည်းထဲမှာ၊ မြေဆီ ထဲမှာ၊ ဘယ်နေရာကိုပဲကြည့်ကြည့် ဆောင်းနှင်းဝေဝေ နှလုံးသား မျက်စိထဲမှာ ရှင်း၏ မျက်နှာလေးကိုသာ မြင် ပါမည်။

ရှင်းသန့်စင်သည် ဆောင်းနှင်းဝေဝေကို မခွဲခွာ လောက်အောင် စွဲလမ်းနေခြင်းမှာ သူ့နှလုံးသားနှင့် တ ရောထွေးစွာ...

"ချစ်နေပြီ"

ဆိုသည်ကို ရှင်းသန့်စင်ကိုယ်တိုင် ကောင်းစွာ ခွဲ နားလည်နိုင်ခြင်း မရှိသေးသော်လည်း...

"ချစ်လှပါသည်"

ဆိုသော စကားများဖြင့် ချဉ်းကပ်မှုများစွာကို ကြုံခဲ့ ရပြီးသော ဘွဲ့ရ မိန်းကလေးတစ်ယောက်အနေနှင့် ဆောင်း ဝေဝေ မသိဘဲနေပါ့မလား။

ရှင်းသန့်စင်လေးမှာတော့...

နှစ်ပေါင်းများစွာ အမုန်းခံဘဝနှင့် ဒေါ်တင်တင် ဝန်းကျင်မှာ နေခဲ့ရ၍ အတွေ့အကြုံရော အသိဉာဏ်ပါ မြောင်းနေခဲ့ရရှာသည်။

ကျောင်းနှင့်အိမ်မှလွဲ၍ ကျူရှင်ပင် သင်ခွင့်မရ။

သူငယ်ချင်းအိမ်သို့ သွားအိပ်ခွင့်မရှိ၊ သူငယ်ချင်း ရှင်းဆီလာ၍ စာကျက်ခွင့် မရ။



ဤသို့ ဝန်းကျင်ကျဉ်း၍ အတွေ့အကြုံမရှိသော ရှင်း ည် သူ့ရင်တွင်း ခံစားမှုကိုပင် ဘာဖြစ်နေမှန်း နားမလည်ရှာ။ သူ၏ကမ္ဘာ အဝန်းအဝိုင်းအတွင်းမှာ ဆောင်းနှင်းဝေဝေ သော အရှင်သခင်မ တစ်ယောက်တည်းသာ သူ၏ အားကိုး မှီခိုရာ၊ တွယ်တာရာ၊ ပြီးတော့ ချစ်မြတ်နိုးရာ။

"လေတွေ သိပ်တိုက်တယ်နော် ရှင်း"

"လေတွေက လူတွေကို လွင့်သွားအောင် တိုက်နိုင်ရင် ာင်းမှာပဲနော်"

"ဟင်..."

"ရှင်းနဲ့ မမဝေကို လွင့်သွားအောင် တိုက်ပစ်လိုက်ရင် ကောင်းမှာပဲ၊ အားလုံးနဲ့ဝေးသွားရောလေ၊ ပြီးတော့ ဘယ်သူ ိုက်လာလို့မရတဲ့ နေရာကျမှ ကျရင်ကောင်းမယ်နော် ဝေ"

လေတွေတိုက်ကြောင်း စကားလွှဲပြန်တော့လည်း ပိုလို့ နေပြီ။

အရှေ့ဘက်ကောင်းကင်မှာ နေလုံးမမြင်ရပေမယ့် န်းရဲ့ နီဝါရောင်ဟာ သိပ်လှတယ်နော် မမဝေ"

သူက သဘာဝအလှကို ခံစားပြနေပြန်ပြီ။

"ရှင်း"

"ဗျာ... မမဝေ"

"ခုလောက်ဆို မမေတို့ စိပ်ပုတီးစိပ်လို့ ပြီးလောက် ပေါ့၊ ရင်ပြင်တော်ပေါ်ကို ပြန်သွားကြစို့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာလေးမှာ ခုလိုထိုင်နေရတာ ရှင်း စိတ်ချမ်း လွန်းလို့ပါ မမဝေရာ"

ရှင်း၏ ကြည်လွှင်နေသော မျက်နှာလေးကို ဖျက်ရက်သဖြင့် ချက်ချင်းမထသေးဘဲ အလိုလိုက်စွာ ထိုင်နေပေးပြီးမှ. . .

"ထ. . . မောင်လေး၊ ပြန်ကြစို့၊ မေမေတို့ ခိုင်းစရာ ရှိနေမှာ"

"နက်ဖြန် ပြန်ကြတော့မှာနော်"

"အင်းလေ"

"မပြန်ချင်သေးဘူးဗျာ"

"ဘယ်ဖြစ်မှာလဲကွာ"

"မမဝေ"

"အင်း. . ."

"တောင်ပေါ်က ပြန်ဆင်းရင်လည်း တူတူ လက်တွဲ မယ်နော်"

"အေးပါ"

"မမဝေ လိမ့်ကျမှာစိုးလို့"

"ပိုလိုက်တာ၊ ကျောပိုးသွားပါလား"

"အသက်ကြေးလောင်းမလား၊ မမဝေကို ကျော ဆင်းရလား မဆင်းရဲလား ဆိုတာ"

"ဘာလဲ. . . ဆင်းရဲတယ်ဆိုရင် မမဝေကို သတ် လား"



"ဟာ. . . ဒီလို မဟုတ်ဘူးလေ"

"ဒါဖြင့် ဘာလို့ အသက်ကြေး လောင်းမယ်ပြောလဲ၊ သက်ကြေး ဆိုကတည်းက ရှုံးသူတစ်ယောက်ယောက်က ရမှာလေ"

"ရှင်းလည်း ပျော်လွန်းအားကြီးလို့ ဘာတွေပြောမိမှန်း င် မသိတော့ပါဘူး မမဝေရာ၊ ပြောချင်တာက မမဝေကို ပိုးမဆင်းရဲရင် ရှင်းကို သတ်ပစ်လို့"

"ကဲ. . . တော်တော့၊ ထကွယ်. . . သွားစို့"

လက်ချင်းတွဲဆက်၍ ရသေ့တောင် သွားသည့်ဘက် မှ တောင်ပေါ် ပြန်တက်လာပြီး ရင်မြင့်ပေါ် ရောက်ခါနီးမှ တွဲဖြုတ်ဖြစ်သည်။

ထိုနေ့ညက. . .

ရှင်းသန့်စင်၏ ဆယ့်ရှစ်နှစ်မြောက် မွေးနေ့ အထိမ်း တ်အဖြစ် ဖယောင်းတိုင် ဆယ့်ရှစ်တိုင် ပူဇော်ဖြစ်သည်။

သည့်လောက် ခက်ခဲပင်ပန်းသည့် ခရီးလမ်းကို ကြိတ် တိုးမှ ရောက်အောင်လာကြသော ဘုရားဖူးများ ရှိနေခြင်း ည်. . .

မြတ်စွာဘုရား၏ ဆံတော်စစ် ကိန်းဝပ်ရာ ဤကျိုက်ထီး စေတီတော်၏ တန်ခိုးတော်ကြောင့်ပင် ဖြစ်လေသည်။

"မမဝေ ဒီမှာကြည့်စမ်း"

ပြန်ဆင်းကြမည့်နံနက်က စာရွက်ကလေးတစ်ရွက် ာ လာပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေသင်္ကန်းကပ်လှူရန် အလှူငွေ ငါးဆယ်ကျပ်"

"အလှူ့ရှင်အမည် ဖတ်ကြည့်လေ"

"ဆောင်းနှင်းဝေဝေနှင့် ရှင်းသန့်စင်တို့ ကောင်းမှု"

ရင်ထဲ လှပ်ခနဲ ဖြစ်သွားမိသော်လည်း မိမိ၏အမည် ရှေ့ကတင်ထား၍ တော်ပါသေးသည်။

ရှင်းသန့်စင်နှင့် ဆောင်းနှင်းဝေဝေသာဆိုလျှင် ခ ချည်ရဲ့။

"အဲဒါ အစ်ကိုထွန်းပေးလိုက်တဲ့ ငွေတစ်ရာထဲက ကျန်တာတော့ မုန့်ဝယ်စားတာနဲ့ ပြောင်ပြီ"

"ကိုကိုထွန်းသာသိရင် တို့မောင်နှမကို ကြည့်ချင် မရှိဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ သူပေးတဲ့ငွေနဲ့လှူပြီး အလှူရှ မမဝေနဲ့ ရှင်းနဲ့ ဖြစ်နေလို့ပေါ့"

"မဆိုင်တာပဲ၊ သူက အပြတ်ပေးပြီးသားပဲလေ"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ဟုတ်တော့ ဟုတ်တယ်မဟုတ်ဘူး၊ ဟုတ်ကိုဟုတ်

"အေး. . . ပြီးရော"

ရှင်းသန့်စင်က အသိဉာဏ် မရင့်သန်သေး၍ပင် သည်။ တစ်ခါတစ်ခါ စွတ်လုပ်စွတ်ပြောတတ်၍ ဆောင် ဝေဝေ အနိုင်ပေးလိုက်ခြင်းဖြစ်သည်။



နံနက် နေပွင့်သည်နှင့် ဆောင်းနှင်းဝေဝေတို့အဖွဲ့ ဆင်းလာခဲ့ကြသည်။

ယခု ကျိုက်ထီးရိုးသည် လွန်ခဲ့သော ငါးနှစ်က ကျိုက်ထီး နှင့် မတူတော့။ ဆောင်းနှင်းဝေဝေတို့ အခုထပ်မံ ရောက်ရှိ မှာ အတော့်ကို ပြောင်းလဲနေပေပြီ။

လမ်းတွေလည်း ကောင်းလာပြီ။ ကောင်းသည်ထက် ကောင်းအောင်လည်း ပြင်နေဆဲ။

တချို့ကျတော့ ပိုက်ဆံခွက်ကလေး ချပြီး တကယ့်ကို လမ်းပြင်၏။ တချို့ကျတော့ ဘုရားဖူးတွေ ဆင်းလာတက်လာ သွားမှ ပြေး၍ ပြင်ဟန်ဆောင်၏။ ငွေထည့်သွားပြီးနောက်မှာ လစ်သည်နှင့် ထိုင်နေသူများလည်း ရှိသည်။

အဆောက်အအုံတွေ တိုးတက်လာပြီး အားလုံးလိုလို ားသစ်များ သုတ်ထား၏။

ရှင်းတို့အရွယ် လူငယ်လေးတစ်ယောက် ကျောပေါ်မှာ င့်တပိုးပစ္စည်းတွေသယ်၍ တက်လာသည်ကိုကြည့်ပြီး. . .

"ရှင်းလည်း အဲဒီလို အထမ်းသမားပဲဖြစ်ဖြစ် လုပ်ချင် ယ်၊ ငွေရအောင် ရှာချင်တယ်ဗျာ"

"တခြားနည်းနဲ့ ငွေရှာစရာတွေ ရှိပါတယ်၊ တောင်တက် ထမ်းသမားကတော့ ပင်ပန်းလွန်းလှပါတယ်ကွယ်၊ သူတို့က သန်တွေမို့ လုပ်နိုင်တာပါ"

"ရှင်း လုပ်အားနဲ့ရတဲ့ငွေကို မမဝေအတွက် ပေးချင်လို့

www.burmeseclassic.com

www.burmeseclassic.com



"အို. . . မဟုတ်တာ၊ မမဝေမှ ငွေမလိုတာ"

"မမဝေတို့ ချမ်းသာမှန်း သိပါတယ်၊ ဒါပေမယ့် ရှင်း မမဝေအတွက် ငွေသိပ်ရှာချင်တာပဲ၊ ရှင်းလုပ်ဆောင်နိုင်သ အားလုံးဟာ မမဝေအတွက် ဖြစ်စေချင်လှပြီ"

ရှင်း၏ရင်တွင်းမှ စေတနာထုထည်ကို မြင်ရသည်။

ဤသို့ ပေးဆက်ခြင်းဆန္ဒများ ထားရှိပြီးလျှင် ရယူပိုင် ချင်သော ထပ်ဆင့်ဆန္ဒများ ဖြစ်ထွန်းတတ်ကြောင်း ရှ ကိုယ်တိုင် မသိရှာသေး။

"ကဲ. . . ရှင်း၊ စကားတွေ သိပ်ပြောမနေနဲ့၊ အခ လည်း မောတာပဲ၊ နေဦး မေမေတို့ကိုစောင့်ပြီးမှ အတူသွာ မယ်နော်"

မေမေတို့ ဆရာမအုပ်စုနှင့်အတူ ဆင်းဖြစ်တော့ ရှင်း သိပ်ပြီး ပူပူးကပ်ကပ်မနေရဲရှာပါ။

အပြန်လမ်းတစ်လျှောက် ကင်ပွန်းစခန်းရောက်သ အထိ ဆောင်းနှင်းဝေဝေ၏ ဖိနပ်ကို ချပေးသည်ကအစ အ စိတ် အရိပ်ကြည့်၍ နေပေးရှာသော မောင်လေး ရှင်းသန့်

အချိုးကျ ငွေအကုန်ကျခံပြီး ဟိုင်းလပ်စ်ကားငှားလ ကြသည်။ အပြန်မှာ မေမေနှင့် အသက်ကြီးကြီး ဆရာမ ယောက်က ရှေ့ခန်းမှာ ထိုင်ကြသည်။

အခြားသော ဆရာမသုံးယောက်နှင့် မိသားစုမျာ ကိုယ့်အဖွဲ့နှင့် ပြောနေဆိုနေ၊ တချို့လည်း ခြေနာ ပေါ်င အကြောတက် စသော ဝေဒနာများ ဖလှယ်နေကြ၏



ရှင်းနှင့် ဆောင်းနှင်းဝေဝေက နောက်ဘက်နားမှာ ကျော်နှာချင်းဆိုင်ထိုင်ရသည်။

အပြန်လမ်းမှာ ရှင်းသန့်စင်က စကားမပြောဘဲနှင့် သူ၏ မဝေ မျက်နှာလေးကိုသာ ငေးငေးမောမောနှင့် တစ်ချိန်လုံး ကြည့်လာသည်။

ရှင်းသန့်စင်သည် ပတ်ဝန်းကျင်ကိုလည်း မလေ့လာချင်။ တက်ခဲ့သော တောင်၏အကြောင်းကိုလည်း ပြန်၍မတွေးမိ။ အစားစားဖို့ပင် စိတ်မဝင်စားဘဲ သူ၏ အလုံးစုံသော ခံစားမှုနှင့် ခံစိုက်မှုတို့၏ ဦးတည်ရာနေရာသည် ဆောင်းနှင်းဝေဝေ၏ လှပသော မျက်နှာမှာသာ တည်၏။

ရှင်းသန့်စင်၏ ရင်တွင်းမှ လတ်ဆတ်သော နှလုံးသားဦး ၏ ခံစားမှု၊ ခံယူမှု၊ တုံ့ပြန်မှုအပေါင်းကို. . .

ကာယကံရှင် ရှင်းသန့်စင်ထက်ပင် ပို၍ ဆောင်းနှင်း ဝေဝေ သိနိုင် မြင်နိုင် သရုပ်ခွဲပေးနိုင်ပါသည်။

ဩော်. . . မမဝေကို. . .

စွဲလမ်းတပ်မက် မြတ်နိုးစွာ အချစ်ကြီးချစ်နေရှာပြီဖြစ်တဲ့ မဝေရဲ့ မောင်လေးရယ်. . .

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ॥ ၂၀

"သမီး တရားရုံးသွားနေတုန်း ဒေါ်တင်တင်စော အကြ
ကြီး လာလည်သွားတယ်"

"သူ့ကို ဘယ်သူမှ မပေါင်းကြတော့ဘူး၊ ဘယ်သူမှလည်း
သူ့ဆီမလာကြတော့လို့ မေမေ့ဆီ ရောက်လာနေမှာပါ"

"သူနဲ့အတူ လေးနက်တဲ့အကြောင်းအရာတစ်ခု ပါလာ
တယ် သမီး"

"ဟင်. . . ရှင်းကိစ္စပဲ မဟုတ်လား၊ ရှင်းနဲ့သူနဲ့ ဘာဖြစ်ကြ
လို့လဲဟင် မေမေ"

"သမီး ဒီလောက် ထိပ်ထိပ်ပျာပျာ ဖြစ်မနေပါနဲ့၊ ရှင်း
ဘာမှမဖြစ်ပါဘူး"

"အို"

ဆန္ဒစောစွာ စိတ်ပူပန်မိသည့်အဖြစ်ကို မေမေရိပ်မိသွား
ပြီလားဟု စိုးရိမ်စွာဖြင့် ပြန်၍ ဣန္ဒြေဆည်ရင်း. . .



"ဒီမိန်းမကြီးမှာက ပြဿနာဖြစ်စရာလူ ကုန်ပြီလေ
မေမေရယ်၊ သူ့သမီးကိုလည်း စွန့်လွှတ်လိုက်ပြီဆိုတာ သတင်း
စာထဲမှာတောင် ထည့်ကြေညာပြီးပြီပဲ၊ သူ ပြဿနာလုပ်စရာ
ဆိုလို့ ရှင်းတစ်ယောက်ပဲရှိတော့တာမို့ ပြောတာပါ မေမေရဲ့"

"ကဲ. . . ရှင်းသန့်စင်ကိစ္စက ထားလိုက်စမ်းပါ၊ ဒေါ်တင်
တင်စော ဘာလာလုပ်တယ် ထင်သလဲ"

"ဘာလာလုပ်လဲ မေမေ၊ သမီး မထင်တတ်ဘူး"

"သမီးနဲ့ ထွဋ်ထိပ်စိုးကို ပေးစားပါရစေတဲ့"

"ဟိုက်"

ဆောင်းနှင်းဝေဝေ တကယ့်ကို လန့်သွားသည်။ သည်လို
စေ့စပ်ခံရလိမ့်မည်ဟု တစ်ခါမှ မတွေးမိခဲ့။

ကိုကိုထွဋ်သည် မိမိ၏ခင်ပွန်းလောင်းဖြစ်လာနိုင်စရာ
ရှိသည်ဟူ၍လည်း တစ်ခါဖူးမျှ မစဉ်းစားမိခဲ့။

"ဒီတစ်ခေါက် ထွဋ်ထိပ်စိုး ပြန်လာတုန်းက သမီးတို့နှစ်
ယောက် အတူထင်းစားကြ၊ စားပွဲသိမ်းကြ၊ ပန်းကန်ဆေးကြတာ
တွေကိုကြည့်ပြီး သူလည်း ဒီလိုတွေးမိလာတာပါတဲ့"

"ဩော်"

"သူ့မှာ သမီးတစ်ယောက်လည်း ဆုံးရပြီတဲ့၊ သားတစ်
ယောက်ကလည်း မျက်စိကွယ်ရာမှာမို့ မတော်တဲ့မိန်းကလေးနဲ့
တွေ့ဘူးလို့ မပြောနိုင်ဘူးတဲ့"

ဒေါ်အေးမြင့်ရီသည် သမီး၏မျက်နှာကို စေ့စေ့ကြည့်ပြီး
ဆက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းနှင်းဝေဝေနဲ့ ဆိုရင် အတွင်းသိ အစင်းသိ ကလေးချင်းကလည်း သံယောဇဉ်ရှိကြပြီးသား၊ တစ်သက်လုံး လည်း အတူတူနေလာကြတာမို့ သူတို့နှစ်ယောက်ကို ပေးစား ပါရစေ. . . တဲ့"

"အံ့ဩစရာကြီးနော် မေမေ"

"ဘာအံ့ဩစရာရှိလဲ၊ ဒါဖြစ်ရိုးဖြစ်စဉ်ကိစ္စပဲ၊ ညည်း သဘောက ဘယ်လိုလဲ"

မေမေ၏လေက 'ငေါ့'သံလိုလို ပါနေပြီး ကြည့်ပုံကလည်း ခပ်စွေစွေ။

"မေမေကတော့"

"ထွဋ်ထိပ်စိုးကို ဘာပြောင်းစရာရှိလဲ၊ ဆရာဝန်တစ်ယောက် လည်း ဖြစ်တယ်၊ သဘောလည်းကောင်းတယ်"

"ကိုကိုထွဋ်က သဘောကောင်းတယ်ဆိုပေမယ့် အန်တီ စောက သိတဲ့အတိုင်းပဲ မေမေရာ၊ အဲဒါကြီးကို ယောက္ခမတော် မယ်ဆိုရင်တော့ သေပါပြီ"

"သမီးပြောတာ မှန်တယ်၊ သူ့အိမ် လိုက်နေရမယ် ဆိုရင်ပေါ့၊ အခုဟာက ထွဋ်ထိပ်စိုးက တစ်မြို့တစ်နယ် ရောက် နေပြီပဲ"

"နေပါဦး၊ ဒီကိစ္စကို ကိုကိုထွဋ်ကကော သိလား"

"မသိဘဲနေပါ့မလား၊ သူ့သားနဲ့ ဆွေးနွေးပြောဆိုပြီး ကျုပ်ဆီရောက်လာတာပေါ့"

"ကိုကိုထွဋ်က ဘာတဲ့လဲဟင်"



"နှင်းဝေဝေကိုသာ မေးပါတဲ့၊ သူကျေနပ်တယ်ဆိုမှ ဉ်ကြပါတဲ့၊ ကဲ. . . ဘယ်လောက်များ သဘောထားပြည့် တ်သလဲလို့"

"မေမေ"

"အင်း"

"သမီး စဉ်းစားပါရစေဦး မေမေရယ်"

"အေး. . . စဉ်းစားပါ၊ စဉ်းစားပါ၊ ဒါပေမယ့် ကိုယ့်ဘဝ အတွက် စဉ်းစားတာလည်း ဖြစ်ပါစေနော်၊ ရှင်းသန့်စင်အတွက် ဉ်းစားတာတော့ မဖြစ်ပါစေနဲ့"

ဆောင်းနှင်းဝေဝေမှာ မိခင်ကြီးကို အထိတ်တလန့် မော့ ကြည့်လိုက်မိသည်။

သူမွေးခဲ့သော သူ့ကိုယ်ပွားသမီးငယ်၏ နှလုံးသားကို သိနိုင်၊ မြင်နိုင်၊ အစိပ္ပာယ်ဖွင့်ဆိုနိုင်လှချည်လား။

ဖေါ်ဒေးမြင့်ရီသည် ဘယ်တုန်းအခါကမှ ခက်ထန် ကျော်စွာ ပြောလေ့ဆိုလေ့မရှိ။

ယခုလည်း ခက်ထန်ခြင်းမဟုတ်ပေမယ့် ညက်ပြေခြင်း ရှိသော စကားကိုဆိုလျက် ဆောင်းနှင်းဝေဝေ၏ အနားမှ သွားသည်။

ကိုယ့်ဘဝအတွက် စဉ်းစားတာပဲ ဖြစ်ပါစေနော်။

ရှင်းသန့်စင်အတွက် စဉ်းစားတာတော့ မဖြစ်ပါစေနဲ့ ိပါလား။

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းမသိသော ကရုဏာနှင့် ခပ်သိမ်းသော ချစ်ခြင်းမေတ္တာတို့သည် ဆောင်းနှင်းဝေဝေ၏ နှလုံးအိမ်မှာ ရှင်းသန့်စင်အတွက် ဆောက်တည်ထားမိလေပြီလား။

"ဟင့်အင်း. . . မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ မေမေထင်နေသလို သမီး ရှင်းလေးကို မချစ်ပါဘူး"

"ပိုင်ဆိုင်ချင်ခြင်း၊ ပေးဆက်လိုခြင်း စတဲ့ တပ်မက်အချစ်မျိုးနဲ့ သမီး ရှင်းသန့်စင်ကိုချစ်တာ မဟုတ်ပါဘူး မေမေ"

"အဲဒါ တကယ်ပါ မေမေ"

"အဲဒီလိုမျိုးစိတ်နဲ့ သမီးရှင်းသန့်စင်ကို မချစ်မိဘူးဆိုတာ သစ္စာဆိုရဲတယ်"

"တစ်ခုခု အဆုံးရှုံးခံကြေးအထိ သမီး လောင်းရဲပါတယ်"

"သမီးလေ ရှင်းသန့်စင်အပေါ်မှာ တကယ့်ကို ဖြူစင်တဲ့ မေတ္တာထားမိတာပါ"

"မောင်လေးအရင်းရှိရင်တောင် ရှင်းသန့်စင်ထက် ပိုပြီး မချစ်နိုင်တဲ့ အချစ်မျိုးနဲ့ သန့်သန့်စင်စင် မေတ္တာထားမိတာတော့ အမှန်ပဲ"

"ပြီးတော့ တစ်ခုရှိပါတယ်"

"အဲဒီ တစ်ခုဆိုတာက ကမ္ဘာပေါ်မှာရှိတဲ့ အကြီးဆုံး ထုထည်ထက်လည်း ကြီးမားပါတယ်၊ အကျယ်ပြန့်ဆုံး ဆိုတဲ့ ပမာဏထက်လည်း ပိုမိုကျယ်ဝန်းနက်ရှိုင်းပါတယ် မေမေ"

"အဲဒါကတော့. . . "



"ရှင်းလေးအပေါ်မှာ ထားမိတဲ့ သမီးရဲ့ ကရုဏာဆိုတဲ့ တရားကြွင်နာခြင်းပါပဲ မေမေရယ်"

မိခင်၏ မျက်ကွယ်မှာ မိခင်ကို တိုင်တည်ရင်း ပြောကြားခဲ့မိသည့် စကားများကို ဒေါ်အေးမြင့်ရီ ကြားလို့ကတော့ ခရိုက်ချင်မလားပင် မသိပါ။

မေမေကိုယ်တိုင်က ကိုကိုထွဋ်ကို ကြိုတင်သဘောကျနေသလား။

သမီးရှင်မို့ ဆန္ဒတွေကို မျိုသိပ်ထားခဲ့ရသည်လား။

ဘာပဲဖြစ်ဖြစ်. . .

ယခုလို ဒေါ်တင်တစ်စောကိုယ်တိုင် လာရောက်တောင်းခြင်းကိုဖြင့် မေမေ များစွာ ကျေနပ်နှစ်ခြိုက်နေလေသည်။

ဆောင်းနှင်းဝေဝေမှာ. . .

ကိုယ့်ကိုယ်ကို အိမ်ထောင်ပြုသင့်သည့်အရွယ် ရောက်ပေါ်လား ဆိုသည်ကိုပင် မေ့လျော့နေမိသည်။

ကိုကိုထွဋ်၏ဇနီးလောင်းအဖြစ် တောင်းဆိုခံရလိမ့်မည်ဟူ၍လည်း တစ်ခါမှ မတွေးမိဖူးခဲ့ပါ။

တွေ့ဆုံကြချိန်တိုင်းမှာ တစ်ယောက်ကိုတစ်ယောက် ပေါ့ချင်စရာတွေပြောပြီး စကြ နောက်ကြနှင့် အချိန်ကုန်သွားကြသည်ချည်းသာ။

တစ်ခါမှလည်း ကိုကိုထွဋ်၏အကြည့်မှာ အချစ်၏ အရိပ်အယောင်ပင် မပါရှိဖူးခဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ချစ်သူရှိချင်လည်း ရှိနေမှာပဲ၊ ရှိနေပါစေ၊ တို[illegible] ထွင့်ကို လက်ထပ်ရမှာကျတော့ တစ်မျိုးကြီးပဲ၊ တစ်သတ်[illegible] မောင်နှမအရင်းတွေလို တူတူနေလာခဲ့ကြပြီးမှ အဲသည်[illegible] ပြောင်းလဲသွားရမှာတော့ ရှက်စရာကြီး။

ကိုကိုထွင့်ဘက်လည်း သည်လိုပဲရှိလိမ့်မယ် ထင်ပါတ[illegible] လေ။

အကယ်၍ ဆောင်းနှင်းဝေဝေရော ထွင့်ထိပ်စိုးတ[illegible] လက်ခံပါပြီဟု မပြောသည့်တိုင် မငြင်းဘဲ နေကြလျှင်ကို မေ[illegible] တို့က အမြန်ဆုံး စီစဉ်ကြတော့မည် ထင်သည်။

ကျိုက်ထီးရိုးခရီးစဉ်မှာ. . .

ရှင်းသန့်စင်၏ မျက်ဝန်းမှတစ်ဆင့် ရှင်းသန့်စင်[illegible] နှလုံးသားထဲမှာ သူ့သမီးနှင့်ပတ်သက်၍ ဘာတွေခံစား[illegible] သည်ဆိုသော ဝေဒနာ၏ အရင်းအမြစ်ကို ဒေါ်အေးမြ[illegible] သိနားလည်ခွင့် ရသွားခဲ့ပြီးပြီလေ။

◆ ◆ ◆

အခန်း ॥ ၂၁ ॥

"ဟယ်. . . ရှင်း၊ နေမကောင်းဘူးလား"

"ကောင်းပါတယ် မမဝေရဲ့၊ ဘာဖြစ်လို့လဲ"

"ဆွယ်တာကြီး ဝတ်ထားလို့"

"ဝတ်ချင်လို့ ဝတ်ထားတာပါ"

ကျိုက်ထီးရိုးခရီးအမှီ ဆောင်းနှင်းဝေဝေ ထိုးပေးထား[illegible]သာ အပြာနှင့်အဖြူရောင် သိုးမွေးဆွယ်တာကို ကြည့်ပြီး. . .

"ဝတ်ချင်ပေမယ့် ချမ်းမှ မချမ်းတာကြီးကို၊ လူရယ်စရာ[illegible] ဖြစ်နေမှာပေါ့ ရှင်းရဲ့"

"ရှင်းကိုကြည့်ပြီး လူတွေက ရယ်ချင်လည်း ရယ်ကြ၊ ငိုချင်[illegible]ည်း ငိုကြပါစေ မမဝေရာ၊ အရေးကြီးတာက ဒီဆွယ်တာလေး[illegible]သာ ရှင်းကိုယ်နဲ့မကွာဘဲ ရှိနေဖို့သာ အဓိကပါ"

ကိုယ့်လက်ဆောင်လေးကို အမြတ်တနိုးထားလွန်းသည့်[illegible]တွက် ရင်မှာ ကြည်နူးရပါ၏။

"လာလေ ရှင်း၊ ထမင်းစားရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"စားပြီးပြီ မမဝေ"

"ဟုတ်ရဲ့လား၊ အားနာလို့လား"

"ဘာလို့ အားနာရမှာလဲ"

"အေးနော်. . . ကိုယ့်အစ်မပဲ"

"ဒါပေါ့"

"ဘာဟင်းနဲ့ စားခဲ့လဲ"

"ကြက်သား"

"တယ်ဟုတ်ပါလား"

"အရင်တုန်းကလို ကြက်သားတုံးတွေဖယ်ပြီး အာလူး ချည်း မကျွေးတော့ပါဘူး၊ အာလူးလည်း မရောဘူး၊ ကြက်သား ချည်း ချက်တာ"

"အင်း. . . ဒေါ်တင်တင်စောလည်း နည်းနည်းတော့ စိတ်ပြောင်းသွားပြီထင်ပါရဲ့"

"မပြောင်းပါဘူးဗျာ၊ ရှင်းအပေါ်တော့ အရင်အတိုင်းပါ အခု ထည့်ကျွေးလိုက်တာက ဒေါ်လှထူးဆိုတဲ့ အဒေါ်ကြီးပေါ"

"သူက ရှင်းကိုချစ်တယ်လား"

"သနားလို့ထင်ပါရဲ့၊ ဟိုမိန်းမကြီးလစ်ရင် ရှင်းကို တော တောင် ဖျော်တိုက်တာ"

ကော်ဖီဆိုသည်မှာ ရှင်းသောက်ရသော အစားအစာ မဟုတ်။ ဘယ်တုန်းကမှလည်း မတိုက်ခဲ့၍ ယခု ကော်ဖီတစ်ခွက် သောက်ရသည်ကို ရှင်းက အရေးတကြီးကိစ္စတစ်ခုလို ပြော ရှာသည်။



"ဟိုမိန်းမကြီးလည်း သူ့သမီးစိတ်နဲ့ အတော် လိမ့်နေ အောင် ခံရတယ်၊ ကောင်းတယ်ဗျာ၊ ဝမ်းသာတယ်"

"ရှင်း"

ဆောင်းနှင်းဝေဝေက ခပ်ဆတ်ဆတ် ခေါ်လိုက်ပြီး. . .

"အဲဒီလို မပြောရဘူးလို့ မမဝေ ပြောထားတယ်လေ ဘယ်လောက်ပဲ မကောင်း၊ မကောင်း ရှင်း အခုနေရတာ အရိပ်မှာ၊ မပြောနဲ့ ငရဲကြီးလိမ့်မယ်"

"ကြီးစမ်းပါစေဗျာ၊ ဒီမိန်းမကြီးကို စော်ကားလို့ ကြီးလို့ တော့ ငရဲအိုးထဲကကို မထွက်ပါဘူး"

"ဒါဖြင့် ဘာလို့ သူနဲ့နေသေးလဲ၊ စစ်ထဲဝင်မလို့ဆို၊ ဝင်ပါ ား"

"စစ်ထဲလည်း မဝင်ချင်ဘူး၊ သူနဲ့လည်း မနေချင်ဘူး၊ ပေမယ့် အဲဒီခြံက မခွာဘဲ တွယ်ကပ်နေတာ မမဝေကို ခွဲနိုင်လို့ဗျ သိလား"

အသံက ကျယ်ကျယ်ပြောပုံက မာကျောကျောနှင့်. . .

တော်ပါသေးရဲ့၊ မေမေက သူ့မိတ်ဆွေ ဆရာမတစ် ယောက်၏ဖခင် အသုဘသို့ သွားနေ၍. . .

ဆောင်းနှင်းဝေဝေက ရှင်းကို ဘာမှပြန်မပြောတော့ဘဲ ဖိုဆောင်ဘက်သို့ ဝင်လာခဲ့သည်။

တစ်ယောက်စာ ထမင်းဟင်းကိုထည့်၍ စားပွဲပေါ် တင်နေစဉ် ရှင်း ရောက်လာပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"စားနော်. . . ရှင်းမဆာလို့၊ မမဝေ စားတာ ထိုင်ကြ
ရှင်း စကားပြောနေမယ် သိလား"

စောစောက သူအော်လိုက်သည်ကို သူ့မမဝေ စိတ်ခု
ပါလား ဟူ၍လည်း မသိရှာဘဲ. . . အပြုံးဝေဝေနှင့် ပြော
ပြန်သော မောင်လေးရှင်းရယ်လေ။

အစ်ကိုချမ်းငြိမ်းအောင် ပို့လိုက်သော ရေခဲသေ
အသစ်ထဲမှ ရေခဲရေနှင့် လိမ္မော်ရည်ကို ရောစပ်ဖျော်ပြီး ရှင်း
စင်၏ရှေ့မှာ ချပေးလိုက်သည်။

"ရှင်းကို ဘယ်လိုက စပြောရပါ့မလဲ"

"သူ ဘယ်လိုတဲ့ပြန်မှာလဲ"

"မေမေ ပြန်မလာခင် ပြောမှ"

ဆိုသော အတွေးများက ရင်ကို ပြည့်နင့်စေသည်။ ထ
စား၍မဝင်။

စားမကောင်းသည့် ထမင်းကို ဆက်မစားတော့ဘဲ အ
သိမ်းလိုက်ပြီး. . .

"လာ ရှင်း၊ အိမ်ရှေ့မှာ စကားပြောရအောင်"

ဧည့်ခန်း ဆက်တီ ကုလားထိုင်မှာ ထိုင်ပြီးသည်နှင့်. .

"ရှင်းကို မမဝေ ပြောစရာရှိတယ်"

"ပြောလေ"

"မမဝေကို လူတစ်ယောက်နဲ့ ပေးစားဖို့ စေ့စပ်ချင်လို့

"ဟာ. . ."

"အဲဒီလူကိုသိရင် ရှင်း ပိုအံ့သြသွားမယ်"



"ဘယ်. . . ဘယ်သူနဲ့လဲဟင်"

"ကိုကိုထွဋ်နဲ့"

"ဟာ. . ."

ဒုတိယအကြိမ် 'ဟာ' ပြီးချိန်မှာ ပါးစပ်ကလေး ပွင့်ဟပြီး
သက်စွာ စိုက်ကြည့်နေ၍. . .

"အဲဒါ ရှင်း ဘယ်လိုသဘောရသလဲ"

အမြန်ဆုံး အဖြစ်မှန်ကို သိချင်၊ အဖြေမှန်ကို ရချင်၍
တ်ကို မေးချပစ်လိုက်သည်။

"ဒို့ပြင်လူနဲ့လားလို့ လန့်သွားတာပဲ၊ အစ်ကိုထွဋ်နဲ့ဆို
င်းတာပေါ့၊ ရှင်းနဲ့လည်း မခွဲရတော့ဘူး"

"ရှင်းရယ်"

ရိုးသား ရှင်းသန့်လွန်းသော မောင်လေး၏မျက်နှာကို
င်းနှင်းဝေဝေ စူးစိုက်စွာ ကြည့်နေပြီးမှ. . .

"ရှင်းစိတ်ထဲမှာ အဲဒီလိုခံယူထားရင် မမဝေ ဝမ်းသာ
ယ်ကွယ်"

"မမဝေ"

"ဟင်. . ."

"ရှင်းပါ လိုက်နေရမှာနော်"

"ဒါတော့ ရှင်းရဲ့အစ်ကိုထွဋ်ကိုပဲ ပြောပေါ့"

"ရမှာပါ၊ ဆယ်တန်းဖြေပြီးရင် ခေါ်ထားမယ်လို့တော
တာပဲ၊ မမဝေကရော အစ်ကိုထွဋ်နဲ့ လိုက်နေမှာ မဟုတ်
း"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့"

သူက တွေဝေစွာ ပြန်လည်စိုက်ကြည့်ရင်း. . .

"ရှင်း ဘာမှတော့ သိပ်နားမလည်ဘူး၊ ဒါပေမယ့် တကယ်[illegible] နားလည်တာတစ်ခုတော့ရှိတယ်၊ အဲဒါက မမဝေနဲ့ ရှင်း [illegible] နိုင်ဘူး"

"ရှင်း"

"ဗျာ"

"ဘာကိုမှ နားမလည်ရင်လည်း ဘာမှ ဆက်မပြောတာ[illegible] ကောင်းပါတယ်လေ"

"ရှင်းကို မမဝေ နားလည်ပေးပါနော်"

သူ့ကိုယ်သူ နားမလည်နိုင်စွာ ရှိနေသေးသော ရှင်း[illegible] စင်။

"အေး. . . မမဝေ နားလည်ယူလိုက်ပါ့မယ်၊ ရှင်း[illegible] မမဝေကို ကိုကိုထွဋ်နဲ့ သဘောတူတယ်လို့"

သူ တွေတွေငေးငေး စဉ်းစားရင်း လေးလေးတွဲ့[illegible] ခေါင်းကို ဆက်ကာဆက်ကာ ညိတ်နေသည်။

သူ့ထံမှ စကားသံဆက်မလာမီ ဆောင်းနှင်းဝေဝေ နေ[illegible] မှ ထ,လိုက်သည်။

ခြံထဲသို့ဆင်းပြီး ပန်းအိုးထဲမှာ ဝင်ပေါက်နေသော မြို့[illegible] သစ်ပင်ငယ်လေးများကို ဆွဲနုတ်ပစ်နေမိသည်။

တကယ်တော့ အလုပ်မရှိ အလုပ်ရှာ၍ လုပ်နေခြင်း[illegible] ဖြစ်သော်လည်း. . .



အဖိုးတန် ပန်းအိုးအတွင်းမှာ မလိုအပ်ဘဲ လာရောက် [illegible]သန်နေသော အပင်ငယ်လေးများကို ဖယ်ရှားပစ်နေရသည် [illegible] ပညာတာရာရောက်လို့နေလေသလား။

ကံကောင်းချင်တော့ အိမ်ကကား ရုတ်တရက် ဝင်လာချိန် [illegible] ခြံထဲ၌ အလုပ်လုပ်နေသော သမီးကို မေမေတို့ မြင်တွေ့[illegible]ရမည်။

အိမ်ထဲဝင်သွားသည့်အခါ ဧည့်ခန်းမှာ ရှင်းကို တွေ့ကြ[illegible]ရိမ့်မည်။

သဘော်သား အစ်ကိုချမ်းငြိမ်းအောင် ပို့လိုက်သော [illegible]လစ်ကာ ကားလေးကို ဖေဖေ ဦးငြိမ်းဝေ ကိုယ်တိုင် မောင်း[illegible]လာပြီး. . .

"သမီးကလည်း နေပူလိုက်တာကွယ်"

"ပြီးပါပြီ ဖေဖေ၊ ပန်းအိုးလေးတွေ ပြုပြင်နေတာပါ"

တွဲဖက်ပါမောက္ခကြီး ဦးငြိမ်းဝေက သံသယကင်းစွာ [illegible]နေပါသော်လည်း အိမ်ဝမှာ ထွက်ရပ်နေသော ရှင်းကို [illegible]ည့်ပြီး ဒေါ်အေးမြင့်ရီ၏ မျက်ဝန်းမှာ သံသယရောင်စဉ်များ [illegible]းဝင်းတောက်သွားတော့သည်။

မေမေတို့ အိမ်ထဲဝင်သွားချိန်မှာ ရှင်းက ခြံထဲဆင်းလာ [illegible]. . .

"မမဝေ ပြန်ဝင်လာမလားလို့ ရှင်းက စောင့်နေတာ"

"အင်း. . . ဒီမှာ လုပ်စရာရှိလို့"

"မမဝေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . "

"ခုန ရှင်း ပြောလိုက်တာလေ. . ."

"မမဝေ နားလည် လက်ခံလိုက်ပြီးပြီလေ ရှင်း၊ ကဲ. . . ရှင်းပြန်တော့၊ မေမေတို့အတွက် မမဝေ လုပ်ပေးစရာရှိသေး တယ်"

လက်ဝါးပေါ်မှာ ပေကပ်နေသော မြေမှုန်များကို လက်ချင်း ထိခတ်ခါချရင်း ပြောပြောဆိုဆို အိမ်ထဲဝင်လာခဲ့သော သည်။

အိမ်ထဲရောက်ပြီးမှ ဆောင်းနှင်းဝေဝေ ပြန်လှမ်းကြည့် တော့ ခေါင်းလေးစောင်းငဲ့ပြီး တွေဝေစွာ ခေတ္တရပ်နေပြီး ခပ်ဖြည်းဖြည်းချင်း လှမ်းလျှောက်သွားလေသော မောင်ရေ ရှင်း. . .

"ကဲ. . . မရွှေဝေ"

ရှင်းအပြန်လမ်းကို လှမ်းကြည့်နေမိချိန်မှာ မေမေ့ အသံကြောင့် ဆောင်းနှင်းဝေဝေ ဆတ်ခနဲ တုန်သွားမိသည်။

"ထိုင်ပါဦး၊ ဖအေကြီးရှေ့မှာပဲ ပြောရအောင်"

ဆောင်းနှင်းဝေဝေမှာ ရှက်ကြောက်ထူပူစွာဖြင့် မိဘ နှစ်ပါး၏ရှေ့မှာ ခေါင်းငုံ့၍ ထိုင်နေမိသည်။

"ဒီနေ့ခေတ်မှာ သမီးတွေရဲ့ကိစ္စကို ဖအေတွေလည်း ဝင်ပါနေကြပါပြီ၊ ကဲ. . . တို့သားမိသုံးယောက်ပဲ ပွင့်ပွင့်လင်း လင်း ဆွေးနွေးကြရအောင်၊ ဒေါ်တင်တင်စော ပြောတဲ့ ကိစ္စ



အဖေကကော ဘယ်လိုသဘောရလဲ၊ သမီးကကော ဘယ်လို ဆုံးဖြတ်မှာလဲ"

"အဖေတစ်ယောက်အနေနဲ့ ပြောရရင်တော့ ထွန်းထိပ်စိုး ဟာ ပြစ်ချက်မရှိတဲ့ လူငယ်ပဲ၊ ဆရာဝန်တစ်ယောက်လည်း ဖြစ်နေပြီဆိုတော့ ဘာသဘောမတူစရာရှိလဲ၊ ဒါပေမယ့် ဖေဖေ သမီးကို တစ်ခုပဲ မေးချင်တယ်"

"ဟုတ်ကဲ့. . . မေးပါ ဖေဖေ"

"သမီးမှာ ချစ်သူရှိနေသလား"

"မရှိပါဘူး ဖေဖေ"

"သေချာလား မရွှေဝေ"

"မေမေရယ်၊ သမီးတစ်ခါမှ ရည်းစားမထားဖူးသေးတာကို ကျိန်ပြီးပြောရပါတယ်"

"ဒီလိုဆိုလည်း ဝမ်းသာပါတယ်တော်"

အဓိပ္ပာယ်ပြည့်စွာ ကြည့်နေသော ဒေါ်အေးမြင့်ရီ၏ မျက်ဝန်းကို ရင်မဆိုင်ရဲ၍ မျက်ဝန်းအကြည့်ကို ကြမ်းပြင်မှာ စိုက်ထားလိုက်ရသည်။

"ကဲ. . . ကောင်းပြီ၊ သမီးမှာ ချစ်သူမရှိဘူးဆိုရင် မောင်ထွန်းထိပ်စိုးကိုကော လက်ခံနိုင်မလား"

"မောင်နှမအရင်းလို နေကြသူချင်း ခုလိုဆိုတော့ သမီး စိတ်ထဲမှာ တစ်မျိုးတော့ တစ်မျိုးကြီးပဲ ဖေဖေ"

"ညည်းစိတ်ထဲမှာ တစ်မျိုးပဲရှိရှိ နှစ်မျိုးပဲရှိရှိ ချစ်သူမရှိ ဘူးလို့ ဝန်ခံရင် မောင်ထွန်းထိပ်စိုးကို လက်ခံလိုက်တော့ပေါ့" ✻

www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ်"

"သမီး"

"ဟုတ်ကဲ့ ဖေဖေ"

"အဲဒီကိစ္စ လက်ခံရမှာကို စိတ်ဆင်းရဲနေသလား"

"စိတ်ဆင်းရဲလောက်အောင်တော့လည်း မဟုတ်ပါဘူး ဖေဖေ"

"ဒါဖြင့်လည်း လက်ခံလိုက်ပါ သမီး"

"ရှင်"

"တချို့ဆိုရင် မိဘက သင့်တော်လို့ ပေးစားတာ မမြင်ဖူးဘဲနဲ့တောင် ယူကြရသေးတာပဲ၊ အခု မောင်ထွန်းထိပ်စိုး သမီးက ရင်းနှီးချစ်ခင်ပြီးသားတွေပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်"

"မထင်မှတ် မမျှော်လင့်တဲ့အချိန်မှာ ခုလို တောင်းဆိုလာတာကို သမီး အံ့အားသင့်သွားတာပဲ ဖြစ်မှာပါ၊ ကဲပါ ဘာတွေဝေမဦးစားမနေနဲ့တော့၊ ဒေါ်တင်တင်စော ပြောတာ လက်ခံပါပြီလို့ မေမေ အကြောင်းပြန်လိုက်တော့မယ်နော် သမီး"

ဖခင်ကြီးကို အားကိုးရာတစ်ခုလို လှမ်း၍ ကြည့်လိုက်မိသည်။

ဦးငြိမ်းဝေကိုယ်တိုင်က သမီး၏ ခေါင်းညိတ်လိုက်မှုကို လိုလားနေကြောင်း မြင်တွေ့လိုက်ရသည်။

ဆောင်းနှင်းဝေဝေအတွက် ဝဲစရာဆို၍ ရှင်းတစ်ယောက်သာ ရှိပါ၏။



စောစောကလေးတင် ရှင်းကိုယ်တိုင်က သူ့အစ်ကိုနဲ့ဆိုလျှင် သဘောတူပါကြောင်း ပြောကြားခဲ့ပြီးပြီလေ။

သူ့ရင်တွင်းမှ ဝေဒနာကို သူကိုယ်တိုင် ရောဂါဖမည်းအုပ်နိုင်သော်လည်း သူ့နှုတ်က ကျေနပ်ကြောင်း ပြောခဲ့ပြီးပြီမို့ ဆောင်းနှင်းဝေဝေအဖို့ ရှင်း၏ ဒုတိယစကားကို စောင့်ဆိုင်းရန် မလိုအပ်တော့ပါပေ။

ဆောင်းနှင်းဝေဝေ ဆိုသော ပါမောက္ခနှင့် အထက်တန်းပြ ဆရာမ၏သမီး။ ခြံနှင့်၊ တိုက်နှင့်၊ ကားနှင့်၊ အဘွားထံမှ အမွေ ဘွဲ့နှင့်။ ပြီးတော့ ဥပဒေဘွဲ့ရ လှပလွန်းသော မိန်းကလေး တစ်ယောက်အနေနှင့်. . .

ရှင်းလို ဆယ်တန်းကျောင်းသား ဆယ့်ရှစ်နှစ်ရွယ် မိဘမဲ့ကို ရွေးသင့်သလား။

စိတ်ထားကောင်းပြီး ဆရာဝန်ဖြစ်နေသောသူကို ရွေးသင့်သလားဟု လူတစ်ရာကိုမေးလျှင် တစ်ရာ့တစ်ယောက်က ထွန်းထိပ်စိုးကို ရွေးသင့်ကြောင်း ပြောကြားကြမည်သာ။ အမေး ခံသူတစ်ရာအပြင် မေးသူကပါ ဆောင်းနှင်းဝေဝေအတွက် သင့်တော်ဆုံးလူမှာ ထွန်းထိပ်စိုးပါဟုသာ ဖြေကြပါလိမ့်မည်။

"ဘာတွေ ဒီလောက် စဉ်းစားနေတာလဲ သမီး"

"အို. . . မ. . . မဟုတ်ပါဘူး ဖေဖေ"

"သမီး. . . နှင်းဝေဝေ"

"ရှင်. . . မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ဝေပါနဲ့တော့ သမီးရယ်၊ စိတ်ကစားရမယ့် အရွ
လည်း မဟုတ်တော့ပါဘူး၊ မေမေတို့မိသားစုက လက်ခံပါတ
လို့ ဒေါ်တင်တင်စောကို မေမေ အဖြေပေးလိုက်တော့မယ်နော်

"ဟုတ်. . . ဟုတ်ကဲ့ပါ မေမေ"

◆ ◆ ◆

"နင့်မှာချစ်သူမရှိတာ သေချာတယ်နော် မိနှင်းဝေ"

"ဟာ. . . ဘာမှန်းလည်းမသိဘူး"

"တကယ် အကောင်းမေးတာ၊ ငါ့ကြောင့် နင်စိတ်မဆ
ရဲ စေချင်လို့ပါဟာ"

"ဒီမေးခွန်းမျိုး ကိုကိုထွန်းကို ပြန်မေးမယ်ဆိုရင်ကော"

"အေးဟ. . . မေးစရာပဲ၊ ငါပြောရင်တော့ နင်ယုံချင်
ယုံမယ်၊ ဆေးကျောင်းသားဘဝတုန်းက ဆေးကျောင်း
ကွင်း(Queen)တစ်ယောက်ကို လိုက်ဖူးတယ်၊ ငါအရမ်းစွဲလ
ခံစားရတယ်၊ ဒါပေမယ့် ကောင်မလေးက တို့အတန်းထဲက
ဝတ်နိုင်၊ စားနိုင်၊ ရှိုးထုတ်နိုင်တဲ့ ကင်း(King)တစ်ယောက်
ကြိုက်သွားရော"

"အပြတ်ဆွေးရောလား"

"ဟင့်အင်း. . . ဒီလောက်ကို မဖြစ်ဘူး၊ ငါ့မကြိုက်
ဟိုကောင်နဲ့ ကြည်သွားပြီလည်းဆိုရော ရင်ထဲက ဝေဒနာ



ည်း ပျောက်ကုန်ရော၊ အဲ. . . နောက် ငါ ဘယ်သူ့ကိုမှ မချစ်မိ
တော့ဘူးဆိုတာ ယုံပါဟာ"

သည်လောက် ရှည်ရှည်လျားလျား ရှင်းပြနေစရာတောင်
ယ်မထင်မိပါ။ မလိုအပ်ဘူး ထင်ပါတယ်လေ။

သည်အချိန် သည်အခါမှ သည်လိုအိမ်ထောင်ပြုရမယ်၊
ည်လူနဲ့ ယူသင့်တယ်ဟူ၍ လောက၏ သဘာဝအရ ဖြစ်စေ၊
တို့၏ ဝတ္တရားအရဖြစ်စေ ချမှတ်ထားသော ပုံစံခွက်ထဲကို
ဆောင်းနှင်းဝေဝေရော ထွန့်ထိပ်စိုးပါ ဝင်ရောက်ခဲ့ပြီးပြီ အနား
တ်ခံရပြီးပြီပဲလေ။

"ထပ်မေးမယ်၊ နင့်မှာ ချစ်သူမရှိပါဘူးနော်"

"အင်းပါဆိုမှ"

"လူကြီးတွေစီစဉ်လို့ လက်ခံရတာလား၊ နင်ကိုယ်တိုင်
တော့ ကျေနပ်ရဲ့လားဟာ"

"ဟာ. . . ကိုကိုထွန်းကလည်း၊ ကိစ္စအားလုံး ပြီးနေပြီပဲ၊
စပ်ဖို့ ရက်တောင် သတ်မှတ်ပြီးနေပြီပဲ၊ အဲဒါတွေ မေးနေဖို့
လိုတော့ပါဘူး"

"နင် ကျေနပ်မှာပါနော်"

ဆောင်းနှင်းဝေဝေ နှုတ်က မဖြေချင်၍ ခေါင်းညိတ်ပြ
လိုက်ရသည်။

"အေးဟာ တို့နှစ်ယောက် ဒီလိုအခြေအနေမျိုးနဲ့ ဆုံစည်း
ရလိမ့်မယ်လို့ တစ်ခါမှ မတွေးမိဘူး"

"နှင်းဝေရောပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးအရင်းလို ချစ်ခဲ့ရတဲ့ နှင်းဝေဝေလေး တစ်သက်လုံး စောင့်ရှောက်ခွင့်ရတာကိုတော့ ကိုကို ဝမ်းသာပါတယ်ကွာ"

ကိုကိုထွန်း၏ စေတနာပါသောစကားကို ကြားလိုက်ရ သူနှင့်ထပ်တူ ဝမ်းသာကောင်း ဝမ်းသာမည်ဖြစ်သော်လည်း စကားသံတို့သည် ဆောင်းနှင်းဝေဝေ၏ နှလုံးသားကို လှုပ်ခ စေနိုင်စွမ်း မရှိပါ။

"ကဲ. . . ဆေးဝယ်စရာလေးတွေရှိလို့ ကိုကို မြို့ သွားလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ပါ ကိုကိုထွန်း"

လာမည့် သုံးရက်အလိုမှာ စေ့စပ်ပြီး မကြာမီအတွ လက်ထပ်ရတော့မည့် ဇနီးလောင်း၏ ပါးပြင်ကို အနမ်း နှုတ်ဆက်ဖို့ဝေးလို့ လက်ကလေးကိုပင် ကိုင်၍ နှုတ်ဆက်ခြ မပြုပါဘဲနှင့် ထွန်းထိပ်စိုး ထွက်ခွာသွား၏။

"ညီမလေးအရင်းလို ချစ်ခဲ့ရတဲ့ နှင်းဝေဝေလေး တစ်သက်လုံး စောင့်ရှောက်ခွင့်ရတာကိုတော့ ကိုကို ဝမ်းသ ပါတယ်ကွာ"တဲ့လေ။

ချစ်သူတွေလို ချစ်သူချင်း ချစ်ကြသည့် ချစ်ခြင်းမေတ္တာ ကိုကိုထွန်းရင်ထဲမှာ မရှိသေးပါလား။

"ကိုကို့ကို ချစ်လား နှင်းဝေဝေ"

"ကိုကိုက သိပ်ချစ်တာပဲကွာ"



စသော နှလုံးသည်းပွတ်တို့ သိမ့်သိမ့်ခါစေသော စကား ကိုကိုထွန်းထံမှ မကြားရခြင်းမှာ သူ့ရင်ထဲ၌ ရှိကိုမရှိ၍ ထွက်မလာခြင်းဖြစ်ကြောင်း ဆောင်းနှင်းဝေဝေ သိပါသည် သား၊

ဘာထူးလဲ. . .

ဆောင်းနှင်းဝေဝေ ကိုယ်တိုင်ကရော ကိုထွန်းထိပ်စိုးဆို သော ပုဂ္ဂိုလ်ကို မိဘများ သဘောကျ၍ ယူသင့်ယူထိုက်၍ ချစ်ကိုတစ်ယောက်လို သံယောဇဉ် ရှိခဲ့ဖူး၍ ခေါင်းညိတ် လိုက်ခဲ့လိုက်ခြင်းသာ ဖြစ်သည်ပဲလေ။

တကယ်လို့ ရှင်းကသာ. . .

"မမဝေကို ရှင်း သိပ်ချစ်နေပြီ"

"ရှင်းကို ခွဲမသွားပါနဲ့ မမဝေရယ်"

"မမဝေကို ပိုင်ဆိုင်ခွင့်ပေးပါ"

ဟု ပြောလာခဲ့လျှင် ကိုကိုထွန်းအတွက် အဖြေသည် ယခု သာက် လျှင်မြန်လွယ်ကူချင်မှ လွယ်ကူပေလိမ့်မည်။

ပညာရှိမိန်းမများ အချစ်အတွက် မိုက်မဲကြပြီဆိုလျှင် သမန်မိန်းမများထက် ထူးကဲသာလွန်စွာ မိုက်မဲတတ်ကြပါ၏။

ရှင်းကို အတိုင်းအဆမရှိအောင် သနားမိသော စိတ် ကြောင့် မိမိ၏ဘဝကို အဆုံးရှုံးခံနိုင်သည်အထိ ရှင်းအတွက် ပေးရဲသော သတ္တိများ ဆောင်းနှင်းဝေဝေ၏ နှလုံးသားမှာ ည်ရှိနေပါလျက်. . .

ရှင်းကိုယ်တိုင်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီပြင်လူနဲ့လားလို့ လန့်သွားတာပဲ၊ အစ်ကိုထွဋ်နဲ့ဆို ကောင်းတာပေါ့၊ ရှင်းနဲ့လည်း မခွဲရတော့ဘူး"

ဆိုသော စကားကြောင့် ကိုကိုထွဋ်ကို လက်ခံဖြစ်ကြောင်း သူသိဖို့ မလိုတော့ပါ။

ဆောင်းနှင်းဝေဝေ အနေနှင့် ဘဝ၏ အပြောင်းအလဲ များကို ရင့်ကျက်စွာ တွေးခေါ်နိုင်သောစိတ်ဖြင့် ခံယူရပါသည်။

မောင်လေးရှင်းသည်သာ သူ့အတွက် မခံစားရအောင် မတမ်းတရဘူး၊ မလွမ်းဆွေးရဘူး ဆိုပါလျှင်. . .

ဘာကိုပဲဖြစ်ဖြစ် ဆောင်းနှင်းဝေဝေ ဖြတ်သန်းကျော်လွှား ဖို့ ရင်ဆိုင်ရပါသည်။

◆ ◆ ◆

အခန်း ။ ၂၂ ။

"မခင်မိ ဟုတ်လား ဒေါ်လှထူး၊ အို. . . ဒီကောင်မ ဘယ်တော့မှ ဒီအိမ်ကို မလာပါနဲ့ ပြောထားတာ"

"စောစောနဲ့တွေ့မှ ဖြစ်မယ်လို့ အတင်းပြောပြီး ခြံရှေ့မှာ ထိုင်နေတာနဲ့ ဒေါ်လှထူး လာပြောရတာပါ"

"တောက်. . . ဒီကောင်မ ငါ့ကို ဒုက္ခပေးတော့မယ် ထင်တယ်၊ ဒီမှာ ဒေါ်လှထူး"

"ပြောပါ စောစော"

"နောက် ဘယ်တော့မှ မလာတော့ပါဘူးလို့ ကတိပေးရင် ဘယ်လောက်ပေးရမလဲလို့ သွားမေး၊ တစ်ခါတည်း အပြတ်ပြော ဖို့လည်း ပြောပါ"

"ကောင်းပါပြီ"

ဒေါ်လှထူး အခန်းထဲက ထွက်ခွာခါနီးမှာ. . .

www.burmeseclassic.com

www.burmeseclassic.com



"သြော်. . . ဒေါ်လှထူး"

ဒေါ်လှထူးက အသံဖြင့် မထူးတော့ပါဘဲ ပြန်လှည့်လာ နားမလည်သလို ကြည့်နေ၍. . .

"ကျွန်မနဲ့သူနဲ့မှာ ပြဿနာရှိခဲ့ဖူးတယ်၊ ဒါကို သူ ပြန်ရှင်းပြချင်လို့ ဖြစ်လိမ့်မယ်၊ ဒေါ်လှထူး သဘောပေါက် အောင် ပြောတာနော်"

"ဟုတ်ကဲ့"

"ဒါပေမယ့် ကျွန်မ သူ့မျက်နှာကို မကြည့်ချင်ဘူး၊ သူ ဘယ်တော့မှ အတွေ့မခံနိုင်ဘူးလို့လည်း ပြောခဲ့ပါ"

"ဟုတ်ကဲ့"

"ဘယ်လောက်လိုချင်လဲ တစ်ခါတည်းပြော၊ နောက် လည်း ဘယ်တော့မှ မလာပါနဲ့လို့၊ ဒေါ်လှထူးကပဲ အဖြ ဆောင်ရွက်ပေးစမ်းပါ၊ ဒီ ခင်မိ ဆိုတဲ့ကောင်မနဲ့ ဆက် ပတ်သက်နေရရင် ကျွန်မ အသက်တိုလိမ့်မယ် ဒေါ်လှထူး"

"စိတ်ချပါကွယ်၊ ဒေါ်လှထူးကြည့်ပြောခဲ့ပါ့မယ်၊ စော က နေလို့သိပ်ကောင်းတာ မဟုတ်ဘူး၊ တော်တော်ကြာ သွေး နေပါဦးမယ်"

"တိုးနေပါပြီ၊ အခုတောင် တိုးနေပါပြီ၊ ကဲ. . . ကဲ. . . မြန်မြန်သွား၊ ဒီကောင်မက လက်ရဲဇက်ရဲရယ်၊ အတင်းဝင်လာ ဒုက္ခဘယ်ကဘယ်လို ပြန်ပေါ်လာရတာလဲ ခင်မိရယ်"

ဒေါ်လှထူး ခဏရပ်ကြည့်နေရသေးသည်။ မိမိကို ပြော ခြင်းမဟုတ်။ သူ့ဟာသူ ညည်းတွားပြောဆိုနေကြောင်း သိ



တော့မှ ဒေါ်လှထူး အပေါ်ထပ်မှ ဆင်းလာခဲ့ပြီး ခြံဝသို့ ပြေး တတ် ထွက်လာခဲ့ရသည်။

"ဘာတဲ့လဲ သူက"

ခြံဝင်းတံခါး၏ ပြင်ပရှိ အုတ်ခုံလေးမှာ ထိုင်နေရာက ထ်ဆိုထပြီး ဒေါ်လှထူးကို တင်းမာမှုန်တေစွာ မေးလာသည်။

"စောစော နေမကောင်းဖြစ်နေတယ်"

"ဟုတ်လို့လား"

"တကယ်ပါ၊ အတော်လေးဖြစ်နေရှာတာ၊ သူက မှာလိုက် တယ်၊ သူဆင်းမတွေ့နိုင်လို့ပါတဲ့၊ အဒေါ့်ကို မှာစရာရှိတာ လိုက်ပါတဲ့ကွယ်"

ဟိုက ပြောသလောက်သာ ဒီကိုပြန်ပြောရင် မခင်မိ သည့် ခက်ထန်ဟန်ရှိသော မိန်းကက မလွယ်မည့်ပုံမို့ ါလှထူးက ဖေးဖေးမမ ပြောလိုက်ရပါ၏။

"အဒေါ်နဲ့က ဘာတော်လဲ"

"ဘာမှမတော်ပါဘူးကွယ်၊ အဒေါ်က အိမ်ဖော်ပါ"

"ဟုတ်လား၊ ကျွန်မလည်း တစ်ချိန်က အဲဒီမှာ အိမ်ဖော် ခဲ့ရတာပါပဲရှင်"

"အို"

"ကျွန်မတို့ကိစ္စက ကြားလူနဲ့ ပြောလို့ မဖြစ်ဘူး၊ သူနဲ့ မှကိုဖြစ်မှာ"

"အဒေါ့်ကို သူ့ကိုယ်စား သဘောထားပြီး ပြော။ တလည်း မှာလိုက်ပါတယ်၊ လိုချင်တာ မေးခဲ့ပါတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"လိုချင်တာ မေးခဲ့ပါတဲ့လား၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"သူက ကျွန်မနဲ့ လုံးဝမတွေ့ချင်ဘူးတဲ့လား"

"တွေ့နိုင်မှာမဟုတ်ဘူး၊ သူမှ နေမကောင်းတာ"

"နေမကောင်းလို့ မတွေ့နိုင်တာ မဟုတ်ပါဘူး၊ ကျွန်မ မတွေ့ရဲလို့ မတွေ့တာ ဖြစ်မှာပါ"

အသက်ခြောက်ဆယ်နား နီးနေပြီဖြစ်သော ဒေါ်လှ က ဒေါ်တင်တင်စောကို လေးလေးစားစား ရှိနေရဆဲ ဖြစ် လည်း...

တစ်ချိန်က သည်အိမ်မှာ အိမ်ဖော်ဆိုသူက ပြော တင်းမာရင့်သီးလှချည်လား။ အင်းလေ... သူက စောစောရဲ့ အလုပ်သမားမှ မဟုတ်တော့တာ။

"ဒီမှာ အဒေါ်"

"ပြောပါကွယ်"

"ကျွန်မနဲ့ မျက်နှာချင်း မဆိုင်ချင်ရင်၊ ဒါမှမဟုတ် သူလုပ်ခဲ့တာတွေကို ပါးစပ်ပိတ်ထားစေချင်ရင် ငွေတစ် ပေးမလားလို့ မေးလိုက်စမ်းပါ"

"တစ်သိန်း ဟုတ်လား၊ အမယ်လေး... မြတ်စွာဘုရား များလှချည်လား"

"အဲဒါ လျှော့တောင်းတာ ဆယ်သိန်းဆိုလည်း သူ မှာပဲ"



သံတံခါးကြားမှ ဒေါ်ခင်မိဆိုသော အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးအရွယ် မိန်းမကို ဒေါ်လှထူး အလန့်တကြား ကြည့်နေမိသည်။

ဤမခင်မိသည် တင်တင်စောအပေါ်မှာ ကြီးမားနက်ရှိုင်းသော အကြောင်းအရာတစ်ခုကို အခြေခံ၍ နိုင်ကွက်တစ်ခု ရနေသည်မှာ သေချာသည်။

"တ... တစ်သိန်းဆိုတာ တကယ်ပြောတာလား ဟင်"

"တကယ်ပေါ့ အဒေါ်ရဲ့၊ ကျွန်မ ငွေညှစ်ဖို့လာတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူက ဒီလိုရင့်လာလို့ကတော့ ခင်မိတို့နဲ့ တွေ့သွားပြီမှတ်"

"ကဲ... ဒီမှာကွယ့်"

"အင်း"

"တစ်သိန်းရရင် တကယ်ပဲ နောင်ကို တစ်သက်လုံး နှောင့်ယှက်တော့ဘူးလား ဟင်"

"တစ်သိန်းရရင် ကျွန်မပြန်မယ်၊ မြစ်ကြီးနားအထိ ပြန်ရမှာ၊ တစ်သက်လုံး မနှောင့်ယှက်တော့ပါဘူးလို့လည်း အာမခံနိုင်ဘူး"

"စောစောက မပေးဘူးဆိုရင်တော့"

"သူမပေးဘဲ မနေဝံ့ပါဘူး"

"ဟင်"

"သူက သိန်းတစ်ရာလောက် ချမ်းသာနေမှာပါ၊ ငွေ တစ်သိန်းနဲ့ သူ့ဘဝနဲ့ ဘယ်လိုနိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဒေါ်တော့ ဘာမှနားမလည်နိုင်တော့ဘူး၊ မင်းရဲ့ ... ကို ပြောပြလိုက်မယ်လေ"

"သွားပြောပါ၊ ကျွန်မ ဒီကစောင့်နေမယ်"

"ချက်ချင်းကြီးတော့ ရမယ်မထင်ဘူးကွယ်၊ အိမ်မှာလည်း ရှိပုံမရဘူး၊ ဘဏ်တွေဘာတွေက ထုတ်ချင်ထုတ်ရမှာ၊ ဒီ ... နောက်နေ့မှ လာပါလား၊ ကွယ်. . . နော်"

"နောက်နေ့"

သူက စဉ်းစားသလို လုပ်ပြီးမှ. . .

"ကျွန်မ ခရီးတစ်ခု သွားစရာရှိသေးတယ်၊ ဒီလိုလုပ် ... နောက်တစ်ပတ်လောက်ကြာရင် ကျွန်မလာခဲ့မယ်၊ ငွေအ ... သင့် လုပ်ထားလို့. . . နော်"

သူက သားရေအိတ်မည်းကြီးကို ပခုံးမှာ လွယ်လိုက် ... ပြန်သွားရန် ခြေလှမ်းပြီးမှ တစ်ခုခုကို သတိရသွားသလို ...

"ဒါနဲ့ ညီမြမာရဲ့သားလေးကော"

"ဘယ်က ညီမြမာလဲ"

"အဒေါ်တို့ ကျွန်မတို့လို ဒီအိမ်ကြီးက အိမ် ... တစ်ယောက်ပဲ၊ ဒါပေမယ့် ညီမြမာ့ကို ဦးအောင်ကျော်ဦး ... လက်ထပ်ယူလိုက်တယ်လေ"

သည်ဇာတ်လမ်းကိုတော့ ဒေါ်လှထူးလည်း ကြားပြီးသ ... သိပြီးသား။

"အဲဒီမိန်းကလေး သေတာကြာပြီပဲ"



"ဒါတွေ ကျွန်မသိတာပေါ့ရှင်၊ ညီမြမာမွေးခဲ့တဲ့ သားလေး ... မေးတာ"

"ရှင်းသန့်စင်ကိုလား"

"ရှင်းသန့်စင်၊ အင်း. . . ဟုတ်တယ်၊ အဲ. . . အဲဒီ ... လေးကော"

"ရှိတယ်၊ ခုတော့ အပြင်သွားတယ်"

"အို. . . ဟုတ်လား၊ ဝမ်းသာစရာပဲ"

"ဟင်. . . မခင်မိနဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ဒီမှာ အဒေါ်"

"အင်း"

"အဲဒီကောင်လေးကို ပြောလိုက်ပါ၊ သူ့အမေအကြောင်း ... ချင်ရင် ဒီနေရာကိုလာခဲ့လို့"

သူ့အိတ်မည်းကြီး၏ ဇစ်ကိုဖွင့်ပြီး စာတိုက်မှ လာထား ... သာ တံဆိပ်ခေါင်းပါသည့် စာအိတ်တစ်အိတ်ကို ထုတ်၍ ... တွင်းမှစာကို ဆွဲယူထားပြီးမှ ပေးခဲ့သည်။

နောက်ထပ် ဘာမှမပြောတော့ပါဘဲနှင့် ဒေါ်ခင်မိ ... သော မိန်းမသည် နေပူထဲသို့ ခြေလှမ်းကြမ်းကြမ်းဖြင့် ... သုတ်သုတ် ထွက်သွားတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"မပေးဘူး၊ မပေးဘူး၊ လုံးဝမပေးနိုင်ဘူး၊ ဘယ်သူမှလည်း မြင်တာမဟုတ်ဘူး၊ သူ ဘာမှ လုပ်လို့မရဘူး၊ မရဘူး၊ မပေးဘူး . . . ဟူး၊ မပေးဘူး"

ဒေါ်တင်တင်စောက မိသားစုထဲမှ တစ်ယောက် သေဆုံး၍ ငိုသလိုကို အော်ဟစ်ငိုပါလေတော့သည်။

ဒေါ်တင်တင်စောနှင့် မခင်မိဆိုသော မိန်းမနှစ်ယောက်မှာ တစ်ချိန်က မကောင်းမှုတစ်ခုကို ပြိုင်တူ ဆောင်ရွက်ခဲ့ကြသည်မှာ သေချာ၏။

ဒေါ်လှထူးလည်း ရေတစ်ခွက်ခပ်တိုက်ပြီး သူ့ရင်သွေး ထားသော သူ့လက်ပေါ်မှ ဒေါ်လှထူးက ထပ်၍ ဖိပေးသည်။

လည်ပင်းကြောများ တဖောက်ဖောက်နှင့် ခုန်လှုပ်နေ၏။ နှလုံးခုန်နှုန်း မြန်ဆန်စွာ ဆောင့်တိုးနေပြီး မျက်နှာတစ်ခုလုံး နီမြန်းလျက်။

ဒေါ်လှထူးလည်း ဘာလုပ်လို့ ဘာပြောရမှန်း မသိအောင် ချောက်ချောက်ချားချား ဖြစ်သွားသည့်အတွက် . . .

သူ့ရင်ဘတ်ထဲမှာရှိသော ဒေါ်ခင်မိ၏လိပ်စာ စာအိတ်ကို လည်း မပြဖြစ်။

ညိုမှော့သားလေးအကြောင်း မေးသွားသည်ဟူ၍လည်း ဆက်ပြီး မပြောဖြစ်လိုက်ပါ။

◆ ◆ ◆

အခန်း ။ ၂၃ ။

"မာမီ နေမကောင်းဘူးလားဟင်"

"ကောင်းပါတယ် သားကြီးရယ်၊ ဘာမှမဖြစ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"မာမီ့မျက်နှာ တအားညှိုးနေလို့ပါ"

"ဩော် . . . ညှိုးဆို မာမီ့ချစ်သူအားလုံးက မာမီ့ကို စွန့်ခွာသွားကြတယ်လေ"

"ကျွန်တော်ကတော့ အလုပ်ပြောင်းရလို့ပါ"

ထွဋ်ထိပ်စိုးက သူ့မိခင် ဒေါ်တင်တင်စော၏ ပခုံးကို ဖက်ပြီး . . .

"ဆုံးရှုံးပြီးသားတွေကို ထပ်ပြီး တွေးမနေပါနဲ့တော့ မာမီ၊ အခု မိထားကိုယ်စား မာမီသဘောကျတဲ့ ချွေးမကို ရတော့မယ်လေ"

"အင်း . . . ဆောင်းနှင်းဝေဝေကို ချွေးမအဖြစ် ရွေးမိတဲ့ အတွက် မာမီ ဘယ်တော့မှ နောင်တရမိမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာပါတယ် မာမီ၊ နောက်ဆိုရင် မာမီချစ်တဲ့ ‌ေ
ရော၊ မာမှီအတွက် မြေးလေးတွေပါ ဝိုင်းဝိုင်းလည်ပြီး မာမှီအ
ပြန်လည်စိုပြည်တော့မှာပါ"

"ဖြစ်ပါရစေ သားကြီးရယ်၊ မာမှီရင်တွေ ပူရလွန်းလို့ မာ
ပင်ပန်းလှပါပြီ"

"မာမီကလည်း တော်ရုံတန်ရုံဆိုရင် စိတ်လျှော့ပေါ့"

"စိတ်လျှော့တယ်ဆိုတာ မာမီကချည်း အလျှော့ပေး
မရဘူး သားကြီးရဲ့၊ ဟိုဘက်ကလည်း လျှော့ပေးမှ၊ ဆိုပါတော့
ဟိုကောင် ရှင်းဆိုရင် မာမီပြောလည်း ခံပေါ့၊ မာမီက ကျွေးထ
ရတာပဲ၊ ခုတော့ ပြန်ခံကြည့်တာတို့၊ မာမိနဲ့ ဝေးအောင် ရှောင်
တာတို့ မလုပ်နဲ့ပေါ့"

"ရှင်းကို ဥပေက္ခာပြုပါလို့ သားတောင်းပန်ထားတယ်
သူ့ကို သားခေါ်သွားလို့ရတယ်၊ ဒါပေမယ့် အိမ်မှာ ယောက်
လေးတစ်ယောက်ရှိတော့ ကောင်းတာပေါ့၊ မာမီနဲ့ ဒေါ်လှ
နှစ်ယောက်တည်း စိတ်မချလို့ပါ၊ ရှင်းသန့်စင်နဲ့ ပတ်သက်လို့
တော့ သူလည်း ဒီအရွယ်ထိ ရောက်လာပြီ၊ စိတ်လျှော့လိုက်
တော့ မာမီရယ်"

"လျှော့ပါ့မယ် သားကြီးရယ်၊ မာမှီအချစ်ဆုံး သားကြီး
စကားကို မာမီ နားထောင်ပါ့မယ်"

တစ်ကမ္ဘာလုံးမှာရှိသော လူသားပေါင်းစုံတို့အတွ
အဆိုးညစ်ဆုံးသော မိန်းမတစ်ယောက် ဖြစ်နေစေကာမူ. . .

သူသည် မိခင်တစ်ယောက် ဖြစ်လာသည့်အခါ



သားသမီးအပေါ်မှာ အကောင်းဆုံးမိန်းမတစ်ယောက် ဖြစ်သွား
မှာ သေချာသည်။

ဒေါ်တင်တင်စောသည် သူ့သားကြီးနှင့် ပတ်သက်လာ
လျှင် ဂုဏ်ယူသော စိတ်အပြည့်နှင့် မြတ်မြတ်နိုးနိုး ချစ်ရှာသည်။

သားကြီး ထွဋ်ထိပ်စိုးအတွက်ဆိုလျှင် ဒေါ်တင်တင်စော
၏ ဒေါသအပေါင်းလည်း ချုပ်ငြိမ်းသည်။ နှမြောတွန့်တိုခြင်းများ
သည်း ပျောက်ဆုံးသည်။

ဤသို့ မိခင်က သူ့အပေါ် ချစ်မြတ်နိုးရှာကြောင်း ထွဋ်ထိပ်
စိုး သိပါ၏။

မိသားစုလေးယောက် အခြေအနေ အသိုင်းအဝိုင်း၊ ပစ္စည်း
ဥစ္စာ ပြည့်စုံစွာဖြင့် နေလာခဲ့ရပြီး နောက်မှာ. . .

ခင်ပွန်းကဆုံး၊ သမီးက စွန့်ပစ်လိုက်ရ၊ ဘယ်လိုမှ သူ
မေတ္တာထား၍ မရနိုင်သော ရှင်းသန့်စင်နှင့် အတူနေရခြင်း
သော. . .

မိခင်ကြီး၏ ရင်ပန်းလျှမှုများကို သိရှိသဖြင့် ထွဋ်ထိပ်စိုးက
ဒေါ်တင်တင်စောကို အသေးစိတ် ဂရုစိုက်ရှာသည်။

သွေးချိန်ပေး၊ နာကျပ်နှင့် စမ်းသပ်ကြည့်၊ အားဆေးထိုး
သော ဆရာဝန်အတတ်ပညာနှင့် ပြုစုရုံသာမက. . .

"ရော့. . . မာမှီဖို့"

ဆိုကာ ကော်ပြန့်ကြော်၊ ဆိတ်သားကင် စသော ဒေါ်တင်
တင်စော ကြိုက်တတ်တာလေးများကအစ သူပြန်ရောက်လာချိန်
တိုင်းမှာ ဂရုတစိုက်ဖြင့် ဝယ်လာပေးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေ ဘာပဲပြောပြော ထွဋ်ထိပ်စိုးအတွက်တော့ အမြင့်မြတ်ဆုံး မိန်းမ၊ ချစ်ခင်မြတ်နိုးစရာ အကောင်းဆုံး မိခင် ကစ်ဦး ဖြစ်ပါပေသည်။

"ဒါနဲ့ မာမိက တနင်္ဂနွေနေ့ကျ ဘာဝတ်မှာလဲ"

"ဇင်းမယ်လုံချည်ပဲ ဝတ်မယ်လေ သားကြီးရယ်၊ မင်္ဂလာ ဆောင်တဲ့နေ့ကျမှပဲ လွန်းနှစ်ရာကြိုးကြီးချိတ်အသစ် ဝယ်ဝတ် မယ်"

"ဇင်းမယ်က ဘာရောင်လဲ မာမိ"

"ရောင်စုံရှိတယ်၊ သားကြီးက ဘာဝတ်စေချင်လို့လဲ"

"မာမိ ကြိုက်တာပဲဝတ်ပါ၊ နှင်းဝေဝေက အဖြူရောင် ဝတ်မှာတဲ့"

"နှင်းဝေဝေက ဘာဝတ်ဝတ် လှမှာပါ"

"အန်တီအေးတို့က သားအတွက် လုံချည်ပါ သူတို့ ဝယ်ပေးကြတယ် မာမိ"

"အေးလေ၊ လူရင်းချင်းဆိုတော့ ဘယ်တွက်ကြပါ့မလဲ သူရောကိုယ်ရော ကိုယ့်သားသမီးအတွက် လုပြီး အကုန်ခံချင်နေ ကြတာ"

"မာမိပျော်လားဟင်"

"ပျော်တာပေါ့ သားရယ်၊ နှင်းဝေဝေရဲ့အဘွား ဒေါ်နှင်း ခင် ထားခဲ့တဲ့ အမွေတွေက စိန်တွေကို မနည်းဘူး၊ ပြီးတော့ နှင်းဝေဝေက သိပ်လှတယ်၊ ပညာလည်းတတ်တယ်"

"သဘောလည်းကောင်းပါတယ် မာမိရဲ့"



"အေးလေ၊ သားတို့ချင်းကလည်း ရင်းနှီးပြီးသား၊ ချစ်ပြီး သား"

"ချစ်တယ်ဆိုပေမယ့် သားရော သူရော ခုချိန်ထိ အရင် တုန်းကလိုပဲ မောင်နှမအဖြစ်နဲ့ ချစ်ကြတာလို့ ထင်တာပဲ"

"ဒါတွေ မလိုပါဘူး၊ မယူရသေးခင် မောင်နှမလို ချစ်ကြ မယ်၊ လက်ထပ်ပြီးတော့ အိမ်ထောင်သည်တွေလို ချစ်ကြမှာ"

ဒေါ်တင်တင်စော၏ သီအိုရီ မှန်ရဲ့လားဆိုတာ စောင့် ကြည့်ရမှာပဲဟု ထွဋ်ထိပ်စိုး တွေးနေမိသည်။

ဦးငြိမ်းဝေတို့ အိမ်မှာပဲ စေ့စပ်ပွဲလုပ်မှာမို့ လူသိပ်များများ ဖိတ်ပါဟု စိတ်ကူးခဲ့သော်လည်း. . .

ဒေါ်တင်တင်စောတို့နှင့် သိခဲ့ကျွမ်းခဲ့၊ ရင်းနှီးခဲ့သော အထက်တန်းအရာရှိကြီးများ၊ သူဌေးကြီးများကို ဒေါ်တင် တင်စော တစ်ယောက်မကျန် လိုက်၍ ဖိတ်ဖြစ်၏။

သား၏ စေ့စပ်ပွဲအတွက် ဒေါ်တင်တင်စော ဂုဏ်ယူ ငုံ့ကြွားစွာ အပျော်ကြီး ပျော်နေခဲ့သဖြင့်. . .

ဒေါ်ခင်မိဆိုသော မိန်းမကိုပင် မေ့လျော့နေခဲ့မိသည်။

ဒေါ်ခင်မိအနေနှင့် ဘာထောက်အထား၊ ဘာသက်သေမှ မရှိသည့်အတွက် ဘာမှမလုပ်နိုင်ပါ ဟူ၍လည်း ခိုင်မာစွာ ယုံကြည်ထားမိသည့်အတွက်ကြောင့်လည်း ဖြစ်ပါ၏။

ဒေါ်တင်တင်စော၏ စိတ်အာရုံက သားကြီး၏ စေ့စပ်ပွဲ ပေါ်မှာသာ တည်ရှိနေသည်လေ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက် ကားတစ်စီးနှုန်းနှင့် ကြွရောက်လာကြ သဖြင့် ဟိုဘက်ခြံထဲမှာ ကားရပ်စရာ နေရာမရှိတော့လော အောင် ကားတွေ ကျပ်ညပ်နေသည်။

သစ်လွင်တောက်ပသော ဝတ်စုံများနှင့် အားလုံး၏ မျက်နှာများမှာ ပြုံးရွှင်နေကြသည်။

"အိမ်ကိုကြည့်ထား၊ ဘယ်မှမသွားနဲ့"

ဆိုသော ဒေါ်တင်တင်စော၏ အမိန့်အရ ရှင်းသန့်စ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသည်။

ထွင့်ထိပ်စိုးက နံနက်ကြီးကတည်းက ပိုးလုံချည်အသစ်နှ တိုက်ပုံအဖြူကို လက်ကကိုင်ပြီး ဟိုဘက်ခြံသို့ ကူးနှင့်သွားသည်

ဒေါ်တင်တင်စောကလည်း စိန်တွေသီးနေအောင်ဝတ် မြင်ရခဲသော အပြုံးမျက်နှာနှင့် ပဝါကြီး စုံချပြီး ဟိုဘက်ခြံ လမ်းလျှောက်သွား၏။

မီးဖိုချောင်အတွက် အကူအညီပေးရန်ဟုဆိုကာ ဒေါ် ထူးလည်း သွားနှင့်နေပြီ။

စကားသံများ၊ ရယ်မောသံများ၊ ဇွန်းသံ ပန်းကန်သံမျာ နှင့် ဟိုဘက်ခြံကြီးမှာ စည်ဝေသိုက်မြိုက်နေသလောက်. . .

သည်ဘက်ခြံမှာတော့. . .

တစ်ယောက်တည်း။

ရှင်းသန့်စင် တစ်ယောက်တည်းပါ။

'အထီးကျန်'ဆိုသော သတ်မှတ်မှုကို ပြည့်ဝစွာ ခံ လိုက်ရချိန်မှာ. . .



အားငယ်ဝမ်းနည်းမှုတို့ ကြီးစိုးလွှမ်းလာ၍ ဆောက်တည် ရာမဲ့လောက်အောင် ချောက်ချောက်ချားချား ဖြစ်သွားခဲ့ရသည်။

"မမဝေ. . . မမဝေရေ"

ခါတိုင်းဆို သည်ဘက်အိမ်မှာ ဒုက္ခနှင့်ကြုံတိုင်း မမဝေဆီ း ပြေးသွားနေကျ။

ယခုတော့ မမဝေဆီကို ရောက်နိုင်ဖို့ အဆီးအတား းစွာကို ကျော်လွှားနိုင်စွမ်း မရှိတော့ပါလား။

"မမဝေ"

ရင်ထဲကရော နှုတ်ကပါ တအားကျုံးအော်လိုက်ပြီး ပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

ဆောင်းနှင်းဝေဝေတို့ အိမ်ဘက်အခြမ်းကို လှမ်းမြင်ရ သာ ပြတင်းတံခါးကို တွန်းဖွင့်လိုက်သည်။

သည်ဘက်က နှစ်ထပ်တိုက်၊ ဟိုဘက်က တစ်ထပ်တိုက်မို့ ပေါ်စီးမှ လှမ်း၍ မြင်ခွင့်ရ၏။

အဖြူရောင် ဇာဝမ်းဆက်နှင့် နှင်းဆီဖြူတွေ ဝေနေ အောင် ပန်ထားသော မမဝေကို လက်တွဲလျက် အစ်ကိုထွင့်က ည့်သည်တွေကို နှုတ်ဆက်လို့။

"အို. . . သိပ်လှတဲ့ မမဝေရဲ့မျက်နှာလေးလည်း ပြုံးလို့"

အခါတိုင်း မမဝေ၏ အပြုံးမျက်နှာလေးကို မြင်ခွင့်ရပြီး ည်နှင့် ရင်တွင်းမှ သောကခပ်သိမ်း ငြိမ်းခဲ့ဖူးပါလျက်. . .

ယခုမြင်ရသော မမဝေ၏ အပြုံးသည် ဆုံးရှုံးခြင်း ပေါင်းကို သယ်ယူ၍ သူ့ရင်ကို ဖြိုခွဲဝင်ရောက်လာသလို ခံစား သူလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမစေနဲ့ ဝေးပြီ"

ဆိုသော အသံသည် နှလုံးသားဇဟိုမှ မီးတောင်တစ်
ပေါက်ကွဲသလို ပူလောင်ပြင်းပြစွာ အစ်တ်စိတ်အမြှာ
ကွဲသွားပြီ။

"ရှင်းကို မမ ပြောစရာရှိတယ်"

"မမဝေကို လူတစ်ယောက်နဲ့ ပေးစားဖို့ စေ့စပ်ချင်လို့"

"ကိုကိုထွဋ်နဲ့"

"အဲဒါ ရှင်း ဘယ်လိုသဘောရလဲဟင်"

မမဝေ အလေအနက်ထားပြီး သူ့ကို အရင်ဦး မေး
က ဘာကြောင့်များ ရှူးနှမ်းပေါကြောင်ပြီး. . .

"ဒို့ပြင်လူနဲ့လားလို့ လန့်သွားတာပဲ"

"အစ်ကိုထွဋ်နဲ့ဆို ကောင်းတာပေါ့"

"ရှင်းနဲ့လည်း မခွဲရတော့ဘူး"

လို့ သည်ပါးစပ်က ဖြေလိုက်ရတာလဲ။

ရှင်း ဘာမှတော့ နားမလည်ဘူး။

ဒါပေမယ့် တကယ်နားလည်တာတစ်ခုတော့ ရှိတယ်။

အဲဒါက မမဝေနဲ့ ရှင်း မခွဲနိုင်ဘူး။

"ရှင်းကို မမဝေ နားလည်ပေးပါနော်"



ဟူသော သေးသိမ်နိမ့်ကျည့်ဖျင်းလှသည့် ဒသနမဲ့
စကားစုကို ဘာကြောင့် ဆိုဖြစ်ခဲ့ရတာလဲ။

"အေး. . . မမဝေ နားလည်ယူလိုက်ပါ့မယ်၊ ရှင်းက
မမဝေကို ကိုကိုထွဋ်နဲ့ သဘောတူတယ်လို့"

မမဝေ ခပ်ငေါ့ငေါ့ ပြောစဉ်က ဘာကြောင့်များ သည်ကိစ္စ
ကို သဘောမတူပါဘူးလို့ မချေဖျက်ခဲ့မိတာလဲ။

မမဝေသည် မိမိဘက် စည်းအတွင်းကရပ်လျက် မိမိ၏
လက်ကို ရယူနေပါလျက် ဟိုဘက်စည်းသို့ တွန်းပို့ခဲ့မိသူက
ကိုယ်တိုင်သား ငရှင်းကိုယ်တိုင်လေ။

"မမဝေ. . . မမဝေ"

"မမဝေ ကိုကိုထွဋ်ကို မပြောနဲ့၊ နတ်သားတစ်ပါးနဲ့
လက်ထပ်မယ်ဆိုရင်တောင် ရှင်း မကျေနပ်တော့ဘူး"

"မမဝေက ဘယ်သူ့ကိုမှ မချစ်ရဘူး"

"မမဝေကို ဘယ်သူမှ မချစ်ရဘူး"

"မမဝေကို ဘယ်သူမှ မပိုင်ဆိုင်ရဘူး"

"ရှင်းပဲ ပိုင်ဆိုင်ချင်တယ်"

"ရှင်းပဲ ပိုင်ဆိုင်ပါရစေ မမဝေရယ်"

"မမဝေကိုလေ. . ."

"ရှင်း ချစ်တယ်"

"အရမ်းကို သေမလောက် ချစ်တယ်ဗျာ"

သံတိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍ ဆို့နင့်ကြွေကွဲစွာ

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း မျက်ရည်တွေ အဆက်မပြတ်ကျဆင်းလာသော ရှင်းသန့်စင်အဖြစ်ကို. . .

သူမမဝေ အပါအဝင် ဘယ်သူမှ မသိကြ၊ မမြင်ကြ မတွေ့ကြပါ။

ရှင်းသန့်စင်ဆိုသည်က ဥပေက္ခာပြုခံထားရသည့် တစ်ယောက်တည်းသော အထီးကျန်သမားလေးပဲလေ။

◆ ◆ ◆

အခန်း ။ ၂၄ ။

"မနေ့က တော်တော်မောသွားလား ညီမလေး"

"မောတော့ မမောပါဘူး၊ လာတဲ့ဧည့်သည်တွေ အဆင်ပြေမှာစိုးလို့ စိတ်ပင်ပန်းသွားတာပါ"

"အားလုံး အဆင်ပြေသွားတယ်၊ လာတဲ့ လူကြီးစုံတွဲတွေ အားလုံး ပျော်နေကြပုံရတယ်နော်၊ တပြုံးပြုံးနဲ့"

"သူတို့တွေက ဘာဆိုင်လို့ ပျော်ရမှာလဲလို့"

"နှင်းဝေဝေဘက်က ပျော်ပေးတာဖြစ်မှာပေါ့"

"ဘာ"

"ဩော်. . . ဒီကောင်မလေးရမယ့် ယောက်ျားက ပြောလိုက်တာဆိုပြီး. . ."

"ကိုကိုနော်၊ လာပြီး မင်္ဂလာယူမနေနဲ့"

"အဟဲ. . . ဟဲ. . . စတာ မဟုတ်ပါဘူးကွာ၊ တကယ် ပြောတာပါ"

"တဲ"

www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ပြီးစဆိုသောအခြေအနေကို မေ့လျော့စွာ ငယ်
ငယ်ကျင့်အတိုင်း ကိုကို့ကို တအားထုထည့်ပစ်လိုက်မိသည်
တကယ်နာသွားပုံရသော်လည်း ပို၍ပင် ပြုံးရွှ
ဖြင့် . . .

"သူများတွေပျော်တာထက် အန်တီအေးတို့ မာ
ပျော်နေကြတာ ပိုပြီး စိတ်ချမ်းသာစရာ ကောင်းတယ်
ညီမလေး"

"ဟုတ်တယ် ကိုကို၊ အန်တီစော တအားပျော်နေပုံရ
ဒီနေ့လို ရယ်ပြုံးပျော်ရွှင်နေပုံမျိုးကို အရင်က မမြင်ရဖူးဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ ညီမလေးရယ်၊ မာမီ့ကို ကိုကို သ
တယ်၊ ကိုကိုတို့ကြောင့် မာမီပျော်နေတာ ကြည်နူးစရာပဲ

"နှင်းဝေတို့ကြောင့် လူကြီးမိဘတွေ စိတ်ချမ်းသာ
တယ်ဆိုတာ ကောင်းပါတယ်လေ"

"ဟုတ်တယ်နော်"

တစ်ဦးကိုတစ်ဦး ပိုင်ဆိုင်ရန် ကြိုတင်ခွင့်ပြုချက် ရယူ
နေ့မျိုးမှာ နှလုံးသားစကား တစ်လုံးမှ မပြောကြပါဘဲနှင့်

"ဒါနဲ့ နင့်ရှေ့နေလိုက်ဖို့ ကိစ္စတွေက မပြီးသေးဘူး
နင်လိုက်တဲ့အမှုတွေ ထောင်ဘယ်နှယောက် ကျသွားပြီ"

"ကိုကိုနော်"

"သိချင်လို့ပါဟ"

"အမှုကြီးတွေတော့ ဘယ်လိုက်ခွင့်ရဦးမှာလဲ"

"ဒါနဲ့ နင်တော့ နေ့တိုင်းသွားနေရတာပဲ"



"တရားရုံးချုပ်ရှေ့နေလိုင်စင် ရတော့မှာမို့ပါ"

"ဟင် . . . ဟိုတလောကပဲ ရှေ့နေလိုင်စင် ရပြီးပြီဆို"

"ဟုတ်တယ်၊ အရင်ရတာက အထက်တန်းရှေ့နေ၊ အခု
ရမှာက တရားရုံးချုပ်ရှေ့နေ"

"ဘာတွေလဲဟ"

"ဘာတွေရမှာလဲ၊ ဥပဒေပညာဆိုတာ လွယ်တယ်မှတ်
သလား၊ ကမ္ဘာပေါ်မှာ ဥပဒေပညာရှင်ဆိုတာ သိပ်တန်ဖိုးရှိတယ်၊
အတိုင်းက လေးစားရတာ"

"လေးစားပါတယ် ခင်ဗျာ၊ ဆက်ပြောစမ်းပါ၊ တကယ်
သိလို့ပါ၊ LLB ဘွဲ့ရပြီးရင် ရှေ့နေလိုက်စားလို့ မရသေးဘူး
လား"

"ဘယ်ရမှာလဲ၊ အနည်းဆုံး လုပ်သက်ငါးနှစ်ရှိတဲ့ တရား
ချုပ်ရှေ့နေ တစ်ဦးဦးဆီမှာ အလုပ်သင်ရှေ့နေအဖြစ်နဲ့ တစ်နှစ်
ဆင်းရတယ်"

"သြော် . . . တို့ ဟောက်ဆာဂျင်ခေါ်တဲ့ အလုပ်သင်
ဆရာဝန် တစ်နှစ်ဆင်းရသလိုပေါ့"

"ဒါပေါ့"

"ပြီးတော့ရော . . ."

"အဲဒါ ချိန်ဘာ(Chamber) ဆင်းတယ်လို့ ခေါ်တယ်၊
တစ်နှစ်ပြီးရင် တရားရုံးချုပ်မှာ လိုင်စင်လျှောက်ရပါတယ်၊
တရားရုံးချုပ်က လိုအပ်သလို စိစစ်ပြီး H.G.P လို့ ခေါ်တဲ့
အထက်တန်းရှေ့နေ(Higher Grade Pleader)လိုင်စင်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့အခါမှာ ကိုယ်လိုက်ပါချင်တဲ့ မြို့နယ်၊ တိုင်း စတာ
ဖော်ပြပြီး အဲဒီတရားရုံးတွေမှာ အမှုလိုက်ခွင့်ရပါပြီ"

"အက်ဒ်ဗိုကိတ်(Advocate)ဆိုတဲ့ တရားရုံးချုပ်ရှေ့
မဟုတ်သေးဘူးပေါ့နော်"

"မဟုတ်သေးပါဘူး၊ အထက်တန်းရှေ့နေဆိုတာ
တရားရုံးချုပ်မှာ အမှုလိုက်လို့မရသေးပါဘူး၊ အဲ. . . လုပ်သ
တစ်နှစ်ပြည့်ပြီးတဲ့အခါမှာ လိုအပ်တဲ့ စာရွက်စာတမ်း
တရားရုံးချုပ်ကို လျှောက်ရပါတယ်၊ တရားရုံးချုပ်က လို
သလို စိစစ်ခွင့်ပြုပြီးတဲ့အခါမှာ "တရားရုံးချုပ်ရှေ့နေ
ကောင်စီ"ကို ဝင်ကြေးနဲ့ နှစ်စဉ်ကြေးများ ပေးသွင်းပြီးတဲ့
ကျမှသာ တရားရုံးချုပ်ရှေ့နေလိုင်စင် ထုတ်ပေးပါတယ်၊
နှင်းဝေက အားလုံးပြည့်စုံပြီ၊ ငွေလည်း သွင်းပြီးပြီ၊ လိုင်စင်
လည်း နီးပါပြီ"

"ရှေ့နေလုပ်စားမလို့လား"

"ကိုယ်လုပ်စားချင်တိုင်း ရတာမှတ်လို့၊ ကိုယ့်အ
အချင်းအရ အမှုသေးလေးတွေကနေ အမှုကြီးအထိ လျှော
လဲလာနိုင်မှပေါ့ ကိုကိုရဲ့"

"နင်နဲ့ ဖြစ်ပါ့မလားဟာ"

ဆောင်းနှင်းဝေဝေ ကိုယ်တိုင်လည်း ရှေ့နေကောင်း
ယောက် ဖြစ်ရမည်ဟု ကိုယ့်ကိုယ်ကို မယုံရဲသေး။

ရှေ့နေကောင်းတစ်ယောက် ဖြစ်လာဖို့က ဥပဒေ
ကြေညက်ရမည်၊ စကားတတ်ကျွမ်းရမည်၊ လာဘ်မြင်ရ



ဖြတ်ထိုးဉာဏ်ရှိရမည်၊ တစ်ဖက်၏ 'ဟာကွက်'ကို ဒက်ခနဲ
ထောက်ပြနိုင်ရမည်၊ ဦးနှောက် ပြေးနေရမည်၊ ပြီးတော့ အတွေ့
အကြုံရှိရမည်။

ဒါတွေ ဆောင်းနှင်းဝေဝေမှာ မလုံလောက် မပြည့်စုံသေး
ပါ။

ထွန်းထိပ်စိုးကလည်း သူ့ကို တရားခွင်မှာ လျှောက်လဲချက်
ပေးနေနိုင်သည့် ရှေ့နေမလေးအသွင် မမြင်နိုင်ဘဲ ကလေး
တစ်ယောက်လို မြင်နေဆဲပဲလေ။

"အေးလေ၊ ကိုယ်တတ်ထားတဲ့ပညာနဲ့ လုပ်စားလို့ ရရင်
တော့ အကောင်းပေါ့"

အမှန်တော့ တရားရုံးတွေ၊ အမှုတွဲတွေ၊ တရားခံတွေ၊
တရားလိုတွေနှင့် ပတ်သက်ချင်စိတ်ကြောင့် ဝါသနာကြောင့်
မဟုတ်ပါ။

ဆယ်တန်းအောင်စဉ်က မီရာအမှတ်အရ Law ဆိုသော
ဥပဒေတန်းကို တက်ခွင့်ရသဖြင့် ဝါသနာအရမဟုတ်ဘဲ အမှတ်
ကြောင့် တက်ဖြစ်ခဲ့ခြင်းဖြစ်သည်။

ဆောင်းနှင်းဝေဝေလို ဥပဒေကျောင်းသူများ တစ်ပုံ
တစ်ပင်ပါပင်။

လူ့သေကောင်တို့၊ သွေးသံရဲရဲတို့ မကြည့်ရဲပါဘဲလျက်
အမှတ်ကလည်းမီ၊ မိဘကလည်း ကြွားချင်သဖြင့် ဆေးကျောင်း
တက်သွားရသူတွေ ထုနှင့်ထေး။

www.burmeseclassic.com

www.burmeseclassic.com



အင်ဂျင်နီယာ သိပ်ဖြစ်ချင်ပါလျက် ဖြစ်ဖို့လည်း အရည်အချင်း ရှိပါလျက်နှင့် ဆယ်တန်းစာမေးပွဲမှာ အမှတ်ကလေး တစ်မှတ် နှစ်မှတ်ဖြင့် ကပ်၍ ကျန်ရစ်ခဲ့ရသော သူတွေလည်း လက်ညှိုးထိုးလို့မလွဲ။

ကိုယ်ဝါသနာပါရာမဟုတ်ဘဲ အမှတ်မီရာလုပ်ရသော စနစ်၏ သားကောင်များစွာထဲမှာ ဆောင်းနှင်းဝေဝေလည်း တစ်ဦးအပါအဝင်။

"နှင်းဝေဝေ. . . ညီမလေး"

"ဟင်"

"အဲဒီအလုပ်ကို မလုပ်ဘဲ နေလို့ရရင်လည်း ကိုကို့ လိုက်နေပေါ့၊ လုပ်ချင်တယ်ဆိုရင်လည်း ဒီမှာပဲနေလေ၊ ညီမ လေး သဘောပဲ၊ လူကြီးတွေဆန္ဒလည်း မေးပေါ့"

"ဟုတ်ကဲ့"

"ကိုကိုကလည်း ခွင့်စေ့ပြီ၊ နက်ဖြန် ပြန်ရတော့မှာ လက်ထပ်ခါနီးမှပဲ ခွင့်ယူတော့မယ်လေ၊ လက်ထပ်ဖို့ကလည်း တစ်လနဲ့သုံးရက်ပဲ လိုတော့တာ"

"အင်း"

"ရက်နီးမှပဲ ကိုကိုလာခဲ့တော့မယ်၊ လိုအပ်ရင်တော့ ဖုန်းဆက်ခေါ်ပေါ့"

"ဟုတ်ကဲ့ ကိုကို"

"မာမီလိုအပ်တာလေးပါကြည့်ပြီး ကူညီလိုက်ပါနော် ညီမလေး"



"စိတ်ချပါ"

ထိုနေ့က နောက်ဆုံးခွဲခွာခါနီးအထိ. . .

"ကိုကိုမခွဲချင်ဘဲ ခွဲသွားရမှာ"

"ကိုကို့ကို ချစ်ရဲ့လားဟင်" ဆိုသော စကားမျိုး တစ်လုံး တစ်ခွန်းမှ မပြောကြားပါဘဲနှင့်. . .

"ဆောင်းဝင်လာပြီနော်၊ ညကျ အနွေးထည် ဝတ်အိပ် ဦးလား"

"ကားမပါဘဲသွားရင်လည်း ထီးယူသွား၊ နေပူမိရင် ဖျားနေဦးမယ်"

ဆိုသော သံယောဇဉ်မေတ္တာစကားများကိုသာ ကိုကို ဆို၏။

ရမွှက်နှင့် ဖွဲ့စည်းသော အချစ်စကားမျိုး တစ်ခွန်းမှ ပြောကြားမသွားပါ။

◆ ◆ ◆

www.burmeseclassic.com

## အခန်း ။ ၂၉

"ဟဲ့ကောင်လေးရှင်း၊ ထမင်းထစားလေ၊ ဘယ့်နှ
တစ်နေကုန် အိပ်နေတာလဲ"

"ကျွန်တော် မစားချင်လို့ပါ ကြီးတော်လှထူးရာ"

"ဘာဖြစ်လဲ၊ နေမကောင်းဘူးလား"

"ကောင်းပါတယ်ဗျ"

"ဒါဖြင့် စောစောဆူထားလို့လား၊ သူကတော့ ဝသိပ်
တာပါကွယ်၊ ကဲ. . . လာပါ၊ ထမင်းစားရအောင်"

"ကျွန်တော် လုံးပမစားဘူးဗျာ၊ ထပ်မခေါ်နဲ့"

"ဒါဖြင့်လည်း ပြီးရောတော်၊ စေတနာနဲ့ အတော
ခေါ်တာ"

ဒေါ်လှထူး ရှင်းသန့်စင်အနားမှ ခွာ၏။

ရှင်းက မျက်နှာပင်လှည့်မလာ။

လှည့်လို့ကလည်းမဖြစ်။ ရှင်း၏မျက်နှာမှာ မျက်ရည်
အပြည့်နှင့်လေ။



ဒေါ်လှထူးက အခန်းဝရောက်ပြီးမှ ပြန်လှည့်လာပြီး. . .

"အေးလေ၊ ငါလည်း ဟိုဘက်အိမ်မှာ မင်္ဂလာကိစ္စနဲ့
အလုပ်ရှုပ်လို့ မေ့နေမိတယ်"

"ဘာလဲဗျာ"

"မင်းအမေကို မင်းမှတ်မိလား"

"အရေးထဲ ဘာတွေလာမေးနေတာလဲ၊ မီးတွင်းထဲမှာ
သေတာပါဆိုမှ"

"အေး. . . နေဦး၊ မခင်မိဆိုတဲ့ မိန်းမတစ်ယောက်
လာသွားတယ်၊ ညိုမာရဲ့သားလေး ရှိလားတဲ့"

'ဒေါ်ညိုမာ'ဆိုသည်မှာ မိမိ၏မိခင်ဖြစ်ကြောင်း သိပြီး
သားမို့ ရှင်းသန့်စင် ခေါင်းထောင်မိသည်။

"သူ့အမေအကြောင်း သိချင်ရင် သူ့ဆီလွှတ်လိုက်ပါဆိုပြီး
လိပ်စာပေးသွားတယ်"

ရှင်းသန့်စင်က ခေါင်းအုံးစွပ်နှင့် မျက်ရည်များကို သုတ်ပြီး
ခုတ်ခနဲ ထထိုင်၏။

"ကျွန်တော့်အမေအကြောင်း ဟုတ်လား၊ အမေသေတာ
ကျွန်တော့်တစ်သက်ရှိပြီပဲ၊ အမေ့အကြောင်း ဘာပြောစရာရှိမှာ
လဲ"

"မင်းအမေ မသေခင်ကကိစ္စ ဖြစ်မှာပေါ့၊ ကြည့်ရတာ
တော့ ထူးထူးခြားခြား ကိစ္စတစ်ခု ရှိခဲ့ပုံရတယ်"

"ဘယ်သွားရမှာလဲ. . . ပြော"

"နေဦး၊ သူ လိပ်စာပေးခဲ့တယ်"

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှထူးက အခန်းထဲမှထွက်သွားပြီး မကြာခင်မှာ စာအိတ်တစ်အိတ် ကိုင်လာပြီး ပေးသည်။

ဒေါ်လှထူးနှင့် ရှင်းသန့်စင်တို့ နေရသည်က အောက်ထပ် မီးဖိုဆောင်ထိပ်နားမှ အခန်းနှစ်ခန်းကို တစ်ယောက်တစ်ခန်းစီ နေကြရသည်။

အိမ်ရှေ့ ဆိုဖာမှာ ရှင်းသန့်စင် ထိုင်ခွင့်မရှိ။ တိုက်ကြီး၏ အပေါ်ထပ်သို့ တက်ခွင့်မရှိတဲ့သူလေ။

"ခုပဲ သွားမယ်ဗျာ"

တမ်းတခြင်း၊ ကြေကွဲခြင်း၊ လွမ်းဆွတ်ခြင်းဆိုသော အသည်းကွဲဝေဒနာ အပေါင်းကို ခံစားနေရချိန်မို့. . .

တစ်ခုခုကို ထလုပ်ချင်လောက်အောင် ပေါက်ကွဲမတတ် ခံစားနေရသဖြင့်. . .

ဒေါ်လှထူးပေးခဲ့သော စာအိတ်ကလေးကို ဖတ်ကြည့်ပြီး အင်္ကျီအိတ်ထဲသို့ ကောက်ထည့်ကာ ခြံထဲသို့ နောက်ဖေးတံခါးမှ ထွက်ခဲ့သည်။

"မမဝေ တရားရုံးသို့ သွားနေချိန်"

ဆိုသည်ကို သိပါလျက်နှင့်. . .

"မမဝေ၏အိမ်"ဆိုသော အသိဖြင့် တမ်းတလွမ်းဆွတ်စွာ ကြည့်လျက် ရှင်းသန့်စင် ခြံပြင်သို့ ထွက်ခဲ့သည်။

ပြင်ပ၌ နေသည် ခြစ်ခြစ်တောက်ပူနေ၏။

ရှင်းသန့်စင်၏ ရင်သည်လည်း နေနှင့်အတူ ပူပြင်း လောင်မြိုက်စွာ အရာရာကို အခဲမကျေစွာ မကျေနပ်စွာ၊ ခံပြင်းစွာဖြင့်. . .



ဒေါ်ခင်မိဆိုသော မိန်းမကြီးရှိရာသို့ ရှင်းသန့်စင် ရောက်ဖြစ်လာတော့သည်။

◆ ◆ ◆

အလုပ်တွေ ပိနေလို့ အိမ်ပြန်မအိပ်နိုင်ပါဟူ၍ သူ့တပည့်လေး တစ်ယောက် စာလာပို့ကတည်းက ဦးအောင်ကျော်စိုး အပေါ်မှာ ဒေါ်တင်တင်စော သံသယရှိနေခဲ့သည်။

ယခုတော့ ဘူးပေါ်သလို ပေါ်ခဲ့ပြီ။

သာယာကုန်းရပ်ကွက်က ငှားထားသော အိမ်လေး တစ်လုံးမှာ ဦးအောင်ကျော်စိုး၏မိန်းမ ကလေးမွေးတော့မယ်တဲ့။

အဲသည် မယားငယ်နာမည်က ညိုမြာတဲ့။

တိကျသော သတင်းစကားကို ကြားလိုက်ရပြီးချိန်မှာ ဒေါ်တင်တင်စော ရှော့ခ်ရသွားသလို ခံစားလိုက်ရသည်။

လုံးဝမထင်မှတ်၊ မမျှော်လင့်သော သတင်းစကားမို့ ဒေါ်တင်တင်စော ပထမ သတိမေ့မတတ် ကြောင်သွားပြီးမှ. . .

"ဟင်. . . ညိုမြာ. . . ညိုမြာတဲ့လား"

"ဒီကောင်မ ငါ့အိမ်က ထွက်ပြေးသွားပြီပဲ"

"ဘယ်လိုကဘယ်လို ဖြစ်ကုန်ကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်က ညားသွားကြတာလဲ"

"ဦးအောင်ကျော်စိုးရဲ့ မယားတဲ့လား"

"ဟင်း. . . ဒီအခိုင်းအစေမက ငါနဲ့ မယားပြိုင် ဖြစ်ချင်သတဲ့လား"

"ဟင်း. . . တင်တင်စောတဲ့ဟေ့၊ တစ်စောတည်းရှိတယ် အသက်ချင်းလဲပစ်လိုက်မယ်နော်၊ ဒါမျိုးလုပ်လို့ ရရိုးလား"

မြန်မာ့စကား ဝေါဟာရတွင် ရှိရှိသမျှသော ရုန့်ရင်းကြမ်းတမ်းမှု အပေါင်းကို ဒေါသသံကြီးနှင့် ရေရွတ်ဆဲဆိုပြီး. . .

ပြတင်းဝမှာ တောင့်တောင့်ကြီး သွားရပ်လျက်. . .

"ငါဘာလုပ်ရမှာလဲ"

"ဒီကောင်မကို ဘာလုပ်သင့်သလဲ"

"အင်း. . . ဘာမှ မလုပ်သင့်ဘူး၊ တခြားနည်းနဲ့ ဘယ်လိုမှ ဖြေရှင်းလို့ မရဘူး၊ သေပါစေတော်။ ကလေးမွေးရင်း မချိမဆံ့ သေသွားစမ်းပါစေ"

ပက်စက်ယုတ်မာစွာ ကျိန်ဆဲပြီး အကြံတွေ တအားညစ်ထုတ်နေသည်။

တစ်ကိုယ်လုံး ချွေးတွေနစ်ပြီး မျက်လုံးကြီး အပြူးသားနှင့် တောင့်တောင့်ကြီး ရပ်နေရာမှ. . .

"မခင်မိ"

"ဟုတ်ကဲ့. . . မမ"

"ညီမှာ့အိမ်မှာ 'ဒေါ်အေးရှင်'ဆိုတဲ့ အဘွားကြီး စောင့်ရှောက်နေတယ်လို့ ပြောတယ်"



"ဟုတ်ကဲ့. . . မမစော"

"ညည်း မိန်းမလည်ပဲအေ၊ အဲဒီအဘွားကြီးကို ပ,ထုတ်ပြီး ဒေါ်အေးရှင်နေရာမှာ ညည်းဝင်နေစမ်း"

"ဖြစ်ပါ့မလား မမရယ်"

"ဟေ့. . . ငွေနဲ့ရှင်းရင် အားလုံးပြီးတယ်၊ ငါ့ဆန္ဒအတိုင်း ညည်းလည်သလို လုပ်ပေးစမ်း။ ငွေဘယ်လောက်ကုန်ကုန် ကုန်စမ်းပါစေ"

မခင်မိတို့ အူမြူးသွား၏။

မခင်မိတို့က လူလည်ပဲ။ ငွေရမယ့်အလုပ်မျိုးဆို ဘာပဲ ခိုင်းရလုပ်ရလေ။

ထိုအချိန်က မှောင်ခိုကုန်ကူးခြင်း လုပ်ငန်းကို လုပ်ကိုင်နေရာမှ နှစ်ကြိမ် အဖမ်းခံလိုက်ရသဖြင့် ငွေထုတ်ပေးသူက နောက်ထပ်မခိုင်းတော့၍. . .

ရရာအလုပ် လုပ်နေရခြင်းဖြစ်သည်။

အိမ်ဖော်များနှင့် အမြဲတမ်း ပြဿနာတက်နေသော ဒေါ်တင်တင်စောမှာ အမြဲအိမ်နေသူကို မငှားတော့ဘဲ အပတ်လျှော်။ ပန်းကန်ဆေး၊ ကြမ်းတိုက်၊ ဖုန်သုတ် စသော အလုပ်ကို လုပ်ရန် မခင်မိကို ငှားထားရာမှ. . .

လူရည်လည်ပြီး အိမ်ရှင်၏အထာကိုသိသော မခင်မိကို ဒေါ်တင်တင်စော သဘောကျစွာ ခင်မင်နေချိန်လည်းဖြစ်၏။

နေ့ခင်းနေ့လယ် အလုပ်လာလုပ်သော မခင်မိကို ဦးအောင်ကျော်စိုး မမြင်ဖူးပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနည်း ကျွန်မဟန်နဲ့ သွားပြီး ဒေါ်အေးရှင်ဆိုင် မိန်းမကြီးကို ဖယ်ထုတ်၊ သူနေရာမှာ ခင်မိတို့က အစား ဒီလိုမဟုတ်လား"

"ဟုတ်လိုက်တာ မခင်မိရယ်၊ ဒီကောင်မနားမှာ တို လူရင်း ရှိနေတော့ သတင်းစုံ ကြားရ သိရတာပေါ့"

"စိတ်ချ မမစော"

အပိုင်တာဝန်ယူလိုက်ပြီး နောက်နေ့မှာပင် သာယာ သို့ ရောက်လာပြီး မခင်မိ မိတ်ဖွဲ့ဖြစ်၏။ ဒေါ်အေးရှင် ရင်းနှီးအောင်ပေါင်း၏။

ရိုးသားသူများကို စည်းရုံးရသည်မှာ လွယ်ကူလှချေသည်

"အဒေါ်တူမလို့ ပြောပေးပါ၊ ကျွန်မ နေစရာမ ကူညီပါအဒေါ်ရယ်၊ ရော့. . . အဒေါ်အတွက် ငွေငါးရာ"

ဒေါ်အေးရှင်က ပျော်ရွှင်စွာ အလုပ်ကထွက်ပြီး မခင်မိ သူ့ကိုယ်စား ထားရစ်ခဲ့ပါသည်ဟု ပြောဆိုကာ ငွေငါး ပိုက်လျက် ဒေါ်အေးရှင် ထွက်သွားသည်မှာ ယနေ့ထက် နောက်ထပ် မတွေ့ရတော့ပေ။

"မမခင်မိရယ်၊ ကျွန်မ ဒီဆေးကို မသောက်ချင်ပါ ဒါပေမယ့် ကျွန်မဗိုက်ထဲက သားလေးအတွက်ပါ"

"ကျွန်မ မစားချင်ပါဘူး၊ ဒါပေမယ့် ကျွန်မလွယ်ထား သားလေးအတွက်ပါ"

ဟူ၍ မမြင်ရသေးသော ရင်သွေးအတွက် မေတ္တာကြီး စွာ ထားရှိနေရှာသော ညိုမာ။



"ညိုမာ့ယောကျ်ားက သိပ်ဂရုစိုက်တာပဲ၊ အသက်ချင်း တော့ ကွာသားနော်"

"သူမှာ သားကြီးမယားကြီး ရှိပါတယ် မခင်မိရယ်"

"အိုအေ. . . ဘာဖြစ်လဲ၊ ကိုယ့်ကိုလည်း တရားဝင် ယူထားတာပဲ၊ မယားပြိုင်ပေါ့၊ အခွင့်အရေးကျ တန်းတူရမှာပဲ"

"ဒီနောက်အထိ မမှန်းရဲပါဘူးရှင်၊ သူ့မယားကြီးက သိပ်ကြောက်စရာကောင်းတာ"

"ဟုတ်လား"

"ဟုတ်တယ်၊ ဦးလေးလည်း ကြောက်ပုံရတယ်၊ ဒါကြောင့် ညိုမာ့ကို ဆေးရုံမှာ မွေးမခိုင်းရဲဘူး။ တော်ကြာ သိသွားရင် ဆေးရုံမှာလာပြီး ညိုမာ့ကို ဒုက္ခပေးမှာ၊ အရှက်ခွဲမှာစိုးလို့တဲ့၊ ဒီအိမ်လေးမှာတော့ လုံခြုံတယ်"

"ဟုတ်တာပေါ့ကွယ်၊ သိပ်လုံခြုံတာပေါ့"

မခင်မိ၏ ကောက်ကျစ်စဉ်းလဲသော အပြုံးကို ညိုမာ သုံးဝ မရိပ်မိရှာ။

ညိုမာ မပြောနှင့်. . .

"ဦးလေး၊ ဒါ ဒေါ်လေးမအေးရှင်ရဲ့ တူမလေ။ ဒေါ်လေး က နေမကောင်းလို့ တောခဏပြန်သွားတယ်။ ညိုမာ့အတွက် အဲဒီမမခင်မိကို ထားပေးခဲ့တာ။

"အေး. . . ကောင်းတာပေါ့ကွယ်၊ ဒေါ်အေးရှင်က သူကြီးဆိုတော့ အားနာနေရဦးမယ်၊ မခင်မိဆိုတော့ အတော်ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မခင်မိ လိုတာပြောနော်၊ လခတိုးလိုချင်လည်းပြော၊ ညီ
ကိုသာ ဂရုစိုက်. . . ကြားလား"

"ဟုတ်ကဲ့ပါရှင်"

မခင်မိက ညိုမှာ့ကို အစွမ်းကုန် ဂရုစိုက်ပြသလို ဒေါ်
တင်စောကိုလည်း သတင်းပို့ရသည်။

သတင်းက တစ်ခါသာ ပို့နိုင်၏။ ညိုမှာ မွေးဖွားဖို့ ရက်
နေပြီမို့ အနားက ခွာခွင့်မရ။

သည်လိုနှင့် ညိုမှာ ဗိုက်နာလာသည်။

ဦးအောင်ကျော်စိုး ရုံးသို့ ဖုန်းဆက်၍ အကြောင်းပြ
လိုက်ပြီးသည်နှင့် ကားကို တရကြမ်းမောင်းကာ ရောက်ရှိ
သည်။

သားဦးပေမယ့် ငယ်ရွယ်သူမို့လားမသိ။ လွယ်လွယ်
ပင် မွေးဖွားနိုင်ခဲ့ပါ၏။

မွေးဖွားပေးသော အထက်တန်းသူနာပြု ဆရာ
လည်း အလွန်ကျွမ်းကျင်စွာ နားလည်ပါလျက်. . .

ဦးအောင်ကျော်စိုးက ဆရာဝန် ခေါ်လာသေးသည်

မိခင်ရောကလေး၏ ကျန်းမာရေးကိုပါ စစ်ဆေး
သည်။ ညိုမှာ့ကို အားဆေးထိုးစေသည်။

"ဦးလေးရယ်. . . သားလေးရတာ ညိုမှာ ပျော်
တာ"

"အေးပါကွယ်၊ သားကလည်း ညိုမှာ့ရုပ်ကလေး၊ တ
ချောတာပဲ"



"ညိုမှာလေ သားလေးအိပ်နေတာကိုကြည့်ပြီး သနား
တ်တာရှင်၊ ပွေ့တာတောင် သားလေးနာသွားမှာစိုးလို့
လေးချီပြီး ဖွဖွလေးနမ်းမိတယ်"

"ညိုမှာ မိခင်စိတ်ဝင်ပြီ"

"မိခင်ဖြစ်ရတာ ညိုမှာ ဝမ်းသာလိုက်တာ၊ ညိုမှာ
စ်ကောင်ကြွက် မဟုတ်တော့ဘူး၊ ညိုမှာ့သွေး၊ ညိုမှာ့သား၊
ညိုမှာ့မျိုးဆက်၊ ညိုမှာ့ကိုယ်ပွားလေး ရပြီ၊ သားလေးကို ဖက်ထား
ာ အားတွေရှိလိုက်တာ ဦးလေးရယ်"

သူတို့သားအမိသားအဖ သုံးယောက်ကိုကြည့်ပြီး မခင်မိ
ပါ ကြည်နူးမှုကူး၏။

ဒေါ်တင်တင်စောထံသို့ပင် သတင်းမပို့ချင်တော့ပါ။
ပို့လည်း မပို့ဖြစ်သည်မှာ ကြာပြီ။ ဖြစ်ချင်တော့ ညိုမှာ
ားပြီး ဒုတိယနေ့မှာ. . .

"ဦးလေး တစ်ပတ်လောက် ခရီးထွက်ရမယ်၊ ညွှန်ချုပ်
ယ်တိုင်က တာဝန်ပေးလို့ပါ"

"သွားပါ၊ ညိုမှာ နေကောင်းပါတယ်"

"မခင်မိ. . . ညိုမှာ့ကို အထူးဂရုစိုက်ပါနော်"

"စိတ်ချပါရှင်"

ဦးအောင်ကျော်စိုး သည်နေ့လို ခရီးထွက်ပြီးသည်နှင့်
ာက်နေ့မှာ သာယာကုန်းရပ်ရှိ ညိုမှာနေထိုင်ရာ အိမ်လေးဆီ
ရောက်ရှိလာသူက ဒေါ်တင်တင်စော ကိုယ်တိုင်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ထုံးတမ်းစဉ်လာအရ မီးဖွားပြီး သုံးရက်ပြည့်သော နေ့သည် မီးနေသည်၏ သွေးသစ်လောင်းသည့်နေ့၊ အရေးကြီး သည့်နေ့၊ မထိတ်ရ၊ မလန့်ရ၊ မငိုရသည့်နေ့။

"ညိုမာရေ. . . ဒုက္ခပါပဲ၊ မမစော လိုက်လာတယ်တော"

"အမယ်လေး. . . ညိုမာ ကြောက်တယ်"

"မမခင်မိရယ်. . . ဒီမိန်းမကြီးကို ညိုမာ ကြောက်တယ်"

မခင်မိကို ညိုမာက အားကိုးတကြီး ဖက်ထားချိန် အခန်းဝမှ ဒေါ်တင်တင်စော ဘွားခနဲ ပေါ်လာသည်။

ခပ်သိမ်းသော ဒေါသအပေါင်းတို့ ဆုဝေးပေါင်းဆုံ သူ့မျက်နှာကြီးမှာ နီမြန်းလျက် မျက်ထောင့်နီကြီးနှင့် အပြူး ကြည့်လျက် သူလည်း ဆတ်ဆတ်တုန်လို့။

ညိုမာလည်း ဆတ်ဆတ်တုန်လို့။

ဒေါ်တင်တင်စောက ရင်ပွင့်ထွက်သွားမတတ် ဒေါသ ဆောင့်နေခြင်းကြောင့် ဆတ်ဆတ်တုန်၏။

ညိုမာကတော့ သွေးအားသိပ်နည်းနေချိန်မှာ အလွ အမင်း ကြောက်ရွံ့သွားသဖြင့် ဆတ်ဆတ်တုန်နေခြင်းဖြစ်သည်။

"ဩော်. . . ခင်မိ၊ ညည်းကပါ ဒီကောင်မဘက် ပါနေပြီလား ဟင်"

"ဟင်. . . ဟင်. . . မ. . . မဟုတ်ရပါဘူး မမစောရယ်"

"မဟုတ်ဘူးဆိုရင် ညည်း အပြင်ထွက်နေစမ်း၊ သတင်းမှမရဘူး၊ ဒါကြောင့် ကိုစိုးလည်း ခရီးထွက်သွားတော ငါကိုယ်တိုင် လိုက်လာခဲ့တာ"



"ကျွန်မ. . . ကျွန်မလည်း. . ."

"တော်စမ်း. . . ညည်း အပြင်ထွက်နေ၊ ငါ ဒီကောင်မနဲ့ ရှင်းရှင်းစရာရှိတယ်"

"အမယ်လေး. . . မမခင်မိ"

ညိုမာ အတင်းဆွဲသော်လည်း မခင်မိက အတင်းရုန်းပြီး အခန်းပြင်ထွက်သွားသည်။

"ကြောက်ပါပြီ မမရယ်၊ ကျွန်မသားလေး. . . ကျွန်မ သားလေးကို ဘာမှမလုပ်ပါနဲ့နော်"

"ဘာ ကျွန်မသားလေးလဲ၊ ငါ့လင်ကိုခိုးပြီး ရထားတဲ့ ကောင်းဆိုးဝါးလေးကို ငါ လည်ပင်းညှစ်သတ်ချင်တယ် လား"

"ချမ်းသာပေးပါ၊ ကျွန်မ. . . ကျွန်မသားလေးကို ာ. . . ဘာမှ မလုပ်ပါနဲ့နော်"

"နင့်သားရော၊ နင့်ကိုရော အမှုန့်ဖြစ်သွားအောင် ငါ့ ခြေထောက်နဲ့ နင်းခြေချင်တယ်ဟဲ့၊ သိရဲ့လား"

ဒေါ်တင်တင်စောက နတ်ကြမ်းဝင်သည်ဆိုသော တ်ဝင်သည်တစ်ယောက်လို တဆတ်ဆတ်တုန်လျက် ထဘီကို တ်နှစ်ဖက်နှင့်မ,ပြီး ခြေစုံကြွ၍ စုံခုန်ထည့်လိုက်သည်။

"အမယ်လေး"

သားလေးကို ပွေ့ယူရန် လက်လှမ်းရာက လက်ကလေး ပျော့ခွေသွားပြီး ညိုမာ အိအိလေးပုံကျကာ မေ့လဲသွားတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ကျွန်မ၊ အစေခံမ၊ လင်ခိုးမ၊ ကဲဟယ် . . . ကဲဟယ်"

ခွေကျမေ့လဲနေသော ညိုမာ့ဘေးမှ ခေါင်းအုံးကိုယူ ဒေါသရှိန်နှင့်အမျှ ညိုမာ့မျက်နှာကို ခေါင်းအုံးနှင့် ဆင့် ဆင့်ကာရိုက်ပြီး ညိုမာ့မျက်နှာပေါ် ခေါင်းအုံးတင်ကာ အားကြီးနှင့် တအားတက်ဖိလိုက်ချိန်မှာ . . .

"အင့်"

ဆိုသော ညိုမာ၏ မချိမဆံ့ အသံကို ကြားလိုက်ရ နောက်မှာ ညိုမာ ငြိမ်ကျသွားတော့သည်။

◆ ◆ ◆

"တောက် . . . ခွေးမကြီး၊ သူ ကျွန်တော့်အမေ သတ်လိုက်တာပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

"ခင်ဗျားကတော့ . . . ခင်ဗျားကြီးကတော့ ဝင်မဆွဲ လား၊ ရဲကိုမတိုင်ဘူးလား၊ ဒီမိန်းမကြီးကိုတော့ မဖမ်းကြ လား . . . ဟင်"

"စိတ်ငြိမ်ငြိမ်ထား၊ အဒေါ်ပြောပြမယ် ငါ့တူ"

ရှင်းသန့်စင်၏ တစ်ကိုယ်လုံး ချွေးတို့ဖြင့် နစ်ရွှဲနေသည် အံတင်းတင်းကြိတ်ပြီး ဒေါ်ခင်မိကို ကြည့်နေ၏။



"ဒေါ်တင်တင်စောဟာ လာတုန်းကတော့ ညိုမာ့ကို သတ်ပစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာတာမဟုတ်ဘူး၊ ဒါပေမယ့် ဒီကိုလိုက်လာပြီး ညိုမာ့ကို သူတွေ့လိုက်ရတော့ သူ့ဒေါသကို သူမထိန်းနိုင်ဘဲ ဖြစ်သွားတာပဲ၊ ခေါင်းအုံးနဲ့ ရိုက်ပေမယ့် ညိုမာက သိပ်အားနည်း ကြောက်လန့်နေတဲ့ မီးနေသည် ဆိုတော့ . . .

"အို . . . ဘာပဲဖြစ်ဖြစ် ဒီသရဲမကြီး ကျွန်တော့်အမေကို သတ်တာ၊ ဒီမိန်းမကြီး သတ်တာ"

"ဟုတ်တယ် ငါ့တူ၊ သူသတ်တာပဲ၊ ပထမ ညိုမာက မေ့မျောနေတာ၊ သူခေါင်းအုံးနဲ့ ဖိလိုက်လို့ သေသွားတာ"

"ခင်ဗျားကြီးကရော ဘာလို့ ဝင်မတားတာလဲ"

"ပြန်ပြောတော့သာ ကြာတာ၊ အဖြစ်အပျက်က သိပ်မြန်သွားတယ်၊ တစ်မိနစ် နှစ်မိနစ်လောက်ပဲ ကြာမှာ"

"တောက်"

"ညိုမာလည်း ငြိမ်သွားရော သူလည်း လန့်သွားပုံရတယ်၊ သူက . . .

"ငါလာတာ ဘယ်သူ့ကိုမှ မပြောနဲ့နော်၊ ဒီကိစ္စ ညည်းကြည့်လုပ်လိုက်ပါ၊ လိုသလောက်ငွေ ငါ့ဆီလာတောင်း . . . ကြားလား၊ ငါသွားတော့မယ်ဆိုပြီး လစ်ပြေးသွားတာပဲ"

"သူက ကားနဲ့လာတာမဟုတ်ဘူး၊ တစ်ယောက်တည်း လမ်းလျှောက်ဝင်လာတာ၊ နေရာကလည်း မြို့ပြင်က ခြံတွေဆိုတော့ သူလာတာ ဘယ်သူမှ မတွေ့လိုက်ကြဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက အဒေါ်ကလည်း မိုက်မဲစွာ စဉ်းစားမိ
တယ်"

"ဒေါ်တင်တင်စော ညီမှာ့ကို သတ်သွားတယ်လို့
လိုက်ရင် သူလည်း အဖမ်းခံရမယ်၊ ငါလည်း အကျိုးမရှိ
ဒီကိစ္စကို ဖုံးထားလိုက်ရင် ငါ့အတွက် အကျိုးရှိမယ်ဆို
ဒေါ်တင်တင်စောနဲ့ကိစ္စကို ဘာမှမပြောဘဲ ညီမှာ မေ့လဲသွ
တယ်ဆိုပြီး ခြိနီးနားချင်းကိုပဲ ခေါ်လိုက်တယ်"

"ဒီတုန်းက အလောင်း ဆေးရုံပို့တယ်ဆိုတာလည်း
မစားသေးဘူး၊ လူသေရင် အလောင်းစင် အိမ်မှာပဲ ပြင်ကြတာ

"လူသတ်မှုလို့ သံသယဖြစ်ရင်တော့ အလောင်း
စစ်ဆေးခိုင်းကြမှာပေါ့၊ အခုတော့ 'မီးနေသည် သွေးတ
သေတယ်' လို့ အဲဒီ တစ်ရပ်လုံး တစ်ရွာလုံးက ယူဆပြီး အ
ဝိုင်းကူညီကြတယ်"

ဦးအောင်ကျော်စိုးကို အကြောင်းကြားပြီး စောင့်
ငါးရက်ထားလိုက်ရတယ်၊ အလောင်းက အနံ့ထွက်လာ
ခေါင်းသွင်းလိုက်ရတော့ ပိုဆိုးတာပေါ့ကွယ်၊ ဖုံးဖိပြီးသားဖြစ်
တာပေါ့"

"ဦးအောင်ကျော်စိုးလည်း ငိုလိုက်တာလေ၊ သူကိုယ်
သံသယမရှိတော့ အလောင်းကိုလည်း မီးသဂြိုဟ်လိုက်တ
ကိစ္စပြတ်ပြီပေါ့"

"ဦးအောင်ကျော်စိုးဟာ သံရုံးတွေမှာ ကလေးထိ
လုပ်ဖူးတဲ့ အကောင်းဆုံးနာနီကိုငှားပြီး သားကို ကြည့်ရှုစေတ



"ခင်ဗျားကတော့"

"အဒေါ်ကတော့ ဘာရမလဲ၊ ဒေါ်တင်တင်စောဆီ
သွားတာပေါ့၊ သူက ညည်းကြောင့် ငါ အမှုမပတ်တာပါဆိုပြီး
ငွေငါးထောင် ထုတ်ပေးတယ်၊ အဒေါ်က တစ်သောင်းပေးရမယ်
လို့ တောင်းတယ်"

"နောက် မလာတော့ပါဘူးလို့ ကတိပေးရင် ပေးမယ်တဲ့၊
ပေးမယ်လို့လည်း ပြောလိုက်ရော ငွေတစ်သောင်းလည်း ပက်ခ
နဲ ရတာပဲ"

"အဲဒီ ငွေတစ်သောင်းပိုက်ပြီး မန္တလေးတက်သွားတာ၊
အောင်ခိုအဆက်အသွယ်တွေနဲ့ ကျောက်လိုင်းကူးသွားတယ်၊
အတော်လေး အဆင်ပြေပြီး အဒေါ် အိမ်ထောင်ကျတယ်. . .

"လောဘက တက်လာပြီး ဘိန်းဖြူဘက်လှည့်တယ်။
ဘားရှိုးဘက်တက်ပြီး ဘိန်းဖြူအချမှာ အဖမ်းခံရတယ်၊ ထောင်
နှစ်နှစ် ကျသွားတယ်လေ. . .

"ထောင်ထဲနေရတာသာ ကြာတယ် ထင်တာ၊ အပြင်မှာ
တော့ အချိန်တွေကုန်မြန်လိုက်တာနော်၊ ညီမှာ့သားလေးတောင်
ဆယ့်ကိုးနှစ်ရှိသွားပြီ. . .

"အင်း. . . အဒေါ်လည်း ထောင်ကထွက်လာရော
ယောက်ျားက နောက်မိန်းမယူပြီး ခြေရာဖျောက်သွားပြီလေ၊ ဒါနဲ့
အဒေါ်လည်း အဒေါ့်အတွက် ငွေတွင်းကြီးရှိရာ ဒေါ်တင်တင်
စောဆီကို ပြန်လာခဲ့တာပဲ"

"ခင်ဗျားကြီးတို့ သိပ်ယုတ်မာကြပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါက ငွေမက်တာ တစ်ခုတည်း၊ မင်းအမေ သေရေးကိစ္စမှာ ငါမပါဘူး"

"ညိုမာ့ကိုသတ်တာ ဒေါ်တင်တင်စော"

◆ ◆ ◆

ညိုမာ့ကိုသတ်တာ ဒေါ်တင်တင်စော။

ညိုမာ့ကိုသတ်တာ ဒေါ်တင်တင်စော။

ဒေါ်တင်တင်စော သတ်ပစ်တာ ညိုမာတစ်ယောက်တည်း ဘယ်ဟုတ်ပါ့မလဲ။

ရှင်းသန့်စင်ပါ ပါတယ်လေ။

အမိမဲ့ဘဝနဲ့ သူ့ရဲ့ လွှမ်းမိုးမှုအောက်မှာ တစ်ဘဝလုံး အဆုံးခံခဲ့ရတယ်။

ဒေါ်တင်တင်စောဟာ. . .

ညိုမာရဲ့အသက်ကို သတ်တယ်။

ရှင်းသန့်စင်ရဲ့ ဘဝကို သတ်တယ်။

ဤအသိတရားများဖြင့် မွန်းတည့်နေ၏ အပူလမ်းအတိုင်း ရှင်းသန့်စင် ပြန်လာခဲ့သည်။

ခေါင်းထဲမှာရော၊ ကိုယ်ထဲမှာရော၊ နှလုံးသည်းပွတ်ထဲမှာပါ ပွက်ပွက်ဆူ ပူလောင်နေ၏။

အလှမ်းဝေးကွာလှသော နေရာတစ်ခုကို ဘယ်လို အလျင်နှုန်းနှင့် ပြန်လာခဲ့မိသည်မသိ။



အပြင်က ပြန်လာလျှင် ဆောင်းနှင်းဝေဝေတို့ခြံကို အရင်ဦး တွေ့ရသည်။

"မမဝေ. . . မမဝေရေ"

ခြံဝမှ လှမ်းအော်မိသည်။

ရင်ထဲက အပူခဲတွေကို ဖွင့်ခွဲထုတ်ပြချင်သည်။

အဖြစ်ပျက်အလုံးစုံကို မမဝေအား ပြောပြမည်။

"မမဝေ"

အသံကို မြင့်ခေါ်လိုက်တော့ ဒေါ်အေးမြင့်ရီ တိုက်ထဲမှ ထွက်လာသည်။

"ဘယ်လိုဖြစ်လာတာလဲ ရှင်း၊ ဒီအချိန် နှင်းဝေဝေ ဘယ်လိုလုပ်ရှိပါ့မလဲ၊ တရားရုံးသွားနေတယ်လေ"

"ကျွန်တော် မမဝေကို ပြောစရာ သိပ်အရေးကြီးနေတယ်၊ မမဝေနဲ့ တွေ့မှကိုဖြစ်မယ်၊ ကျွန်တော် လိုက်သွားချင်တယ်"

"ဒီမှာ. . . ရှင်းသန့်စင်"

ဒေါ်အေးမြင့်ရီက တစ်ခါမှ မတင်းမာဖူးသော မျက်နှာထားနှင့် တင်းမာစွာ ကြည့်ပြီး ပြတ်သားစွာပြော၏။

"နှင်းဝေဝေနဲ့ပတ်သက်ပြီး မင်း ဘာတွေခံစားနေရတယ်ဆိုတာ ငါသိတယ်၊ အေး. . . ဒါပေမယ့် မင်းဟာမင်း ကြိုက်သလောက် ခံစားပါ၊ သမီးနဲ့တော့ မပတ်သက်ပါနဲ့တော့၊ မကြာခင် မင်းအစ်ကိုရဲ့ ဇနီးဖြစ်တော့မယ့်သူကို မင်း ဆက်သွယ်ပြောဆိုဖို့ လုံးဝစိတ်မကူးပါနဲ့တော့ကွယ်၊ ဒါပါပဲ၊ ပြန်တော့. . . ရှင်းသန့်စင်"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် တိုက်တွင်းသို့ ပြန်လှည့်ဝင်သွားသော ဒေါ်အေးမြင့်ရီကို အကြာကြီး ရပ်ကြည့်နေမိသေးသည်။

ဘာမှ ပြန်ပြောခွင့်မရလိုက်။

ရလိုက်သည့်တိုင်အောင်လည်း သူ့မှာ ပြောစရာစကား မရှိပါ။

အသိတစ်ခုသာ ရလိုက်သည်။

ဒေါ်အေးမြင့်ရီ၏ အမိန့်အရ. . .

ချစ်မြတ်နိုးလှစွာသော မမဝေကို အသက်ထက်ဆုံး ဆုံစည်းဆက်ဆံခွင့် မရှိပါတဲ့။

"မမဝေရယ်"

မမဝေဆိုတာ. . .

ရှင်းရဲ့ဘဝပါ။

ရှင်းရဲ့ အသက်ဝိညာဉ်ပါ။

ရှင်းရဲ့ သီးခြားအလှပဆုံး ကမ္ဘာလေးပါ။

အခု သည်ကမ္ဘာလေး ပျက်သုဉ်းပြီ။

ဘဝပျောက်ပြီ။

"ဒီတော့ ရှင်းသန့်စင်ဆိုတဲ့ကောင်ရဲ့ အသက်ဝိညာဉ် ရှင်သန်နေလို့ရော ဘာအဓိပ္ပာယ်ရှိမှာလဲ၊ ဘာလုပ်တော့မှာလဲ"

ဆောင်းနှင်းဝေဝေတို့၏ ခြံရှေ့မှာ တွေတွေတောင် တောင့်ကြီး ရပ်နေပြီးမှ သည်ဘက်ခြံသို့ ခြေလှမ်းကြမ်းကြမ်းဖြင့် ပြန်လျှောက်လာခဲ့သည်။



ထုံးစံအတိုင်း ခြံ၏ဘေးမှပတ်ပြီး နောက်ဖေးဘက်မှ သူ့အခန်းရှိရာသို့ ပြန်လာခဲ့ပြီး. . .

"ဟိုမိန်းမကြီးကော"

ဒေါ်လှထူးက ရှင်းကို လှမ်းကြည့်ပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

"အမယ်လေးဟဲ့. . . ဘယ်လိုဖြစ်လာတာလဲ၊ သရဲဘက် စီးလာတာ ကျနေတာပဲ နင့်ရုပ်ကလည်း"

"ဟိုမိန်းမကြီးကောလို့ ကျွန်တော်မေးနေတယ်"

"အပေါ်ထပ်က သူ့အခန်းထဲမှာ အိပ်နေမှာပေါ့၊ ဘာလုပ်လို့လဲ"

"သတ်မလို့"

"ကောင်လေး ဘာဖြစ်နေတာလဲ၊ ချွေးတွေသံတွေနဲ့၊ သွား. . . အဝတ်စားသွားလဲပြီး နားလိုက်ဦး"

ဒေါ်လှထူးက လျှပ်စစ်မီးဖိုပေါ်မှ ရေနွေးအိုး ဆူနေသဖြင့် ခလုတ်ပိတ်၊ ခတ်ဘူးဖွင့်ပြီး ရေနွေးထည့်နေ၍ မျက်စိအကြည့်က မရှေ့လျားအား။

ပန်းကန်စင်၏ အပေါ်မှာ သားလှီးဓားများ တန်းစီရှိနေသည့်အထဲက ဓားတစ်ချောင်းကို ယူလိုက်သည်။

စတီးဓား ဖြစ်သော်လည်း ကြက်သွန်လှီးသည့်အရွယ်မျိုးသာသည်။ ရှင်းသန့်စင်က နေရာမှာ ပြန်မထား။ အနီးရှိ စားပွဲပေါ်သို့ ပစ်ချလိုက်ပြီး နောက်ဓားတစ်လက်ကို ဆွဲယူပြန်သည်။ ဓားမြှောက်ကြီးသော်လည်း ဦးချွန်မပါ၍ ပစ်ချပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမား ပစ်ချချိန်မှာ ဒေါ်လှထူး ခေါင်းဘူးလည် ပြည့်ပြီမို့ အဖုံးမပိတ်မီ လှည့်ကြည့်ဖြစ်သည်။

"ဟဲ့. . . မားတွေ ဘာလုပ်မလို့လဲ"

"လူသတ်မလို့ပါဆို"

"ကောင်လေးလည်း ရှူးများနေလားတောင် မသိပါ သွား. . . ရေမိုးချိုးချေစမ်းဟယ်၊ နင့်ကြည့်ရတာ ကြောင်ချေး ကို ပေါက်လို့"

ရှင်းသန့်စင်နှင့် ဒေါ်လှထူးတို့က အဆင့်တူ၊ အတူနေ တွေမို့ တရင်းတနှီး ရှိကြပြီးသား။

အလွန်နူးညံ့သိမ်မွေ့ပြီး ကြောက်ရွံ့ငြိမ်ကုပ်စွာ နေ ရှိသော ရှင်းသန့်စင်၏. . .

"လူသတ်မလို့"

ဆိုသော စကားကို ဒေါ်လှထူးက နည်းနည်းလေး အလေးမထားမိ။

လူသတ်ရအောင်လည်း သည်အိမ်မှာ နေနေကျ သူ သုံးဦးပဲ ရှိကြသည်လေ။

ဒေါ်လှထူးက ခေါင်းဘူးကို လက်နှစ်ဖက်ဖြင့်ကိုင် နောက်ဖေးခန်းနှင့် ဆက်ထားသော ထမင်းစားခန်းရှိရာ တ သော တံခါးပေါက်မှ ဝင်သွားချိန်မှာ. . .

ရှင်းသန့်စင်က နောက်ဖေးခန်းမှ အိမ်ရှေ့ဧည့်ခန်း ထွက်ရာ တစ်ခုသော တံခါးပေါက်မှ ထွက်သွားသဖြင့် တစ်ဦး



စ်ဦး သတိထား၍ စောင့်မကြည့်လျှင် မြင်နိုင်စရာအကြောင်း ရှိပေ။

ရှင်းသန့်စင်သည်. . .

ဦးချွန်ပါသော မားသွားအပြားအကြီးဆုံးတစ်ချောင်းကို ဆုပ်ကိုင်လျက်. . .

ဖေဖေဦးအောင်ကျော်စိုး ဆုံးပြီးမှ တစ်ခါမှ တက်ခွင့်မရှိ သော အပေါ်ထပ်သို့ သူ တက်လာခဲ့သည်။

အပေါ်ထပ်၌ အိပ်ခန်းသုံးခန်းရှိ၏။

ပင်မအခန်းကြီးထဲ၌ ဒေါ်တင်တင်စော ရှိနေသည်မှာ သချာသည်။

အားသိပ်နည်းနေချိန်မှာ ရွံ့ကြောက်ထိတ်လန့်စွာ။ နှိုးကျုပ်စွာ မချိမဆံ့ အသက်ထွက်သွားရရှာမည့်. . .

"မိခင် ဒေါ်ညိုမြ"

၏ ရုပ်သွင်ကို မှန်းဆမြင်ယောင်လာချိန်မှာ မားကို ပို၍ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။

ခပ်ဟဟလေးဖြစ်နေသော တံခါးကို ခြေနှင့် တွန်းကန် စ်လိုက်ပြီး အခန်းတွင်းသို့ ဝင်လိုက်သည်။

တံခါးကို ခြေနှင့်ပင် ပြန်၍ ကန်ပိတ်လိုက်၏။

"ဟဲ့. . . ဘာလဲ. . . နင်. . . နင်. . ."

ဒေါ်တင်တင်စောသည် ကြောက်လန့်ခြင်း မဟုတ်သေး ဲ အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း အကြည့်များနှင့် အိပ်ရာပေါ်မှ ကြည့်နေဆဲမှာပင်. . .

www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျား ကျုပ်အံမေကိုလည်း သတ်တယ်”

“ကျုပ်ဘဝကိုလည်း သတ်တယ်”

“ခု ခင်ဗျားကြီးကို ကျုပ် ပြန်သတ်မလို့”

“ပြန်သတ်မလို့”

ခပ်ကျယ်ကျယ် အော်ရင်း ဓားမြှောက်ကာ ရှေ့သို့ တိုး လေမှ ဒေါ်တင်တင်စော မယုံနိုင်လောက်အောင် အလန့် လန့်လျက်. .

“မဟုတ်ဘူး. . . မဟုတ်ဘူး. . . မ. . . ”

လက်နှစ်ဖက်ကိုကာ၍ တုန်တုန်ယင်ယင် လှုပ်ယမ်း ပြောလိုက်သောအသံက ပြာ၍ လည်ချောင်းဝမှာ တစ်နေသည်

“အား”

“အမယ်လေး”

ပထမတစ်ချက် ဓားကို စိုက်ချလိုက်တော့ လက်မောင်း အတွင်းသားနှင့် နံကြားကို ထိုးမိ၏။

ဒုတိယအချက်က ဝမ်းဗိုက်ပေါ်။

ဓားဆွဲနုတ်လိုက်တော့ သွေးတွေ ဗွမ်းခနဲ အန်ထွက် သည်။

လောဘ၊ ဒေါသများဖြင့် တစ်ကိုယ်လုံး ဖွဲ့စည်းထား ဒေါ်တင်တင်စော၏ ကိုယ်ခန္ဓာကြီးမှာ ငါးဖယ်လူး ဆတ်ဆတ်ခုန် တွန့်လိမ်လူးလွန့်နေ၏။

ရှင်းသန့်စင်က ကိုယ်ကို ဆွဲလှန်လိုက်ပြီး ရင်ဝတည့်တ ကို အားကုန် စိုက်ထိုးချလိုက်တော့မှ. . .



“အင့်”

ဟူသော ရင်ခေါင်းသံကြီးတစ်ချက် ထွက်ပြီး ငြိမ်ကျ သွားတော့သည်။

ထိုဖြစ်ရပ်က သုံးမိနစ်မျှပင် မကြာလိုက်။

အချိန်တိုသော်လည်း ညိုမှာ သေတုန်းကလို မညင်သာ။

သွေးတွေ ပွက်ပွက်ဆူလျက် တွန့်လိမ်ကောက်ကွေးစွာ ခံဆုံ သေဆုံးသွားရပြီးချိန်မှာ. . .

“အပေါ်ထပ်က ဘာသံပါလိမ့်”

ဟူ၍ နားစွင့်ရင်း ဒေါ်လှထူး တက်လာချိန်မှာ အရာ အားလုံး ပြီးဆုံးလွန်မြောက်သွားနှင့်လေပြီ။

“ဟင်. . . သွေး. . . သွေးတွေ”

“နင့်တစ်ကိုယ်လုံး သွေးတွေ”

“ဟိုမှာလည်း စောစော”

“သွေးတွေ အိုင်ထွန်းလို့”

ဒေါ်လှထူးက ကြောင်ကြောင်ပြူးပြူးကြီးနှင့် ယောင်ယမ်း ပြောဆိုလိုက်ပြီးမှ အဖြစ်မှန်ကို လုံးဝသိရှိသွားကာ. . .

“အမယ်လေးတော့. . . လာကြပါဦး”

“လာကြပါဦးတော့”

“ဒီမှာ လူသတ်နေလို့”

“လာကြပါဦး. . . လာကြပါဦး”

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းသန့်စင်. . . မောင်လေး"

"ဘာလို့ လုပ်ရတာလဲ"

"ဘာဖြစ်လို့ ဒီအထိ ဖြစ်သွားရတာလဲ"

"မယုံလိုက်တာ"

"မမဝေ မယုံချင်လိုက်တာ"

"ရှင်းလေးဟာ ရက်စက်တဲ့ လူသတ်သမားတစ်ယောက် ဖြစ်သွားလိမ့်မယ်လို့"

"ရှင်းကို သိပ်နားလည်တဲ့ မမဝေ ဘယ်လိုယုံကြည်လက်ခံ ရမှာလဲ ရှင်းရယ်"

ညနေက မေမေကိုယ်တိုင် ဖုန်းဆက် ခေါ်သော်လည်း ဆရာ:ခွင်မှာ ရောက်နေ၍ ဖုန်းနှင့် အလွဲလွဲအချော်ချော် ဖြစ်သွားခဲ့ရသည့်အတွက်. . .

ပြန်ချိန်တန်သည့် ညနေ ငါးနာရီကျော်ကျော်မှာ ဆောင်း နှင်းဝေဝေ ပြန်ရောက်လာတော့. . .

ရှင်းကိုလည်း ဖမ်းသွားကြပြီ။

အလောင်းကိုလည်း ဆေးရုံသို့ ပို့လိုက်ကြပြီ။

အနီးဝန်းကျင်ခြံမှ လာရောက်ကူညီ ဆောင်ရွက်ကြသူ များလည်း ပြန်လည်၍ နေသားတကျ ဖြစ်ကုန်ကြပြီ။

ဒေါ်လှထူးကတော့ အိမ်မှာ။ ကိုကိုထွဋ်ကိုတော့ သက်ဆိုင်ရာမှ အမြန်နည်းနှင့် အကြောင်းကြားလိုက်ပြီးပြီမို့ ယနေ့ည ရထားနှင့် ပါလာနိုင်ပါလိမ့်မည်။

ညနေက. . .

အခန်း ၊ ၂

နံနက်သုံးနာရီထိုးပြီ။

အပြင်မှာ နှင်းတွေ သိပ်သည်းစွာ ကျနေ၏။

နှင်းပွင့်နှင်းစက်လေးတို့ သစ်ရွက်ပေါ်ကျသံ တဖြောက် ဖြောက်ကို ဂီတသံစဉ်တစ်ခုလို မခံစားနိုင်အား။

ချောက်ချားဖွယ် ခြေသံများလို အထိတ်တလန့် ရင်ခုန် စရာ။

ညဦးမှ ယခုအချိန်အထိ။

ဆောင်းနှင်းဝေဝေ တစ်မှေးမှ မအိပ်ရသေး။

အိပ်စက်သွားနိုင်လောက်အောင်လည်း နှလုံးသား မငြိမ်သက်။

လှုပ်ရှားနေသော နှလုံးသားသည် အပူစက်များ တစ်စက်ပြီးတစ်စက် ခြွေချနေသလို ရင်ပြင်တစ်ခုလုံး အပူလှိုင်း တွေ မောက်ကြွနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနှင်းဝေဝေ ပြန်ရောက်လာပြီးနောက်မှာ အားသ
တားနေသည့်ကြားမှပင် ဆောင်းနှင်းဝေဝေ အငှားကားတစ်
နှင့် ထွက်လာခဲ့သည်။

ရှင်းသန့်စင်ကို ချုပ်ထားရာ ရဲစခန်းသို့ ရောက်လာခဲ့ပြီ
သက်ဆိုင်ရာ ရဲအရာရှိကို တရားခံ၏အစ်မ တော်စပ်ပါကြောင်း
ရှေ့နေတစ်ဦးလည်း ဖြစ်ပါကြောင်း ပြောဆိုကာ တွေ့ခွင့်တောင်း
လိုက်သည်။

ရဲအရာရှိကလည်း တွေ့ဆုံရန် ခွင့်ပေးပါလျက်. . .

"ဝမ်းနည်းပါတယ်ခင်ဗျာ၊ တရားခံက ဘယ်သူ့ကိုမှ မတွေ့
ချင်ပါဘူးတဲ့"

"တွေ့ချင်သူဟာ ဆောင်းနှင်းဝေဝေ ပါလို့ ပြောရင်
ကျိန်းသေ အတွေ့ခံမှာပါရှင်"

"ပြောလိုက်ပါတယ်၊ မင်းကိုလာတွေ့တာ ဒေါ်ဆောင်း
နှင်းဝေဝေလို့"

"သူ. . . သူက ဘာတဲ့လဲဟင်"

"ကျွန်တော် ဘယ်သူ့ကိုမှ မတွေ့ချင်တော့ဘူးတဲ့
ပြီးတော့ ဖြောင့်ချက်ပေးဖို့လည်း စီစဉ်နေကြလို့"

"ရှင်. . . ဖြောင့်ချက် ဟုတ်လား"

"ဟုတ်ပါတယ်"

"နေပါဦး. . . နေကြပါဦးရှင်၊ ကျွန်မနဲ့ တွေ့ပြီးမှ အားလုံး
လုပ်ပါလို့ ပြောပေးကြပါ၊ ကျွန်မ တရားရုံးချုပ်ရှေ့နေ
တစ်ယောက်ပါ"



"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ဒေါ်ဆောင်းနှင်းဝေဝေဟာ
ဥပဒေပညာရှင်ဆိုရင် ပိုပြီးသိပါလိမ့်မယ်"

"ရှင်. . . ဘာကိုလဲ"

"ရဲစခန်းမှာ ရဲတို့ရဲ့ ရိုက်နှက်ခြိမ်းခြောက် အရက်တိုက်ပြီး
ခိုင်းတာမဟုတ်ဘဲ တရားခံဟာ သူ့သဘောနဲ့သူ ဖြောင့်ချက်
ပေးတာဆိုရင် ဘယ်သူကမှ တားဆီးပိတ်ပင်ခွင့် မရှိပါဘူး"

"ကျွန်မ နားလည်ပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မ. . .
ကျွန်မမောင်လေးဟာ ဘာကိုမှ နားမလည်ပါဘူး၊ သူ့ကို
နားလည်သူဆိုလို့လည်း ဒီလောကမှာ ကျွန်မတစ်ယောက်တည်း
ရှိပါတယ်၊ သူနဲ့ကျွန်မ သိပ်တွေ့ချင်ပါတယ်"

"သူက မတွေ့ချင်ပါဘူးလို့ ပြောထားသူကို ကျွန်တော်တို့
က တွေ့ခွင့်ပေးလို့ မဖြစ်ပါဘူးခင်ဗျာ၊ ပြီးတော့ တရားခံဟာ သိပ်ပြီး
ညှိုးခွေ စိတ်ဓာတ်ကျနေပုံရတယ်"

"သူ. . . သူ စိတ်ဓာတ်ကျနေတာဟာ. . ."

"ဟုတ်ကဲ့. . . ဝမ်းနည်းပါတယ် ဒေါ်ဆောင်းနှင်းဝေဝေ၊
ကျွန်တော်တို့မှာ တခြားတာဝန်တွေ အများကြီးရှိနေပါသေး
တယ်"

အားနာပါကြောင်း၊ ယခုလို အနှောင့်အယှက် ပေးရတာ
ကို ဝမ်းနည်းပါကြောင်းများကို ပြောသင့်မှန်း သိပါလျက်နှင့်
ပြောနိုင်သည့်စွမ်းအား မရှိတော့ပါပဲ ရဲအရာရှိ၏ ရှေ့မှောက်
မှလည်းကောင်း၊ ရဲစခန်းဝင်းထဲမှ လည်းကောင်း ဆောင်းနှင်း
ဝေဝေ ထွက်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းသန့်စင် ဖြောင့်ချက်ပေးတော့မယ်"

ဆိုသော သတင်းစကားက သူ့တစ်ကိုယ်လုံးမှာ လည်ပတ် နေသော ရှိသမျှ အင်အားအားလုံးကို ဆွဲနုတ်ပစ်လိုက်သည်နှ ရှိချေ၏။

ဥပဒေပညာကို တတ်ကျွမ်း နားလည် ထားပြီးသော ဆောင်းနှင်းဝေဝေအဖို့ တရားခွင်မှာ 'သံသယ'အကျိုးများ အားလုံး ဆုံးရှုံးရတော့မည့် 'ဖြောင့်ချက်'၏ အတိမ်အနက်ကို သိနားလည်ပြီးသားမို့ နှလုံးအိမ်သည် ပွင့်ကွဲမတတ် ရှင်းအတွက် လှုပ်ရှားစွာ ခံစားရပါလား။

ရဲစခန်းမှ ပြန်လာပြီးသည်၏နောက်မှာ ရှင်းကဲ့သို့ပင် ဘယ်သူ့ကိုမှ မတွေ့ချင်၊ မပြောချင်၊ မဆွေးနွေးချင်တော့ပါ။ ကိုယ်ပိုင်အခန်းလေးထဲ၌ ဝင်နေဖြစ်ခဲ့သည်မှာ. . .

ယခု နောက်တစ်နေ့နံနက် အရုဏ်တက်ခါနီးသည်အထိ ပင်။

ညဦးပိုင်းဆီက ဧည့်ခန်းဆီမှာ ဒေါ်လှထူးက သူ၏ အတွေ့အကြုံများ၊ သူ၏ ထင်မြင်ချက်များ၊ သူ၏ ရဲရှေ့မှောက် မှာ အစစ်ခံချက်များ အားလုံးကို အားရပါးရကြီး ပြောပြနေ သည်။

ထိုဝိုင်းမှာလည်း ဆောင်းနှင်းဝေဝေ ဘာမှ ဝင်၍ မဆွေး နွေး။

ဆောင်းနှင်းဝေဝေ တစ်ခုပဲ သိချင်ပါသည်။

"ဒေါ်တင်တင်စောကို ရှင်း ဘာကြောင့် သတ်ပစ်လိုက်ရ တာလဲ"



"မမဝေနဲ့ ကင်းကွာနေတဲ့ ရက်တွေအတွင်းမှာ ရှင်း တွေ ထူးထူးခြားခြား ဖြစ်လို့များလဲကွယ်"

"ဒီကလေးဟာ မမဝေနဲ့ အမြဲထိတွေ့ခွင့်ရနေရင် ဒီလို ခိုင်းတွေ ဘယ်ဝင်ခွင့်ရပါ့မလဲ"

ခုတော့. . .

ကိုကိုထွဋ်နဲ့ စေ့စပ်ပြီးမှ ရှင်းနှင့် တစ်ခါမှ မဆုံဖြစ်ကြ း။

အကယ်၍. . .

နေ့လယ်က ရှင်း ရောက်လာချိန်မှာ သူရှိနေလျှင် အခြေ နေသည် ဘယ်နည်းနှင့်မှ သည့်လောက် မဆိုးရွားနိုင်ပါဟု ဆောင်းနှင်းဝေဝေ ပြောရဲသည်။

မယုံကြည်နိုင်ခြင်းများ၊ ယူကျုံးမရခြင်းများဖြင့် နှလုံးသား ည် ခံနိုင်ရည်မရှိတော့လောက်အောင် အနာတရ ဖြစ်နေ . . .

မိုးလင်းလျှင် ကိုကိုထွဋ် ရောက်လာပါတော့မည်။

အသတ်ခံရသူက ကိုကိုထွဋ်၏ ချစ်လှစွာသော မိခင်။

သတ်လိုက်သူက ကိုကိုထွဋ် သနားကြင်နာလှသော လေးအရင်း။

"ကိုကိုထွဋ် ဘယ်လိုဆုံးဖြတ်မလဲ"

"ကိုကိုထွဋ် ဘာတွေ ဆောင်ရွက်မလဲ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၂

ရှင်းသန့်စင်ကို ရဲစခန်းမှာ မထားတော့ဘဲ ထောင်ကြီး
သို့ ပို့လိုက်ပြီ။

ဒေါ်တင်တင်စော၏ ဈာပနကိစ္စလည်း ပြီးဆုံးပြီ၊

ရက်လည်ဆွမ်းလည်း သွတ်ပြီးပါပြီ။

ဤကိစ္စများ အားလုံးကို ဖေဖေဦးငြိမ်းဝေနှင့် မေ
ဒေါ်အေးမြင့်ရီတို့ကပင် ဦးဆောင်၍ အစစအရာရာ စီစဉ်
ကြပါ၏။

ဒေါ်တင်တင်စောကို ချစ်ခင်စိတ် မရှိခဲ့ဖူးပါ
လည်း. . .

အသုဘချသည့်နေ့နှင့် ရက်လည်ဆွမ်းသွတ်ပြီး
အမည်ခေါ်ကာ အမျှပေးဝေသည့်နေ့များက. . .

ကိုကိုထွဋ်နှင့်အတူ ဆောင်းနှင်းဝေဝေပါ ရော
မျက်ရည်ကျမိ၏။

ကိုကိုထွဋ်ရော ဒေါ်လှထူးပါ သည်ဘက်အိမ်မှာ
နေကြသည်။



ကိုကိုထွဋ်က ကြေကွဲလွန်းလို့။

ဒေါ်လှထူးက သရဲကြောက်လို့။

မေမေတို့ကတော့ အတတ်နိုင်ဆုံး သည်အကြောင်းကို
ရှောင်ကာ တခြားစကားကိုသာ ပြောကြပါ၏။

ဟိုဘက်ခြံကြီးကို လှမ်းကြည့်ရင်း မျက်နှာမကောင်းစွာ
ရှိနေရှာသော ထွဋ်ထိပ်စိုး၏ဘေးမှာ ဝင်ထိုင်ပြီး. . .

"ကိုကို၊ ထမင်းစားမကောင်းရင် ဘာစားချင်လဲဟင်"

"စားမကောင်းတာ မဟုတ်ပါဘူး၊ ဟင်းတွေကို စုံနေတာ
ပဲဟာ၊ ကိုကိုက မစားချင်တာပါ"

"ဘာမှ ပြုပြင်အစားထိုးလို့မရအောင် ဆုံးရှုံးသွားပြီပဲလေ၊
ကိုကို့စိတ်ကိုသာ ဖြေနိုင်အောင် ကြိုးစားပါနော်"

"ကျေးဇူးတင်ပါတယ် ညီမလေး၊ ဒါပေမယ့် ကိုကို မဖြေ
နိုင်သေးဘူးကွယ်၊ မာမီဟာ ကိုကို့ကို သိပ်ချစ်ရှာတာ၊ ကိုကို့
မင်္ဂလာပွဲရက်ကို ပျော်ရွှင်စွာ မျှော်နေရှာတာ"

"ဟုတ်ပါတယ် ကိုကို"

"ဘယ်သူတွေ ဘာပဲပြောပြော ကိုတို့အတွက်တော့ မာမီ
ဟာ မိခင်မြတ်တစ်ဦးပါ၊ ပြီးတော့ သူ ကိုကို့ကို သိပ်ချစ်ရှာတယ်၊
သိပ်အားကိုးရှာတယ်ကွယ်၊ သူ့ဘဝအတွက် မျှော်လင့်ချက်တွေ
ရှိပြီး မာမီကို ပြုံးပြုံးရွှင်ရွှင်နဲ့ တွေ့ရပြီးမှ ခုလိုဖြစ်သွားရတာကို
ကိုကို သနားလို့ မဆုံးနိုင်ဘူး"

"တော်ပါတော့ ကိုကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



ထွဋ်ထိပ်စိုးက ဝဲပြည့်လာသော မျက်ဝန်းအိမ်ထဲမှ မျက်ရည်များကို စီးမကျဖြစ်အောင် ထိန်းထားရှာသည်။

"ကိုကို့ကို နှင်းဝေ တစ်ခုပြောပါရစေ"

"ပြောလေ"

"ပြီးခဲ့တာအားလုံးကို အတိတ်ရဲ့ဝင်္ကြွေးကံကြမ္မာလို့ သဘောထားလိုက်ပါတော့လေ၊ နှင်းဝေ ပြောချင်တာက. . ."

"ပြောလေ"

ထွဋ်ထိပ်စိုး၏ မျက်နှာကို မဝံ့သလို၊ မရဲသလို ကြည့်လိုက်ပြီးမှ. . .

"ရှင်းသန့်စင်အတွက် ရွှေနေတစ်ယောက်တော့ ရှိမှ ဖြစ်မှာမို့ပါ"

"ဘယ်လို"

"ဩော်. . . သူ့အမှုကို ခုခံကာကွယ် ပြောဆိုပေးဖို့ ရွှေနေတစ်ယောက် ငှားပေးဖို့ပါ"

"ပြောမှ ပြောရက်တယ် ညီမလေးရယ်"

"ဘာပဲဖြစ်ဖြစ် ရှင်းသန့်စင်ဟာ ကိုကို့ရဲ့ ညီလေးအရင်းပါ၊ ဦးလေးစိုး သိပ်ချစ်တဲ့ သားလေးပါ"

"မှန်ပါတယ်၊ ဖေဖေ့သားပါ၊ ကိုကို့ ညီလေးပါ၊ ဒါပေမယ့် သူဟာ ကိုကို့ကိုမွေးထုတ်ပေးခဲ့တဲ့ မိခင်ကြီးကို ရက်စက်စွာ သတ်ပစ်လိုက်တဲ့လူလေ. . . နှင်းဝေဝေရယ်"

"ဒါတွေအားလုံး နှင်းဝေ သိပါတယ် ကိုကို၊ ဒါပေမယ့် သူ့အတွက် လိုအပ်လွန်းလို့ပါ"



"ဒီမှာ. . . ညီမလေး"

"ဟုတ်ကဲ့"

"ညီမလေး အကြားပါ၊ အသိပါ၊ ကိုကိုဟာ ရှင်းသန့်စင်နဲ့ ...တ်သက်လို့ ဘာတစ်လုံးမှ မပြောဘဲ နေခဲ့တယ်"

"ဟုတ်ပါတယ်"

"တကယ်လို့ အဲဒီတရားခံဟာ ရှင်းသန့်စင်မဟုတ်ဘဲ ...ခြားတစ်ယောက်ဆိုသာရင် အတော်ဆုံး၊ အကောင်းဆုံး ...နေကိုငှားပြီး ကြိုးစင်တက်ရအောင် ကိုကို ဆောင်ရွက်မှာပါ၊ ...ခု ကိုကိုဟာ 'တရားလို' နေရာတောင် မဝင်ဘဲနေခဲ့တာကို ညီမလေး ကျေနပ်သင့်ပါပြီ"

"ကိုကိုရယ်"

"ရှင်းသန့်စင်ဘက်ကချည်း စဉ်းစားမပေးပါနဲ့၊ မိခင် ...စ်ယောက်လုံး အသတ်ခံထားရတဲ့ ကိုကို့ဘက်ကလည်း ...ဉ်းစားပေးပါဦး"

"ကိုကို့ကို အစ်ကိုကြီးတစ်ယောက်လို ချစ်ခဲ့သလို ...ှင်းသန့်စင်ကိုလည်း မောင်လေးတစ်ယောက်လို နှင်းဝေ ချစ်ခဲ့ ...တယ် ဆိုတာလည်း ကိုကိုအသိပါ၊ အဲဒီ သံယောဇဉ်လေးကြောင့် ...သူ သိပ်နစ်နာမသွားအောင် ကူညီပေးချင်တဲ့ စေတနာပါ၊ ...င်းဝေကို ခွင့်လွှတ်ပါ ကိုကိုရယ်"

"ရပါတယ်ကွယ်"

"ကိုကို"

"ရှင်းသန့်စင်အကြောင်းကလွဲရင်တော့ တခြားကြိုက်တဲ့ အကြောင်း ပြောပါ နှင်းဝေဝေ"

www.burmeseclassic.com

www.burmeseclassic.com



တခြားတော့ ပြောစရာ အထွေအထူး မရှိတော့ပါဘူး
လေ၊ ကိုကို ဘာစားချင်လဲ၊ ကိုကို စိတ်သက်သာခွင့်ရအောင်
နှင်းဝေ ဘာလုပ်ပေးစေချင်သလဲ"

"ဘာမှမလိုပါဘူးကွယ်၊ နှင်းဝေဝေကို ကိုကို ကျေးဇူးတင်
ပါတယ်"

"ကျေးဇူးတင်ရမယ့်သူမှ မဟုတ်တာ ကိုကိုရယ်၊ ဒါ
ကိုကို သက်သာသလိုနေနေနော်၊ မမေနဲ့ ဝိုင်းကူလုပ်ပေးလိုက်
ဦးမယ်"

ထွန့်ထိပ်စိုးက ခြံထဲသို့ တွေဝေစွာ ငေးကြည့်နေရင်း
ခေါင်းညိတ်ပြလိုက်သည်။

မမေ့ကို ဝိုင်းကူမယ် ဆိုသော်လည်း ဝိုင်းကူလုပ်စရာ
လည်း ဘာမှမရှိ။ အလုပ်လည်း ဘာမှ လုပ်ချင်စိတ်မရှိ။

ခုတင်ပေါ်မှာထိုင်ရင်း ရင်ထဲမှာ ရှုပ်ထွေးပူလောင်နေ
သည်။

'ဥပဒေ'

'တရားဥပဒေ'

ဘာလုပ်ရင် ဘာဖြစ်ရမယ်၊ ဘယ်လိုကျူးလွန်ရင် ဘယ်လို
ပြစ်ဒဏ်ကျခံရမယ်...

ဆိုသော သတ်မှတ်ချက် အတိအကျရှိနေသည့် တရား
ဥပဒေကို မသိလျှင်၊ နားမလည်လျှင်လည်း အကောင်းသား။

ယခုတော့...

ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မများကို ကျေညက်စွာ



သိနေ၊ နားလည်နေသော ဥပဒေဘွဲ့ရှင် ဆောင်းနှင်းဝေဝေမို့
ရင်တွေ ပူလောင်ပြင်းပြနေရခြင်းပါ။

အလွန်တော်သော ရှေ့နေတစ်ဦးက တရားခံဘက်မှ
နေ၍ အသေအလဲ ခုခံကာကွယ်နိုင်ရင်တော့ ရှင်း ထောင်ဒဏ်
ကျခံရမည်။

မဟုတ်လို့ကတော့...

ပုဒ်မ ၃၀၂ (၁) (ခ)အရ စွဲချက်တင်ပြီး ပြစ်ဒဏ်စီရင်
လိုက်လျှင်ဖြင့်...

အမယ်လေး... ကိုယ်ကျိုးကြီး နည်းရချည်ရဲ့
မောင်လေးရယ်။

ရာဇသတ်ကြီး၏ စာမျက်နှာ ၁၀၇ မှာ...

ပုဒ်မ ၃၀၂ (၁) (ခ)အရ မည်သူမဆို...
တင်ကူးကြံရွယ်ချက်ဖြင့် လူသတ်မှုကို ကျူးလွန်
လျှင် ထိုသူကို သေဒဏ်ချမှတ်ရမည့်အပြင်
ငွေဒဏ်လည်း ချမှတ်နိုင်သည်... တဲ့။

ငွေဒဏ်ချမှတ်နိုင်စရာ အကြောင်းမရှိပါသော်
လည်း...

ရှေ့နေအလိုက်မကောင်းလျှင် ဖြစ်စေ...

ပြစ်မှုထင်ရှားလို့ ဖြစ်စေ...

ဖြောင့်ဆိုဝန်ခံလိုက်လို့ ဖြစ်စေ...

www.burmeseclassic.com

www.burmeseclassic.com



၃၀၂ (၁) (ခ) အရ စွဲချက်တင် စီရင်လို့ကတော့ တခြား ပြစ်ဒဏ် လုံးဝမရှိ။

"သေဒဏ်"

မှ လွဲ၍ တခြားပြစ်ဒဏ် ချမှတ်ရိုးမရှိပါ။

အသက် နှစ်ဆယ်တောင် မပြည့်သေးတဲ့ ဘဝရဲ့ နုထွား ဦး အရွယ်လေးမှာ. . .

ကြိုးစင်ပေါ် တက်ပြီး မသေမချင်း ကြိုးကွင်းစွပ်ပြီး အသတ်ခံရတော့မှာပါလား။

"မောင်လေးရေ. . . ရှင်းရဲ့"

"မောင်လေး ကြိုးစင်မတက်ရအောင်၊ သေဒဏ်က လွတ်ကင်းအောင် မမဝေလေ အစွမ်းကုန် ဆောင်ရွက်ပေးမယ်"

"မမဝေရဲ့ အတတ်ပညာနဲ့ ခုခံကာကွယ် ကယ်တင်ပေး ပါ့မယ်ကွယ်"

◆ ◆ ◆

အခန်း ॥ ၂၈ ॥

ပုံစံမှာ အားလုံးဖြည့်ပြီး တရားခံနေရာမှာ တရားခံကိုယ် တိုင် လက်မှတ်ထိုးပြီးသော်လည်း ပြီးပြည့်စုံခြင်း မရှိသေး၍. . .

"ကျေးဇူးပြုပြီး ဒီနေရာလေးမှာ လက်မှတ်ထိုးပေးပါရှင်"

တာဝန်ကျ 'ထောင်မှူး'ရှေ့သို့ ဆောင်းနှင်းဝေဝေက ပုံစံ စာရွက်လေးကို လက်နှစ်ဖက်ဖြင့် ရိုသေစွာပေးလိုက်သည်။

"၃၀၂ နဲ့ အချုပ်ကျနေတဲ့ တရားခံရှင်းသန့်စင်ဘက်က လိုက်ပါဆောင်ရွက်မယ့် ရှေ့နေလား"

"ဟုတ်ပါတယ်၊ ကျွန်မ တရားရုံးချုပ်ရှေ့နေလိုင်စင်ရပြီး သားပါ"

ထောင်မှူးက တည်ငြိမ်စွာ ခေါင်းညိတ်၏။

ဆောင်းနှင်းဝေဝေလို အသက်နှစ်ဆယ့်လေးနှစ်အရွယ် ပိန်ပိန်သွယ်သွယ်၊ ငယ်ငယ်ချောချော မိန်းကလေးကို ကြည့်ပြီး ထောင်မှူးက အံ့ဩသွားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသတ်မှုလို ရာဇဝတ်မှုကြီးကို လိုက်ပါဆောင်ရွက်ပေ ရှိကြသော ရှေ့နေတို့မှာ ဝါရင့် သမ္မာရင့် အနည်းဆုံး အသက် လေးဆယ်ဝန်းကျင် ရွယ်လောက်သာ ရှိလေ့ရှိထ ရှိခဲ့ကြရာ ယခုလို ကြုံကြိုက်လိုက်ရသည့်အတွက် သူ အံ့ဩမည်ဆိုလည်း အံ့ဩစရာပါ။

သို့သော်လည်း ဆောင်းနှင်းဝေဝေ တင်ပြလာသည့် ဖိုင် မှာ အချက်အလက် အထောက်အထားအားလုံး ပြည့်စုံနေပြီး ရှေ့နေကိုယ်စားလှယ်လွှဲစာအောက်မှာ. . .

ကျွန်ုပ်ရှေ့တွင် လက်မှတ်ရေးထိုးသည်၊
(ပုံ)ကျော်မောင်
တာဝန်ကျထောင်မှူး

ဟူသော စာတမ်းနှင့် လက်မှတ်ရေးထိုးပြီး ပြန်ပေးလိုက် သည်။

Pwer of Attorney ခေါ် ဤရှေ့နေပါဝါ စာရွက်ပေ မှာ မိမိ၏အမည်နှင့် တရားခံ ရှင်းသန့်စင်က ငှားရမ်းသူအဖြစ် နှင့် သူ့အမည် သူ့လက်မှတ် ယနေ့တာဝန်ကျ ထောင်မှူး၏ လက်မှတ်တို့ စုံညီစွာ ပါရှိသော ဤစာရွက်ကို တင်ပြပြီး အမှု စစ်ဆေးသည့် တရားရုံး၏ အမှုတွဲ၌ တွဲထားပါမည်။

ဤလောက၌ ရှင်းသန့်စင်အတွက် တစ်ယောက်တည်း သော တာဝန်ရှိသူ ကိုထွဋ်ထိပ်စိုးက ရှင်းသန့်စင်အတွက် ရှေ့နေ



ငှားရမ်းမပေးပါ။

သူ့အစ်နေနှင့်လည်း ရှင်းသန့်စင်ကို ပို၍ နစ်နာအောင် ဆောင်ရွက်ဘဲ နေပေးသည်ကိုပင် ကျေးဇူးတင်ရပါဦးမည်။

ဘာပဲဖြစ်ဖြစ်. . .

အကူညီမဲ့၊ ကယ်တင်သူမဲ့ဘဝဖြင့် အကျဉ်းကျဘဝမှာ မျှော်လင့်ချက်အလွန်နည်းနေသော အဖြစ်မို့. . .

ဆောင်းနှင်းဝေဝေ၏ အတတ်ပညာဖြင့် အစွမ်းကုန် ကူညီကယ်တင်ပေးချင်စိတ်ကြောင့် ယခုလို ဆောင်ရွက်လိုက် ခြင်း ဖြစ်ပါသည်။

မူးယစ်ဆေးဝါး ရောင်းဝယ်မှုကြီးမျိုးနှင့် ယခုလို လူသတ် မှုမျိုးမှာ သေဒဏ်အထိ အပြစ်ပေးနိုင်၍ တရားခံ၏ ရှေ့နေမပါ ဘဲ အမှုကို စစ်ဆေးစီရင်ပိုင်ခွင့် မရှိပါ။

အကယ်၍. . .

ရှင်းသန့်စင်အတွက် ဥပဒေပညာ တတ်ကျွမ်းသော ဆောင်းနှင်းဝေဝေလို ငဲ့ညှာသူတစ်ယောက်သာ မရှိခဲ့လျှင် တော်ရချည်ရဲ့ဟု ထင်စရာပါ။

တာဝန်ရှိသူ ဒေါက်တာထွဋ်ထိပ်စိုးကလည်း လုံးဝ တာဝန်ယူခြင်း မရှိလေပြီ။

ဤလိုတရားခံမျိုး တရားရေးသမိုင်းတစ်လျှောက်မှာ များပြားစွာ ရှိပါသည်။

မိသားစုရှိသည့်တိုင် တချို့က ရိုးအ,နားမလည်စွာ တောမှာရှိနေကြမည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့က နားလည်သော်လည်း ရှေ့နေ ငှားနိုင်လော
အောင် ငွေကြေးမပြည့်စုံ။

ဤလို တရားခံမျိုးအတွက် အစိုးရကပင် အကုန်အ
ခံကာ တရားခံဘက်မှ လိုက်ပါဆောင်ရွက်ပေးဖို့အတွက် ရှေ့
ငှားပေးပါသည်။

ဤသို့ လိုက်ပါဆောင်ရွက်ရန်အတွက် ရှေ့နေများစာ
ရှိရာ အလှည့်ကျသော ရှေ့နေက လိုက်ပါဆောင်ရွက်ပေး
ပါသည်။

ဤရှေ့နေအတွက် ငှားရမ်းခနှင့် ခရီးစရိတ် (လိုအပ်လျှ
ပါ) သတ်မှတ်နှုန်းထားအတိုင်း သက်ဆိုင်ရာ ဥပဒေရုံးက ထု
ပေးသည်။

တရားရုံးတိုင်းတွင် အမှုစစ်သော 'တရားသူကြီး' နှ
ဥပဒေကြောင်းဆိုင်ရာ 'ဥပဒေအရာရှိ'ဟူ၍ နှစ်မျိုးနှစ်ဌာ
ရှိပါ၏။

ဗဟိုတရားရုံး ရှိသလို. . .

ဗဟိုဥပဒေရုံး ဟူ၍လည်း ရှိပါ၏။

ဥပဒေရုံးက ဥပဒေဆိုင်ရာ ကိစ္စများကို ဆောင်ရွက်
သဖြင့် ဆင်းရဲနွမ်းပါးသော တရားခံများဘက်က ဆောင်ရွ
ပေးခြင်းဖြစ်ပေသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၀ နှင့်. . .

မြန်မာနိုင်ငံ တရားရုံးများ လက်စွဲအပိုဒ် ၄၅၅ (
အရ. . .



တရားခံတိုင်းသည် ရှေ့နေဖြင့် အမှုကို ခုခံချေပခွင့်
သည်။

◆ ◆ ◆

ရဲလက်စွဲ အပိုဒ် ၁၁၉၈ အပိုင်ခွဲ (၈) အရ တရားခံ၏
ရှေ့နေသည် တရားခံထံ သွားရောက်၍ အမှုကိစ္စများကို
ဆွေးနွေးတိုင်ပင် သွန်သင်ခွင့်ရှိသည်။ ထိုဥပဒေဘောင်အတွင်းမှ
ကို သွားရောက်တွေ့ဆုံခြင်းဖြစ်ပါလျက်. . .

"ဩော်. . . ရှင်းသန့်စင်က ကျွန်မကို မတွေ့ချင်ဘူးတဲ့
"

"ဒီလို မရဘူးလေ"

"ကျွန်မက သူ့ကို လူမှုရေးအရ လာတွေ့တာမှ မဟုတ်
"

"တရားခံ ရှင်းသန့်စင်ရဲ့ အကျိုးဆောင် ရှေ့နေ
ဆောင်းနှင်းဝေဝေအနေနဲ့ လာတွေ့တာပါ"

Power of Attorey လွှဲသည့် နေ့ကလည်း ရှင်းကို
လိုက်ရရုံကလွဲပြီး စကားမပြောလိုက်ရ။

ယနေ့သည်. . .

ရှင်းသန့်စင်အား ထောင်ဝင်စာ လာတွေ့ခြင်းမျိုး မဟုတ်။
ထောင်လည်းမကျသေး။ ထောင်ထဲမှာ နေနေရသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျမဟုတ်။ 'အချုပ်တရားခံ' အဖြစ်နှင့် နေရ
အတွက် အလုပ်လည်း ဘာမှမလုပ်ရ။

သူ့ကို သက်ဆိုင်ရာ ဝန်ထမ်းငယ်တစ်ဦးက သွားခေါ်
သည့်အခါ...

"ဘယ်သူနဲ့မှ မတွေ့ချင်ပါ"

ဟု ပြောလိုက်သည့်အတွက် ဆောင်းနှင်းဝေဝေ
သက်ဆိုင်ရာ တာဝန်ရှိ ထောင်မှူးများကို တင်ပြပြီး ရှင်းသန့်
ကို ခေါ်ထုတ်စေသည်။

တရားဥပဒေနှင့် အချုပ်ထောင်တို့ အတွင်းမှာ
လူသားတို့အတွက် သက်ညှာသော ဥပဒေများ ထားရှိ
သည်။

တရားခံသည် သူ၏ရှေ့နေနှင့် သတ်မှတ်ထား
သီးခြားနေရာမှာ လွတ်လပ်စွာ တွေ့ဆုံခွင့်ရှိ၏။

သူတို့နှစ်ဦးကို လှမ်း၍ မြင်သာနိုင်သော နေရာ
ထောင်မှူးတစ်ဦးတော့ ရှိနေရမည်။

သို့သော် တရားခံနှင့် ရှေ့နေတို့ ဆွေးနွေးတိုင်
နေသော စကားသံများကို မကြားသာသော နေရာဖြစ်ရ

ဒါက တရားခံအတွက် ဥပဒေကပေးထားသော
ဝင် အခွင့်အရေး...

ဆောင်းနှင်းဝေဝေက သူ၏ ဥပဒေအတတ်ပညာ
တရားခွင်မှာ ရှင်းသန့်စင်ကို ကယ်တင်ပေးနိုင်ဖို့အထိ မ
ခင်...



ယခု လောလောဆယ်ပင်လျှင်...

ရှင်းသန့်စင်ကို တရားဥပဒေဘောင်နှင့်အညီ လွတ်လပ်
နှစ်ဦးချင်း တွေ့ဆုံတိုင်ပင် ပြောဆိုခွင့် ရရှိတော့မည်လေ။

တာဝန်ကျ ထောင်ဝန်ထမ်းတစ်ယောက်က ဦးဆောင်၍
ခေါ်လာသည်။

"ပိန်သွားလိုက်တာ"

ဆွဲယူပစ်လိုက်သလို ချုံးကျသွားသော ကိုယ်ခန္ဓာနှင့်...
နွမ်းညှိုးလွန်းသော မျက်နှာ၊ အားလျော့လွန်းသော
ဝန်းများနှင့် ခေါင်းငုံ့၍ လျှောက်လာသည်။

"ထိုင်... ဒီမှာ"

တာဝန်ကျသူက စားပွဲနောက်မှ ကုလားထိုင်ကို ဆွဲပေး၍
ထိုင်၏။ ဆောင်းနှင်းဝေဝေနှင့် နီးကပ်စွာ မျက်နှာချင်းဆိုင်။
ရှင်သန်နက်မှောင်သော ဆံပင်များက နဖူးပြင်ပေါ်
သလိုဝဲကျနေသည်။ လူချောလေး ရှင်းသန့်စင်၏ မျက်နှာမှာ
တော့နေသော်လည်း နုမွတ်ဝင်းညက်နေ၏။

"ရှင်း"

သူ လှုပ်ခနဲ ဖြစ်သွားသော်လည်း ပြန်မထူး။ မျက်နှာလည်း
မလာ။

"ရှင်းအတွက် ရှင်းဘက်က လိုက်ပါဆောင်ရွက်မယ့်
ကျိုးဆောင်ရှေ့နေဟာ မမဝေဆိုတာ ရှင်း သိတယ်နော်"

သူ ငြိမ်နေ၍...

"ဟော့... ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်စင်က ခေါင်းတစ်ချက် ညိတ်ချလိုက်ရင်း ခေါင်းက ပိုငုံ့သွားသည်။

ဘာလှုပ်ရှားမှုမှ မပြု။ ဘာသံမှ မကြားရပါဘဲ ငြိမ်သ လွန်းနေ၍ ဆောင်းနှင်းဝေဝေ အသေအချာ ကြည့်တော့မှ

"အို. . . မောင်လေးရယ်"

ထောင်ပုံစံဖြင့် လက်ခုံတစ်ခုပေါ် တစ်ခုထပ်၍ လက် ထားရသော လက်ခုံပေါ် သို့ မျက်ရည်ပေါက်ကြီးများ တစ် ပြီးတစ်ပေါက် ကျဆင်းလာ၏။

"မငိုနဲ့လေ မောင်လေး၊ မမဝေ အားလုံး ဆောင်ရွ နိုင်ခွင့်ရပြီပဲ၊ ပြီးတော့ ခုလို လွတ်လွတ်လပ်လပ်လည်း တွေ့ အောင် မမဝေ ကြိုးစားထားတယ်လေ"

ယခုချိန်ထိ ရှင်း၏အသံကို လုံးဝမကြားရသေး။

"အို. . . ကွယ်"

ပခုံးလေး လှုပ်ခနဲဖြစ်ဖြစ်သွားပြီး ရှင်း ကျိတ်၍ ရှိုက် ပါလား။

"မငိုပါနဲ့ မောင်လေးရယ်"

အားပေးသူ၏အသံတို့ပင် တုန်ခိုက်လာသည်။

နှလုံးသည်းပွတ်ကို ဆုပ်ညှစ်ခံထားရသလို ရင် တင်းကျပ် နာကျင်လှသည်။

ဖြစ်များ ဖြစ်နိုင်မည် ဆိုပါလျှင်. . .

ငယ်စဉ်ကလို ရင်ထဲ ဆွဲပွေ့ပြီး မျက်ရည်တွေ သုတ် ရှင်း ချော့မော့နှစ်သိမ့်လိုက်ချင်သည်။



ပြီးတော့ တန်ခိုးရှင်တစ်ယောက်လည်း ဖြစ်လိုက်ချင်၏။

ရှင်း၏လက်ကိုဆွဲကာ အကျဉ်းစံဘဝထဲမှ ဆွဲထုတ် ခေါ်ဆောင်သွားလိုက်ချင်သည်။

သို့သော်လည်း မဖြစ်နိုင်သော ဆန္ဒများကို အရူး တစ်ယောက်၏ မျှော်လင့်ခြင်းလို တောင့်တနေမည့်အစား. . .

ရှင်းစကားပြောလာအောင်၊ ရှင်း၏ စိတ်ဓာတ်များ ပုံမှန် ဖြစ်လာအောင်၊ မိမိကို ရှင်းအားကိုးချင်လာအောင် ဆောင်ရွက် မည်က တရားခံ၏ အကျိုးဆောင်ရှေ့နေမလေး၏ တာဝန် သာ။

"ရှင်း ဝတ်ထားတာ သူများအကျီလုံချည်ထင်တယ်။ နောက်တစ်ခါလာမှ မမဝေ ရှင်းဝတ်ဖို့အဝတ်တွေ ယူလာဦးမယ်၊ ခုတော့ စားစရာတွေ ပါလာတယ်၊ စစ်ဆေးခံဖို့ ရုံးခန်းထဲမှာ ထားခဲ့တယ်၊ ပြီးရင် ရှင်းဆီ လာပို့ပေးလိမ့်မယ်နော်"

"မ. . . မ. . . ဝေ"

"ဘာလဲ ရှင်း၊ ပြောလေ၊ ဘာပြောမလို့လဲ. . . ဟင်"

"ရှင်းအတွက်. . . ဘာ. . . ဘာမှ မလုပ်နဲ့"

"အို. . . ဘယ့်နှယ်. . . ဘာမှမလုပ်ရမှာလဲ။ ဥပဒေ တတ်ကျွမ်းတဲ့ မမဝေတစ်ယောက်လုံး ရှိနေတာ၊ ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလားကွ၊ မဟုတ်တာ"

"ရှင်း တကယ်သတ်လိုက်တာ"

"သိတယ်လေ၊ ဒါတွေကို မမဝေ ချေဖျက်ယူမှာပေါ့"

ခေါင်းငုံ့ထားရာက သူ့ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါ ယက်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ လုပ်မနေနဲ့တော့"

"မလုပ်ဘဲကို နေလို့မရတာ၊ မမဝေ မဆောင်ရွက်
လည်း အစိုးရက ရှင်းအတွက် ရှေ့နေတစ်ယောက် ငှားပေးမှာ"

သူ ခေါင်းယမ်းပြန်သည်။

ယခုအချိန်ထိ သူ၏မမဝေကို တစ်ချက်မှ မကြည့်သေး

"ရှင်း"

သူ မထူးပါ။

"မမဝေ ခေါ်နေတယ်လေ ရှင်း"

ငုံ့နေသောခေါင်းလေး တဖြည်းဖြည်း မော့လာသည်။

နီမှိုနေသော မျက်ဝန်းတစ်ဝိုက်မှာ မျက်ရည်ပူများ စွတ်
လျက် ဆောင်းနှင်းဝေဝေကို မမြင်ဖူးသလို ငေးငေးကြီး
စိုက်ကြည့်နေသည်။

ဆောင်းနှင်းဝေဝေ အနေနှင့် မေးစရာတွေ၊ ပြောစရာ
တွေ၊ တရားခွင်အတွက် သွန်သင်စရာတွေက အနန္တ။

ပြီးတော့. . .

ဆောင်းနှင်းဝေဝေ အသိချင်ဆုံး ကိစ္စတစ်ခုကိုလည်း
မေးစရာရှိပါသေးသည်။

"ဒေါ်တင်တင်စောကို ဘာကြောင့် သတ်လိုက်ရတာလဲ"

ဟူသော ကိစ္စကို အသေအလဲ သိချင်နေမိပါသော်လည်း
အခုချိန်မှာ မေးလို့မဖြစ်သေး။

ရှင်းသန့်စင်အနေနှင့် ဖြေနိုင်စွမ်း မရှိသေးကြောင်း
နားလည်၍ မေးလို့မဖြစ်နိုင်သေးပါ။



သူ့ကို ထူးဆန်းသော သူစိမ်းတစ်ယောက်လို ငေးကြောင်
ကြည့်နေရာက. . .

"မ. . . မ"

"ပြောလေ ရှင်း"

"ကျွန်တော်. . . ကျွန်တော့်အတွက် ဘာမှမကြိုးစားပါနဲ့"

"မဟုတ်တာကွယ်"

"ဟုတ်ပါတယ်၊ ကျွန်တော့်အတွက် အားလုံး ဆုံးရှုံးပြီ၊
ဒါ. . . ဒါကြောင့်. . ."

"ရှင်း"

"ကျွန်တော် ဘာကိုမှ မမျှော်လင့်ပါရစေနဲ့၊ ဘာမှလည်း
လုပ်မပေးပါနဲ့"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ"

"မမဝေ"

"ဟင်. . . ပြောလေ"

"ကျွန်တော့်ကိုယ်ကျွန်တော် အဆုံးရှုံးခံလိုက်ပါရစေ
တော့ဗျာ"

"မောင်လေးရယ်"

သူ ခေါင်းပြန်ငုံ့လိုက်တော့ မျက်ရည်တွေ ထပ်ကြွေ၏။

ဆောင်းနှင်းဝေဝေလည်း ငိုချင်စိတ်ကို ပင်ပန်းကြီးစွာ
ချုပ်ထိန်းထားရသည်။

အကယ်၍ တရားခံ၏ အကျိုးဆောင်အဖြစ်နှင့် တွေ့ဆုံ
နေခြင်းသာ မဟုတ်ခဲ့ပါလျှင်. . .

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နှင်းဝေဝေလည်း လိုက်လှဲသည်းထန်စွာ ငိုဖြစ်ပါ လိမ့်မည်။

"မမဝေကို ဆုံးရှုံးရပြီးတဲ့နောက်မှာ ကျွန်တော့်ကိုယ် ကျွန်တော် အဆုံးရှုံးခံရပါတယ်၊ ကျွန်တော် သေရပါတယ် မမဝေ"

ရှင်းသန့်စင်၏ စကားလုံးတို့သည် ချွန်မြမာကျောသော အရာများအဖြစ်နှင့် ဆောင်နှင်းဝေဝေ၏ နှလုံးသားနုနုကို ထိမှန်စူးစိုက်လာကြသည်။

မောင်လေး မသေရပါဘူး။ မမဝေရဲ့ အတတ်ပညာနဲ့ နုတ်ယူပေးပါ့မယ်။ ပြီးတော့လေ. . .

"မမဝေကို ဆုံးရှုံးရပြီးတဲ့နောက်လို့ ဘာလို့ သတ်မှတ်နေမှာလဲ၊ မမဝေဆိုတာ ရှင်းအတွက် ရှင်းဘက်က အမြဲရပ်တည်နေမယ့် မိန်းမပဲလေ"

"မဟုတ်ဘူး"

ရှင်း၏အသံက တိမ်မနေတော့။ အားပြည့်စွာ ဆက်ပြောသည်။

"ရှင်းက မမဝေကို သိပ်ချစ်တာ ပိုင်ဆိုင်ချင်တဲ့အထိ ချစ်တာ"

"အို"

"မမဝေကို ဆုံးရှုံးလိုက်ရပြီးတဲ့နောက်မှာ ရှင်း ဘာကိုမှ မျှော်လင့်စရာ မရှိတော့ဘူး၊ ဒါကြောင့် ရှင်းဘဝကိုလည်း အဆုံးခံလိုက်ပါရစေတော့၊ မမဝေ ပြန်ပါဗျာ"



ဆောင်နှင်းဝေဝေ ကိုယ်တိုင် ဘာပြောလို့ ဘာလုပ်ရမှန်း မသိအောင် အကျဉ်းကျပ်အတွင်း ကျရောက်သွားသည်သို့ပါ။

ရှင်းသန့်စင်က ခေါင်းငုံ့မထားသော်လည်း နံရံတွင် ကပ်ထားသော ကျောက်သင်ပုန်းနက်ကြီးကိုသာ ကြည့်နေ၏။ ဆောင်နှင်းဝေဝေဘက်သို့ လုံးဝမလှည့်။

"ပြန်ဆိုလည်း ဒီနေ့အဖို့တော့ ပြန်ရုံပါပဲ၊ ဒါပေမယ့် နောက်နေ့တွေမှာလည်း အလုပ်သဘောအရ မမဝေ ရောက်လာရလိမ့်ဦးမယ် ရှင်း"

သူ ငြိမ်နေဆဲမို့. . .

"ရှင်း ဘာမှာမလဲ၊ ဘာလိုချင်လဲဟင်"

သူ ဘာအဖြေမှမပေး။

"မမဝေကို ဘာမှမပြောတော့ဘူးလား ရှင်းရယ်"

"အားလုံး ပြီးဆုံးနေပြီပဲ"

"ခုမှ စမှာ၊ မမဝေ ရှင်းကို အသစ်ပြန်တည်ဆောက်မှာ"

"ရှင်း ဘာမှမပြောချင်ဘူး၊ ဘာမှလည်း မဖြစ်ချင်တော့ဘူး၊ မမဝေ ပြန်ပါဗျာ"

"ဒါဆိုလည်း အခုပြန်ပါ့မယ်၊ ဒါပေမယ့် အလုပ်သဘောအရ လာနေရဦးမှာပဲ"

"တောင်းပန်ပါတယ် မမဝေ၊ အားလုံး ပြီးဆုံးသွားပြီလို့ သတ်မှတ်ပေးပါ၊ နောက်ကို လုံးဝမလာပါနဲ့၊ တစ်ခုပဲ ကူညီပါ"

"ဟင်. . . ဘာလဲ၊ ဘာကူညီပေးရမလဲ၊ ပြောလေ ရှင်း"

"ရှင်းရဲ့ ဆယ့်ရှစ်နှစ်မြောက် မွေးနေ့က ရထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆွယ်တာပြာလေး တစ်ယောက်ယောက်နဲ့ ပို့ပေးလိုက်ပါ၊ ရှင်း သေရမယ့်နေ့မှာ အဲဒီဆွယ်တာလေး ဝတ်သွားပါရစေ"

"ရှင်းရယ်"

ရှင်းသန့်စင်က နေရာမှထပြီး မနီးမဝေးမှ စောင့်နေသော ထောင်မှူးကို လှမ်းကြည့်ပြီး မတ်တတ်ရပ်လိုက်သဖြင့် ထောင်ကြပ်တစ်ယောက်က ရှင်းထံရောက်လာပြီး ဦးဆောင်ကာ ခေါ်သွင်းသွားတော့သည်။

အုတ်နံရံများအတွင်း ဝင်သွားသည်အထိ ဆောင်နှင်းဝေဝေ ကို တစ်ချက်မျှ ပြန်၍လှည့်မကြည့်။

ဆောင်နှင်းဝေဝေသည်သာ သတိမေ့သွားသူတစ်ယောက်လို နေရာမှာ ကြောင်ကြောင်ကြီး ထိုင်နေဖြစ်သည်။

ဆယ့်ငါးမိနစ်မျှသာ ထောင်ဝင်စာတွေ့ခွင့်ရသူများ၏ သူ့ထက်ငါ အော်သံဟစ်သံများကိုလည်း မကြားပြီ။

ရှေ့နေမလေးတစ်ယောက်၏ လုပ်ငန်းခွင်စကားလည်း တစ်လုံးမျှ မပြောလိုက်ရ။

နှလုံးသား၏ နက်ရှိုင်းသောနေရာထိတိုင် ဝင်ရောက်သွားခဲ့သော စကားသံတို့သည်သာ ပဲ့တင်သံအဖြစ်နှင့် ပြန်လည်မြည်ဟိန်းလာ၏။

ရှင်းက မမဝေကို သိပ်ချစ်တာ။

ပိုင်ဆိုင်ချင်တဲ့အထိ ချစ်တာ။

ပြီးတော့. . .

ရှင်းဘဝကို အဆုံးရှုံး ခံလိုက်ပါရစေတော့။



မမဝေ ပြန်ပါဗျာ။

ပြီးတော့. . .

ဆွယ်တာပြာလေး ပို့ပေးပါ။

ရှင်း သေရမယ့်နေ့မှာ အဲဒီ ဆွယ်တာပြာလေး ဝတ်သွားပါရစေ. . . တဲ့။

နှလုံးသည်းပွတ်သည် ချစ်သူအတွက် ပူပန်ကြေကွဲရသော စိတ်ကြောင့် မွမွကြေပြီ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ၂၉ ။

"ဒီဆုံးဖြတ်ချက်နဲ့ ဒီဆောင်ရွက်ချက်ကို ဖျက်သိမ်းလိုက်ပါတော့ သမီးရယ်"

"သမီးရဲ့ ဆောင်ရွက်မှုဟာ ဘယ်သူ့ကိုများ နစ်နာစေလို့လဲ ဖေဖေရယ်"

"ဒီလိုစွမ်းဆောင်မှုမျိုးကို တခြားလူတစ်ယောက်အတွက်ဆိုရင်တော့ ဟုတ်ပါတယ်၊ ရှင်းသန့်စင် အတွက်ကတော့ သမီးလုပ်ကို မလုပ်သင့်ဘူး"

"သေတဲ့လူကလည်း သေသွားပြီးပြီ၊ ရှင်းသန့်စင် ကြိုးစင်မတက်ရအောင် သမီး ဆောင်ရွက်နေတာပါ၊ လူတစ်ယောက်ရဲ့ အသက်တစ်ချောင်းကို ကယ်တင်သင့်ပါတယ် ဖေဖေရယ်"

"ဥပေက္ခာပြုလိုက်ပါ သမီးရယ်"

"ရှင်"

မိသားစု၏ကိစ္စများကို မလိုအပ်ဘဲ ဘယ်သောအခါမှ ဝင်၍ ပါဝင်လေ့မရှိသော ပါမောက္ခကြီး ဦးငြိမ်းဝေ။

ရှင်းသန့်စင်ကိုလည်း သနားပါ ချစ်ပါလျက် ဖေဖေဘာကြောင့် ခုလို ပြောင်းလွဲသွားရပါလိမ့်။



ဆောင်နှင်းဝေဝေ၏ ကိုယ်ပိုင်ကိစ္စများ ဥပမာ ဥပဒေဘာသာရပ်ယူမယ်၊ ဒေါက်တာထွဋ်ထိပ်စိုးနဲ့ လက်ထပ်မယ်။ ဘုရားဖူးသွားမယ်၊ သူငယ်ချင်း မွေးနေ့ပွဲကို ညသွားအိပ်မယ်ဆိုသော သမီးငယ်၏ ကိစ္စရပ်များကို ဘယ်တုန်းကမှ ဘာမှ ဝင်မပြောပါဘဲနှင့် ယခု ဖေဖေကိုယ်တိုင်က ဘာကြောင့်များ တားနေရပါလိမ့်။

"ဖေဖေ"

"ဟင်. . ."

"ဖေဖေရဲ့ ဆုံးဖြတ်ချက်ကို ပြင်ပေးပါ ဖေဖေရယ်"

"ဖေဖေ ဆုံးဖြတ်တာ မဟုတ်ဘူး၊ သမီးကို အကြံပေးတာပါ၊ သမီးဟာ ကိုယ်ပိုင်ဆုံးဖြတ်နိုင်တဲ့အရွယ် ရောက်နေပါပြီ၊ သမီးဆုံးဖြတ်ထားတာကို ပြင်လိုက်ပါလို့ ဖေဖေ အကြံပြုတာပါ၊ တောင်းပန်တာပါ"

"ဖေဖေရယ်"

"အို. . . အဖေတစ်ယောက်က သမီးကို တောင်းပန်နေစရာ မလိုပါဘူး၊ ဒီမှာ မိနှင်းဝေ"

သိမ်မွေ့စွာ အပြန်အလှန် ဆွေးနွေးနေကြသော သားအဖနှစ်ယောက်ကြားသို့ ဒေါ်အေးမြင့်ရီက ကြမ်းတမ်းခက်ထန်စွာ ဝင်ရောက်လာပြီး. . .

"ဒီကောင်ကို ဘာလို့ ဒီလောက် သံယောဇဉ်တွယ်နေရတာလဲ၊ ဒီကောင့်ဘက်က ရပ်သင့်လား မရပ်သင့်လား ဆိုတာလည်း အသိဉာဏ်လေး ထည့်စမ်းပါဦး၊ ညည်းဟာ ဘယ်သူဆိုတာလည်း ထည့်တွက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဆောင်နှင်းဝေဝေ ဆိုတာ ဒေါက်တာ ထွဋ်ထိပ်စိုး လက်ထပ်ရတော့မယ့် မိန်းမ၊ အဲဒါကို ထွဋ်ထိပ်စိုးရဲ့ အမေအရင် ခေါက်ခေါက်၊ ကိုယ့်ယောက္ခမကြီးကို ရက်ရက်စက်စက် သင ပစ်လိုက်တဲ့ တရားခံဘက်က ရှေ့နေလိုက်ပေးသင့် မပေးသင့် ဆိုတာလည်း စဉ်းစားတော်မူပါဦး"

"မေမေ"

"ဘာလဲ"

"သမီး ရှင်းဘက်က ရှေ့နေလိုက်ပေးလို့ ဘယ်သူ ထပ်ပြီး မထိခိုက်ပါဘူး၊ မနစ်နာပါဘူး၊ ဟိုမှာ ကြိုးစင်တက် တော့မယ်"

"တက်ရ တက်ရအေ. . . သူ ဘာလို့ တင်တင်စောစ သတ်သေးလဲ"

ဆောင်နှင်းဝေဝေက လက်ထဲမှ စာအုပ်ကို ပစ်ချပြီ မိခင်ကို အမျက်ပါသော အကြည့်ဖြင့် ကြည့်ဖြစ်သည်။

"သမီး"

"ပြောပါ. . . ဖေဖေ"

"ဖေဖေတို့က ရှင်းသန့်စင်ကို ကြိုးစင်တက်ရစေချင်တာ မဟုတ်ပါဘူး၊ အမေကြီးကလည်း ဒေါသကို ထိန်းပါကွာ၊ ဒီ သမီး"

သည်နေရာက ထွက်ပြေးချင်သော်လည်း စကားပြော သော ဖခင်ကြီးကို အားနာစိတ်ဖြင့် သည်းခံပြီး ဆက်၍ ထိုင်နေ ရသည်။



"သမီးအနေနဲ့ တရားခွင်ရဲ့ အတွေ့အကြုံလည်း ဘာမှ မရှိသေးဘူး၊ သမီးလိုက်မှ လွတ်မယ်ဆိုတာလည်း မဟုတ်သေး ဘူး သမီး ဒီအမှုကို မလိုက်ရင်လည်း အစိုးရက ငှားပေးမှာပဲ"

"ဒါပေမယ့် ဖေဖေရယ်. . ."

"နေဦးသမီး၊ ဖေဖေပြောမယ်၊ ရှင်းသန့်စင်ကို သနားရင် ဒါတာ ထောက်ပံ့လိုက်၊ သူ့အတွက် ကုသိုလ်ပြုပေးလိုက်ပါ၊ ဆောင်ထွဋ်ထိပ်စိုးကို အားနာသောအားဖြင့် သမီး ဒီအမှုမှာ ရှောင်ဖယ်နေလိုက်ပါကွယ်"

"ဖေဖေ"

"အင်း. . ."

"ဒီအမှုမှာ သမီး လိုက်ပါဆောင်ရွက်ဖို့ တရားရုံးကို တရားဝင် စာတင်ထားပြီးပါပြီ ဖေဖေ၊ သမီးကို နားလည်စွာ ခွင့်လွှတ်ပေးပါ ဖေဖေရယ်၊ ဒါပါပဲ"

"တောက်"

မိဘနှစ်ပါး၏အနားမှ ဆတ်ဆို ထပြီး ခြံထဲပြေးဆင်းလာ သည်။ တောက်ခေါက်သံပြင်းပြင်းမှာ ဒေါ်အေးမြင့်ရီထံမှပင် ဖြစ်ပါလိမ့်မည်။

ရင်ထဲမှာ အတွေးထဲမှာ အရာခပ်သိမ်းသည် နက်ရှိုင်းစွာ ရှုပ်ထွေးနေ၏။

"ဒါ မလုပ်ပါနဲ့"

ဟူ၍ မိမိဘဝတစ်လျှောက်လုံးမှာ တစ်ခါမှ မပြောဖူး ဆိုဖူးပါသော ဖခင်ကြီးကိုယ်တိုင် တားမြစ်လာသည့်အတွက် စိတ်မကောင်း ဖြစ်နေမိပါသော်လည်း. . .

www.burmeseclassic.com

www.burmeseclassic.com



"သမီးကို နားလည်စွာ ခွင့်လွှတ်ပေးပါ"

ဟူ၍လည်း တောင်းပန်ခဲ့ပြီးပြီမို့ နောက်လည်း မ...

တော့ပါ။

ရှင်းသန့်စင်နှင့် ဒုတိယအကြိမ် တွေ့ဆုံပြီးပြီမို့ သူ့အ...

ဆောင်ရွက်ပေးချင်သည့် ဆန္ဒသည် ပိုမိုခိုင်မာနေသည်။

ယခုကိစ္စက...

မိဘစကား နားမထောင်သော်လည်း တခြားကိစ္စများ...

မိဘကို ထိခိုက်နစ်နာစွာ အရှက်ရစေခြင်းမှ မဟုတ်တာ...

ရှင်း၏အမှုက စင်းနေသည်မို့ ရှင်း ထောင်ကျ...

သေချာသည်။

ကြိုးစင်မတက်ရဘဲ ထောင်ကျသွားလျှင် ဆောင်...

ဝေဝေ၏ အားထုတ်မှုလည်း ပြီးဆုံးပြီ။

ဤအခါကျလျှင်...

အရာရာတိုင်းသည် နေသားတကျ ဖြစ်သွားကြမှာ...

ထောင်တစ်သက်တစ်ကျွန်း သို့မဟုတ် ဆယ်နှစ်၊ ခုနစ်...

စသည်ဖြင့် ရှင်း ထောင်ကျသွားပြီးသည့် နောက်ပိုင်းအထိ ...

မစဉ်းစားတော့ပါ။ မဆောင်ရွက်ဘဲ နေဆိုလျှင်လည်း နေပါ...

အလွန်စိုးရိမ်နေရသော ယခုလိုအချိန်မျိုးမှာ ရှင်း...

ဘယ်လိုနည်းနှင့်မှ ဥပေက္ခာ မပြုရက်နိုင်ပါ။

ရှင်း ကြိုးစင်မတက်ရအောင်...

မိမိ၏ အတတ်ပညာဖြင့်...

မိမိ၏ အတိုင်းမသိသော အကြင်နာတရားတို့ဖြင့်...



မိမိ၏ သူ့အပေါ် ထားရှိမိသော ချစ်ခြင်းမေတ္တာများစွာ...

စွမ်းဆောင် ဆွဲထုတ်နိုင်ပါလိမ့်မည်ဟု ဆောင်နှင်းဝေဝေ ...ခိုင်မြဲစွာ ယုံကြည်မျှော်လင့်ထားသည်။

◆ ◆ ◆

"နှင်းဝေဝေ"

"ဟော... ကိုကိုထွဋ် ပြန်လာပြီ၊ လာလေ... အိမ်ထဲ ...သွားရအောင်"

"ဒီမှာပဲ ပြောကြရအောင်"

ပန်းညက်ပင်အောက်မှ ခုံတန်းလျားမှာ နွမ်းလျစွာ ထွဋ်ထိပ်စိုး ထိုင်ချလိုက်သည်။ သူ့ဘေးမှာပင် ဆောင်နှင်းဝေဝေ ...ဝင်၍ ထိုင်လိုက်သည်။

"ဖိတ်စာရိုက်တဲ့ ပုံနှိပ်တိုက်က ဖုန်းဆက်ခေါ်လို့ ဝင်ခဲ့...တယ်၊ ပြီးနေလို့ ငွေတော့ ချေခဲ့ပြီ၊ ယူတော့ ယူမလာခဲ့သေးဘူး"

ဟုတ်ပါရဲ့။

လပ်ထပ်ဖို့ သတ်မှတ်ထားသောရက်မှာ ဆယ့်ရှစ်ရက်ပဲ လိုတော့သည်လေ။

"ကိုကို ဘာဖြစ်စေချင်လို့လဲ၊ ရက်ရွှေ့ချင် ရွှေ့လိုက်လေ"

"ကိုကို ဖြစ်စေချင်တာကို လိုက်လျောမှာမို့လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို သိပ်စိတ်ပင်ပန်းနေတဲ့အချိန်မှာ ဘာကိုပဲဖြစ်ဖြ ကိုကို့ဆန္ဒအတိုင်း ရှိနေပါ့မယ်"

"ကိုကို တကယ် စိတ်ပင်ပန်းတာပါ၊ ကိုကို့မေမေအတွက် အရမ်းခံစားရတယ်၊ မေမေဟာ သူ့ဘဝကို အသစ်တည်ဆော ပြီး သူချစ်တဲ့ ချွေးမနဲ့၊ သူချစ်မယ့် မြေးလေးတွေနဲ့ ပျော်ဆော မယ်ဆိုမှ. . ."

"အားလုံး ပြီးဆုံးပြီပဲလေ ကံတရားအတိုင်းပဲလို့သာ စိတ်ဖြေပါ"

"ကံတရားဆိုတာက ရောဂါတွေ ဖြစ်လာတယ်။ ဆေး မျိုးစုံနဲ့ ကုပေမယ့် ကံကုန်လို့ ဆုံးသွားရတာဆိုရင်တော့ ဖြေ ရနိုင်သေးတာပေါ့၊ ခုတော့. . ."

"ဒါလည်း အတိတ်ဘဝရဲ့ ဝဋ်ကြွေးကြောင့်လို့ပဲ သဘော ထားလိုက်ပါတော့လေ"

"ထားပါလေ၊ ဒါက ကိုကို့အပိုင်း၊ ကိုကို့ရင်နဲ့ ကိုကို ကြ သလို ခံစားစမ်းပါရစေ၊ နှင်းဝေဝေကို ကိုကို ပြောချင်တာ ရှိတယ်"

"ပြောပါ ကိုကို"

"ရှင်းသန့်စင်အတွက် ဘာကြောင့် ဒီလောက် ဆောင်ရွ နေရတာလဲ"

"တခြား ဘာအကြောင်းမှ မရှိဘူးဆိုတာ နှင်းဝေ ကျမ်းကျိန်ရဲတယ်၊ သူ ကြိုးစင်မတက်ရအောင် ဆောင်ရွက်ပေ တာပါ ကိုကို"



"ကိုကို ယုံပါတယ်၊ ဒါပေမယ့် ရှင်းသန့်စင်ဟာ ဘယ်သူ ဆိုတာ ညီမလေး ထည့်တွက်ပေးဖို့ကောင်းတယ်"

"ရှင်"

"ကိုကို့ရဲ့ မေမေကို ဓားနဲ့ ရက်ရက်စက်စက် ထိုးသတ် တ်တဲ့သူလေ"

"သူဟာ ကိုကို့ညီလေးပါ"

"ညီလေးမို့ သူ့ကို အပြစ်ရအောင်လည်း မလုပ်ဘူး၊ အပြစ်ရသွားပါစေဆိုတဲ့ စိတ်ထားမျိုးလည်း မရှိတာ အမှန်ပဲ၊ ကြောင့် ကိုကို ဘာမှမဆောင်ရွက်သလို နှင်းဝေဝေလည်း ကိုကိုနဲ့ထပ်တူ ရှိနေစေချင်တယ်"

"မဟုတ်သေးပါဘူး ကိုကိုရယ်"

"ဟုတ်တယ် နှင်းဝေဝေ၊ သူ့ကို ဥပေက္ခာပြုလိုက်ပါ၊ ကံတရားလမ်းကြောင်းအတိုင်း သူသွားပါစေ"

"နှင်းဝေ မေးပါရစေ"

"အင်း"

"တကယ်လို့ ရှင်းသန့်စင်ဟာ ဒေါ်တင်တင်စောကို ဟုတ်ဘဲ တခြားတစ်ယောက်ကို သတ်ပစ်ထားတာဆိုရင် ကိုကို နေမလား ဆောင်ရွက်ပေးမှာပေါ့၊ ခုတော့ ကိုကိုက ကိုကို့ မေမေအတွက် ခံစားရလို့ နေနိုင်ပေမယ့် နှင်းဝေအနေနဲ့ကတော့ ကိုကို့လောက်မှ မခံစားရတာ"

"ဒေါ်တင်တင်စောဆိုတာ နှင်းဝေတော်ရမယ့် ယောက္ခမ လေ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းသန့်စင်ဟာလည်း နှင်းဝေဝေတော်ရမယ့် မတ်ကဒေ
ပဲ၊ ပြီးတော့ ဒီကောင်လေးဟာ နှင်းဝေတို့လက်ပေါ်
ကြီးလာတဲ့ အင်မတန်သနားစရာကောင်းတဲ့ ကောင်လေး

"ဒီလို ကိုကို့ကို အချေအတင် ပြင်းမနေနဲ့ နှင်းဝေ

ဒေါ်သကင်းစွာ နေလေ့ရှိသော ဒေါက်တာထွင့်ထိပ်
စကားသံတို့က မာကျောစွာ ကျယ်လောင်နေ၏။

"အခု ကိုကိုတို့ လက်ထပ်ရမှာက ရက်ပိုင်းပဲရှိတော့တာ
ဒီအမှုကြီးက တစ်နှစ်နဲ့တောင် ပြီးမှာမဟုတ်သေးဘူး၊ ဒီတော
နှင်းဝေဝေ တွေးကြည့်လေ၊ ကိုကို့မိန်းမဟာ ကိုကို့မိခင်
သတ်တဲ့ တရားခံဘက်က လိုက်ပါဆောင်ရွက်နေတယ်ဆို
ဘယ်လိုပြောကြမလဲ"

"ပတ်ဝန်းကျင် ဆိုတာကိုတော့ ထည့်တွက်နေစရာ မ
ပါဘူး ကိုကို"

"ပတ်ဝန်းကျင်ကြောင့် မဟုတ်ဘူး နှင်းဝေဝေ၊ ကို
ကိုယ်တိုင်က မကြိုက်တာ"

"ဒီလောက် စိတ်ထားမသေးသိမ်ပါနဲ့ ကိုကို"

"ဘာစိတ်ထားသေးသိမ်တာလဲ၊ ရှင်းသန့်စင် အပြစ်
အောင် ဘာမှမဆောင်ရွက်ဘူး၊ သူ့တရားလမ်းကြောင်းအတိုင်း
ရှိပစေလို့ အထပ်ထပ်ပြောခဲ့တယ်လေ၊ သူ အပြစ်ရစေချင်
စိတ်ထားသေးသိမ်တာ၊ ဥပေက္ခာပြုလိုက်တာက မြင့်မြတ်တာ

"မြင့်မြတ်လက်စနဲ့ နှင်းဝေ ဆောင်ရွက်တာကိုပါ ဆက်ပြီး
ခွင့်လွှတ်ပေးလိုက်ပါ ကိုကိုရယ်"



"လုံးဝ ခွင့်မလွှတ်နိုင်ဘူး၊ ကိုကို့မိန်းမဟာ ကိုကို့မိခင်ကို
တ်တဲ့အမှုအတွက် တရားခွင်မှာ ဆန့်ကျင်ဘက်နေရာကနေ
ဆောင်ရွက်မှာကို ကိုကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး
င်းဝေဝေ"

"နှင်းဝေ ဖွတ်လုပ်မယ်ဆိုရင်ကော"

"နှင်းဝေ ဖွတ်တိုးမယ်ဆိုရင် ကိုကို့ဆန္ဒကို အန်ကယ်လ်နဲ့
န်တီအေးကို ပြောထားပြီးပြီ"

"သြော် . . . ဒါကြောင့် ဖေဖေကပါ ဝင်ပြီးတားနေတာ
း၊ ကဲ . . . ကိုကို"

"ပြော"

"ဖေဖေနဲ့မေမေတို့က နှင်းဝေကို မလုပ်ဖို့ပဲ တားတယ်၊
ဆက်လုပ်ရင် ဘာဖြစ်မယ်ဆိုတာ မပြောသေးဘူး၊ ကိုကိုကပဲ
ပြောစမ်းပါ၊ ဒီကိစ္စကို နှင်းဝေ ဖြစ်အောင် ဆောင်ရွက်မယ်ဆိုရင်
ကိုကို့ဆန္ဒက ဘာလဲ"

"ဆန္ဒမဟုတ်ဘူး၊ ဆုံးဖြတ်ချက်"

"မထူးပါဘူး ဆန္ဒပဲဖြစ်ဖြစ်၊ ဆုံးဖြတ်ချက်ပဲဖြစ်ဖြစ်
ပြောသာပြောပါ၊ နှင်းဝေကတော့ ဒီကိစ္စကို ဆောင်ရွက်မှာပဲ၊
နောက်မဆုတ်တော့ဘူး ကိုကို"

"နှင်းဝေ နောက်မဆုတ်နိုင်ဘူးဆိုရင် ကိုကို နောက်ဆုတ်
ပေးပါရစေ"

"ဘာကိုလဲ"

"ကိုကိုနဲ့ စေ့စပ်ထားတာကို ပယ်ဖျက်လိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အိုး. . . ရတယ်လေ၊ သိပ်ဖြစ်တာပေါ့"

"ပြတ်သားလှချည်လား နှင်းဝေဝေရဲ့"

"ကိုကို့ဘက်က စပြတ်သားတာပါ"

"ပြန်စဉ်းစားပါဦး၊ လူသတ်တရားခံ ထောင်ထဲက ရှင်း သန့်စင်နဲ့ ထွဋ်ထိပ်စိုးဆိုတဲ့ စေ့စပ်ပြီးသား၊ မိဘတွေ ကျေနပ် သား ကိုကိုနဲ့ ဘယ်သူ့ဘက် လိုက်သင့်သလဲ"

"ဒီမှာ. . . ကိုကို"

"ပြော"

"ခုဟာက လွန်ဆွဲပွဲမှ မဟုတ်တာဘဲ၊ ရှင်းသန့်စင်ကို ချစ်ကြို သွားတာမှမဟုတ်တာဘဲ၊ ယှဉ်ပြီး ရွေးနေစရာမလိုပါဘူး၊ နှင်း သင်ကြားထားတဲ့ အတတ်ပညာနဲ့ အင်မတန်မှ အားမဲ့နေ လူတစ်ယောက်ရဲ့အသက်ကို ကယ်တာလေ ကိုကိုရယ်၊ နှင်း ဆောင်ရွက်တာ မှန်မြတ်တယ်၊ သန့်စင်တယ်၊ နှင်းဝေ မမှား မဟုတ်ဘူး၊ မှန်တယ်၊ ဒါကြောင့် ကိုကိုကြိုက်သလို ဆုံးဖြတ် နှင်းဝေကတော့ ရှင်းသန့်စင်ရဲ့အကျိုးကို ဆောင်ရွက်ပေ ရှေ့နေမလေးအဖြစ် ခိုင်မာစွာ ရပ်တည်ဆောင်ရွက်သွားမေ ကိုကို"

"ကောင်းပြီး၊ ဒါဆိုရင် နှင်းဝေဝေနဲ့ ဒေါက်တာထွဋ်ထိပ် တို့ဟာ ဒီနေရာမှာ ပြီးဆုံးလမ်းခွဲသွားကြပြီလို့ သတ်မှတ်လိုက် ပေါ့"

◆ ◆ ◆

## အခန်း ။ ၃၀ ။

ရမန်ရက် ၃၀ မပြည့်မီ အမှုကို တရားရုံးသို့ စွဲတင်နိုင်ရန် အတွက် အိုင်အို I.O (Investigation Officer) ဦးကျော်မြင့် သည် အစစ ဆောင်ရွက်ပြီးစီးသွားသည်။

တရားလိုဘက်မှ တရားလိုအဖြစ် အမှုဖွင့်မည့်သူ မရှိ၍ နိုင်ငံတော်၏ကိုယ်စား ရဲအရာရှိက တရားလို ပြုလုပ်ကာ လောလောဆယ် ပုဒ်မ ၃၀၂ တပ်လျက် အမှုကို စွဲတင်နိုင်ခဲ့ပြီ။

ဤအမှုမှာ တရားလိုပြ သက်သေအဖြစ် ရဲအရာရှိတစ်ဦး၊ အဓိကသက်သေ ဒေါ်လှထူး(လိုပြ ၂)နှင့် ခြံနီးချင်းဖြစ်သော ဦးတက်ထွန်း(လိုပြ ၃)နှင့် မောင်ဝင်းမြင့်(လိုပြ ၄)တို့၏ စာရင်း များ။

အလောင်းဓာတ်ပုံ။

အခင်းဖြစ် မြေပုံကြမ်း။

ဆရာဝန်၏ အလောင်းဆေးစာ မှတ်ချက်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတုဗေဒဝန်၏ စစ်ဆေးချက်ပြန်စာ (ဓားမှ သွေးသည် လူ၏သွေးဟုတ်မဟုတ်၊ သေသူ၏အလောင်းမှ သွေးအမျိုးစား နှင့် တူမတူ။)

အခင်းဖြစ်ချိန်က သုံးစွဲသောဓား။

သွေးစွန်းအဝတ်နှင့်. . .

အမှုအတွက် နေ့စဉ်မှတ်တမ်းမှအစ လိုအပ်သော မှုခင်းဆိုင်ရာ ဆောင်ရွက်ချက်များ ပြုလုပ်ပြီးစီး၍. . .

"ရဲစခန်း အမှုတွဲ"ကို အမှုလိုက်ပါမည့် ဥပဒေအရာရှိက ရယူပြီး. . .

"တရားရုံး အမှုတွဲ"ကို ဤအမှုစစ်ဆေးမည့် တရားသူကြီး က ရယူပါသည်။

ဥပဒေရုံးက ဆက်လက်ဆောင်ရွက်ရန် သက်သေအဖြစ် စစ်ဆေးသင့်သူများ၊ တရားခံအဖြစ် နောက်ထပ် ထည့်သွင်းရန် ဤအမှု၌မရှိ၍ တရားခံ တစ်ဦးတည်းဖြစ်ကြောင်း၊ အမှုခိုင်လုံမှု ရှိမရှိ စသည်တို့ကို သုံးသပ်၍ ဥပဒေအကြံဉာဏ်ပေးသည်။

အိုင်အိုဦးကျော်မြင့်သည် ဥပဒေရုံးမှ အကြံဉာဏ်အတိုင်း ဆက်လက်ဆောင်ရွက်ပြီးစီးပြီဖြစ်ပါ၍ အမှုကို ခိုင်မာစွာ တည် ဆောက်၍ရလေပြီ။

သည့်အတွက် ရဲစွဲချက်ဖြင့် "တရားခံ ရှင်းသန့်စင်"အား ပြစ်မှုဆိုင်ရာ ဥပဒေ(ရာဇသတ်ကြီး)ပုဒ်မ ၃၀၂ အရ စွဲတင် လိုက်သည်။

တရားဥပဒေသဘောအရ အမှုကို 'စွဲတင်' ခြင်းသာ



ဖြစ်သည်။ 'စွဲချက်တင်'ခြင်း မဟုတ်ပါပေ။ စွဲချက်ဆိုသည်က အပြစ်ရှိကြောင်း ပုဒ်မတပ်၍ သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ယနေ့ ပထမဆုံး ရှင်းသန့်စင်ကို ရုံးထုတ်လာသည်။

တရားခံကို တရားသူကြီးက ရုံးတော်ရှေ့သို့ ခေါ်ယူလိုက် ခြင်း ဖြစ်ပေသည်။

စစ်ဆေးမည့် သက်သေများကို ဥပဒေအရာရှိက တင်ပြ ရာ တရားသူကြီးက လက်ခံအတည်ပြုပြီး အမှုစတင်စစ်ဆေး မည့် ရက်ကိုလည်း သတ်မှတ်လိုက်၏။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၄၉၇ ၏ ခြွင်းချက်တွင် ဖော်ပြသကဲ့သို့ ဒေါ်ဆောင်းနှင်းဝေဝေ၏ တရားခံမှာ မကျန်းမာ သူ၊ မသန်စွမ်းသူ၊ ငယ်ရွယ်သူ၊ အိုမင်းသူ စသော အချက်တို့နှင့် လည်း အကျုံးမဝင်သဖြင့် အာမခံလျှောက်ထားစရာ မလိုပါ။

များသောအားဖြင့် လူသတ်မှု တရားခံများကိုလည်း အာမခံပေးလေ့မရှိပေ။

ပြီးတော့. . .

ရှင်းသန့်စင်မှာ အကယ်၍ အာမခံရလျှင်လည်း ပြန်စရာ နေရာမရှိရှာပါ။

သည့်အတွက် အာမခံကိစ္စ ဆောင်ရွက်စရာ မလိုသည့် အတွက် တရားရုံးမှာ ရက်ချိန်းယူပြီးသည်နှင့် အချုပ်ကားပေါ် တက်ကာ အချုပ်ထောင်သို့ ပြန်လည်လိုက်ပါသွားခဲ့ရသည်။

တရားရုံးမှာ တွေ့ခွင့် စကားပြောခွင့် ရပါသော်လည်း ထောင်ထဲမှာ အချုပ်တရားခံအဖြစ်နှင့် တွေ့ရသလောက် မလွတ်လပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အမှုစကာင်စစ်ပြီဆိုလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ- ၃၄၄ အရ ဆယ့်ငါးရက်ထက်ပို၍ မချိန်းရသဖြင့် အမှုကို ဆက်တိုက်လို စစ်ဆေးသွားပေလိမ့်မည်။

အမှုမှာ ရှုပ်ထွေးခြင်းလည်း မရှိ။

တရားလိုပြသက်သေလည်း မများ။

တရားခံဘက်က သက်သေလည်း မရှိသဖြင့် အမှုစစ်ကာလသည် နှစ်နှင့်ချီ၍ ကြာမြင့်နိုင်စရာ အကြောင်းမရှိပါ။

"မမဝေ. . . ရှင်းကို လာတွေ့ဦးမှာလားဟင်"

ဟူ၍ အချုပ်ကားပေါ် တက်ခါနီးတွင် မျှော်လင့်စွာ မေးသွားရှာသော ရှင်းသန့်စင်သို့ ပြောကြားလိုက်သည့်အတိုင်း. . .

နက်ဖြန်ပင် ရှင်းနှင့် တွေ့ဆုံညှိနှိုင်းတိုင်ပင်ရန် အချုပ်ထောင်သို့ ခပ်စောစောကတည်းက ဆောင်းနှင်းဝေဝေအရောက် သွားပါမည်။

◆ ◆ ◆



"မမဝေမေးထားတဲ့ သိပ်အရေးကြီးတဲ့ မေးခွန်းကို ရှင်း မဖြေသေးဘူးနော်"

"ဟိုမိန်းမကြီးကို ဘာကြောင့် သတ်ပစ်တယ်ဆိုတာလား"

"ဟုတ်တယ်၊ အဲဒါကို ရှင်း ပြောပြသင့်လှပြီ"

"ကျွန်တော့်အမေကိုသတ်လို့ သတ်တာ"

"ဘာ"

"ရှင်းရဲ့အမေ ဒေါ်ညိုမြကိုသတ်လို့"

"ဘုရားရေ. . . ရှင်း ဘယ်လိုပြောလိုက်တာလဲ၊ ဒေါ်ညိုမြက ရှင်း သုံးရက်သားလေးကတည်းက သေသွားတာလေ"

"ဟုတ်တယ်၊ အဲဒါတွေ ပြောဖို့ မလိုအပ်တော့ဘူးထင်လို့ မပြောဖို့ ဆုံးဖြတ်ထားတာ၊ ခုတော့ မမဝေက ရှင်းလွတ်အောင်၊ မလွတ်တောင် အပြစ်ပေါ့အောင် လုပ်ပေးမယ်ဆိုလို့ ပြောတော့မှာ"

"ပြောစမ်း. . . ပြောစမ်း ရှင်း၊ မမဝေ အရမ်းကို သိချင်ပြီ"

"ကျွန်တော် ဒေါ်လှထူးပေးလိုက်တဲ့ လိပ်စာအတိုင်း ဒေါ်ခင်မိဆိုတဲ့ မိန်းမကြီးဆီကို လိုက်သွားတယ် မမဝေ. . .

. . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . .

www.burmeseclassic.com

www.burmeseclassic.com



"အို. . . ရှင်းရယ်၊ ဖြစ်မှဖြစ်ရလေ၊ ဖြစ်မှဖြစ်ရလေကွယ်"

"ဘာပဲဖြစ်ဖြစ် မင်း မမဝေနဲ့ တွေ့သင့်တယ်၊ မမဝေကို စောင့်သင့်တယ်၊ တိုင်ပင်သင့်တယ်"

"အန်တီအေးက အပြတ်ပြောလိုက်ပြီလေ"

"မမဝေဟာ အိမ်တွင်းပုန်းမိန်းမမှ မဟုတ်တာ၊ မမဝေဆီကို လိုက်လာခဲ့ပါလား၊ ဒါမှမဟုတ်လည်း မမဝေ ပြန်လာတဲ့အထိ စောင့်ပါတော့လား ရှင်းရယ်"

သည်ကောင်လေးကို အချိန်မီသာ တွေ့ခွင့်ရခဲ့လျှင် အခြေအနေသည် သည်မျှ အဆုံးစွန်အထိ ဆိုးရွားစွာ ဖြစ်သွားလိမ့်မည်မဟုတ်ပါ။

"အန်တီအေးပြောလိုက်လို့ မမဝေကို အပြီးတိုင် ဆုံးရှုံးရပြီလို့ သိလိုက်ရတော့ ကျွန်တော် အားလုံးကို အဆုံးရှုံးခံလိုက်တာပါ၊ ကျွန်တော့်အမေကိုယ်စား လက်စားချေလိုက်တာပါ"

"သိပ်မိုက်တယ်၊ ရှင်း သိပ်မိုက်တယ်ကွယ်"

"မမဝေ"

"ဟင်"

"ကျွန်တော့်မိခင်အတွက် ကျွန်တော် ကလဲ့စားချေတာပါလို့ မမဝေ လျှောက်လဲပေးပါနော်၊ ဒါဆို ရှင်း လွတ်ချင်တောင် လွတ်မှာ"

ဟိုရက်တွေကလို မဟုတ်တော့။

ရှင်းသန့်စင်၏စိတ်တွေ ပြန်လည်တက်ကြွလာသည်။

"ကလဲ့စား"



ဆိုသော တုံ့ပြန်ခြင်းကို တရားဥပဒေက ခွင့်မပြုပါပေ။

ကိုယ့်မိခင်ကိုသတ်လို့ ပြန်သတ်တာ တရားမဝင်ဘူး၊ မဆိုင်ဘူး၊ ဥပဒေက မညှာဘူးဆိုတာကို မပြောရက်။

တက်ကြွလက်စနဲ့ ရှိပါစေတော့။

သူ့မှာ မျှော်လင့်ချက်ရှိနေခြင်းက သူ့ဘဝကို အဆုံးခံတော့မည်ဆိုသော စိတ်ဓာတ်ကျခြင်းကို ချေဖျက်နေခြင်းဖြစ်သည်။

ရှင်းသန့်စင် စိတ်လှုပ်ရှားလွန်းစွာ ပြန်လာချိန်ကသာ မိမိရှိနေလျှင် သည်အဖြစ်မျိုးအထိ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါဟု ပြောရဲလေ. . .

ယူကျုံးမရစိတ်က ရင်ပွင့်မတတ် ခံစားရလေပင်။

"မမဝေ. . . ဘာငေးနေတာလဲ"

"ဩော်. . . အမှုအကြောင်း တွေးနေတာပါ"

"လွတ်အောင် လုပ်ပေးနော်၊ ဘာပဲဖြစ်ဖြစ် မမဝေက ခုလို ရှင်းရဲ့ရှေ့နေအဖြစ်နဲ့ အစစ ဆောင်ရွက်ပြီး ခုလို မကြာခဏ တွေ့ခွင့်ရနေတာကို ရှင်း တအားကျေနပ်သွားပြီ မမဝေ"

"ရှင်းရယ်"

ရှင်းသန့်စင်ကို ကြေကွဲစွာ ကြည့်လိုက်မိသည်။

သူ အလွန်ချစ်မြတ်နိုးစွာ အထင်ဘကြီးလှသော သူ၏ မမဝေသည် သူ၏အမှုကြီးကို လွတ်မြောက်အောင် စွမ်းဆောင်ပေးနိုင်သည့် တန်ခိုးတော်ရှင်မအဖြစ် သူအထင်ကြီးနေရှာလေ ဆောင်းနှင်းဝေဝေက ရင်နာရလေပင်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မိဆိုသော မိန်းမကြီးလည်း ယနေ့အထိ လာရောက်မဆက်သွယ်ပါ။ သူလည်း ကြားပြီးလောက်ပါပြီ။

ဆောင်းနှင်းဝေဝေလည်း သူ့ကို ရှာစရာမလိုပါ။

ဒေါ်ညိုမှာကို သတ်လို့ဆိုသော အနှစ်နှစ်ဆယ်ခန့်က ဇာတ်လမ်းကို တရားခွင်မှာ တင်ပြလို့လည်း ရှင်းသန့်စင်အတွက် အကျိုးရှိစရာမမြင်။

သူ့အမေကိုသတ်လို့ ပြန်သတ်တာဟု တင်ပြမိလျှင် 'တင်ကူးကြံရွယ်ချက်' ရှိကြောင်းပင် ပို၍ ပေါ်လွင်မည်ဖြစ်သည့်အတွက် ဤဇာတ်လမ်းကို ထိမ်ချန့်မြုပ်ကွယ်ထားလိုက်ပေတော့မည်။

"မမဝေ နောက်တစ်ခါလာရင် ရှင်းအခန်းထဲက အင်္ကျီသုံးထည်နဲ့ ပုဆိုးနှစ်ထည်လောက် ယူခဲ့ပေးပါ"

"လိုတယ်ဆိုရင် မမဝေ ဝယ်ခဲ့ပါ့မယ် အဲဒီဆွယ်တာ ယူတုန်းက ကိုကိုထွဋ်နဲ့ အဆင်ပြေသေးတယ်လေ။ အခု သူမရှိတော့ဘူး၊ ပြန်သွားပြီ"

"ဟုတ်လား"

"ထိပ်ထားစိုးကလည်း ခုမှရောက်လာပြီး အမွေလိုချင်တဲ့စကား ပြောလို့ ကိုကိုထွဋ်က တိုက်ကြီးကို ချိပ်ပိတ်ထားလိုက်တယ်"

"ဟုတ်လား၊ ဒါဖြင့် နေပစေ၊ ဝတ်စရာရှိပါတယ်၊ အို... ဘာမှမရှိလည်း ဒီဆွယ်တာလေး ဝတ်ထားရရင်ကို မမဝေရဲ့ မေတ္တာငွေ့လေးတွေနဲ့ နွေးနေပါတယ်ဗျာ"



အရင်တုန်းကလိုပင် အပြစ်ကင်းစင်သော အပြုံးများကို ရှင်းသန့်စင်၏ မျက်နှာပြင်တွင် ကြည်လင်စွာ ပြန်လည်မြင်တွေ့လိုက်ရသည်။

"မမဝေ ပြန်မယ် ရှင်း"

"နေပါဦးလားဗျာ"

"အမှုကိစ္စအတွက် မမဝေရဲ့ ချိန်ဘာမာစတာ (Chamber Master)နဲ့ ချိန်းထားတယ်၊ ဆရာ့ကို တင်ပြတိုင်ပင်စရာတွေ ရှိသေးလို့ပါ"

"ဒါဖြင့်လည်း ပြန်ပါ၊ သိပ်မကြာခင် လာခဲ့ပါဦးနော်၊ ဒီတစ်ခါလာရင် ဒံပေါက်ဝယ်ခဲ့ပါနော် မမဝေ၊ ဩော်... ဘီစကွတ်မုန့်လည်း နှစ်ထုပ်လောက်"

"ဝယ်ခဲ့ပါ့မယ်ကွယ်"

"ဘော်ဒါ ကျောင်းသားလေးတစ်ယောက်က အုပ်ထိန်းသူကို မှာနေသလိုပါပဲလား"

"ရှင်းရဲ့အမှုဟာ မလွယ်ဘူးဆိုတာကို ရှင်းမသိပေမယ့် မမဝေ သိနေတယ် မောင်လေးရယ်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၁ ။

ရက်. . . . လ. . . . ခုနှစ်က
ဤသတင်းစာတွင် ပါရှိသော
ကျွန်တော် ကျွန်မတို့၏
စေ့စပ်ကြောင်းလမ်းခြင်းကို
အကြောင်း မညီညွတ်သည့်အတွက်
နှစ်ဦးသဘောတူ ဖျက်သိမ်း
လိုက်ပါကြောင်း။

ဒေါက်တာထွန်းထိပ်စိုး
ဆောင်းနှင်းဝေဝေ

ဖေဖေဦးငြိမ်းဝေက မျက်နှာမကောင်းရုံ။ မေမေ သတင်းစာကို ဆုတ်ခြေဆောင့်ချလိုက်ရင်း. . .

“တစ်သက်လုံး ဂုဏ်နဲ့ သိက္ခာနဲ့ နေလာတာ၊ ခုတော့ သမီးမိုက်တစ်ယောက်ကြောင့် အရှက်ကို ဟက်တက်ကွဲပြီး



မေးကြတော့မယ်၊ ဘာဖြစ်ကြလို့လဲလို့၊ ကျုပ်ဘယ်လိုဖြေရမှာလဲ ဆောင်းနှင်းဝေရဲ့”

မေမေ ဒေါ်အေးမြင့်ရီ မျက်ရည်ကျ၏။

ဦးငြိမ်းဝေက သားအမိနှစ်ယောက်နားမှ ထသွားတော့သည်။

မျက်စိမျက်နှာပျက်နေသော ဖခင်ကြီးနှင့် မျက်ရည်ကျနေသော မိခင်ကြီးကိုကြည့်ပြီး. . .

“ငါမှားသွားပြီလား”

ဆိုသော သံသယ နောင်တကြောင့် ရင်မှာ ပူလောင်တင်းကျပ်လာသည်။

“မငိုပါနဲ့ မေမေရယ်။ သမီးကို ပေးချင်တဲ့အပြစ်ပေးပါ။ စွန့်လွှတ်မယ်ဆိုရင်လည်း စွန့်လွှတ်လိုက်ပါ၊ မေမေတော့ မငိုပါနဲ့”

“မိဘ အစွန့်လွှတ်ခံနိုင်လောက်အောင် ဒီကောင့်အတွက် သတ္တိတွေရှိနေတယ်ပေါ့ ဟုတ်လား”

“မဟုတ်ပါဘူး မေမေ၊ ဒီကောင်လေးဟာ ကျိန်းသေ ထောင်ကျမှာပါ၊ သူ့အတွက် သမီး စွန့်စားပြစရာ အကြောင်းမရှိပါဘူး၊ ခုဟာက. . . ခုဟာက. . .”

“ဘာဖြစ်လဲ”

“ကိုကိုထွန်း လွန်တာပါ”

“ဘာ. . .”

“သမီးကို စွန့်လွှတ်ပါတယ်လို့ နှစ်ယောက်ချင်း ပြောပြီးသား ကိစ္စပါ၊ မဖျက်သိမ်းပါနဲ့လို့လည်း သမီးလိုက်ပြောမှာမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ၊ ခုလို လူသိရှင်ကြား ကြော်ငြာတာတော့ ကိုထွ
က ရိုင်းပျလွန်းပါတယ်"

"အေး. . . ဒါတောင် တို့မျက်နှာကိုထောက်ပြီး နှ
သဘောတူ ဖျက်သိမ်းတာပါလို့ ကြော်ငြာတာနေမှာ၊ သူ့ဘ
ချည်း ကြော်ငြာရင် ညည်းဘာဖြစ်သွားမယ်မှတ်လဲ"

"သမီးသိပါတယ်၊ ဒီအတွက် သမီး ဘာလုပ်ပေးရ
မေမေ"

"ဘာလုပ်ပေးလို့ရမှာလဲ၊ အစောကြီးက ကြိုပြီး ဖအေ
ကိုယ်တိုင် တောင်းပန်တာတောင် လုပ်ဖြစ်အောင် လုပ်တဲ့
ပဲ၊ ဆက်မိုက်ပေါ့၊ ဒါပဲရှိတယ်"

ဒေါ်အေးမြင့်ရီက ကုလားထိုင်ပေါ်မှ ဆောင့်ထလိုက်
အိပ်ခန်းထဲသို့ ဝင်သွားတော့သည်။

"လုပ်ရက်လိုက်တာ ကိုကိုထွန်းရယ်"

"ရှင်းသန့်စင်အတွက် ကူညီမိလို့ နှင်းဝေကို စွန့်ပစ်
တော့ ထားပါတော့၊ ခုလို လူသိရှင်ကြား အရှက်ခွဲလိုက်တာ
ကိုကိုထွန်း ရက်စက်လွန်းလှပါတယ်"

ထွန်းထိပ်စိုးနှင့် ဆောင်းနှင်းဝေဝေတို့ အကြားမှာ အနည်
ငယ်သော ခင်တွယ်မှု သံယောဇဉ်မှလွဲပြီး. . .

"ချစ်ခြင်းမေတ္တာ"မပါရှိဘဲ တည်ဆောက်တော့မ
အိမ်ထောင်ရေးမှ ပြိုလွယ်၊ ပျက်စီးလွယ်ခြင်း ဖြစ်ပါလိမ့်မည်

ကိုကိုထွန်း စွန့်ပစ်လိုက်သည်ကို ရင်ထဲမှာ ထိခိုက်ခြ
မရှိလှသော်လည်း. . .



"မိဘများ၏မျက်ရည်" သည် ချော်ရည်ပူများအဖြစ် ဓာတ်
ကြောင်းကာ မိမိ၏ နှလုံးသားပေါ်သို့ စီးဆင်းဖုံးလွှမ်းသွားသလို
ခံစားရပါကြောင်း ဆောင်းနှင်းဝေဝေ ကျမ်းကိုင်၍ ပြောရဲ
ပါသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၂

"ဤအမှုတွင်"
"ဤအမှုတွင်"
"မှန်ရာကို ထွက်ဆိုပါမည်"
"မှန်ရာကို ထွက်ဆိုပါမည်"
"မုသား မထွက်ဆိုပါဟု"
"မုသား မထွက်ဆိုပါဟု"
"ကျမ်းကျိန် ကတိပြုပါသည်"
"ကျမ်းကျိန် ကတိပြုပါသည်"

ကျမ်းထုပ်ကိုကိုင်၍ ရှေ့ကချပေးသမျှ လိုက်ဆိုနေသော တရားလိုပြ သက်သေ ၂ ဒေါ်လှထူး။

ဥပဒေ အရာရှိများနှင့် တရားလို အစိုးရရှေ့နေ၏ မေးမြန်းချက်များကို ဖြေကြားရာတွင်. . .

"အခု ရုံးပေါ်မှာရှိနေတဲ့ တရားခံကို သိပါသလား"

"သိပါတယ်၊ ကျွန်မတို့ တစ်အိမ်တည်း နေလာကြတာပါ"

"အခင်းဖြစ်တဲ့နေ့က သူ့ကို ဘယ်လိုစပြီး တွေ့ရသလဲ"



"ဟုတ်ကဲ့. . . သူ့ အပြင်ကပြန်လာပြီး အမူအရာတွေ ပျက်နေပါတယ်"

"ဘယ်လိုပျက်တာလဲ"

"ခါတိုင်းလို အေးအေးဆေးဆေးမရှိဘဲ ကမူးရှူးထိုး [illegible]စ်နဲ့ပါ၊ ချွေးတွေသံတွေလည်း ရွှဲနေပါတယ်"

"သူက ဘာပြောသလဲ"

"ဟိုမိန်းမကြီးကောလို့ မေးပါတယ်"

"ဟိုမိန်းမကြီးဆိုတာ ဘယ်သူ့ကို ရည်ညွှန်းတာလဲ"

"ဒေါ်တင်တင်စောကိုပါ"

"သူ ဒီလိုပဲ ခေါ်သလား"

"အမြဲလို ခေါ်ပါတယ်၊ သူက သိပ်မုန်းတာ"

"ဘာကြောင့် မုန်းရတာလဲ"

"မိထွေးမို့ပါ၊ ဟိုကလည်း မျက်နှာသာ နည်းနည်းမှ မပေးပါဘူး"

"ဒါဖြင့် အရင်ကတည်းက တစ်ယောက်နဲ့တစ်ယောက် မုန်းနေကြတယ်ပေါ့"

"ဟုတ်ပါတယ်"

"ဆက်ပြောပါ"

"သူက ထပ်မေးပါတယ်၊ ဟိုမိန်းမကြီးကောလို့ ကျွန်တော် မေးနေတယ်လို့ သူက အသံကျယ်ကြီးနဲ့ မေးပါတယ်"

"ဒီတော့ ဒေါ်လှထူးက ဘာပြောလဲ"

"အပေါ်ထပ်က သူ့အခန်းထဲမှာ အိပ်နေမှာပေါ့၊ ဘာလုပ် မလို့လဲလို့ ကျွန်မက မေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့. . ."

"ဒီတော့သူက သတ်မလို့လို့ ပြောပါတယ်"

"သတ်မလို့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီအတိုင်းပဲ ပြောပါတယ်၊ ဒါပေမယ့် ကျွန်မက မယုံပါဘူး"

"ဘာဖြစ်လို့ မယုံတာလဲ"

"သူ လူသတ်ရဲမယ် မထင်လို့ပါ၊ စိတ်ဆိုးလို့ လျှောက်ပြော နေတယ်ပဲ ထင်လို့ပါ"

"ပြီးတော့ ဘာဖြစ်လဲ"

"ကျွန်မက ကောင်လေး ဘာဖြစ်နေတာလဲ၊ ချွေးတွေ သံတွေနဲ့၊ သွား အဝတ်အစား သွားလဲပြီး နားလိုက်ဦးလို့ ပြောပါတယ်"

"ဒီတော့ သူက ဘာပြန်ပြောလဲ"

"ဘာမှ မပြောပါဘူး၊ ကျွန်မလည်း ရေချိုးဆူလို့ ခတ်ဘူးထဲ ထည့်ပါတယ်၊ သူ့ကို မကြည့်မိတော့ပါဘူး"

ဤနေရာ ရောက်သည်အထိ တရားခွင်တစ်ခုလုံး ငြိမ်သက်နေကြသည်။ တရားသူကြီးအနီးမှ လက်နှိပ်စက် ရိုက်သူက တရားလိုပြသက်သေ၏ ထွက်ဆိုချက်များကို လက်နှိပ်စက်ရိုက်နေလေသည်။

တရားခံ၏ရှေ့နေ ဆောင်းနှင်းဝေဝေသည် တရားခွင် အတွေ့အကြုံမရှိလှသေးပါဘဲနှင့် အမှုကြီးကို တက်ကိုင်နေရ၍ တရားရုံး တရားသူကြီးနှင့် ဥပဒေအရာရှိတို့၏ အရှိန်အဝါတို့ လန့်ကြောက် ချောက်ချားရသည်ထက်. . .



တရားခံ၏ နှလုံးသားနှင့် ရှေ့နေမလေး၏ နှလုံးသားတို့ ချင်း နားလည်စွာဖြင့် ပြိုင်တူထပ်တူ ခံစားနေရ၍ နှလုံးခုန်နှုန်း အဆမတန် မြန်ရုံမက. . .

ကိုင်ထားသော စာရွက်စာတမ်းများကို မနည်းမြဲမြဲအောင် ကိုင်ဆုပ်ထားသည့်တိုင် လက်တို့က တဆတ်ဆတ် ခုန်နေ၍ စာရွက်ကို တဖျပ်ဖျပ် လွင့်နေသည်။

တရားခံသည် သူ၏ဝက်ခြံစည်းရိုးလေးအတွင်းကနေပြီး ဆောင်းနှင်းဝေဝေ ရှိရာသို့သာ အားငယ်သော မျက်လုံးလေး များနှင့် အားကိုးတကြီး လိုက်ကြည့်နေသည်။

တရားခံ ရှင်းသန့်စင်သည် တရားရုံးမှာ ပြောဆိုနေကြ သည်ကိုလည်း ကြားဟန်မတူ၊ တရားရုံးခန်းတွင်းရှိ သက်ရှိ သက်မဲ့ အားလုံး ပျောက်ဆုံးကာ. . .

သူ၏အမြင်မှာ ဆောင်းနှင်းဝေဝေ တစ်ယောက်တည်း သာ ရှိပေလိမ့်မည်။

စစ်ချက် ထွက်ဆိုချက်များကို ဆက်လက် ကြားနာနေ သည်။

အမှု၏ အရေးအကြီးဆုံး အထွတ်ထိပ်ပိုင်းသို့ ရောက် သာပြီ။

"ဒေါ်လှထူး၊ ဒီနောက် ဘာတွေဆက်ဖြစ်တယ်ဆိုတာ ပြောပါ"

"ကျွန်မလည်း သူ့ကို နောက်ထပ် မကြည့်တော့ပါဘူး၊ ခတ်ဘူးထဲ ရေချိုးထည့်ပြီး ထမင်းစားခန်းဘက် သွားထား

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ပြန်လာတော့ ရှင်းသန့်စင်ကို မမြင်ရတော့ပါဘူး၊ ဓားနှစ်ချောင်းကို စားပွဲပေါ်မှာ တွေ့ရပါတယ်၊ အကြီးဆုံးဓားကို သူယူသွားပါတယ်"

"အကြီးဆုံးဓားဆိုတော့ ပိုပြီး ထိရောက်အောင် မြန်မြန် သေစေနိုင်အောင် ရွေးသွားတယ်လို့ ဆိုချင်တာလား"

ဒေါ်လှထူး မဖြေမီ ဆောင်းနှင်းဝေဝေက ဖျတ်လတ်စွာ ထလျက်. . .

"တရားသူကြီးမင်းရှင့်၊ ဒီမေးခွန်းကို ကန့်ကွက်ပါတယ်"

တရားသူကြီးက ရှေ့နေမ အသစ်စက်စက်ကလေးကို သက်ညှာသလိုကြည့်နေ၍. . .

"တရားလို အကျိုးဆောင်ဟာ သက်သေဆီက သူလိုချင်တဲ့ အဖြေကိုရအောင် ဦးဆောင်ပြီး နိမိတ်ပြမေးခွန်း မေးနေပါတယ်"

"ကန့်ကွက်ချက်ကို လက်ခံတယ်၊ တရားလို အကျိုးဆောင်က မေးခွန်းကို ပြင်မေးပါ"

"ဟုတ်ကဲ့ခင်ဗျား"

တရားလို၊ တရားခံ အကျိုးဆောင်နှစ်ယောက်လုံး စင်မြင့်ပေါ်မှ တရားသူကြီးကို ခေါင်းလေး မသိမသာညွတ်၍ လေးစားပြလိုက်ကြသည်။

"မီးဖိုထဲက ဓားထိုးစိုက်ထားတဲ့နေရာမှာ ဓား ဘယ်နှစ်ချောင်းရှိသလဲ"

"သုံးချောင်းထားပါတယ်"



"အဲဒီထဲက တစ်ချောင်း ပျောက်သွားတယ်ဆိုပါတော့"

"မှန်ပါတယ်"

"အဲဒီဓားဟာ ဟောဟိုက စားပွဲပေါ်မှာ တင်ထားတဲ့ ဓား ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ဒေါ်လှထူး"

ဆောင်းနှင်းဝေဝေက ကျူးအော်လိုက်မိသလို အသံက ကျယ်သွားသည်။

"ကန့်ကွက်စရာ မေးခွန်းမဟုတ်ရင် တရားလို အကျိုးဆောင် မေးပြီးမှ သီးခြားမေးပါ"

"ကောင်းပါပြီ တရားသူကြီးမင်းရှင့်"

"တဲ. . . ဒေါ်လှထူး၊ နောက်ထပ် ဘာတွေကြားသလဲ ဆိုတာ ဆက်ပြောပါ"

"ဓားနှစ်ချောင်း စားပွဲပေါ်မှာ ဖရိုဖရဲကျနေတာ ကြည့်ပြီး ကျွန်မ နည်းနည်း စိတ်ထင့်သွားပါတယ်၊ ဒါနဲ့ ကောင်လေး ဘယ်ရောက်သွားလဲလို့ မီးဖိုထဲက ထွက်ကြည့်ပါတယ်"

"ကောင်လေးဆိုတာ အခုမြင်နေရတဲ့ တရားခံ ရှင်းသန့်စင်လား"

"မှန်ပါတယ်"

"ဆက်ပြောပါ"

"ဒါနဲ့ ကျွန်မလည်း ဟိုကြည့် ဒီကြည့် လုပ်နေတုန်း အပေါ်က ညည်းသံလိုလို အသံဗလုံးဗထွေး ကြားတာနဲ့ အပေါ် တက်ခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ လှေကားထိပ်မှာရပ်နေတုန်း ကောင်လေးက ဒေါ်တင်တင်စောရဲ့ ခန်းထဲက ထွက်လာပါတယ်"

"ဒေါ်တင်တင်စောရဲ့ အခန်းလို့ အသေအချာ သိသလား"

"သိပါတယ်၊ ကျွန်မ နေ့တိုင်း အခန်းဝင်ရှင်းနေကျပါ"

"ဟုတ်ပြီ၊ ဆက်ပြောပါ"

"ထွက်လာတဲ့ ရှင်းသန့်စင်ရဲ့လက်နဲ့ အကျီရင်ဘတ်တွေမှာ သွေးတွေရဲနေတာပဲ၊ ဒါနဲ့ ကျွန်မလည်း 'ဟဲ့'လို့ တစ်ချက်အော်ပြီး အခန်းထဲဝင်ဖို့ သွားပါတယ်၊ သူက ကျွန်မဘေးက ဖြတ်ပြီး အောက်ကိုဆင်းသွားပါတယ်၊ အခန်းတံခါးကို ဖွင့်လိုက်တော့ ဟိုမှာ ပြထားတဲ့ ဓာတ်ပုံထဲကအတိုင်းပါပဲရှင်၊ ဒေါ်တင်တင်စော ရင်ဘတ်မှာ ဓားကြီးတန်းလန်းစိုက်ပြီး သွေးတွေအိုင်ထွန်းနေပါတယ်"

"ဒါနဲ့ ကျွန်မလည်း အပြင်ပြန်ပြေးထွက်လာပြီး အမယ်လေး. . . လာကြပါဦးလို့ အသံကုန် ကျူးအော်တော့တာပါပဲရှင်"

သည့်နောက် တရားလို၏ မေးခွန်းသုံးလေးခုကို ဒေါ်လှထူးက ဆက်လက်ဖြေကြားသည်။

အမှန်က ဒေါ်လှထူးအော်သံကြောင့် ရောက်လာကြသူများထဲတွင် ဒေါ်အေးမြင့်ရီလည်း ပါသည်။

တစ်ခြံကျော်နှင့် မျက်နှာချင်းဆိုင် ခြံတို့မှလည်း ပါသည်။

အခြေအနေအရ၊ လူမှုရေးပြဿနာများအရ မေမေ ဒေါ်အေးမြင့်ရီကို သက်သေစာရင်းထဲမှာ ထည့်သွင်းမထားပါ။



ဦးတက်ထွန်း(လိုပြ ၃)နှင့် မောင်ဝင်းမြင့်(လိုပြ ၄)တို့ကို စစ်ဆေးသည့်အခါမှာတော့ ဒေါ်လှထူးလို အစိကမကျတော့ပေ။

အလောင်းကို ဘယ်ပုံဘယ်နည်း တွေ့ကြသည်။

ခြံထောက်မှာ ထိုင်နေသော ရှင်းသန့်စင်ကို ဘယ်လို တွေ့ကြရသည်။

ရဲတို့ရောက်လာသည့်အခါမှာ အသာတကြည် အဖမ်းခံသည်ဟူသော ထွက်ဆိုချက်များဖြစ်၍ အမှုအတွက် အရေးအကြီးဆုံး စကားရပ်များ ဖြစ်မလာ။

ရဲစခန်းရောက်စက. . .

"ကျွန်တော် သတ်လိုက်တယ်"

ဟု ဝန်ခံလိုက်သော်လည်း ရဲရှေ့မှာ ဝန်ခံရုံဖြင့် တရားမဝင်၊ ဖြောင့်ဆိုချက် မမြောက်။

တရားသူကြီးတစ်ဦးဦးကိုခေါ်ပြီး ဖြောင့်ဆိုဝန်ခံချက်ပေးမှ တရားဝင်ဖြောင့်ချက်ဖြစ်သည်။

တရားခံဖြောင့်ချက်ပေးရန် စီစဉ်တော့ ရှင်းသန့်စင်က ခေါင်းမာစွာ. . .

"ကျွန်တော် ဘာမှမပြောချင်ဘူး"

"ကျွန်တော် သေပါရစေ"

"ကျွန်တော့်ကို သတ်လိုက်ကြပါ"

ဟူသော စကားထက် ဘာမှ ပိုမေး၍မရသဖြင့် တရားသူကြီးကိုလည်း မခေါ်ဖြစ်။

သည့်အတွက်ကြောင့် ဆောင်းနှင်းဝေဝေ မျှော်လင့်စွာ လိုက်ပါဆောင်ရွက်နေခြင်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနှင်းဝေဝေမှာ တရားခံ၏ အကျိုးဆောင်ရှေ့နေ မလေးအဖြစ်နှင့် ဒေါ်လှထူးကို ပြန်စစ်မေးခွင့်ရသည်။

ဤအမှုအတွက် နှုတ်ဖြင့်လည်း လျှောက်လဲချက်ပေး သည်။ စာဖြင့်လည်း ထိုလျှောက်လဲချက်ကို တင်လိုက်သည်။

ဆောင်းနှင်းဝေဝေ အဓိကထားသည့်အချက်မှာ. . .

မီးဖိုချောင်လုပ်သားတစ်ယောက်အနေနှင့် ဓား၊ ဇွန်း ယောက်မ စသည်တို့မှာ အမြဲသုံးစွဲနေသော ပစ္စည်းများဖြစ်၍ နေရာတကျ ထားဖြစ်ချင်မှ ထားဖြစ်မည်။

ဓားနှစ်ချောင်းက ဒေါ်လှထူး မသိမ်းမိတာ ဖြစ်နိုင်သည်။

ရှင်းသန့်စင် ဓားကိုင်၍ ဒေါ်တင်တင်စော၏ အခန်းထဲ ဝင်သွားခြင်းမှာ ခြိမ်းခြောက်ရန်ဖြစ်သည်။

ရှင်းသန့်စင်ဟာ လူသတ်ရဲလောက်အောင် သတ္တိမရှိ ပါဘူး။ ဒါကို ဒေါ်လှထူး (လိုပြ ၂)ရဲ့ ထွက်ချက်ထဲမှာ. . .

"သူ လူသတ်ရဲမယ် မထင်လို့ပါ၊ စိတ်ဆိုးလို့ လျှောက်ပြော နေတယ်ပဲ ထင်လို့ပါ"

လို့ ပါရှိပါတယ်။

တကယ်လည်း ကျွန်မရဲ့ တရားခံဟာ လူသတ်ရဲလောက် အောင် ရက်စက်ကြမ်းကြုတ်သူမျိုး မဟုတ်ပါဘူး။

အစကလည်း ဘယ်တုန်းက ဘာပြစ်မှုမှ မရှိခဲ့တဲ့သူပါ။

သူဟာ မိထွေးဆူလို့ စိတ်နာလွန်းလို့ ဓားကိုင်ဝင်သွားပြီး ခြိမ်းခြောက်မိလို့ ဒေါ်တင်တင်စောနှင့် လုံးထွေးရာက မတော် တဆ စိုက်ဝင်သွားတာ ဖြစ်နိုင်ပါကြောင်း။



အထူးသဖြင့် သူမှာ. . .

"တင်ကူးကြံရွယ်ချက်" မရှိပါကြောင်း၊ ရုတ်တရက် ဖြစ်ပေါ်လာသော အခြေအနေအရ ဒေါ်တင်တင်စော သေဆုံး သွားရခြင်း ဖြစ်ပါကြောင်း. . .

◆ ◆ ◆

ဓားသုံးချောင်းအနက် အကြီးဆုံးဓားကို ရွေးသည် ဆိုလျှင်. . .

တင်ကူး ကြံရွယ်ချက် မြောက်ရုံမက တရားခံသည် ထိုသူ အား သေစေရန် အကြံ သို့မဟုတ် ဖြစ်တတ်သော သဘောအရ၊ အမှန်အားဖြင့် သေစေလောက်သော ဒဏ်ရာဖြစ်စေရန် အကြံ ရှိခြင်း။

ဆိုသော ပုဒ်မ ၃၀၂ (၂) အရ အကျုံးမဝင်အောင် နည်း ပရိယာယ် အမျိုးမျိုး၊ ကိုးကားချက် အမျိုးမျိုးဖြင့် လျှောက်လဲ ရုံမက. . .

ရှင်းသန့်စင်အား ပုဒ်မ ၃၀၂ (၁) (ခ)ဖြင့် စွဲချက်မတင် ပါရန် ဆောင်းနှင်းဝေဝေသည် ဆရာသမားများအား ဆွေးနွေး တင်ပြ အကြံဉာဏ်တောင်းခံခြင်း။

အချက်အလက်များ စုဆောင်းခြင်း။

အဓိကတရားခံ ဒေါ်လှထူး၏ ထွက်ဆိုချက်များကို နိုင် သမျှ ရအောင် လိုက်လံချေဖျက်ခြင်း စသော. . .

www.burmeseclassic.com

www.burmeseclassic.com



အမှုကိစ္စများကို နေ့မအား ညမအား နေပူမရှောင် မိုး မရှောင် တပင်တပန်း ကြိုးစားအားထုတ်နေသဖြင့်. . .

ဆောင်းနှင်းဝေဝေအတွက် မိဘမှအစ တစ်လောက ခေတ္တပျောက်ဆုံးစေကာ ရှင်းသန့်စင်မှ ရှင်းသန့်စင်အဖြစ် အသေအလဲ ကြိုးစားနေသည်။

တစ်ဖက်ကလည်း ဗေဒင်မေးခြင်း၊ ယကြာချခြ ရှင်း၏ ဗုဒ္ဓဟူးနေ့ မွေးနေ့တိုင်းမှာ ငါးလွှတ်ခြင်း၊ စာကလေး လွှတ်ခြင်း၊ သက်စေ့ဆွမ်း၊ ရေချမ်း၊ ဆီမီးကပ်လှူ ပူဇော်ခြ စသော ဆောင်ရွက်ချက်များလည်း မလစ်ဟင်းစေရပါ။

တရားဥပဒေ ရှုထောင့်မှ ကြည့်လျှင် အလွန်အားနည် နေသော တရားခံအတွက်. . .

မိမိ၏ အစွမ်းကုန် ဆောင်ရွက်ချက်များ. . .

အဆုံးမဲ့ မေတ္တာစေတနာများ. . .

ကောင်းမှုကုသိုလ်ပြုပေးခြင်းများဖြင့်. . .

"တပည့်တော်မ၏ ချစ်လှစွာသော မောင်လေး ထောင်ကျချင် ကျပါစေ၊ သေဒဏ်မှ လွတ်ငြိမ်းခွင့် ရရှိ ရစေ. . . အရှင်ဘုရား"

◆ ◆ ◆

အခန်း။ ၃၃ ။

"မမဝေလည်း ရှင်းအတွက် ပင်ပန်းလှပါပြီဗျာ၊ ထောင်ထဲ ရှင်းက မပိန်ဘဲ မမဝေ ပိန်သွားလိုက်တာ"

"စိတ်ရော လူရော ပင်ပန်းသွားလို့ပါ"

"မမဝေ'

"ဟင်. . ."

"ရှင်းဘဝတော့ ဆုံးပြီမှတ်တာ၊ မမဝေနဲ့လည်း ဝေးပြီ တ်တာ၊ ခုတော့ဗျာ. . . အဟင်း. . . ဟင်း၊ ကံကြမ္မာဆိုတာ ကယ်ဆန်းကြယ်တယ်နော်"

"ဘာတွေ ဒီလောက် သဘောကျပြီး ရယ်နေတာလဲ င်းရယ်"

"မမဝေနဲ့ ရှင်းနဲ့ မဝေးတော့ဘူးဆိုတဲ့ အသိရှိတဲ့နေ့က ပြီး ရှင်းပျော်နေတာ"

"ဘာပြောတယ်"

"မမဝေ အစ်ကိုထွန်းနဲ့ ကွဲသွားပြီလေ"

"ရှင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . အဲ. . . မှားလို့ စေ့စပ်တာ ပျက်သွားပြီ သတင်းစာ ခိုးဖတ်ရတယ်၊ လာပြတဲ့ တစ်ယောက်က မင်းရဲ့ ရှေ့နေမလေးလားတဲ့"

"ကိုကိုထွန်းနဲ့ မမဝေ ကွဲတာ ရှင်းနဲ့ ဘာဆိုင်လဲ"

"မဆိုင်ဘဲ နေပါ့မလား၊ မမဝေကို ပိုင်ဆိုင်မယ့်သူမှ တာ၊ ရှင်း ထောင်ကထွက်ရင်. . ."

"တော်စမ်းရှင်း"

"မတော်ဘူးဗျာ. . . မမဝေကို သေမလောက် ချစ် ရှင်း ထောင်ကထွက်ပြီးရင် ဘယ်နည်းနဲ့မှ တခြားစီ မနေနိုင်ဘူး မမဝေကို လုံးဝမခွဲနိုင်ဘူး သိလား၊ တအားကို ချစ်တာဗျ"

"ဒီမှာ. . . ဒါ အင်းလျားကန်ပေါင်ဘေးမှာ ထိုင်နေ တာ မဟုတ်ဘူး၊ ထောင်ထဲက အချုပ်ထဲမှာ၊ ကျုပ်က ရှေ့နေ ခုလို လွတ်လွတ်လပ်လပ် တွေ့လို့ရနေတာ၊ အပိုစကား ပြောမနေနဲ့"

"ရှင်းအတွက်ကတော့ အလိုအပ်ဆုံး စကားပဲ၊ ပုဒ်မ စွဲချက်တွေ ဘာမှ နားမလည်ဘူး၊ ဒါတွေက မမဝေ လုပ်ပေး တာ၊ ရှင်းက မမဝေကိုချစ်ဖို့ အတူအမြန်နေဖို့ပဲ သိတယ်"

"လွတ်အောင် လုပ်ပေးနေတာ သနားလို့ သိလား၊ အဲ အထိ စိတ်ကူးယဉ်မနေစမ်းနဲ့ ရှင်း"

"စိတ်ကူးယဉ်တာမဟုတ်ဘူး၊ တကယ်လက်တွေ့ ကြည့်လေ၊ ရှင်း ဒုက္ခရောက်ရင် မမဝေ ရောက်လာမှာပဲ၊ ရှင်း လွတ်လာလို့ မမဝေ ရှင်းနား လာမနေနိုင်ဘူးဆိုရင် ထပ်ပြီး ဒုက္ခရောက်ပြလိုက်မှာပေါ့"



"စိတ်ညစ်ရတဲ့အထဲမှာ ရှင်းရယ်. . . ငါပဲ သေလိုက်ချင် တော့တယ်"

"ဘယ့်နှယ် သေရမှာလဲ၊ ရှင်းနဲ့ မမဝေနဲ့ နှစ်ယောက်တွဲပြီး အတူနေရမယ့်အချိန်တွေ အများကြီး ရှိသေးတဲ့ဥစ္စာ"

ပြောပုံ၊ ဆိုပုံ၊ တွေးခေါ်ပုံ၊ မျှော်လင့်ပုံတို့က အသက် ဆယ့်ကိုးနှစ်ရွယ်ထက်ပင် အိုင်ကျူ(ဉာဏ်ရည်) နိမ့်နေသေးသော ရှင်းကလေး။

ဘာမှ မသိတတ်သော ကလေးတစ်ယောက် ပစ္စည်းမဲ့ မိဘဆီက အဖိုးတန်ပစ္စည်းများ အတင်းပူဆာနေသလို ဖြစ်နေပြီ။

"မမဝေ"

"ဘာလဲ"

"ထောင်ပိုင်တွေ ဝါဒါတွေကလည်း တအား သဘော ကောင်းတာ၊ ရှင်းကိုလည်း ခင်နေကြပြီ၊ သူတို့က စ,တယ်. . . ခင်းရဲ့ ရှေ့နေမလေးက သိပ်လှတယ်ကွလို့ အမြဲပြောနေလို့ ရှင်းက အပြတ်ကို ပြောပစ်လိုက်ပြီ"

"ဘာအပြတ်လဲ"

"အဲဒါ ကျွန်တော့်ချစ်သူ မမဗျ. . . လို့"

သည်လောက် အရေးကြီးနေတဲ့အချိန်မှာ သည်လိုဖြစ်နေ သည့်အတွက် ရှင်းကို စိတ်ကုန်ချင်လာသည်။

"မမဝေ စိတ်ဆိုးသွားလားဟင်"

"ကလေးလို လျှောက်တွေးပြီး လျှောက်ပြောမနေစမ်းနဲ့ ရှင်း၊ ဒီအချိန်ဟာ သိပ်အရေးကြီးနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပူမနေပါနဲ့၊ လွတ်မှာပါ"

"ဘာ. . ."

"ရှင်းကိုစစ်တော့ မမဝေ သင်ထားတဲ့အတိုင်း ပြောပြီးပြီလေ၊ သွားခြိမ်းခြောက်တာ၊ အဲဒီမိန်းမကြီးက မားကိုဝင်လုလို့ ရှန်းရင်းကန်ရင်း ထိုးစိုက်သွားတာပါလို့"

"အဲဒီလို ထွက်တိုင်း တရားသူကြီးက ယုံပြီလို့ မမှတ်ရဘူး ရှင်း၊ အခု 'စွဲချက်' တင်လိုက်တဲ့ ပုဒ်မက မမဝေကြောက်တဲ့ ပုဒ်မပဲ၊ ဒါပေမယ့် အဲဒီပုဒ်မနဲ့ စွဲချက်မတင်သင့်ပါကြောင်းတော့ မမဝေ အစွမ်းကုန် ချေဖျက်ထားပါတယ်"

"ပူမနေပါနဲ့ မမဝေရာ၊ မမဝေရဲ့ မေတ္တာ စေတနာနဲ့ဆို ရှင်း လွတ်မှာပါ၊ ရှင်း လွတ်လာရင် မမဝေက ရှင်းကို လက်ခံနိုင်မှာလား. . . ဟင်"

"ဒီစကားတွေကို တကယ်လွတ်ပြီးမှ ပြောစမ်း ရှင်း"

ဟန့်တားလိုက်တော့လည်း ငြိမ်၍သွားရှာသား။

ရှင်း လွတ်မြောက်လာချိန်မှာ. . .

ရှင်းနှင့် မိမိ၏ဘဝ တကယ်ပဲ ပေါင်းဖြစ်မှာလားဟူ၍ ဆောင်းနှင်းဝေဝေ ကိုယ်တိုင် မဖြေနိုင်သေးပေ။

ဆောင်းနှင်းဝေဝေ၏ အသိပညာဖြင့် သည်ကောင်လေး မျိုးကို ဘယ်နည်းနှင့်မှ လက်ခံနိုင်စရာမရှိဟု ယူဆရပါသော် လည်း. . .

ယခုပဲကြည့်. . .



တစ်ဘဝတာ အားကိုးထိုက်သော ခင်ပွန်းသည်လောင်း တစ်ယောက်၏ စွန့်ပစ်မှုကိုလည်း ရဲဝံ့စွာ ခံယူခဲ့သည်။

ဖခင်၏ တားမြစ်မှု၊ မိခင်၏ မျက်ရည်တို့ကိုလည်း ကျော်လွှားကာ ရှင်းသန့်စင်မှ ရှင်းသန့်စင် ဖြစ်နေသော မိမိ သည်. . .

အကယ်၍ ရှင်းသန့်စင် အပြစ်ခဏကျပြီး လွတ်လာ ခဲ့သော်. . .

"လက်မခံပါ"ဟု ငြင်းဆိုနိုင်သောအင်အား မိမိ၏ နှလုံး သားမှာ ရှိပါ့မလား။

ရှင်းကို ဖျတ်ခနဲ လှမ်းကြည့်မိသည်။

ကြည်နူးချမ်းမြေ့စွာ ရှိနေသော သူ့မျက်နှာလေးနှင့် သူ့မျက်ဝန်းမှာ မျှော်လင့်ခြင်း၊ ချစ်မြတ်နိုးခြင်း၊ စိတ်ချယုံကြည် ခြင်း စသော ခံစားမှုများ ခိုင်မာစွာ ကိန်းဝပ်တည်ရှိနေ၏။

"အချုပ်သားဆိုတာ ဘာအလုပ်မှလည်း မလုပ်ရတော့ အချိန်ပြည့်အားနေတယ်လေ၊ အဲဒီအချိန်ပြည့်ထက် အချိန်ပို ယူပြီး မမဝေအကြောင်းပဲ ရှင်းက စဉ်းစားနေတာ"

"သိပ်ချစ်တယ် မမဝေရယ်"

စသော စကားများကို ရွှင်ရွှင်လန်းလန်း တက်တက် ကြွကြွ ပြောကြားနေရှာသော မမဝေရဲ့မောင်လေး ရှင်း ရယ်. . .

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



သာက်မှ မရှိလို့ သံသယအကျိုးတော့ ခံစားနိုင်ကောင်းပါရဲ့၊ သာတောင်းပေါ့ကွယ်"

ဆောင်းနှင်းဝေဝေ၏ဆရာက နှစ်သိမ့်ရှာသည်။

"ကျွန်မတောင်းဆိုထားတဲ့ ပုဒ်မ ၃၀၂(၂)အရသာ အပြစ်ပေးပါစေလို့ ကျွန်မ အသေအလဲ ဆုတောင်းနေပါတယ် ဆရာယ်၊ ကျွန်မမောင်လေး ကြိုးစင်တက်ရမှာ ကြောက်လွန်းလို့ပါ"

"သေဒဏ်ဆိုတာကိုတော့ အင်မတန် စဉ်းစားပြီးမှ းဖြတ်ကြတာပါ၊ သေဒဏ်ဆိုရင် အခုစစ်နေတဲ့ တရားသူကြီးနဲ့ ပြီးဘဲ တစ်ဆင့်မြင့်တဲ့ရုံးကို တင်ပြအတည်ပြုချက် ရယူရသေး ယ်လေ၊ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့. . . ကျွန်မ သိပါတယ်ဆရာ"

"အခြေအနေက သိပ်လည်း ဆိုးဆိုးရွားရွားကြီးတော့ ဖြစ်မှာမဟုတ်ပါဘူးလေ၊ စိတ်လည်း သိပ်ပူမနေပါနဲ့"

ဆောင်းနှင်းဝေဝေ၏ သောကရုပ်ရည်ကိုကြည့်ပြီး ဆရာ အားပေးရှာသည်။

ရှင်းသန့်စင်ကတော့ ဘာမှမသိရှာ။

သူ့မမဝေကို အထင်ကြီးလွန်းစွာဖြင့် မမဝေကိုယ်တိုင် ိုက်ပေးသဖြင့် သူ လွတ်မြောက်တော့မည်ဟု ထင်နေရှာသည်။

ဆောင်းနှင်းဝေဝေ၏ နောက်ဆုံးမျှော်လင့်ချက်မှာ ပုဒ်မ ၃၀၂(၂)အရ စီရင်ဆုံးဖြတ်၍ ပြစ်ဒဏ်ချမှတ်ရန် ဖြစ်သည်။

ရာဇသတ်ကြီး စာမျက်နှာ ၁၀၇ နှင့် ၁၀၈ ၌. . .

အခန်း ။ ၃၄ ။

ရက်မှလသို့ ကူးပြောင်းကုန်လွန်လာခဲ့သည်မှာ ဆယ်လ ကျော် ကြာမြင့်ခဲ့ပါပြီ။

ရှင်းသန့်စင်၏အမှုကို စီရင်ချက်ချဖို့ ရက်သတ်မှတ် လိုက်ပြီ။

သူ၏အမှုမှာ ရှုပ်ထွေးခြင်းမရှိ။ တရားလိုပြသက်သေ လည်း နည်းသည်။

တရားခံကလည်း တစ်ယောက်တည်း။

ဆရာဝန်၏ စစ်ချက်၊ ဓာတုဗေဒဂန်၏ မှတ်ချက် သက်သေခံမား၊ သွေးစွန်းသောအကျႌ စသည်တို့လည်း ပြည့်စုံ ပြီ။

'ပြန်ခေါ်သက်သေ'လည်း မရှိ၍ အမှုကို အပြီးအပြတ် စီရင်ဖို့ရက် သတ်မှတ်နိုင်ခဲ့လေပြီ။

"ဆရာရယ်. . . ကျွန်မမောင်လေး လွတ်နိုင်ပါ့မလား"

"အင်း. . . ဒီအမှုမှာ ရှင်းသန့်စင်သတ်တယ်လို့ ထင်ရှား သလိုရှိပေမယ့် သတ်တဲ့အချိန်မှာ မျက်မြင်သက်သေ တစ်

www.burmeseclassic.com

www.burmeseclassic.com



၃၀၂(၂)သည် မည်သူမဆို အခြားအချက်မျိုး၌ လူသတ်မှု ကျူးလွန်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ ဆယ်နှစ်အထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ရှင်းလင်းချက်. . .

ပြုလုပ်မှုတစ်ခုသည် တင်ကူးကြံရွယ်သော ပြုလုပ်မှု ဖြစ်သည်၊ မဖြစ်သည်ဆိုသော အချက်မှာ အကြောင်းခြင်းရာ ပြဿနာဖြစ်သည်. . .

ဟု ဆိုထားသည့်အတွက် ရှင်းသန့်စင်သည် အနည်းဆုံး ထောင်ဒဏ်ဆယ်နှစ် အပြစ်ရရှိမည်။

တစ်သက်တစ်ကျွန်း ဖြစ်သည့်တိုင်အောင်လည်း ထောင် ထဲမှာ ကောင်းမွန်စွာနေလျှင် ဆယ့်လေးနှစ်လောက်ဆိုလျှင် လွတ်ပြီ။

ရှင်းသန့်စင် အရွယ်ကောင်းချိန်မှာ ပြင်ပပြန်ရောက်လာ ပြီး သူ့ဘဝအတွက် လှုပ်ရှားစွမ်းဆောင်ချိန် များစွာရရှိနိုင် ပါသေးသည်။

"ဘာပဲဖြစ်ဖြစ်"

"ဘာပဲဖြစ်ဖြစ်ပါ"

"သေဒဏ်ကလွတ်လျှင် တော်ပါပြီ။ လည်ပင်းကို ကြိုး ကွင်းကြီးစွပ်ပြီး အသတ်ခံရမှာ မမဝေ စိုးရိမ်လှချည်ရဲ့ မောင်လေးရယ်"

◆ ◆ ◆

## အခန်း ။ ၃၅ ။

တရားသူကြီးသည် အမှုဖြစ်စဉ်အကျဉ်းကို ရှည်လျားစွာ ဖတ်ကြားသည်။

တရားလိုပြသက်သေ ဒေါ်လှထူး၏ အစစ်ခံထားမှုကို အဓိကထား၍ ဖတ်ကြားနေသည်။

ဓားသုံးချောင်းရှိသည့်အနက် အကြီးဆုံးဓားကို ယူဆောင် သွားခြင်းမှာ သေစေလိုသော ဆန္ဒဖြင့် ရွေးယူသည်ဟု ယူဆနိုင် ကြောင်း ဖတ်ကြားချိန်မှာ ရှင်းသန့်စင်ကို ဆောင်းနှင်းဝေဝေ ကြည့်လိုက်မိသည်။

သူကိုယ်တိုင် ထိုးပေးထားသော ဆွယ်တာကို ဝတ်လျက် ခါတိုင်း တရားစစ်သည့်နေ့ကကဲ့သို့ပင်. . .

ရှေ့နေမလေး၊ သူ့မမဝေလောက် ချောက်ချားခြင်းမရှိ ပါဘဲနှင့် မတ်တတ်ရပ်လျက် ဆောင်းနှင်းဝေဝေကိုပဲ လိုက်လံ စိုက်ကြည့်နေသည်။

သေသူ ဒေါ်တင်တင်စော၏ အသက်အရွယ်နှင့် ကိုယ် ခန္ဓာ အနေအထားအရ တရားခံအား ယှဉ်ပြိုင်သတ်ပုတ် နိုင်သည်ဟု ယူဆစရာ အကြောင်းမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား. . . ဘုရား"

မှုခင်းဆရာဝန် ဒေါက်တာတင်မောင်လွင်၏ မှတ်ချက်အရ လက်မောင်းနှင့် နံသားကြားမှာ တစ်ချက်၊ ဝမ်းဗိုက်မှ ဒဏ်ရာမှာလည်း မုချသေရမည့်ဒဏ်ရာ ဖြစ်သည်ဟု ဆရာဝန်က ထင်မြင်ချက် ပေးထားသည်။ နောက်ဆုံး ဓားဒဏ်ရာမှာ နှလုံးသားကို တည့်တည့်စိုက်လျက် ဓားတန်းလန်းရှိနေသည့်အတွက်. . .

သေသူအား ချက်ကောင်းနေရာတွင် ချွန်ထက်သော လက်နက်ဖြင့် သေစေလောက်သည့်ဒဏ်ရာ ရစေရန် အကြံဖြင့် ရန်မူသည်ဟု ဆိုရပါမည်။

သေသူ၏အင်္ကျီတွင် စွန်းပေနေသည့် သွေးနှင့် ဓားမှ သွေးတို့မှာ သေသူ ဒေါ်တင်တင်စော၏ သွေးအမျိုးအစားဖြစ်ကြောင်း ဓာတုဗေဒဝန်၏ ပြန်ကြားစာအရ သိရသည်။

တရားခံသည် ရဲရှေ့တွင် ဖြောင့်ချက်ပေးပြီးမှ ပြန်ရုပ်သိမ်းကာ သူခြိမ်းခြောက်သည်ကို ရန်မူရာမှ လုံးထွေး သတ်ပုတ်သည်ဟုဆိုသော်လည်း အကြောင်းခိုင်လုံစွာ တင်ပြနိုင်ခြင်းမရှိပေ။

သည့်အတွက်. . .

တရားခံသည် သေသူအား တင်ကူးကြံရွယ်ချက်ဖြင့် သေစေနိုင်သော ဓားဖြင့်. . .

ဆောင်းနှင်းဝေဝေ၏ တစ်ကိုယ်လုံး မြောက်ကြွတက်သွားသလို ခံစားလိုက်ရပြီး ဆတ်ဆတ်တုန်လာသည်။ တရားသူကြီး၏ စကားကို ကြိုးစားအားတင်း၍ ဆက်လက် နားထောင်ရသည်။



အမှုဖြစ်စဉ်နှင့် သက်သေအထောက်အထား ခိုင်လုံမှုများ၊ တရားခံဘက်မှ ချေပနိုင်မှုအားနည်းချက်များကို ဖတ်ကြားပြီး တရားသူကြီးက အသံကိုမြှင့်၍. . .

အမိန့်. . .

ဦးအောင်ကျော်စိုး၏သား တရားခံ မောင်ရှင်းသန့်စင်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ခ)အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားခံ မောင်ရှင်းသန့်စင်အား သေဒဏ်ချမှတ်လိုက်သည်။

"ဆုံးရှုံးပြီ"

ဟု သိလိုက်ရပြီးသည်နှင့် တရားခွင်တစ်ခုလုံး ဝေဝါးယိမ်းထိုးပြီး ဘာမှမမြင်ရတော့ဘဲ မည်းပြာသွားချိန်မှာ ဆောင်းနှင်းဝေဝေ၏ နားထဲသို့. . .

အံ့ဩ၊ ထိတ်သန့်၊ ကြေကွဲ၊ တုန်လှုပ် အားငယ်လွန်းသော အသံတစ်ခု စူးနစ်ကျယ်လောင်စွာ ကြားလိုက်ရသည်။

"မမဝေ"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၆ ။

ဆောင်းနှင်းပွင့်တို့ ပြန်သွားကြပြီ။

နွေ၏ တောက်ပမှုလည်း ပြယ်ခဲ့ပြီ။

မိုးစက်မိုးပွင့်တို့ ခြွေချပြီးခဲ့ပြီ။

ဤသို့ သုံးရာသီ ပြောင်းခဲ့သည်မှာပင် နှစ်ကြိမ်နှစ်ခါ ရှိခဲ့ပါပြီ။

ယခု ဆောင်းလလယ်သို့ တစ်ပတ်လည်၍ ရောက်ခဲ့ ပြန်ပါပြီ။

ဤအတောအတွင်းမှာ. . .

လွန်ခဲ့သည့်နှစ်နှစ်က အမိန့်ချမှတ်ပြီး ၇ ရက်အတွင်းမှာ အယူခံဝင်ခဲ့ပါသည်။

ကာလစည်းကမ်းသတ် ဥပဒေ၊ ပထမဇယား အပိုဒ် ၁၅၀ အရ သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ခဲ့ပါသော်လည်း. . .

ဗဟိုတရားရုံးက အယူခံကို ပယ်လိုက်သည်။



ထပ်မံကြိုးစားခြင်းအဖြစ်နှင့်. . .

ပြည်သူ့တရားသူကြီးအဖွဲ့စုံညီရုံးသို့လည်း အယူခံတက်ခဲ့ပြီးပါပြီ။

မအောင်မြင်ခဲ့ပါ။

နောက်ဆုံး. . .

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၄ နှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၂၀ အရ နိုင်ငံတော်သမ္မတထံ အသနားခံလွှာ တင်ထားခဲ့ပါသော်လည်း. . .

အမျိုးသမီးတစ်ဦးကို ဓားနှင့် သုံးချက်ထိုးပြီး ရက်စက်စွာ သတ်ထားသော လူသတ်မှုဖြစ်၍ပင် ထင်သည်။

အသနားခံလွှာကို ပယ်ချလိုက်ပြီ။

ဆောင်းနှင်းဝေဝေသည် မိမိ၏ မိုက်မဲမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်မှာ 'နောင်တ' ဖြစ်သည်။

ထိုနောင်တတရားသည် မီးကဲ့သို့ အသွင်ပြောင်းကာ အသည်းနှလုံးကို ဗဟိုပြု၍ တစ်ကိုယ်လုံးကို လောင်မြိုက်နေလေပြီ။

"ဘယ်သူနဲ့မှ မတွေ့လိုပါ"

"ကျွန်တော့်အတွက် ဘာမှ မကြိုးစားပါနဲ့"

"ကျွန်တော့်ကိုယ်ကျွန်တော် အဆုံးရှုံးခံလိုက်ပါရစေတော့ဗျာ"

ဟူ၍ ထောင်ထဲရောက်စက စိတ်ဓာတ်ကို 'ချ'လိုက်ပြီး ဘဝတစ်ခုလုံး အရှုံးပေးကာ သေခြင်းတရားကို ရင်ဆိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်စင် အသင့်ရှိနေခဲ့ဖူးသည်။

ဒါကို. . .

ဥပဒေပညာရှင်မကြီးက မိဘများ အတန်တန်တားသည့်ကြားမှ လူသည် လူတတ်မကြီးလုပ်ပြီး. . .

မောင်လေးရဲ့ဘဝကို အသစ်ပြန်တည်ဆောက်မယ်. . .

မမဝေရဲ့ အတတ်ပညာနဲ့ မောင်လေးရဲ့ အသက်ကို ကယ်ယူမယ်. . .

လို့ ကြုံးဝါးခဲ့တဲ့မိန်းမ။

စိတ်ဓာတ်ကျလက်စနဲ့ သူ့ပြစ်မှုကိုသူ ပြစ်ဒဏ်ခံရလျှင်သည့်လောက် ဆိုးစရာမရှိ။

ယခုတော့. . .

ကယ်တင်ရှင်မကြီး ရောက်လာသည့်အတွက် အားတွေတက်ပြီး သူ့အသက်ဆုံးရှုံးရဖို့ဝေးလို့ သူ့ထောင်က လွတ်တော့မယ်ဟုပင် ကလေးလေးလို ထင်မြင်ပျော်ရွှင်ကာ တက်ကြွနေရှာသော မောင်လေးရေ. . .

မိမိ၏ ဆောင်ရွက်ချက်တို့သည် ဘာမှ အရာမထင်ရုံမက. . .

ချစ်လှစွာသော မောင်လေး၏ နှလုံးသားနှင့် ကိုယ်ခန္ဓာတို့ ပို၍ နာကျင်ပင်ပန်းအောင် လုပ်လိုက်သည်နှင့် တူနေပါရောလားကွယ်။

အယူခံ အဆင့်ဆင့်ရှုံးသဖြင့် အိပ်ရာထဲမှာ လဲသွားသည်အထိ ပြင်းပြစွာ ခံစားနေရချိန်မှာ. . .



"မမဝေနဲ့ နောက်ဆုံးတွေ့ပါရစေ"

ဆိုသော သတင်းစကား ရောက်ရှိလာခဲ့သည်။

အားဆေးတစ်ပုလင်း သွင်း၊ စိတ်ငြိမ်ဆေး(valium) တစ်ပြားစားပြီး သူ့အတွက် စားစရာ အိတ်တစ်ခုကိုယူ၍ ရောက်လာခဲ့ပါပြီ။

အကြိမ်ကြိမ် ရောက်ခဲ့ဖူးသော ဤအုတ်ရိုးနီနီနှင့် ထောင်ကြီးထဲကိုဝင်ဖို့ အားအင်တို့ ကုန်ခန်းသွားသလို ခြေလှမ်းတို့က မမြဲမြံ။

အားလုံးက သိနေကြပြီဖြစ်၍ အခက်အခဲမရှိဘဲ ဝင်ခွင့်ရခဲ့ပါပြီ။

ယခင်လို အပြင်မှာ လွတ်လပ်စွာ တွေ့ခွင့်မရတော့ပါ။

ထောင်၏ အဆောင်အခန်းများစွာကို ဖြတ်သန်းပြီးသည့်အခါမှာ. . .

"ကြိုးတိုက်"

ဆိုသော သေဒဏ် ကျခံရတော့မည့်သူများကို ထားရှိသည့် သီးသန့်အကျဉ်းအကျပ်နေရာသို့ ဆောင်းနှင်းဝေဝေ ရောက်ရှိလို့လာခဲ့ပါပြီ။

"မောင်လေး. . . ရှင်းလေးရယ်"

ရင်ထဲမှ နာကျင်ကြေကွဲစွာ ခေါ်လိုက်မိသည်။

ရင်ထဲမှာသာ ငိုဖို့ အားတင်းလာခဲ့ပြီးသားမို့ မျက်ရည်မကျအောင် ထိန်းထားရပါမည်။

ရှည်မျောမျော အခန်းကျဉ်းလေးထဲမှာ ငါးမူးလုံး သံတိုင်များကို လေးလက်မခြားပြီး ခပ်စိပ်စိပ်စိုက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကြိုးတိုက်ခန်းအတွင်းသို့ အစားအစာ ပို့ပေးရသည်။ အပေါ့အလေးသွားဖို့ ပလတ်စတစ် ဂန်ဖလားတစ်လုံးက အခန်းထောင့်မှာ၊ ရေမသုံးရ။ ဖွဲပြာသုံးရန် ဖွဲပြာပုံလေး ရှိနေသည်။

သံမံတလင်းပေါ်မှာ နီးကြောဖျာ ခင်းထား၏။

ချက်ပြီးသား အစားအစာ အကုန်ယူရသော်လည်း ဒန်ချိုင့်၊ ပုလင်း၊ ကြိုး စသော သတ်သေလို့ရသော ပစ္စည်းမသွင်းရ။

တရားဥပဒေအရ သူတို့သတ်သည့်အတိုင်းသာ တရားခံက သေစေရမည်လေ။

သံတိုင်တွင်းမှ လက်လှမ်းမီသောနေရာတွင် သောက်ရေအိုးတစ်လုံး ထားပေး၏။ ကြိုးတိုက်မှာ အုတ်လှေကားသုံးဆင့် အထက်မှာ ဆောက်တည်ထားသည်။

ဆောင်းနှင်းဝေဝေ ရောက်သွားချိန်မှာ. . .

ထောင်စည်းကမ်းအရ ကြိုးသမားကို ရေချိုးထုတ်ပြီး နာရီဝက် လမ်းလျှောက်ရချိန်နှင့် တိုက်နေသဖြင့် အခန်းကျဉ်းလေး၏ အပြင်ဘက် အခန်းကျယ်၏ သံတိုင်များကြားမှာ ရှင်းသန့်စင်ကို တွေ့လိုက်ရသည်။

"မမဝေရယ်"

ကြာမြင့်စွာ ပျောက်ဆုံးနေသော မိခင်ကို ပြန်တွေ့ရသော ကလေးငယ်တစ်ယောက်လို ရှင်းသန့်စင်က လက်လှမ်းပြီး ဆီးငိုရှာသည်။



ဆောင်းနှင်းဝေဝေကို လိုက်ပို့ပေးရသော တာဝန်ကျထောင်မှူးမှာ. . .

"ရှင်းသန့်စင်၏ နောက်ဆုံးအချိန်"

ဆိုသည်ကို သိနေသည့်အပြင် ဆောင်းနှင်းဝေဝေမှာလည်း ထောင်သို့လာနေကျ ရှေ့နေမလေးဖြစ်သည့်အတွက် စိတ်ချလောက်သဖြင့် သက်ညှာစိတ်ထားလျက်. . .

ထိတွေ့နိုင်ခွင့်ပေးကာ တွေ့ဆုံစေသည်။

"မမဝေ. . . ရှင်းကို မကယ်နိုင်တော့ဘူးလားဟာ"

ဆောင်းနှင်းဝေဝေ၏ ရင်ညွန့်ဦးမှာ နဖူးကပ်၍ သိမ့်သိမ့်ခါအောင် ရှိုက်ငိုနေရှာသည်။

မျက်ရည် ကျမပြဘူး. . .

ဟူသော မာန်များ လွင့်စဉ်ကာ မျက်ရည်တို့ အဆီးတားမဲ့စွာ သွန်ကျလာသည်။

"မမဝေ"

"မမဝေရယ်"

သူ့ကို ပြန်ဖက်လိုက်မိတော့မှ သူ့ကိုယ်ပေါ်မှာ သူ၏ အမြတ်နိုးဆုံး ဆွယ်တာလေး ဝတ်လျက်ပါပဲလား။

ဆွယ်တာက အဖြူရောင်ပြယ်ကာ ညစ်ပေနေပြီ။ တံတောင်ဆစ်နေရာမှာလည်း ပြဲပေါက်နေ၏။

"သေတဲ့နေ့အထိ ဝတ်သွားမယ်"

ဆိုသော ဆောင်းနှင်းဝေဝေ၏ လက်ဆောင်လေးကို သူ ဝတ်ထားဆဲပါပဲလား။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းလေး"

သူက ရင်ခွင်မှခွာပြီး မော့ကြည့်လာသည်။

မုတ်ဆိတ်ကျင်စွယ်များနှင့် ဆံပင်က ဖရိုဖရဲဖြစ်နေသော်လည်း နုပျိုချောမွေ့လွန်းသော မျက်နှာလေးနှင့် အသက်နှစ်ဆယ့်တစ်နှစ်အရွယ်သာရှိသေးသော၊ ကျန်းမာသန်စွမ်းသော ယောက်ျားလေး။

"မောင်လေး"

"ဗျာ"

"မမဝေတို့အားလုံးကို ခဏမေ့ထားပြီး မောင်လေးနဲ့ မမဝေ အတူနေခွင့်ရခိုက်ကလေးမှာ တခြားစကားတွေ ပြောကြရအောင်နော်"

"မမဝေ"

"ဟင်"

"ကျွန်တော် အယူခံမှာ ရှုံးပြီလားဟင်"

"မသေချာသေးပါဘူး"

ကိုင်းညွှတ်ထားရာက ကိုယ်ကို ဆန့်ထုတ်လိုက်တော့ ခေါင်းတစ်လုံးနီးပါး မြင့်သွား၍ ဆောင်းနှင်းဝေဝေက အမှတ်မဲ့ သူနှင့် ထိကပ်လိုက်မိရာမှာ. . .

ဆောင်းနှင်းဝေဝေ၏ မျက်နှာက ရှင်းသန့်စင်၏လည်ပင်း နေရာမှာ ရောက်သည်။

အသက်ရှူချလိုက်တော့ သူ့လည်ပင်းလေးကို နမ်းရှိုက်လိုက်သလို ဖြစ်သွားသည်။



ဟိုး လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က. . .

လူ့ဘဝသို့ ရောက်ရှိလာသည်မှာ ရက်ပိုင်းမျှသာ ရှိသေးသော ရှင်းသန့်စင်ကို ဆောင်းနှင်းဝေဝေ ကလေးဘဝက ငုံ့၍ နမ်းခဲ့ဖူးသည်။

ထိုအချိန်မှာ ကလေးက တွန့်လိမ်၍ ခေါင်းကို လှည့်လိုက်သဖြင့် သူ့လည်ပင်းလေးကို ပထမဆုံး နမ်းရှိုက်ခဲ့ဖူးသည်။

ယခု နောက်ဆုံးအချိန်မှာလည်း သည်လည်ပင်းကလေးကို နမ်းဖြစ်သည်။

သည်လည်ပင်း. . .

ဆောင်းနှင်းဝေဝေ မြတ်နိုးစွာ နမ်းရှိုက်မိသော ဤလည်ပင်းကို မနီလာကြိုးလုံးကြီးနှင့် ကွင်းစွပ်ကာ ဒေါက်ဖြုတ်ချလိုက်ချိန်မှာ လေဟာနယ်သို့ ဝုန်းခနဲ ကျသွားပြီး ကြိုးကွင်းက လည်ပင်းကို တုပ်ဆွဲကာ. . .

"အမယ်လေး"

ဆောင်းနှင်းဝေဝေ ကျိုက်၍ အော်လိုက်သံကို သူကြား၍. . .

"ဘာ. . . ဘာဖြစ်လို့လဲဟင်"

"ခေါင်း. . . ခေါင်းထဲက ထိုးကိုက်လို့ပါ"

"နေကောင်းရဲ့လား မမဝေရယ်၊ ပိန်သွားလိုက်တာဗျာ"

ဆောင်းနှင်းဝေဝေ၏ ပါးနုနုလေးကို သူ့လက်ဝါးနှင့် တပ်ပြီး အတိုင်းမသိသော ချစ်ခြင်းမေတ္တာဖြင့်. . .

"ရှင်းရဲ့ မိုက်ပြစ်တွေကြောင့် မမဝေလည်း ပင်ပန်းလှပါပြီ ကွာ"

www.burmeseclassic.com

www.burmeseclassic.com



သူက ကြင်နာမြတ်နိုးစွာ စိုက်ကြည့်ရင်းက. . .

"ရှင်း မငိုတော့ပါဘူး မမဝေ၊ မမဝေလည်း မငိုနဲ့တော့နော်"

ပါးပြင်မှ မျက်ရည်စက်များက သူ သုတ်၍ မနိုင်လောက်အောင် ထပ်မံကျဆင်းလာတော့သည်။

"မမဝေကို ရှင်း သနားတယ်ဗျာ"

"မောင်လေးရယ်၊ မမဝေကို ဘာလို့ သနားရမှာလဲ"

"ချစ်လွန်းလို့ ဖြစ်မှာပါ"

လူချင်း ခြေတစ်လှမ်းစာလောက် ခွာလိုက်ကြသော်လည်း လက်ချင်းက တွဲဆက်ထားဆဲ။

"မမဝေ"

"ဟင်"

"ကျွန်တော် သေရမှာ အရမ်းကြောက်တာ အကြောင်းတစ်ခုတည်းပဲ ရှိပါတယ်"

ဆောင်းနှင်းဝေဝေ၏ နှလုံးသားမှာ ပြင်းပြစူးနင့်စွာ နာကျင်လာ၏။

"မမဝေနဲ့ ခွဲရမှာ ကြောက်လွန်းလို့ပါဗျာ"

ရှင်းက သက်ပြင်းကြီးကို ချလိုက်ပြီး အံကို ကြိတ်လိုက်သည်။

"ရှင်းသန့်စင်ဆိုတဲ့ ကောင်မျိုးကို ဒီလောကထဲမှာ မမဝေက လွဲပြီး ဘယ်သူကမှ အလိုမရှိကြပါဘူးလေ မငိုပါနဲ့ မမဝေရယ်၊ ရှင်းအတွက် ဒီလောက်ခံစားမပေးပါနဲ့"



"ရှင်းဘဝမှာ မမဝေဆိုတဲ့ မိန်းမတစ်ယောက်သာ ရှိမနေဘူး ဆိုရင် ရှင်း သေရဲပါတယ်ဗျာ"

"ရှင်းရယ်"

"ခုတော့ ရှင်းအပေါ်မှာ ဟိုးငယ်ငယ်လေးတည်းက ကောင်းခဲ့တဲ့ မမဝေဟာ ခုထိ မမဝေရဲ့ဘဝ အပျက်ခံပြီး ရှင်းကို ကူညီနေတာ သိရလေ ရင်ကွဲရလေပါ"

"မမဝေဟာ အလကားမိန်းမ၊ အောင်မြင်အောင် မလုပ်နိုင်တဲ့မိန်းမ"

"ဒီလိုမခံယူပါနဲ့ မမဝေ"

"တကယ်တော့ တရားဥပဒေဟာ တရားပါတယ်ဗျာ"

"ဟင်"

"ဟိုမိန်းမကြီးကို ရှင်းမိခင်ကိုယ်စား ရှင်း တကယ်သတ်ခဲ့တာပဲ"

ဆောင်းနှင်းဝေဝေက ပုံကျမတတ် ခံစားနေရလို့လား မသိ၊ ရှင်းက ပိုပြီး တည်ငြိမ်လာသည်။

"ဒီလောကမှာ ဘယ်သူ့အတွက်မှ ကောင်းကျိုးမပြုနိုင်တဲ့ကောင်၊ ဘယ်သူကမှ လက်မခံချင်တဲ့ကောင်အဖြစ်နဲ့ ရပ်တည်လာခဲ့ရတာပဲ၊ သေရမယ်ဆိုလည်း သေသင့်ပါတယ်လေ၊ ဒါပေမယ့်. . ."

အသံက တိမ်ဝင်သွားပြီးမှ. . .

"ရှင်း သိပ်မြတ်နိုးတဲ့၊ ရှင်း သိပ်ချစ်ရတဲ့ ရှင်းရဲ့ နှလုံးသည်းပွတ် မမဝေရယ်၊ မမဝေကို ခွဲသွားရမှာ တစ်ခုပဲ ရှင်း. . . ရှင်း ကြေကွဲလို့ မဆုံးနိုင်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်း"

ကွဲကွာရာမှ တအားပြန်ဖက်မိကြပြန်သည်။

နွေးထွေးသန့်မာ နူးဖျိုလက်ဆတ်တဲ့ အနွယ်လေးမှာ. . .

"သေရတော့မှာပါလား"

ဆိုသောအသံနှင့်. . .

"နောက်ဆုံးတွေ့ဆုံခြင်း"

ဆိုသော အသံတို့က နှလုံးသားတို့ ဖွင့်ခွဲလိုက်ကြပြီး အိပ်ရာထဲမှ ထလာရသော ဆောင်းနှင်းဝေဝေသည် ဇမ္ဗူတော့ မြော်တော့မလို မိုက်ပြာလာပြီး. . .

"ကဲ. . . စိတ်တင်းကြပေါ့ဗျာ၊ လူချင်းလည်း ခွာလိုက်ကြပါတော့"

တာဝန်ကျထောင်မှူးက သတိပေးတော့မှ နှစ်ယောက်သား ခွာလိုက်ကြရသည်။

တစ်ယောက်နှင့်တစ်ယောက် အကြောင်သားကြီး ကြည့်နေပြီး ဘာစကားမှ မပြောနိုင်ကြတော့ပါ။

"ဆောင်းနှင်းဝေဝေ နေမကောင်းဘူးထင်တယ်၊ ဖြူဖျော့ပြီး တစ်ကိုယ်လုံးလည်း တုန်လို့ပါလား"

"ကျွန်မ. . . ကျွန်မ"

"ပြန်ပြီး အနားယူလိုက်ပါတော့လေ"

ထောင်မှူးကို လက်ကမ်းပြီး ခြေလှမ်းရသည်။ တစ်ယောက်တည်း လှမ်းနိုင်အားမရှိတော့ပါ။

"မ. . . မမဝေ ပြန်မယ်နော် ရှင်း"



"မမဝေ"

"ဟင်"

"ဒါ နောက်ဆုံးပေါ့နော်"

"မမဝေကို နောက်ဆုံးတွေ့ရခြင်းပေါ့နော်"

"ရှင်းရဲ့ သေဆုံးခြင်းနဲ့ မမဝေကို အပြီးတိုင် ခွဲခွာရတော့မှာပါလားဗျာ"

"ရှင်း ကြောက်တယ် မမဝေ"

ရှင်းသန့်စင်၏ နောက်ဆုံးအသံက နှလုံးအိမ်၏ နက်ရှိုင်းသော နေရာမှ ဖွင့်ခွဲထွက်လာသလို တိမ်၍ ပြာသွားသည်။

"ရှင်း"

ဆောင်းနှင်းဝေဝေ ကျုံးအော်လိုက်ချိန်မှာ သံတိုင်တံခါးကြီး 'ဂျိုင်း'ဆို ပိတ်လိုက်သံနှင့် တစ်ထပ်တည်းကျ၏။

သံတိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ငိုရှိုက်နေသော ရှင်းသန့်စင်၏ မျက်နှာလေးကို ဝေဝါးစွာ မြင်လိုက်ရပြီး နောက်မှာ ထောင်မှူး၏ တွဲယူခေါ်ဆောင်မှုကို သိနေသော်လည်း အရာအားလုံး ပြာမှိုင်းပျောက်ဆုံးသွားသည်၊ နားထဲမှာတော့ အချစ်ဆုံး၏. . .

"မမဝေ"

"မမဝေ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော သည်းအူလိုက်မျှ ခေါ်နေရှာသော မောင်လေး၏အသံက ပီပြင်ရာမှ တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်လေပြီ။

မိမိ၏ အစွမ်းကုန် အားထုတ်မှုများလည်း ဘာမျှ အရာမထင်။

အလွန်အကြူး တောင့်တခဲ့ရှာသော မောင်လေးရှင်း၏ 'ဆန္ဒနှင့် မျှော်လင့်ခြင်း'များလည်း အားလုံး ပျက်စီးပြီ။

နောက်ဆုံးတော့. . .

ရှင်းသန့်စင်၏အသက်ကို ပေးဆက်လိုက်ရခြင်းဖြင့် အရာခပ်သိမ်းသည် ဆုံးရှုံးခြင်းများဖြင့်သာ နိဂုံးချုပ် အဆုံးသတ်လိုက်ရပါပြီ။

◆ ◆ ◆

အခန်း ။ ၃၇ ။

ပိန်းပိတ်အောင် မှောင်မိုက်နေသော နေရာကျဉ်းကျဉ်းလေးထဲမှာ မွန်းကျပ်မောဟိုက်နေသည်။

အင်အားရှိသလောက် ရုန်းကန်နေသော်လည်း လူးလွန့်လို့ မရအောင် ကျဉ်းကျပ်ခြင်းများဖြင့် ပိတ်ဆို့ထားသည်။

ကြိုးစားရုန်းကန်ရလွန်းသဖြင့် အားအင်တို့ ဆုတ်ယုတ်လာပြီး. . .

ခြေကုန်လက်ပန်းကျခြင်း၊ အသက်ရှူ၍ မဝခြင်းတို့ကြောင့် နောက်ဆုံးထွက်သက်နှင့် နီးလာပြီဆိုသော အသိကြောင့်. . .

ချောက်ချားထိတ်လန့်စွာ ကျိုးအော်သော်လည်း အသံလှိုင်းသည် လည်ချောင်းဝမှာ တစ်ဆို့တိမ်မြုပ် ပျောက်ဆုံးသွား၏။

"ဟော. . . အလင်းဝိုင်းတစ်ခုပါလား"

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်အဝိုင်းတစ်ခုကို အားတက်စွာ မြင်လိုက်ရပြီးနောက်မှာ. . .

နောက်အလင်းဝိုင်းတစ်ခု။

နောက်အလင်းဝိုင်းတစ်ခု။

"အို. . . မဟုတ်ဘူး၊ မဟုတ်ဘူး"

"ကြိုးကွင်းတွေ. . . ကြိုးကွင်းတွေ"

"ကြိုးဆွဲချပြီး သေစေဖို့ ကြိုးကွင်းတွေအများကြီး လာနေပြီ"

"လာနေကြပြီ"

"အမယ်လေး"

ကျိုးဓါအော်ပြီး လိမ့်ချလိုက်တော့ အံဖုံးကြီးတစ်ခု ဝုန်းခနဲပွင့်ပြီး လူတစ်ကိုယ်လုံး နိမ့်ဆင်းသွားသည်ဟု သိလိုက်ရပြီးချိန်မှာ. . .

လေဟာနယ်ထဲကို အရှိန်ပြင်းစွာ လိမ့်ကျသွားပြီး ဘာနှင့်မှ မထိတွေ့ဘဲ လွင့်မျောနေသည်။

မြင်းမိုရ်တောင်ထိပ်မှ အသူရာချောက်နက်ထဲသို့ ကျဆင်းနေသည်ဟု အသိက ရှိသော်လည်း. . .

ဘာဒြပ်ဝတ္ထုမှ မမြင်ရ၊ ဘာအစိုင်အခဲမှမရှိ၊ ဘာဆိုဘာကိုမှ မတွေ့ရ။ ထိတွေ့ကိုင်တွယ် ဆုပ်ဖမ်းလို့ မရပါဘဲနှင့်. . .

အဆုံးမဲ့ ကျယ်ပြန့်နေသော လေဟာနယ် အမှောင်ထုကြီးအတွင်းမှာ ဆောက်တည်ရာမရ။



ခိုနားစရာမရှိ ရပ်တည်ရာမဲ့စွာဖြင့် လူးလိမ့် လွင့်မျောနေချိန်မှာ. . .

နှလုံးသည်းပွတ်သည် ရင်ထဲမှ ခွဲထွက်လွင့်စဉ် ကျသွားသဖြင့်. . .

"အမယ်လေး. . . ကယ်ကြပါ"

ဟု အင်အားရှိသလောက် ကျိုးအော်လိုက်သော်လည်း စကားသံမဖြစ်သော အသံတစ်သံက ပွင့်ထွက်သွားသဖြင့်. . .

တုံ့ပြန်အသံကို ကြားရသည်။

ထိတွေ့မှုတစ်ခုကို ခံစားလိုက်ရသည်။

တစ်ကိုယ်လုံး ချွေးစီး ချွေးသီးတို့ဖြင့် နစ်နေသည်ဟု သိလာရသည်။

"သမီး. . . သမီးလေး"

"ဆောင်းနှင်းဝေဝေ၊ သတိရပြီလားဟင် သမီး"

မိခင် ဒေါ်အေးမြင့်ရှိ၏ အသံနှင့် အထိအတွေ့ကို ညင်သာပျောင်းနွဲ့စွာ ကြားသိ၊ ထိတွေ့ခွင့် ရလိုက်ချိန်မှာ. . .

ပျောက်ဆုံးနေသော မိမိကိုယ်ကို ဆောင်းနှင်းဝေဝေ ပြန်လည်၍ ရှာဖွေတွေ့ရှိခဲ့ပြီ. . .

"သမီး. . . ခဏလေး လှည့်လိုက်ဦး၊ ဆရာဝန်ကြီး စမ်းမလို့"

မေမေ၏အသံနှင့် မေမေ၏ အထိအတွေ့ကို ကြားနေခံစားရစဉ်က ဝန်းကျင်ကို သတိမရမိသေး။

ပက်လက်အနေအထား လှည့်လိုက်ပြီး မျက်နှာကြက်ကို ကြည့်လိုက်တော့မှ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဆေးရုံပါလား"

ဆိုသော အသိက ပြန်လည်ဝင်ရောက် မှတ်မိလာသည်။

ဖျားနာဆောင် တစ်ခုလုံး၏ အကြီးဆုံး ဆရာဝန်ကြီးက ရင်ဘတ်နှင့် ကျောပြင်ကို အသေအချာ စမ်းပြီး. . .

"စိတ်မပူပါနဲ့၊ အဆုတ်အနေအထားလည်း အတော်လေး ကောင်းလာပါပြီ"

"ဟိုတုန်းကတော့ သမီးလေးကို ပစ်လိုက်ရပြီမှတ်ပြီး တအားကို စိတ်ပူသွားမိတာ"

"စိတ်ချရတဲ့ အခြေအနေတော့ ရောက်လာပါပြီ၊ ဒါပေမယ့် ဆေးရုံမှာတော့ အနည်းဆုံး နှစ်ပတ်လောက် နေရဦးမယ်"

"ဟုတ်ကဲ့. . . နေပါ့မယ်ဆရာ"

"အဆုတ်နှစ်ဖက်လုံး အအေးအကြီးအကျယ်ပတ်ထားတာဆိုတော့ ဂရုတစိုက်နေဖို့တော့ လိုဦးမယ်"

"ဟုတ်ကဲ့၊ ဆရာကြီး ဆင်းဆိုမှပဲ ဆေးရုံက ဆင်းပါ့မယ်"

ဆရာဝန်ကြီး ပြန်လှည့်သွားချိန်မှာ ဒေါ်အေးမြင့်ရီက သမီးကို ယုယုယယထူပြီး ကြက်စွပ်ပြုတ်ရည်တိုက်ရန် ပြင်ဆင်နေသည်။

ထိုးဆေးကတ်များကိုင်၍ ဝင်လာသော ဖခင်ကြီး ဦးငြိမ်းဝေကလည်း သမီးစွပ်ပြုတ်သောက်နေသည်ကို မြင်ရ၍ အားရဝမ်းသာ ပြုံးရင်း. . .

"သမီးလေး. . . ဒီနေ့ နေကောင်းတယ်နော် ဟုတ်လား"

နွမ်းလျစွာ ခေါင်းညိတ်ပြမိသည်။ မိခင်ကြီးက. . .



"ဒါလေးကုန်အောင် ကြိုးစားသောက်ပါ သမီးရယ်"

"ဆေးရှာတာ ရလာလို့ ဝမ်းသာလိုက်တာ၊ သမီးအစ်ကိုကြီး လိုက်ဝယ်ပေးတာ၊ သူတို့လင်မယား ညနေမှလာမယ်တဲ့"

ခုတင် တစ်ဖက်တစ်ချက်ဆီမှ မိဘနှစ်ပါးကို အားနာစိတ်ဖြင့် ကြည့်ရင်း. . .

"သမီးအတွက်နဲ့ ဒီလောက်အပင်ပန်းမခံကြပါနဲ့ မေမေတို့ရယ်၊ ဒီရောဂါကို သမီးဘာသာ ရအောင်လုပ်လိုက်သလိုပါပဲလေ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ သမီးကို မိုးစင်စင်လင်းပြီး ခြံထဲဆင်းမိမှ တွေ့ကြရလို့ ဖေဖေရော မေမေရော ကိုယ့်ကိုယ်ကို ခွင့်မလွှတ်ချင်လောက်အောင် နောင်တရသွားကြတာ"

"မေမေတို့ရယ်"

အဖြစ်မှန်ကို ပြန်လည်စဉ်းစား၍ ရလာတော့ ရင်ထဲမှာ စူးနစ်စွာ နာကျင်ရပြန်ပြီ. . .

ဒီဇင်ဘာလ၏ ဆောင်းနံနက်ဦး မိုးမလင်းခင်မှာ ဘုရားစင်ရှေ့မှထကာ ခြံထဲသို့ ပြေးဆင်းလာခဲ့မိသည်။

နှင်းပွင့်တို့ ခြံရုံလျက် ခုံတန်းလျားလေးပေါ်မှာ ကြာမြင့်စွာ ထိုင်နေမိသည်။

မိမိ၏ ခေါင်းပေါ်မှာ၊ ကိုယ်ခန္ဓာအနှံ့ပေါ်မှာ နှင်းစက်တွေကျပြီး နှင်းရည်တွေနှင့် တစ်ကိုယ်လုံး နစ်နေသည့်အဖြစ်ကို ဆောင်းနှင်းဝေဝေ လုံးဝ မေ့လျော့ကာ ဆောက်တည်ရာမဲ့စွာ ငိုရှိုက်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ. . .

ရှင်းသန့်စင်ကို ကြိုးပေးတော့မည့် အချိန်ပါပင်။

ထိုအသိကြောင့် ခုတန်းလျားပေါ်မှ လိမ့်ကျသွားပြီး နှင်းရည်တို့ဖြင့် ရွှဲနေသော မြက်ခင်းပြင်ပေါ်မှာ နာရီပေါင်းများစွာ မေ့မြောနေသော ဆောင်းနှင်းဝေဝေသည်. . .

အဆုတ်အအေးမိကာ အဆုတ်နှစ်ဖက်လုံး မတန်တဆ ရောင်လာပြီး အဖျား ၁၀၅ ဒီဂရီအထိ တက်လျက် သတိမေ့သွားရသည့် အကြောင်းများကို ပြန်လည်အမှတ်ရလာသည်။

မိဘတို့၏ အတုမဲ့မေတ္တာနှင့် အပြုစုခံနေရချိန်မှာ. . .

ရှင်းအတွက် ရင်ထဲက ဆတ်ဆတ်ခါ နာကျင်ကြေကွဲရခြင်း ဝေဒနာများကို ကျိတ်မြိုထားပါမည်ဟု ဆောင်းနှင်းဝေဝေ ဆုံးဖြတ်လိုက်သည်။

မိမိရင်ထဲက နှလုံးသားကို အစားထိုး လဲလှယ်ခြင်း မပြုနိုင်သမျှ ကာလပတ်လုံး. . .

ရှင်းနှင့် ပတ်သက်၍ ခံစားဖူးသော အနာတရ နှလုံးသား အိုမှာ. . .

ကြေကွဲတမ်းတခြင်းများကို ထာဝရ လက်ဆတ်စွာ ခံစားနေရမည်သာ. . .

သို့ပေမယ့်. . .

မိဘတို့ကို ဆန့်ကျင်၍ ကိုယ်လုပ်ချင်ရာလုပ်ခဲ့မိသော အရှုံးဇာတ်လမ်းကြီး အကြောင်းကို ဘယ်သောအခါမှ မပြောမိအောင်. . .



"ကြေကွဲနေဆဲပါ" ဟု မည်သူမှ မသိရလေအောင် ထာဝရ သိမ်းဆည်းသင့်ပြီဟု မေမေတို့အတွက် သက်ညှာစွာ တွေးမိပြီးသားပါ။ မိဘတို့ စိတ်တိုင်းကျ နေပါတော့မည်ဟူ၍လည်း သန္နိဋ္ဌာန်ချလိုက်ပါပြီ။

"သမီး မျက်စိဖွင့်ကြည့်စမ်း၊ ဘယ်သူလဲလို့"

"ဟင်"

"ညီမလေး နေကောင်းလား"

"ကိုကိုထွဋ်"

"ဟုတ်တယ်၊ ညီမလေး နေမကောင်းလို့ လာပြုစုနေတာ"

"အို. . . "

"သမီး အသည်းအသန်ဖြစ်တော့ ကိုထွဋ်ကိုပဲ မှာရတာပေါ့"

"သူက လာချင်ရဲ့လား"

"မလာချင်ဘဲ နေပါ့မလားကွယ်"

"ဟုတ်တယ် သမီး၊ မေမေတို့နဲ့က အမြဲအဆက်အသွယ်ရှိနေတာပါ"

"မဖြစ်နိုင်တာပဲ မေမေရယ်၊ တစ်နိုင်ငံလုံးသိအောင် သတင်းစားထဲနေ အရှက်ခွဲထားတာလေ"

"တဲ့. . . ကိုထွဋ်ရေ မင်းညီမကို မင်းပဲ ရှင်းပြလိုက်တော့ အန်တီအေး စွပ်ပြုတ်ပန်းကန် သွားဆေးလိုက်ဦးမယ်"

ဖေဖေ ဦးငြိမ်းဝေကပါ ပြုံးပြုံး ပြုံးပြုံးနှင့် ရှောင်ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး"

"ဘာလဲ"

"အောင်မယ်. . . အသံတောင် မာလာပြီပဲ၊ ဒီမှာ ကိုကို ရှင်းပြမယ်"

"ဘာမှ သိပ်မကြားချင်ဘူး"

"သိပ်မကြားချင်လည်း နည်းနည်းတော့ ကြားချင်ပါ။ ကြော်ငြာမိတာ ကိုကိုထွန်းရဲ့ အမှားပါ၊ အန်တီတို့ကို ဝန်ချ တောင်းပန်ပြီးလို့ အဲဒီကတည်းက ပြေလည်ကြပြီးသားပါ"

ထွန်းထိပ်စိုးက နားကြပ်ကိုကိုင်ထားရာက ဘေးကိုချပြီး ဆောင်းနှင်းဝေဝေ၏ လက်ကလေးကိုကိုင်ရင်း ခုတင်ဘေးက ခုံလေးပေါ်မှာ ထိုင်လိုက်သည်။

"ကိုကိုနဲ့ အန်တီအေးတို့က သူ့စိတ်တိုင်းကျ ဆောင်ရွက်ပါစေဆိုပြီး စောင့်ကြည့်နေကြတာပါ"

"ခုတော့ ရှင်းသန့်စင် ကြိုးပေးခံလိုက်ရလို့ ကိုကို ကျေနပ်သွားပြီ မဟုတ်လား"

"ဒီလို မယူဆပါနဲ့ ညီမလေးရယ်၊ သူ နောက်ဆုံး အယူခံ ရှုံးပြီလို့ သိရတဲ့နေ့က ကိုကို မျက်ရည်ကျတာ အန်တီအေးတို့ ရှေ့မှာပါ"

"ဒါနဲ့များ ရှင်းသန့်စင် ထောင်ထဲမှာ နှစ်နှစ်ကျော်ကျော် နေသွားရတာ ကြည့်နေရက်သလား"

"ညီလေးရှေ့မှာ နှင်းဝေဝေ အမြဲရှိနေတယ်လေ၊ ကိုကို ဝင်လာရင် အဆင်မပြေတာတွေ ဖြစ်ကုန်မှာစိုးလို့ပါ"



ဆောင်းနှင်းဝေဝေ မျက်နှာလွှဲနေလိုက်မိသည်။

"ဖြစ်ခဲ့သမျှ အားလုံးအတွက် ကိုကို့အမှားတွေပါလို့ ကိုကို ဝန်ခံရင်း တောင်းပန်ပါတယ် ညီမလေး"

"မတောင်းပန်ပါနဲ့"

"တောင်းပန်ရမယ်၊ ကျေနပ်တဲ့အထိ တောင်းပန်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကို ဒီမြို့ကို ပြန်ပြောင်းခွင့်ရပြီ၊ ညီမလေး တို့အိမ်မှာ နေရမှာမို့ပါ"

"အို. . ."

"ဟိုး ငယ်ဘဝက သံယောဇဉ်မျိုးနဲ့နေမှ နေရမယ်ဆို လည်း နေပါ့မယ်၊ ဒါမှမဟုတ် အန်ကယ်လ်တို့၊ အန်တီအေးတို့ရဲ့ ဆန္ဒအတိုင်း ညီမလေးက လိုက်လျောမယ်ဆိုရင်လည်း ကိုကို လက်ထပ်ပါရစေ"

"ကိုကိုထွန်း"

"ခင်ဗျာ"

"ဟာ"

"ပြောပါကွယ်. . . အလကား စ,တာပါ၊ ကိုကိုတို့ဟာ အတူတကွ ကြီးပြင်းလာခဲ့ကြတဲ့ အရင်းနှီးဆုံးတွေပါ၊ ညီမလေး ရယ် ဘာပြောမှာလဲ. . . ပြောလေ"

"ကိုကိုထွန်းနဲ့ နှင်းဝေ ဘယ်လိုပုံစံနဲ့ပဲ နေရနေရ၊ နှင်းဝေရဲ့ အသက်ထက်ဆုံး မောင်လေးရှင်းကို တမ်းတလွမ်းဆွတ်နေမှာ နော်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ကိုယ်တိုင်ကလည်း ဒီလိုပဲ ခံစားနေမိမှာပါ နှင်းဝေဝေ၊ ရှင်းဆိုတာ ကိုကို့ညီလေးပါ"

"ဒါပေမယ့် ကိုကိုရက်စက်ခဲ့ပါတယ်"

"ဒီအကြောင်းတွေ တော်ပါတော့ကွယ်၊ ညီမလေး စိတ်ရောလူပါ အနားယူပြီး နေရမယ့်အချိန်ပါ"

"ဒါဖြင့် ကိုကို နှင်းဝေနားက သွားတော့"

"မသွားဘူး၊ ထိုင်ကြည့်နေမယ်"

"ကိုကိုနော်"

◆ ◆ ◆

ပြီးပါပြီ

◆

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

၁၉၉၂-ခုနှစ်၊ နိုဝင်ဘာလ၊ ၂ ရက်နေ့။

BURMESE CLASSIC .com

www.burmeseclassic.com